မီကျွတ်၍ လွှတ်ထိုက်မည်

မှာ ချမ်းလည်းမချမ်းသာ၊
ကျင်လည်းမကျော်ကြား။ သည့်တော့
သူကာ ဗစ်ပြေးသည့်၊ အမှတ် ၃ ကမူ
ညီးချမ်းသာသည် ကျော်လည်း
ကျော်ကြား၏။ သည့်တော့ သူ့ကိုပစ်ပြေးသည်။

PDF CREATOR - NYEYADHAMMA@@GMAIL.COM



ယောကျ်ားအချို့နှင့် ပတ်သက်ဘူးသော
ယောကျ်ားအချို့နှင့် ချစ်ကျွမ်းဝင်ဘူးသော
ယောကျ်ားအချို့နှင့်မှု ခင်မင်ရုံမျှသာ ခင်မင်ဘူးသော
ယောကျ်ားအချို့နှင့်မှု သိရုံမျှသာ သိဘူးသော
ယောကျ်ားအချို့ကမူ ရက်စက်ခဲ့ဘူးသော
ယောကျ်ားအချို့ကမူ ကြင်နာခဲ့ဘူးသော

PDF CREATOR - NYEYADHAMMA@@GMAIL.COM

ထိုသော် ယောကျ်ားအများ၏
မျက်တောင်မွေး ပေါ်၌ စကြံ
လျှောက်ခဲ့ဘူးသော နိုင်ငံကျော်
မိန်းမတယောက်၏ အကြောင်း

ထမီကျွတ်၍ လွှတ်ထိုက်မည်

PDF CREATOR - NYEYADHAMMA@GMAIL.COM



၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ။
ယမုနာစာစဉ် (၁၄၂)

ယမုနာစာပေ
အမှတ် ၇၊ မုည၀ဓုနသစ်၊
တာမွေစာတိုက်၊ ရန်ကုန်မြို့
ထုတ်ဝေသူ ဦးဘိုးဟန် (၀၁၇၃

PDF CREATOR - NYEYADHAMMA@GMAIL.COM



# အမှာစာတမ်း

ငါတို့ကြက်ဖ နိုင်နိုင်။
ရွှေဖလားနဲ့ ကြက်သားကိုင်။
သူတို့ကြက်ဖ ရှုံးရှုံး။
ကြေးဖလားနဲ့ ကြက်ချေးတုံး။
ဤကား နိုင်သူတို့၏ ကြွေးကြော်သံပါတည်း။

ထမီကျွတ်လို့ လွှတ်လိုက်မယ်။
နိုင်တယ်လို့ မထင်ကြနဲ့။
ထမီကျွတ်လို့ လွှတ်လိုက်တယ်။
နိုင်မယ်လို့ မထင်ကြနဲ့။
ဤကား ရှုံးသူတို့၏ ကြွေးကြော်သံပါတည်း။

ကျွန်တော်တို့ငယ်ငယ်က ကြက်ဖခွပ်တမ်းသော်၎င်း၊ လွန်ဆွဲတမ်းသော်၎င်း ကစားခဲ့ကြရာတွင်၊ နိုင်သည့်အခါလည်း ရိုင်သည့် အလျောက်၊ ရှုံးသည့် အခါလည်း ရှုံးသည့် အလျောက်၊ ထိုသို့ထိုနှယ် အပြိုင်အဆိုင်ဟစ်အော်ကြွေးကြော်ကြမြဲပါတည်း။

သို့သော် အထူးသဖြင့် ရှုံးသူတို့ကမူ အနိုင်မခံ၊ အလံမလှဲ 'သည်တခါ အနိုင်ရအုံး....'ဟူသော ဇွဲဖြင့်၊ 'မကျေနပ်ပွဲ' တကြော့ပြန်၍ နွှဲကြလေ့လည်း ရှိပါ၏။

ဤဝတ္ထုသည် နိုင်ငံကပင်လျှင် လှပါပေသည် ဟု ဆိုခဲ့ရသော မိန်းမငယ်တယောက်၏ အကြိမ်ကြိမ်အဖန်ဖန် ပြန်ကြော့၍ နွှဲခဲ့သော 'မကျေနပ်ပွဲ'များ၏ အကြောင်းသာ ပါတည်း။

* * *

ဤဝတ္ထုသည် ရုပ်ရှင်နယ်တွင် ခုနစ်နှစ်ခန့်မျှ ကျင်လည်ခဲ့၍၊ ယနေ့ထက်တိုင်လည်း ကျင်လည်ဆဲ၊ နောင်အခါ၌လည်း ဆက်လက်ကျင်လည်နေဦးမည့် ရုပ်ရှင်မင်းသမီးတယောက်၏ အကြောင်း....ဟူ၍လည်း ယူဆလိုက ယူဆနိုင်ပါ၏။

ပသို့ဆိုစေ၊ ဤဝတ္ထုကို မရေးမီတွင် ကျွန်တော့်၌ ဝတ္တရားရှိသည်ဟု ထင်သောကြောင့် ထိုမိန်းမငယ်မင်းသမီးထံသို့ ချဉ်းကပ်၍၊ ခွင့်ပြုရန် ကျွန်တော်ပန်ကြားခဲ့ပါသည်။ သို့သော် ထိုမိန်းမငယ်မင်းသမီးက ထိုသို့ ဖွင့်၍ခွင့်ပန်ခါမှပင် အပြင်းအထန် ငြင်းဆန်ခဲ့ပါ၏။ မည်သည့်နည်းနှင့်မျှ သူ့ဘဝကို ရေးပြခွင့် မပြုနိုင်ကြောင်းဖြင့်လည်း အတန်တန် ကန့်ကွက်ခဲ့ပါသည်။ ငြင်းဆန်ကန့်ကွက်ရုံမျှသာမက၊ အသရေဖျက်

PDF CREATOR - NYEYADHAMMA@GMAIL.COM



ပုဒ်မ ၄၉၉ နှင့်လည်း၊ ရေးခဲ့သော် တရားစွဲဆိုဦးမည် ဟု ဆက်လက်ခြိမ်းခြောက်ခဲ့ပါ၏။

မည်သူမသို့၊ နှုတ်ဖြင့်ဖြစ်စေ၊ ဘတ်ရှုစေရန် ကြံရွယ်သည့် စကားဖြင့် ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့် ဖြစ်စေ လူတဦးတယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့်သော်၎င်း၊ ထိုသူနှင့် စပ်လျဉ်းသော စွပ်စွဲခြင်းသည်၊ ထိုသူ၏ အသရေကို နစ်နာစေမည်ဟု သိလျက်နှင့်သော်၎င်း၊ ထိုသို့ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်၎င်း ထိုသူနှင့် စပ်လျဉ်းသော စွပ်စွဲချက်ကို ပြုလျှင်၊ သို့တည်းမဟုတ် ကျေညာလျှင်၊ ထိုသူသည် အဆိုပါလူ၏ အသရေကို ဖျက်သည်မည်၏....ဟု ပုဒ်မ ၄၉၉က ဆိုပါသည်။

တဖန်....စွပ်စွဲချက်တခုသည် လူတဦးတယောက်၏ အကျင့်စာရိတ္တကိုသော်၎င်း၊ ဥာဏ်ပညာအရည်အချင်းကိုသော်၎င်း၊ ထိုသူ၏ မျိုးရိုးဇာတ်နှင့်ဖြစ်စေ၊ အလုပ်အကိုင်နှင့်ဖြစ်စေ စပ်လျဉ်းသော ကျင့်ဝတ်ကိုသော်၎င်း၊ ထိုသူ၏ စီးပွားရေးဂုဏ်ကိုသော်၎င်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အထင်အမြင်သေးခြင်း ဖြစ်စေလျှင်၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်အင်္ဂါသည် စက်ဆုပ်ဖွယ် ဖြစ်သည်ဟု၎င်း၊ ယေဘုယျအားဖြင့် ရှက်ဖွယ်ရာအခြေ၌ ရှိသည်ဟုသော်၎င်း သူတပါး ယုံကြည်ခြင်း ဖြစ်စေလျှင်၊ ထိုစွပ်စွဲချက်သည် ထိုသူ၏

အသရေကို ဖျက်သည်မည်၏....ဟူသော အဓိပ္ပါယ်ကိုဆောင်သည့် ထိုပုဒ်မ၏ရှင်းလင်းချက် အမှတ်(၄)ကိုလည်း ကျွန်တော် ဖတ်မိရပါ၏။

သို့သော်....

တဦးတယောက်သောသူနှင့် စပ်လျဉ်း၍၊ မှန်ကန်သော စွပ်စွဲချက်ကို အများပြည်သူ အကျိုးအတွက် ပြုလုပ်ရန်၊ သို့တည်းမဟုတ် ကျေညာရန် သင့်သည်ဖြစ်လျှင်၊ ထိုစွပ်စွဲချက်သည် အသရေဖျက်မှု ဖြစ်သည်မမည်။ အများပြည်သူ အကျိုးအတွက် ဟုတ် မဟုတ် ဆိုသော အချက်မှာ ကြောင်းချင်းရာ ပြဿနာ ဖြစ်သည်....ဟူသော ပဌမကင်းလွတ်ချက်၊ ။

အများပြည်သူ့ ပြဿနာဆိုင်ရာ တဦးတယောက်သောသူ၏ အပြုအမူနှင့် စပ်လျဉ်း၍၎င်း၊ ထိုသူ၏ အကျင့်စာရိတ္တသည် ထိုသူ၏ အပြုအမူ၌ ထင်ပေါ်နေသည့်အထိ ထိုသူ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍၎င်း တဦးတယောက်သောသူက သဘောရိုးဖြင့် မိမိ၏ ထင်မြင်ချက်ကို ဖေါ်ပြခြင်းသည် အ သ ရေ ဖျက်မှု ဖြစ်သည် မမည်....ဟူသော တ တိ ယ ကင်းလွတ်ချက်၊ ။

အခြားသူတယောက်၏ အကျင့်စာရိတ္တကို ထိခိုက်အောင် စွပ်စွဲရာ၌၊ စွပ်စွဲသူက သဘောရိုးဖြင့် မိမိ၏ အကျိုးကို သော်၎င်း၊ သူတပါး၏ အကျိုးကိုသော်၎င်း၊ ကာကွယ်

PDF CREATOR - NYEYADHAMMA@GMAIL.COM

စောင့်ရှောက်ရန် စွပ်စွဲခြင်းသည်၊ သို့တည်းမဟုတ် အများပြည်သူ၏ အကျိုးအတွက် စွပ်စွဲခြင်းသည် အသရေဖျက်မှု ဖြစ်သည် မမည်....ဟူသော နဝမကင်းလွတ်ချက်၊ ။စသည် တို့ကို ဆက်၍ ဖတ်မိရသောအခါ၌မူကား ဤဝတ္ထုကို ရဲရဲ ယုံယုံပင် ကျွန်တော်ရေးဖြစ်ပါတော့သည်။

အကယ်တန္တု၊ အကြင်မိန်းမငယ်မင်းသမီးက ယင်း၏ ဆန္ဒ ရင်းစွဲအလျောက် ကျော်ကြားသည်ထက် ပိုမိုကျော်ကြား ရစိမ့်သောငှာ ကွယ်ရာမှ ထွက်လာတည့်၍၊ ကျွန်တော်နှင့် ရင်ဆိုင်တော့မည်ဆိုပါအံ့။ ကျွန်တော်ကလည်း တရားကို တရားဖြင့်ပင် ပြန်လည်ရင်ဆိုင်ရန် အသင့်ရှိကြောင်း ဤ နေရာမှ သိစေအပ်ပါသည်။

* * *

ပသို့ဆိုစေ....

မချစ်ခင်မနှစ်သက်ပါပဲလျက် ချစ်ခင်နှစ်သက်ပါသည်ဟု ဝန်ခံရခြင်းသည်၎င်း၊ ချစ်ခင်နှစ်သက်ပါလျက်နှင့်လည်း မချစ်ခင် မနှစ်သက်ပါ'ဟု ဟန်ဆောင်ရခြင်းသည်၎င်း ဆင်းရဲခြင်း မည်ပါသည်။ ထို့ကြောင့် ဤဝတ္ထုကို ရေးရာ၌လည်း ကျွန်တော့်စိတ်မှာ များစွာ ဆင်းရဲရပါ၏။

မောင်သာရ

# ထမီကျွတ်၍ လွှတ်လိုက်မည်



မသည်းအူ နှင့်....

ဟောင်းကြမ္မာ တပြန် ကြော့ ဖြီ ဖို့ မစိမ်းသာ မတိမ်းသာ သည်နွယ်ကြိုးလှာ ဆုံလှာရခါမှ အကြင်နာပိုပို စကားချိုချိုနှင့် ခွန်းဆိုနှစ်သိမ့်သည် ဆိုတော့လည်း၊ မောင်မောင့်ကို.... စကားလှ ဆိုတတ်သသူ၊ စကားပိုဖွဲ့တတ်သသူ....ဟူ၍သာ မသည်းအူ ယူဆတော့မည် ထင်ပါသည်။ ကွယ်လျှင် မေ့၊ တွေ့မှ သေမတတ် လွမ်းတတ်သည့်တကား....ဟူ၍ အမျက်ရင်းတွင် မာနဆင်၍ ငြိုငြင်စိတ်စော ဆိုပြောကဲ့ရယ်တော့မည် ဆိုပါလျှင်လည်း မောင်မောင် ခေါင်းငုံ့လျက်သာ နေရပါတော့မည်။

စေတနာမှာ မသည်းအူ ယူဆသကဲ့သို့ မဆိုးယုတ်သော်လည်း၊ လက်တွေ့က မသည်းအူ့အမြင်တွင် 'သူစိမ်းပြင်ပြင် ငြိုငြင်စရာသာ ဖြစ်လာခဲ့ရပြီမို့ မောင်မောင်ရင်စည်း၍ ခံပါမည်။ မောင်မောင် ဟူသော သူငယ်သည် လျှာအရိုးမရှိ ကတိမတည်သူ၊ သစ္စာသက်လုံညံ့၍ မေတ္တာမပုံနိုင်သူ....စသည် စသည်ဖြင့် မသည်းအူ ဝေဘန်စွပ်စွဲ ဆဲရေးပုတ်ခတ်ဦးမည် ဆိုပါလျှင်လည်း မောင်မောင့်ဝဋ်နှင့် မောင်မောင်သာ နာရပါတော့မည်။

သို့သော် ကျမ်းအဆုံးသူချုပ်လျက် မှန်သောစကား ကိုသာ ထွက်ရမည်ဆိုပါက မသည်းအူကို မောင်မောင် စိုးစဉ်းငယ်မျှပင်လျှင် မေတ္တာမပြယ်မလျော့ခဲ့ပါချေ။ မသည်းအူ မိန်းမရိုင်းကသာလျှင် ခေါက်ခေါက်ရက်ရက် အကြင်နာ့လက်ဝယ်မှ ထွက်ပြေးခဲ့သသူ ဖြစ်၍၊ မောင်မောင်က တသသလွမ်းလွမ်း တတမ်းတတ ရှာဖွေခဲ့ရသသူသာ ဖြစ်ပါသည်။

မသည်းအူက မသည်းအူထံတွင် ရာသက်ပန် အပ်နှံထားသော မောင်မောင့်အသည်း၊ မောင်မောင့်အအိပ်၊ မောင်မောင့်အပျော်၊ မောင်မောင့်အသိအမြင်စသည် စသည် တို့ကို ဥစ္စာဘဏ္ဍာပမာ ပိုက်ထုပ်ယူငင်လျက်၊ မောင်မောင့် အပါးမှ ထွက်ပြေးပျောက်ကွယ်ခဲ့ပါသည်။



မောင်မောင့်လောကာနန်းကျင်သည် လပျောက်သော မိုးညကဲ့သို့ မှောင်အတိ ကျလျက် ကျန်ရစ်ခဲ့ပါ၏။ မချစ်တတ်တော့သော အဖြစ်၊ မအိပ်တတ်တော့သော အဖြစ်၊ မပျော်တတ်တော့သော အဖြစ်၊ မသိမမြင် မဆင်ခြင်တတ်တော့သော အဖြစ်....စသည် စသည်တို့သည် မသည်းအူ ကွယ်ပျောက်နေခဲ့သောကာလတွင် ကြုံခဲ့ဆုံခဲ့ရသော မောင်မောင့်ဘဝများပါတည်း။

မသည်းအူကို မောင်မောင် မြေအနှံ့ ရေအနှံ့ ရှာခဲ့ရပါသည်။ မသည်းအူသည် မောင်မောင့် လက်တကမ်းဝန်းကျင်မှာပင် ရှိနေကောင်း ရှိနေလိမ့်မည် ထင်ပါ၏။ တခါတခါ မသည်းအူကို မောင်မောင် မြင်မိသည်ယောင်ယောင်။ တဝဲတဝဲတွင်မူ မသည်းအူ၏ ပင့်သက်သံယဲ့ယဲ့ကို ကြားမိသည်ယောင်ယောင်။ မသည်းအူ မောင်မောင့်ကို ကစားများ စကားနေသည်လော။

'မသည်းအူရယ်....ထွက်ခဲ့ပါ၊ မောင်မောင့်အသည်းထဲမှာ မသည်းအူ ပုန်းနေတာကို မောင်မောင် သိပါတယ်'....ဟု မောင်မောင်က ပြောတော့ မသည်းအူ ပြုံးပါသည်။....'ဟေ မောင်မောင်မှားတယ်၊ မသည်းအူ ပုန်းနေတာက မောင်မောင့်မျက်စိအိမ်ထဲမှာရယ်။ တခါပြန်လိုက်အုံး' ဟူ၍လည်း မသည်းအူ လှည့်ဖြားပြန်ပါ၏။ 'မသည်းအူရယ်....ထွက်ခဲ့ပါ။ သည်တခါတော့ သေချာပါတယ်။

မောင်မောင့်မျက်စိအိမ်ထဲမှာ မျက်လုံးကိုဆဲ့ချပြီး မသည်းအူ ပုန်းနေတာပါ'....ဟု ဆိုပြန်တော့လည်း မသည်းအူက ရယ်ပါသည်။ ....'ဟင့် ဘယ်ကလာ ဟုတ်ရမှာလဲ၊ မယုံရင် မျက်လုံးကို ဖွင့်ကြည့်ပါလား၊ မသည်းအူကဖြင့် မောင်မောင့် အိပ်မက်ထဲမှာ ဥစ္စာကို'....ဟူ၍လည်း ငြင်းတတ်ပြန်ပါသည်။

မသည်းအူ သေပြီ ထင်၍လည်း မောင်မောင် ငိုရပြန်ပါသည်။ ချစ်ရာ၊ ကြင်ရာ၊ ခင်တွယ်ရာ၊ မြတ်နိုးရာ၊ ယုံကြည်ရာ၊ အားထားရာတို့ ပြိုပြီ၊ ပျက်ပြီ၊ ကွယ်ပျောက်ပြီဟူသော အသိဖြင့် မောင်မောင်ရင်မှာ ပူခဲ့ ဆူခဲ့ ရပါသည်။

မသည်းအူ သေပြီ ဆိုလျှင်လည်း တနည်းတော့ ကောင်းပါသည်။

မသည်းအူ သေပြီ ဆိုလျှင်လည်း မောင်မောင့်ကိုမူ အမွေ ပေးခဲ့ရန် သင့်ပါ၏။ မောင်မောင် နှင်းဆက် အပ်နှံထားသမျှသော ဥစ္စာဘဏ္ဍာများကိုမူ မသည်းအူနှင့် တပါတည်း ဘဝငါးရာ ငါးကမ္ဘာတိုင် မြှုပ်နှံ သဂြိုဟ်နိုင်ပါသည်။ မသည်းအူ မရှိမှတော့ အသည်းသည်ရင်း၊ အအိပ်သည်ရင်း၊ အပျော်သည်ရင်း၊ အသိအမြင်သည်ရင်း မောင်မောင့်အတွက် အကြောင်း မသည်နိုင်ပါတော့ချေ။ မောင်မောင် မစုံမက်လိုပါတော့ချေ။



သို့သော် ခံနိုင်စွမ်းသည့် သတ္တိကိုသော်ရင်း၊ ခံနိုင်စွမ်းသည့် အရည်အချင်းကိုသော်ရင်း အမွေ အဖြစ်ဖြင့် ပေးခဲ့သင့်သည် ထင်ပါသည်။ မသည်းအူကို အသက်မက သက်နှစ်ဆမျှ ချစ်သောသူ၊ မသည်းအူကလည်း မိုက်မိုက် မှားမှား ချစ်ခဲ့သသူ၊ သည်သူကို သည်မျှမှ မပေးချေလျှင် မသည်းအူ မှားမည် အောက်မေ့ရပါသည်။

ပသို့ဆိုစေ၊ မသည်းအူကို မရ၍ဖြင့် မကောင်း မပြောရက်ပါချေ။ အဆိုး မဆိုရက်ပါချေ။

မသည်းအူကို မောင်မောင် မေ့လည်း မမေ့နိုင်ပါချေ။

မမေ့နိုင်သောကြောင့်လည်း မသည်းအူကို မောင်မောင် မုန်းလိုမိပါသည်။ မသည်းအူက ပုန်းပါသည်။ မောင်မောင်က ရှာရပါသည်။ ပန်းတရာ ပေးသော်လည်း မသည်းအူ ထွက်မလာပါချေ။

ပသို့ဆိုစေ၊ တနေ့နေ့တွင်မူ မသည်းအူကို တွေ့ရလိမ့်မည်ဟု မောင်မောင် လက်ချယုံကြည်ထားပါ၏။ ထို့ကြောင့် မသည်းအူ....ဟူသောအမည်ကို အရှုံးပမာ တစာစာ တရှုရင့်ကျူးလျက် နေထွက်နေဝင် မောင်မောင် ရှာခဲ့မိပါသည်။ ဘဝဆိုသည်မှာ မျှော်လင့်တတ်ခြင်းဖြင့်သာလျှင် မေ့လျော်

ကျေချမ်းနိုင်တန်ရာသည်ဟု စကားဟောင်း အကြောင်းရှိပါ၏။ မောင်မောင် မသည်းအူကို မျှော်လင့်ခဲ့ပါသည်။

သို့သော် မသည်းအူက လဝန်းပမာ မျက်နှာများပါသည်။ တနေ့တမျက်နှာ၊ သွင်ပြင်မူရာ ခြားနားခြားနား လာလေ့ ရှိပါသည်။ မသည်းအူ မိုးပျော်မက မြေနိမ့် စိမ့်စမ်းရေ အပြင်မှာ ကြာကြာအရိပ်မထင်ခဲ့ပါချေ။ မသည်းအူသည် မောင်မောင့်ကို တိမ်းခဲ့စိမ်းခဲ့ပါချေသည်။

မသည်းအူ သည် လည်း ရက် စက် တတ် ပါ သည်။ မသည်းအူကို ရက်စက်သူ ဟူ၍ အမှန်စင်စစ် မောင်မောင် မဆိုရက်ပါချေ။ သို့သော် ဘဝက မသည်းအူကို နာကြည်းဘို့ရာ လှုံ့ဆော်ပါသည်။ မသည်းအူကို မုန်းဘို့ရာလည်း အတန်တန်း နားချတတ်ပါ၏။

ပသို့ဆိုစေ၊ မသည်းအူကို မောင်မောင် မုန်းလည်း မမုန်းနိုင်ပါချေ။

* * *



ကြာပါပြီ မသည်းအူ။

မသည်းအူ မြေမှခွါ၍ မိုးဦးပျော်နေခဲ့သည်မှာ စင်စစ် ခုနစ်နှစ်ခန့်မျှပင် ကြာခဲ့ပါချေပြီ။

မသည်းအူကမူ ပျော်နေရသူမို့ထင်။ သင်္ခါရနှင့်လည်း မပတ်သက်၊ စိုးစဉ်းမျှလည်း အလှမပျက်ပါတကား။

မောင်မောင် ငယ်စဉ်ခါက မြင်ခဲ့ရသော လဝန်းနှင့် သည်ယနေ့ မောင်မောင် တွေ့နေရသော လဝန်းသည် ပသို့များ ခြားနားပါသနည်း။

ငယ်ဟောင်းနှောင်းဖြစ်ကို ပြန်ပြောရမည်ဆိုပါလျှင် ငယ်စဉ်ခါကလည်း သည်လဝန်းကို ပိုင်လိုသောစိတ် မောင်မောင့်မှာ ပြင်းပြခဲ့ပါသည်။

လဝန်းကို ပိုင်လိုပါသည်။ တဦးထည်းသာ ပိုင်ရပါလိုသည်။ မည်သူနှင့်မျှ မတွဲနိုင်ပါချေ။ ဤကမ္ဘာမြေကိုလည်း သည်နှယ်ပင် မောင်မောင် ပိုင်လိုမိပါ၏။ မောင်မောင် တယောက်ထည်းသာ ပိုင်ရပါလိုသည်။ မောင်မောင်မှ တပါး၊ အခြား မည်သူမျှ မပိုင်စေရ....။ မည်သည့် အစိုးရမှာမှ ပိုင်ဆိုင်ခွင့် မရှိစေရ....။

မုံ့စားရတော့မည် ဆိုပါလျှင်လည်း မပိုင်းပါမှ၊ မနွဲ့ပါမှ၊ မဝေပါမှ၊ မခြမ်းပါမှ မောင်မောင် ကျေချမ်းတတ်ပါသည်။ တစုံတယောက်နှင့်သာ ဝေမျှ၍ စားရမည် ဆိုပါလျှင် မောင်မောင် မနှစ်သက်နိုင်ခဲ့ပါချေ။

စင်စစ် မောင်မောင်သည် လောဘ မသတ်နိုင်သူ ပါတည်း။

သို့သော် မသည်းအူ အသိ၊ မသည်းအူကို ချစ်ခဲ့သောမေတ္တာနှင့်ပတ်သက်၍ မသည်းအူ နားလည်နိုင်ပါသည်။

မောင်မောင့် ခေါင်းအုံးကိုပင် မသည်းအူနှင့် နှစ်ယောက်မျှ၍ အုံးခဲ့ကြသည်မဟုတ်ပါလော။

* * *

သို့သော် မသည်းအူက လေကို ခလုတ်မှတ်၍ ခုန်ပါသည်။ သံယောဇဉ်ကို နှောင်ကြိုးအထင်နှင့် ရုန်းပါသည်။ မသည်းအူ လေတံခွန်မက လေအထန်တွင် မောင်မောင့်ရင်ခွင်မှ ရုတ်ခြည်းထ၍ ပျံခဲ့ပါသည်တည်း။

တပါးသူနှင့်များသော် မောင်မောင့်လေတံခွန်ပြတ်ခဲ့ရပါသည်။ မသည်းအူကို မောင်မောင် ဆုံးရှုံးခဲ့ရပါချေ၏။



တနေ့ရာရာတွင် မသည်းအူ ကျပါလိမ့်မည်။ မသည်းအူကို တယောက်ယောက် ရပါလိမ့်မည်။

မောင်မောင့် လေတံခွန်သည် ပိုင်ရှင်အသစ် ကြိုးအသစ်နှင့် တနေ့ရာရာတွင်မူ ပျံဝဲ၍ နေလိမ့်မည် ထင်ပါသည်။ ကြိုးကောင်းလျှင် ကောင်းသည့်အလျောက် မောင်မောင့် လေတံခွန်က အနိုင်ရနေပါလိမ့်မည်။ ကြိုးရှည်လျှင် ရှည်သည့်အလျောက် မောင်မောင့် လေတံခွန် မြင့်နိုင်ပါလိမ့်မည်။ ဆွဲအား ကောင်းနိုင်ပါလိမ့်မည်။

မသည်းအူသည် ကောင်းကင်လေ မိနေကောင်း မိနေပါလိမ့်မည်။

သို့တည်းမဟုတ်၊ တပြတ်ထည်း ပြတ်ကာ လက်ပေါင်း မည်မျှ ပြောင်းခဲ့ရပြီနည်း။

မသည်းအူနှင့် မမျှော်မလင့် ပြန်လည်တွေ့ဆုံ ကြုံကြိုက် ရပြီဆိုတော့၊ မသည်းအူသည် သခါရနှင့်ပင် ပသို့မျှ မပတ်သက်ခဲ့ရဟန် အလှမပျက် လှမြဲ လှဆဲပါတကား။

သို့သော် လေတံခွန်ကြိုးစမှာမူ ဆက်ထုံး များဖြင့် ပြွမ်းလျက် ရှိပါ၏။ လက်ပေါင်းမည်မျှ ပြောင်းခဲ့ ရပြီကို ဆက်ထုံးများက ပြောပြကြပါသည်။

ပသို့ဆိုစေ၊ မသည်းအူကို ဝမ်းပန်းတသာ မောင်မောင် ကြိုဆိုမိပါသည်။ မသည်းအူသည် တကြိုးမက နှစ်ကြိုးမက ခဏခဏ ကြိုးပြောင်းခဲ့ရသသူသာ ဖြစ်ပါ၏။ ထို့ကြောင့် ကြိုးတို့၏ အကြောင်းကို မောင်မောင့်ထက် မသည်းအူက ပို၍ နားလည် ပါလိမ့်မည်။ မသည်းအူ၏ အတွေ့အကြုံက သံယောဇဉ် ဆိုသည်၏ သဘောကို ကျေကျေနပ်နပ် ရေရေလည်လည် သိလိမ့်မည် ထင်ပါသည်။

ထို့ကြောင့် မသည်းကို မောင်မောင် ပသို့မျှ မငြိုဘန် လိုပါချေ။ မသည်းအူကို ပသို့မျှလည်း မပြောလိုပါချေ။ မပတ်သက်နိုင်တော့ပြီမို့လည်း၊ မသည်းအူနှင့် ပသို့မျှ မပတ်သက်လိုပါတော့ချေ။

ထို့ကြောင့် မသည်းအူကို နှစ်သိမ့်ရုံသာ နှစ်သိမ့်မိပါသည်။ မသည်းအူကို မောင်မောင် နှစ်သိမ့်ရုံသာ နှစ်သိမ့်နိုင်ပါသည်။

မသည်းအူကမူ မသည်းအူ၏ အကြောင်းအစုံအလင် အပေါင်းပုံပြင်ကို ပြောပြလျက် ရှိပါ၏။ မသည်းအူ ပဇာ့ကြောင့် မောင်မောင့်ကိုမှ ပြောပြနေရပါသနည်း။

မသည်းအူ ပဇာကို လိုပါသနည်း။



မသည်းအူက မျက်ရည် လည်လျက် ပြုံးပါသည်။ ပဇာကိုမျှ မောင်မောင့်ထံမှ မလိုဟန်ဖြင့် ခေါင်းကိုခါပါသည်။ မသည်းအူ၏ အကြည့်မှာ မောင်မောင့်ကို သနားနေပုံ ရပါ၏။

'ဘဝက ဆိုးလှချည့်လား မောင်မောင်ရယ်၊ မသည်းအူ ပြန်ပေးနိုင်မယ့် အလှည့်မှာမှ မောင်မောင်က မယူနိုင်တော့ဘူးတဲ့လားကွယ်....'ဟူ၍၊ မသည်းအူညည်းပါသည်။

မောင်မောင် ကြေကွဲ ဝမ်းနည်း ရပါ၏။ မောင်မောင် မျက်ရည် လည်ခဲ့ရပါသည်။ မသည်းအူကို မောင်မောင် ကြည်ဖြူလိုပါ၏။ မသည်းအူ၏ ဘဝကို မောင်မောင် နားလည် ခွင့်လွှတ်နိုင်ပါသည်။ သို့သော်....

* * *

သည်တခါမူ ထွက်ပြေးသူက မောင်မောင်ပါတည်း။

[မသည်းအူကို ကြင်နာပင် ကြင်နာသော်လည်း၊ ကြည်ဖြူပင် ကြည်ဖြူသော်လည်း၊ ခုံမင်ပင် ခုံမင်သော်လည်း၊ စုံမက်ပင် စုံမက်သော်လည်း....မောင်မောင် တိမ်းခဲ့ရပါသည်။]

မသည်းအူသည် လဝန်းနွယ်မှ လှအားပါဘိသည်။ လဝန်းနွယ်လည်း မျက်နှာ မျှားတတ်ပြန်ကာ၊ လဝန်းနွယ်ပင် မှိုး၍သာ ပျော်လိုတတ်ပါသည်။

မောင်မောင်သည် ဤမြေ၏ တနေရာမှ ရေကန်ငယ်တခုမျှသာလျှင် ဖြစ်ပါ၏။ လဝန်း၏ အရိပ်ကို ရေကန်ငယ်သည် အသို့လျှင် အခါခပ်သိမ်း ထိန်းသိမ်း၍ ထားနိုင်ပါအံ့နည်း။

ရေကန်ငယ်တို့မည်သည် ကြာပွင့်တို့မျှနှင့်သာ တန်ပါသည် မသည်းအူ။

* * *

မသည်းအူ ထံမှ....

ကြာနှင့်ခဲ့မရသော မျက်နှာ ဟုပင် ဆိုရမည်လော၊ ကြာကဲ့သို့သော မျက်နှာ ဟုပင် ဆိုရမည်လော၊ ကြာတည်းဟူသော မျက်နှာ ဟုပင် ဆိုရမည်လော၊ ကြာမျက်နှာ ဟုပင် ဆိုရမည်လော၊ မောင်မောင် မပြောတတ်ပါချေ။

ပသို့ဆိုစေ၊ စ၍ မြင်ရစဉ် ကတည်းကပင် မသည်းအူ၏ မျက်နှာ ကြော့သွယ် လှနုနယ်သည် ကြာ့ အနွယ် ကြာ့နွယ် လန်းလွယ် နွမ်းလွယ်တတ်ကြောင်းမှာမူ ထင်လျှား၍နေပါချေသည်။

ရန်ကုန် ရထားဆိပ်မှာပါတည်း။

ညက မောင်မောင့်အဖြစ်ကိုသာ သိမည် ဆိုပါလျှင်လည်း မောင်မောင့် စိတ်ကိုမူ ရိပ်မိနိုင်ပါ၏။ နံနက် (၄) နာရီခန့်တွင် ရထားဆိပ်သို့ ဆင်းရမည်မို့ သည်ည မအိပ်တော့မူ၍၊ ရထားတွဲထည်း ရောက်ခါမှပင် ကျကျနန အိပ်တော့မည်ဟု မောင်မောင် ဆုံးဖြတ်ထားခဲ့ မိပါသည်။ ထို့ကြောင့် ပဌမ ည(၉)နာရီခွဲပွဲတွင် ရုပ်ရှင် ဝင်၍ကြည့်ဖြစ်ခဲ့ပါ၏။ ရုပ်ရှင်မှအပြန် လမ်းထိပ်မှ လဘက်ရည်ဆိုင် တွင်လည်း နှစ်ခါပြန် မှာသောက်ကာ အတန်ကြာမျှ ထိုင်နေခဲ့မိပြန်ပါသည်။ အိမ်သို့ ပြန်ရောက်သော အခါ၌မူ တနာရီခွဲပါချေပြီ။

တံခါး ထ၍ ဖွင့်ပေးသူကလည်း ပြန်၍ အိပ်နေ၏။ အိမ်သည် တောကဲ့သို့ တိတ်ဆိတ်၍ နေပါသည်။ ညလယ်ကောင်မှာ မောင်မောင်တယောက်ထည်း ထိုင်နေရမည်လော။ ပြင်ဆင်စရာ၊ လုပ်ကိုင်စရာကလည်း ပဓာမျှ မလိုတော့ချေ။ ရထားဆိပ်သို့ ဆင်းရန်ကလည်း စောနေသည်။ လက်မှတ်မှာလည်း တနေ့ကထည်းက စိတ်ကြိုက် ကြို၍ ယူထားခဲ့ပြီမို့ အဆင်သင့် ရှိနေ၏။

အထိုင် ကြာသော် ညောင်းလာ တတ်ပါသည်။ မောင်မောင့်မှာ အိပ်ချင်စိတ် ကလည်း ဆန ပြလာပါချေ၊



ပြီ။ မောင်မောင်သည် အိပ်ရာလိပ်ကို ခေါင်းအုံး ပြုလျက်၊ ကြမ်းပြင်တက်မှာပင် လျောင်းခဲ့မိပါ၏။

မောင်မောင် အိပ်ပျော်ခဲ့မိပါတော့သည်။ မေမေက လာ၍ နှိုးသောအခါ မိုးသောက်စပင် ပြုချေပြီ။ နာရီကို ကြည့်သောအခါ ရထားထွက်ရန် နာရီဝက်ခန့်သာ လိုတော့သည်ကို တွေ့ရ၏။ ထို့ကြောင့် မောင်မောင်သည် မျက်နှာကိုပင် ကဗျာကရာ သစ်ခဲ့ရပါသည်။ ရထားဆိပ်သို့လည်း အပြေးအလွှား ထွက်ခဲ့ရပါ၏။

ဝန်ခံရမည် ဆိုပါက မောင်မောင်သည် ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ်ကိုယ်တိုင်ပင် မထိန်းသိမ်းနိုင်ခဲ့သူသာ ပါတည်း။

ထို့ကြောင့်လည်း ရထားဆိပ်သို့ ရောက်သောအခါ တွဲကိုဂုင်း၊ အခန်းကိုဂုင်း၊ အပြေးအလွှားပင် ရှာရပြန်ပါ၏။ အခန်းကို တွေ့ရသောအခါ၌မူ ကိုယ်နှင့် အခန်းဖော်အဖြစ်ဖြင့် ဆုံစည်းရမည့်သူကိုကြည့်ကာ မောင်မောင် စိတ်ပျက်ရပြန်ပါသည်။ အခန်းက နှစ်ယောက်ခန်းမို့ ကျဉ်းသည်။ ဤအထည်းတွင် တယောက်သောသူက မိန်းမဖြစ်နေ၏။ သက်တူရွယ်တူ ငယ်ငယ် ဖြူဖြူ ဆိုလျှင်ကား အကြောင်းမဟုတ်။ ယခုသော် မေမေ့အရွယ် (၄၀)ကျော်ခန့် ရှိချေပြီ။

ပသို့ဆိုစေ၊ မောင်မောင်က ယောကျ်ား လည်း ယောကျ်ား၊ အငယ်လည်း အငယ်မို့ သည်းခံရပါမည်။ စိတ်ကြိုက် ရက်ကြို၍ ယူထားသည်မို့ အောက်ထပ် ခုံမှာ မောင်မောင့်အတွက် မှန်ပေမည့်၊ မောင်မောင် အပေါ်ထပ် သို့ တက်ရပါတော့မည်။ တညလုံး မအိပ်ပဲ စောင့်နေပြီး ခါမှ နောက်ကျခဲ့ရသော ကိုယ့်အဖြစ်ကို ကိုယ်တွေး၍ လည်း မောင်မောင် ပြုံးမိရပါ၏။

သေတ္တာများကိုမူ အောက်ထပ်ခုံ၏အောက်သို့ သွင်း တည့်၍၊ အိပ်ရာလိပ်ကိုမူ အပေါ်ထပ်သို့ မောင်မောင်ပစ်တင် မိပါသည်။ ရထား စ၍ ထွက်သည်နှင့် တပြိုင်နက် အပေါ် သို့ တက်၍ ခင်းအိပ်မည်....ဟု မောင်မောင် ကြံစည်ထား ပါ၏။ သို့သော် ပြေးရလွှားရ သည်ရပိုးရနှင့်မို့ ချွေးက စို့လာခဲ့ပါသည်။ ထို့ကြောင့် နှုတ်ဆက်ရန် တစုံတယောက် မျှ မရှိသော်လည်း အခန်းတည်းမှ ထွက်ခဲ့ကာ၊ စကြံဘက် ရထားပြတင်းတခုမှ အပြင်သို့ ပြူကြည့်မိပါ၏။

သည်တွင် လက်ျာဘက်ပြတင်းမှ မောင်မောင့် အခန်းဖေါ်ဒေါ်ဒေါ်နှင့် မော့၍ စကားပြောနေသော မိန်းမ ငယ်ကို မောင်မောင် မြင်မိရပါသည်။ မိန်းမ ငယ်ကား မသည်းအုပါတည်း။

မသည်းအုသည် ရထားပြတင်းဘောင်ကို ကိုင်လျက်



ရပ်နေပါချေ၏။ မသည်းအုနှင့် မည်သည့်နေရာမှာမှ မတူ ပေမည့် မသည်းအု၏ မေမေဟုပင် ယူဆရသော မောင်မောင့် အခန်းဖေါ် ဒေါ်ဒေါ်ကလည်း ပြတင်းမှမျက်နှာထွက်ကာ မသည်းအု၏ မော့နေသော မျက်နှာကို မိုး၍ထားပါသည်။ မသည်းအုတို့ ပြောနေသော စကားများကိုမူ မောင်မောင် ကြားလည်း မကြားမိ။ မသည်းအုတို့က လေသံ မျှဖြင့်သာ ပြောနေကြသောကြောင့် ကြားလည်း မကြားနိုင်ပါချေ။

မောင်မောင့်ကို အများပရိသတ်ကမူ ပသို့ ထင်ကြ မည် မသိ။ မသည်းအု ကိုယ်တိုင်က ကဲ့ရယ်မည်ဆိုလျှင်လည်း ကဲ့ရယ်စေတော့။ မောင်မောင်ကမူ မသည်းအု၏ ကြော့ သွယ်သွယ် ပန်းအပွင့်နှယ် နမ်းချင့်စဖွယ်သော လှတမျက် နှာကိုသာ ငေးမော၍ နေခဲ့မိပါသည်။

မသည်းအု၏မျက်နှာသည် ရံဖန်ရံခါ၌မူ တိမ်ဇာပါး လွှား၍ထားသည့် မြေအပြင်နှယ် မလင်းမရှင်းတော့မူ၍ ညို့နေတတ်ပါ၏။ ရံဖန်ရံခါ၌မူ တိမ်ပုဝါ သိမ်းတည့်၍ မြေအစိမ်းမှာ နေခြည် ရွှေရည်လိမ်းသည်သို့ လှငြိမ်းရွှန်း တတ်ပြန်ပါသည်။

မသည်းအုသည် ခေါင်းကို ငုံ့ထားလျက် ဝေလာ သော မျက်ရည်တို့ကို ပါလာသည့်လက်ကိုင်ပုဝါနှင့် မသိ မသာ သိမ်းသည့်အခါ သိမ်းပါသည်။ တပြုံးပြုံး တပျော်

ပျော်နှင့် မော်၍တဖန် ပြောနေပြန်ပါလျှင်လည်း မသည်းအူ၏ မျက်နှာအသွယ်က မခြယ်မှုပြစ်၊ လှော်သစ်စတော၊ ဆယ်မီးရှေ့နှယ် ပါတကား။

သည်းအထည်းမှာ မသည်းအူက မျက်စေ့ ကစားပြန်ပါသည်။

မောင်မောင့် အကြည့်နှင့် မကြာမကြာ ဆုံရတတ်ပါ၏။ မောင်မောင့်မျက်နှာနှင့် မသည်းအူ၏မျက်နှာက တတောင့်တထွာခန့်သာ ကွာသည်မို့လည်း၊ အကြည့်ချင်းဆုံရပြီ ဆိုလျှင် မောင်မောင့်ရင်မှာ လိပ်ပြာလွင့်မတတ် ကြုံခဲ့ရပါသည်။ မသည်းအူ၏ အကြည့်မှာ မောင်မောင့် နှလုံးသွေးတို့က အိုးကွဲရေပမာ ပြိုခဲ့ရပါ၏။

နှုတ်ခမ်းတို့က မပြုံးသော်လည်း မသည်းအူ၏ မျက်လုံးများက ပြုံးနေတတ်ပါသည်။

မသည်းအူသည် လှလည်း လှပါ၏။ မသည်းအူ လှသည်ထက်....မသည်းအူ၏ အသားအရည် အိအိနုသည် မွှေ့မွှေ့ချောသည် ပပေါင်းသည်က....ပို၍ ခုမင်ဘွယ် ကောင်းသည် ထင်ပါသည်။ မသည်းအူ၏ အကြည့်နှင့် မသည်းအူ၏ မပွင့်သော အပြုံးတို့ကမူ ခုံမင်ဘွယ် အကောင်းဆုံးများပါတည်း။



ပသို့ဆိုစေ၊ တဒင်္ဂမျှသာ မြင်ရကြင်ရ ခုံမင်ရမည်မို့ ရင်ဝယ် နောက်ကျုရပါ၏။ ရထားက ထွက်ပါတော့မည်။ ရထားကို ဆွဲထားရမည်လော။ စကြံ အမိုးမှာ တွဲရရွဲခိုနေသော နာရီ၏ လက်တံရှည်ကို ဆွဲထားရမသည်လော။ ရထားမှူး၏ ခရာကြိုးနှင့် အလံစိမ်း ကိုင်သောလက်ကို ဆွဲထားရမည်လော။ ရထားဦး တည်ရာအရပ်မှ ထွက်လာအံ့သော နေကို ဆွဲထားရမည်လော။

ပဇာကိုမျှ မဆွဲနိုင်မီ ရထားထွက်ပါသည်။

မသည်းအူသည် စကြံတွင် ရပ်လျက် ကျန်ရစ်ခဲ့ပါ၏။ မသည်းအူ၏ မျက်နှာမှာ ညှိုးလျှ၍ နေပါသည်။ မသည်းအူ၏ မျက်စေ့အိမ်တွင်မူ မျက်ရည်များ ဥလျက်ရှိပါ၏။ မသည်းအူ၏ ရင်ထည်း၌ကား ကြေကွဲဝမ်းနည်း၍ နေပါလိမ့်မည်။

ပသို့မျှ မပတ်သက်ပေမည့် မောင်မောင့်ရင်တည်း၌လည်း ကြေကွဲဝမ်းနည်း မိပါသည်။ မောင်မောင့် မျက်နှာမှာလည်း အိပ်ရေးပျက်ခဲ့ရသည်နှင့် ရောထွေးယှက်တင် မရွှင်မလန်းနိုင်တော့မူ၍ ညှိုးလျှနေခဲ့ရပါ၏။

မသည်းအူသည်သာ မောင်မောင့်ချစ်သူ၊ မောင်မောင့်ကို ပို့ဆောင် နှုတ်ဆက်သူ၊ မောင်မောင်နှင့် ခွဲခွာရ

ခြင်းအတွက် မျက်ရည်ကျသူ….ဆိုလျှင်တော့ မောင်မောင် သည်နှယ် ဝမ်းနည်းလိုမှုလည်း ဝမ်းနည်းဖြစ်ပေသည်။ သည်နှယ် ညှိုးလျှိုလိုမှုလည်း ညှိုးလျှိုဖြစ်ပေမည်။ သည်နှယ် စိတ်မှာ ထိခိုက်လိုမှုလည်း ထိခိုက်ဖြစ်ပေမည်။

မသည်းအူသည် မောင်မောင့်ချစ်သူ၊ မောင်မောင့်ကို ပို့ဆောင် မနူတ်ဆက်သူ၊ မောင်မောင်နှင့် ခွဲခွာရခြင်းအတွက် မျက်ရည်ကျသူသာ ဖြစ်ပါစေတော့…. ဟူ၍ကား မထိုက်ပင် မထိုက်ငြားသော်လည်း မောင်မောင် ဆန္ဒပြုမိပြန်ပါ၏။

'လူလေးကလဲ ကျောင်းကို အသွားဘဲ ထင်တယ်….'

မောင်မောင့် အတွေးနှင့် မောင်မောင် တွေးနေခိုက်၊ အခန်းပေါ်က ရုတ်တရက် စကားစပါသည်။ ဒေါ်ဒေါ်က မောင်မောင့် နွမ်းနယ် ညှိုးလျှိုဟန်ကို ကြည့်၍လည်း မပွင့်တပွင့် ပြုံးပါ၏။

'ကလေးတွေ အနေနဲ့ မိဘနဲ့ ခွဲရမယ် ဆိုတော့လဲ စိတ်ဆင်းရဲကြရတာဘဲပေါ့….'

ဤစကားစုကမူ အမြင်အရ မှတ်ချက်ချ ခြင်းသာလျှင် ဖြစ်ပါ၏။ မောင်မောင့်ကို ပြောနေသည်တော့ မဟုတ်



တန်ရာ။ သို့သော် ဒေါ်ဒေါ်၏ စကားစုက ဗဟုဝုစ်ကိန်း ဖြစ်ပါသည်။ မောင်မောင်သည်လည်း မိဘနှင့် ခွဲရ၍ စိတ်ဆင်းရဲနေသည်ဟု ယူဆပုံ ရပါ၏။

စင်စစ် မောင်မောင့်အသက်မှာ (၁၈) နှစ်ပင် ပြည့်ခဲ့ပါပြီ။ မောင်မောင်သည် သိပ္ပံ (စိုက်ပျိုးရေး) ပဋ္ဌမနှစ် သင်တန်းသား တယောက်လည်း ဖြစ်ပါ၏။ ထို့ကြောင့် မိဘနှင့် ခွဲခွာရခြင်း အတွက်လည်း မောင်မောင် စိုးစဉ်းမျှ မတုန်လှုပ်တော့ရိုး အမှန်ပင်။ တက္ကသိုလ်ပရဝုဏ်သည် မောင်မောင့်ကို ပျော်ရွှင်စေနိုင်ခဲ့ပါသည်။ မောင်မောင် ကလည်း ကက္ကသိုလ်၌ နေရသော ဘဝမှာ မွေ့လျော်ပျော်ပိုက်မိပါသည်။ စင်စစ် မောင်မောင့်မှာ အတွေ့အကြုံ ရှိသင့်သ၍ ရှိပြီဟုလည်း ထင်ခဲ့မိပါ၏။

သို့သော် ဒေါ်ဒေါ်၏ စကားစုကို မောင်မောင် ဆန့်ကျင်၍ မပြောဖြစ်ပါချေ။ ခွဲခွာရခြင်းအတွက် စိတ်မှာ နွမ်းနယ်ရသည်ကလည်း အမှန်ပါတည်း။ သို့သော် ဤခွဲခွာရခြင်းမှာ မိဘနှင့် မပတ်သက်မူ၍၊ မသည်းအူနှင့် ခွဲခွာရခြင်းအတွက်သာလျှင် ဖြစ်ပါသည်။

မသည်းအူကို ယခင်က ပဇာ့ကြောင့် မတွေ့ခဲ့ရပါသနည်း။ မသည်းအူနှင့် ပဇာ့ကြောင့် သည်နှယ် လမ်းမဆုံနိုင်သောအခါမှ တွေ့ရပါသနည်း။ မောင်မောင် ရန်ကုန်

မှာ ရှိနေခိုက်ကသာ တွေ့ရပါလျှင် မည်မျှ ကောင်းပါချိမ့်မည်နည်း။ မောင်မောင်နှင့် တခန်းထည်း သည်ရထားထက်မှာ မသည်းအူ ပါလာပါလျှင်လည်း မည်မျှ ကောင်းပါချိမ့်မည်နည်း။

ဒေါ်ဒေါ် နေရာမှာ မသည်းအူကို ထား၍၊ မောင်မောင် တွေးကြည့်မိ ပြန်ပါသည်။ မောင်မောင် မည်မျှပျော်ရပါမည်နည်း။

ယခုသော် မသည်းအူ၏အရိပ်နှယ် မသည်းအူ၏နောက်ဝယ်မှ ထက်ချပ်မကွာလည်း မောင်မောင် မလိုက်ပါနိုင်ပါတော့ပြီ။ မသည်းအူ၏ကိုယ်သင်းနံ့နှယ် မသည်းအူ၏ ကိုယ်သွယ်သွယ်နှင့် မခွဲမခွာလည်း မောင်မောင် မငြိတွယ်နိုင်ပါတော့ပြီ။

မသည်းအူသည် ကျန်ရစ်ခဲ့ရပါချေပြီ။ မောင်မောင်သည် မသည်းအူ ကျန်ရစ်ခဲ့ရာအရပ်မှ ဝေးသည်ထက်ဝေးသောနေရာသို့ ထွက်ခွါလာခဲ့ရပါ၏။

တွေ့မည့် တွေ့တော့လည်း တဒင်္ဂသာ တွေ့ခဲ့ရပါသည်။

ယခုဆိုလျှင် ရထားဆိပ်မှ မသည်းအူ ပြန်ချေတော့



မည်။ မသည်းအူ မည်သည့်နေရာသို့ ပြန်ပါမည်နည်း။ မသည်းအူ မည်သို့ ပြန်ပါမည်နည်း။ မသည်းအူ မည်သူနှင့် နေပါသနည်း။ မည်သို့ နေပါသနည်း။

မောင်မောင့် အခန်းဖော်၊ မသည်းအူ နှုတ်ဆက်သသူမှာ မည်သူပါနည်း။ အမှန် မည်သို့ တော်ပါသနည်း။ ပဇာ့ကြောင့် မသည်းအူနှင့် ခွဲခွါခဲ့ရပါသနည်း။

စကားနှင့် အမူအရာအရမူ မောင်မောင့်အခန်းဖော်သည် မသည်းအူ၏မေမေ ဖြစ်ပုံ ရ၍၊ မသည်းအူက တက္ကသိုလ်သို့ သည်နှစ်မှ ရောက်လာသသူ တယောက် ဟု ထင်ရပါသည်။

ထိုသို့ဆိုလျှင် မသည်းအူသည် တက္ကသိုလ်ပရဝုဏ်သို့သာ ပြန်ပါလိမ့်မည်။ မောင်မောင် ရထားထက်မှ ခုန်ချ၍ နေရစ်လိုလာမိ ပြန်ပါ၏။ ယခုဆိုလျှင် ရန်ကုန်နယ်နိမိတ် အထည်းမှာသာ ရှိပါသေးသည်၊ မသည်းအူကို ပြန်၍ ရှာနိုင်ပါသေးသည်။ မသည်းအူနှင့် တနေရာရာမှာ တွေ့ရနိုင်ပါသေးသည်။

ပသို့ဆိုစေ၊ ရထားကလည်း အန္တရာယ်ဇတ္တသောသမင်ငယ်ကဲ့သို့ လည်ပြန်ပင် လှည့်မကြည့်တော့မူ၍ တအားကုန် ပြေးနေပါသည်။ မောင်မောင့် စိတ်တို့မှာမူ မသည်းအူ

ထဲမှာပင် ကျန်နေရစ်ခဲ့ရပါချေ၏။ မောင်မောင်သည် ရထားထက်၌ ငေးငိုင်လျက်သာ ပါလာခဲ့ရပါချေသည်။

အောက်ထပ်ခုံ၏ အတွင်းဖက်တွင် ထိုင်ရင်း၊ မောင်မောင် ပင့်သက်ချမိပြန်ပါ၏။

'လူလေးက ဘယ်အထိ သွားမှာလဲကွယ့်....'

ဒေါ်ဒေါ်က စကားစလာပြန်ပါသည်။ သည်တော့မှ စောစောက ပြန်မပြေမိသော အဖြစ်ကိုပါ မောင်မောင် သတိရလာရပြန်ပါသည်။ မောင်မောင့်ကို ရှိုင်းပြလှချည့် တကား....ဟူ၍များ ထင်တော့မည်လော။ သည့်အတွက်လည်း ပူပန်မိရပြန်ပါသည်။ အထူးသဖြင့် မသည်းအူနှင့် ပတ်သက်နေသူ၊ မသည်းအူ၏ဝန်းကျင်က သည်နှယ် ထင်မှာကို မောင်မောင် ပို၍စိုးရိမ်ပူပန်မိပါသည်။

ထို့ကြောင့် တတ်နိုင်သမျှ ကိုယ်ကို ရုံ့ထိုင်၍၊ မောင်မောင့် ဘဝကို ဖြေရပါသည်။ မောင်မောင့် မိဘများ၏ အမည်၊ မောင်မောင့် နေရပ်အပြည့်အစုံ၊ မောင်မောင် ရောက်နေသောအတန်း အသက် စသည်တို့နှင့်တကွ မောင်မောင့်ရည်ရွယ်ချက်ကိုပါ ရှိသေစွာ ပြောပြရပါ၏။

ထိုအခါ ဒေါ်ဒေါ်က နှစ်လိုစွာ ပြုံးပါသည်။



ရှိသေနေရန် မလိုမူ၍၊ လွတ်လွတ်လပ်လပ် နေရန်လည်း ခွင့်ပြုပြန်ပါ၏။ အိပ်လို လျောင်းလိုလျှင် သူ နေရာဖယ်ပေးမည့်အကြောင်းနှင့်တကွ အားမနာရန်လည်း အတန်တန် ပြောပြန်ပါသည်။

စင်စစ်သော် ဒေါ်ဒေါ်သည် သူတပါး၏ နေရာတွင် ဝင်ထိုင်နေသူ တယောက်အနေနှင့် ဝတ္တရားအရ ဟန်ဆောင် ပြောဆိုနေခြင်းမျှသာ ဖြစ်တန်ရာပါ၏။ ပသို့ဆိုစေ၊ မောင်မောင်က လျှော့ရပါမည်။ ဒေါ်ဒေါ့် အငြိုအငြင်သည် တနေ့သောအခါတွင် မောင်မောင့်အတွက် အန္တရာယ်အခက်အခဲ ဖြစ်လာနိုင်ပါသည်။ ထို့ပြင် ဒေါ်ဒေါ့် ထံမှလည်း မောင်မောင် ရယူရပါလိမ့်ဦးမည်။

အထူးသဖြင့် မသည်းအူ၏ အကြောင်းပါတည်း။

အမှန်မှာ ဤအခန်းကျဉ်း ကလေးထည်း၌ ဤနှစ်ယောက်သာ ရှိပါသည်။ ဤနှစ်ယောက်မှ တယောက်နှင့် တယောက် မပြောလျှင် မည်သူနှင့် ပြောရပါအံ့နည်း။

ဒေါ်ဒေါ်က ကျောက်ဆည်မှ ရန်ကုန်သို့ သမီးကို ကျောင်းပို့ရန် လာသူဖြစ်ပါသည်။ ဒေါ်ဒေါ်သည် ကျောက်ဆည်ခရိုင် ရဲဝန်၏ ဇနီးဖြစ်၍ ဒေါ်ဒေါ့်မှာ သားတယောက်နှင့် မီးတယောက်သာ ရှိပါ၏။ သမီးက အငယ်လည်း

အငယ်၊ အဖေ့အသည်းစွဲလည်း အသည်းစွဲမို့ ဆိုးသည်ဟု ဆိုပါသည်။ အရာခပ်သိမ်း တယောက်တည်းသော သမီး၏ ဆန္ဒကိုသာ ဖြည့်စွမ်းနေလေ့ရှိခဲ့ကြသဖြင့် သမီးက နေရာ တကာတွင် အနိုင်ရရမှ ကျေနပ်တတ်သည် ဟုလည်း ပြော ပါသည်။

ယခုလည်း ရန်ကုန်က သာသနာပြု ကျောင်းများ မှာမှ နေလိုသည်ဟု ပူဆာသည့်အတွက် ပြည်လမ်းမှ သာ သနာပြု အမျိုးသမီးကျောင်းတွင် ထားရသည်၊ သည်နှစ် ပါနှင့် ဆိုလျှင် သုံးနှစ်ပင် ရှိပြီ၊ အဖေက အစိုးရအရာထမ်း ဆိုတော့လည်း အမီးအတွက် သည်နှယ် ထားရသည်မှာ ကောင်းသည်၊ သို့မဟုတ်က တာဝန်အရ အပြောင်းအရွှေ့ ရှိရတိုင်း ကျောင်းလည်း ပြောင်းရွှေ့နေရလျှင် ခက်ချိမ့် မည်၊ သမီးကလည်း သန့်မှ ကြိုက်သည်၊ အုတ်အရောရော ကျောက်အရောရောဖြင့် နယ်အစိုးရကျောင်းများမှာ နေရ သည်ကို မနှစ်မြို့တတ်၊ ထို့ကြောင့် မခွဲလိုလျက်နှင့် ခွဲထား ရသည်၊ သမီးကလည်း လက်တွေ့ ခွဲခွာရပြီ ဆိုသောအခါ မျက်ရည်လည်သည်၊ ပညာရေးမို့ မတတ်သာ၍သာ ခွဲရ သည် စသည် စသည်ဖြင့်လည်း မသည်းအူ၏ အကြောင်း ကို ဦးကာချဲ့ပါသည်။

သို့နှင့် မသည်းအူ၏ အကြောင်းကို မောင်မောင် သိ ခဲ့ရပါသည်။

PDF CREATOR - NYEYADHAMMA@@GMAIL.COM

PDF CREATOR - NYEYADHAMMA@@GMAIL.COM



စင်စစ် မသည်းအူ၏ အကြောင်းသည် မောင်မောင့် အဖို့ စဉ်းစားစရာ မဖြစ်လာနိုင်ပါချေ။ မသည်းအူ၏ အ ကြောင်းက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မသည်း အူ၏ ဘဝက ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ မ သည်းအူကို မောင်မောင် မြတ်နိုးနိုင်ပါသည်။ မသည်းအူကို မောင်မောင် မေတ္တာရှိပါသည်။

မသည်းအူသည် ရန်ကုန် နယ်နိမိတ်ကိုပင် ကျော်၍ မောင်မောင့် နှလုံးအိမ်ထည်းမှာ ပါလာခဲ့ပါ၏၊ သူငယ်အိမ် တွင်လည်း မသည်းအူ၏ ရုပ်ပုံလွှာက တိမ်နှယ်စွဲ၍ နေပါပြီ။

ကြည့်လေရာရာ၊ မြင်လေရာရာ၊ တွေးလေရာရာမှာ မသည်းအူကို မောင်မောင် တွေ့နေရပါသည်။ ထိုင်လျက် ငိုက်၍၊ အိပ်မက် မက်နေခိုက် မှာပင်လျှင်လည်း မသည်းအူ ရောက်လာပြန်ပါ၏။

မသည်းအူ အလှတဆွေက မောင်မောင့် အအိပ်ကို နှောက်ပါသည်။ မောင်မောင့် ဘဝကို ခြောက်ပါသည်။

မသည်းအူပါသော မောင်မောင့်အိပ်မက်ကို မောင် မောင် ပြန်ပြောပြကာ အရသာယူလိုမိပါ၏။ သို့သော် အ နားမှာ ပြောပြရမည့်သူ ဟူ၍လည်း မရှိပါချေ။ ရှိသော တယောက်ကလည်း မသည်းအူ၏ မေမေသာ ဖြစ်နေ၍၊ ခက်ပါသည်။

ထို့ကြောင့် အပေါ်သို့တက်၍ အိပ်တော့မည် ကြံစည်မိပါ၏။ မသည်းအူ၏အကြောင်းကိုမှ ကြားမနေရပါလျှင်၊ မသည်းအူ၏အကြောင်းကိုမှ ပြောမနေရပါလျှင်၊ မသည်းအူ၏အကြောင်းကို တွေးနေရမှသာ မောင်မောင် ပျော်နိုင်ပါတော့မည်။

ဒေါ်ဒေါ်သည် အင်မတန် အပြောလိမ္မာ၏။....သမီး သမီး....ဟူ၍သာ တတွင်တွင် ပြောခဲ့ပါသည်။ မသည်းအူ၏အမည်ကိုမူ ယောင်၍မျှ မထွက်ခဲ့ပါချေ။

မသည်းအူကို မောင်မောင် ပသို့ ခေါ်ရပါမည်နည်း။

မသည်းအူ၏အကြောင်းကို သိရပြန် တော့ လည်း မသည်းအူ၏အမည်ကို မသိရနိုင်ပါချေ။ မသည်းအူ၏အလှကို မြင်ရပြန်တော့လည်း တဒင်္ဂမျှနှင့်ပင် ခွဲခဲ့ရပါသည်။ မသည်းအူက အနောက်မှာနေ၏ဟု ဆိုသောအခါ မောင်မောင်က အရှေ့သို့ ထွက်ခဲ့ရပါ၏။

အော်....ကြုံမည့် ကြုံရပြန်တော့လည်း ခွဲခွါရခြင်းက အစနိဒါန်းပါတကား။



နေ့လည်း နေ့စဉ်၊ ညဥ့်လည်းရံဖန်၊ ရက်မချန်တည့်၊ တည့်မှန်အုံအောင်၊ တမ်းဆိုယောင်စွ၊ သန်ကောင်သန်လျှမ်း၊ အလွမ်းမပြေ၊ ခဲတွေခဲမိ၊ ကြင်မိသည်ပြစ်၊ ဖြစ်တို့သလော၊ တွေးတောမဲ့ဆုံး၊ မြဲနှောင်ထုံးသည်၊ ချစ်ကုံးပတ်ရက် နေ့တော့၏။

ပြောလျှင် မသည်းအူ ယုံကြည်လိမ့်မည် မထင်ပါချေ။ သို့သော် မှန်သောစကားကိုသာ မောင်မောင်ပြောပါမည်။ သည်အသက်သည်အရွယ်အထိ မသည်းအူမှတပါး မည်သည့်မိန်းမကိုမျှ မောင်မောင် မစွဲလမ်း မတမ်းတမိခဲ့။ မည်သို့သောအလှကမျှလည်း မောင်မောင့်ရင်ကို သည်နှယ် လှုပ်ရှားထိခိုက်စေနိုင်စွမ်း မရှိခဲ့ပါချေ။

ပြောလျှင် မသည်းအူက ဗိုပြီ ထင်ပါလိမ့်မည်။ သို့သော် မောင်မောင့်စကားသည် သစ္စာသာလျှင် ဖြစ်ပါ၏။ မသည်းအူနှယ်လှသော၊မသည်းအူနှယ်ယဉ်သော၊ မသည်းအူနှယ် မြတ်နိုးဘွယ်ရာကောင်းသော၊ မသည်းအူနှယ် စွဲလမ်းဘွယ်ရာကောင်းသော မိန်းမဟူ၍၊ မောင်မောင့်ဘဝတွင် မတွေ့ခဲ့ရ မဆုံခဲ့ရဘူးပါချေ။ မသည်းအူကဲ့သို့ မောင်မောင့်ရင်ဝယ်မှ မေတ္တာအသချာကို တဒင်္ဂမျှနှင့် စိုးမိုးသိမ်းပိုက်နိုင်စွမ်းသသူ မရှိခဲ့ဘူးသည်မှာလည်း အမှန်ပါပင်။

မသည်းအူသည် နှိုင်းဆိုစရာ၊ လှတကာတို့ ပေါင်းရ

ညွတ်ရုံးရာ သူဇာပန်းပုရပ်ကဲ့သို့ပင် လှအားပါဘိသည်။ မသည်းအှု၏ မျက်နှာပြင်ကလည်း ပုံချတုကျွန်း၊ နီတုံ သွန်းသို့၊ မစွန်းနှောင့်ရက်၊ ဆံတရွက်မျှ၊ မစက်ပြစ်ခြည်၊ ရိပ်မရည်သည်၊ စင်ကြည် မွတ်ညက် ပြေချေ၏။

သည်နှယ် မတရားလှအားပြီဆိုတော့လည်း မောင်မောင် အသို့လျှင် ရှန်းနိုင်ပါတော့မည်နည်း။ မောင်မောင် အသို့လျှင် မခင်တွယ် မစွဲလမ်းမူ၍၊ နေနိုင်ပါတော့မည်နည်း။ မောင်မောင် အသို့လျှင် မေ့နိုင်ပါတော့မည်နည်း။

မောင်မောင့် အတွေးတို့မှာ မသည်းအှုက စိုးမိုးခြယ်လှယ်ခဲ့ပါသည်။ မောင်မောင့် အသိအမြင်မှာ မသည်းအှုက မင်းမူအုပ်ချုပ်ခဲ့ပါ၏။

မောင်မောင် မသည်းအှုကိုသာ မြင်ယောင်နေခဲ့မိပါသည်။ မသည်းအှုနှင့် ခင်ယောင်ကြင်ယောင်။ မသည်းအှု၏ ပြုံးယောင်သွီယောင်း မသည်းအှုက ကြည်ဖြူယောင် နှစ်သက်ယောင်။ ဤသည်တို့ကား မောင်မောင့် အိပ်မက်များပါတည်း။

သို့သော် စည့်ထွန်းရဲ ရှင်၊ယဉ်ရုပ်သွင်ကို၊ ရှုမြင်ရုံမျှ၊ ခဲယဉ်းလှ၏၊ ဆိုဘိသည့်နှယ် မသည်းအှုကို မောင်မောင် မတွေ့ရနိုင်တော့ပါချေ။ မသည်းအှုကို မောင်မောင် မည်သို့



ရှာရပါအံ့နည်း။ မသည်းအှုကို မောင်မောင် မည်သို့ တွေ့ရပါအံ့နည်း။

ကြမ္မာမကုန်၍ ကြုံရဆုံရဦးမည် ဆိုလျှင်တော့ မောင်မောင့် မေတ္တာ အသံချ၏ အကြောင်းကို မသည်းအှု နားလည်စိမ့်သောငှာ လျှောက်ကြားလိုပါသည်။ မသည်းအှု၏ အလှက ယောကျ်ားတယောက်၏ စိတ်နှလုံးကို သည်မျှ ဆွဲငင်ရစ်ဖွဲ့နိုင်စွမ်း ရှိကြောင်း မသည်းအှု ကြားရသော အခါ မသည်းအှု မုချဝမ်းမြောက်ရလိမ့်မည် ထင်ပါသည်။ မသည်းအှု၏ ဘဝင်တိုင်လွှ ပျံ့ပါဘိသော ကိုယ်သင်းနံ့ အကြိုင်အလှိုင်က ယောကျ်ားတယောက်၏ အနာဂတ်မှာ သည်မျှ ဩဇာရှိသည်ကို မသည်းအှု နားလည်ရသောအခါ၌လည်း မသည်းအှု မုချ ကျေချမ်းရလိမ့်မည် ထင်ပါသည်။ မသည်းအှု၏ နှမ်းလျှညီဟန် ကြင့်နာဆန်သော ပြောမှုဆိုရာ မျက်နှာထားသကာက ယောကျ်ားတယောက်၏ ဘဝမှာ သည်မျှ လွှမ်းမိုးခြယ်လှယ်နိုင်သည်ကို မသည်းအှု သိရသော အခါ၌လည်း မသည်းအှု မုချနှစ်သက်ရလိမ့်မည် ထင်ပါသည်။

မသည်းအှုသည် လှ၏။ ယဉ်၏။ နု၏။ မသည်းအှု၏ အလှအယဉ်အနု အစုစုက နွဲ့နှောင်းနန်းဟန် ကြင့်နာဆန်သော်လည်း မသည်းအှု၏ မနော၊ မသည်းအှု၏ သဘော၊ မသည်းအှု၏ အမူအရာ၊ မသည်းအှု၏ အလေ့အထ....စသည် စသည်တို့ကမူ မိုးသို့ပင် ပျံ့လှဘနန်း။ ဆင်ယင်ထုံးဖွဲ့မှု အခန်း၌လည်း

မသည်းအုသည် တင့်မော လှန်ကျစ်လစ်၊ ပုလဲနှစ်သို့ ပြေပြစ် ဆင်းကြန်အင်၊ ဆင်တတ် ပြင်တတ်လှပါသည်။ ညိုမြကေသာကို၊ ပမာကွမ်းလင်၊ သွယ်ရှင် နားနောက်၊ ခွေလျောက်ရစ်စ၊ ရွှရွှကလေး၊ ထွေး၍ ချထားပုံကသည်ပင် လျှင်လည်း အလှတွင် အယဉ်ဆင့်စေလျက် တင့်သည်ထက် တင့်စေခဲ့သည် မောင်မှောင် ထင်ပါသည်။ ဝတီ သာမှု၊ စံရာ စံထား၊ ရွေးခဲ့ခြား၍၊ သိကြားတမျှ၊ ပြိုင်လှာသလည်း၊ သော်တာ့ရောင်တွင်၊ ကြယ်နှယ်သာ ထင်ပါလိမ့်မည်။

မောင်မောင် မမေ့နိုင်ပါချေ။ ရထား၏ ပြတင်းဘောင်တွင် လက်တင်ရပ်၍ မတ်တတ် ငိုနေသော မသည်းအုသည် မောင်မောင့်၏ မျက်စေ့အစုံထည်း၌ ပဇာ့ကြောင့် သည်မျှ စွဲ၍ နေရပါဘိသနည်း။

တက္ကသိုလ်တို့ မည်သည် အလှ အပတို့ဖြင့် ကြွယ်ဝသည်ဟု အဆိုရှိပါ၏။ မောင်မောင် ပဇာ့ကြောင့် မမြင်မိပါသနည်း။ ထိုအလှအပတို့ကလည်း ပဇာ့ကြောင့် မောင်မောင့် ရင်ဝယ် မငြိတွယ်နိုင်ရပါသနည်း။

မောင်မောင် တွေး၍ မရခဲ့ပါချေ။

မသည်းအု သည်သာ မောင်မောင့် အမြင်၌ တယောက်ထည်းသော အလှအပ၊ တယောက်ထည်းသော မိန်းမ ဖြစ်ပါသည်။



ထိုအခါ မောင်မောင် ဆုံးဖြတ်ခဲ့ဒိရပါသည်။ မသည်းအုသည်သာ မောင်မောင်၏ အလှအပ၊ မသည်းအုသည်သာ မောင်မောင်၏ မိန်းမ ဖြစ်ရပါမည်။

မသည်းအု ကြည်ဖြူနိုင်မည်ဆိုပါလျှင် မသည်းအုကို မောင်မောင် ယူလိုမိပါသည်။ ထို့ကြောင့်လည်း မသည်းအုတို့ ကျောက်ဆည်သို့ ဝါကျွတ်ကျောင်းပိတ်ထားခိုက်တွင် မောင်မောင် ရောက်ခဲ့ရပါသည်။

ဝါကျွတ် ကျောင်းပိတ်ထား ခိုက်တွင် ရန်ကုန်သို့ မပြန်တော့မူ၍ မန္တလေးမှာပင် နေမည်။ မန္တလေး၏ပတ်ဝန်းကျင် စစ်ကိုင်း၊ အင်းဝ၊ မေမြို့၊ ကျောက်ဆည် စသောမြို့များသို့ လည်မည်။ အထူးသဖြင့် ကျောက်ဆည်သို့ မကြာမကြာ ရောက်ရပေမည်။ ဤသို့ မောင်မောင် ဆုံးဖြတ်မိပါသည်။

ဆုံးဖြတ်ချက် အရပင် ပဥ္စမဆုံး ကျောက်ဆည်သို့ ရောက်ခဲ့ရပါသည်။ ကျောက်ဆည်သို့ ရောက်သည်နှင့် တပြိုင်နက်လည်း လက်ပြ ယာဉ်ရဲတယောက်ထံသို့ ချဉ်းကပ်၍ ခရိုင်ရဲဝန်၏အိမ်ကို မေးခဲ့ရပါ၏။ တခေါက်မျှ မရောက်ဘူးသော မြို့ထည်းတွင် မောင်မောင်သည် တည်တည်ပင် လျှောက်နေမိပါသည်။

သို့နှင့် မသည်းအူတို့ နေရာသို့ မောင်မောင်ရောက်လာခဲ့ပါ၏။

စောကလည်း စောနေသည်မို့၊ မသည်းအူကို အသည်းစွဲ ချစ်သော မသည်းအူ၏ဖေဖေနှင့် မသည်းအူကို အသက်မက သက်နှစ်ဆမျှချစ်သော မောင်မောင် တွေ့ခဲ့ရပါသည်။

မသည်းအူ၏ ဖေဖေက မောင်မောင့်ကို ကောင်းမွန်စွာ လက်ခံ စကားပြော ပါသည်။ နံနက် လဘက်ရည်သောက်နေခိုက်မှာ မောင်မောင်ရောက်သည်မို့ လည်း မောင်မောင့်ကိုပါ လဘက်ရည် တခွက်ဖြင့် ဧည့်ခံခဲ့ပါသည်။

သောက်လေ့ သောက်ထ မရှိသော်လည်း လဘက်ရည်ကိုပင် နှစ်နှစ်ခြိုက်ခြိုက် မောင်မောင် သောက်ခဲ့ မိပြန်ပါသည်။

သို့သော် မသည်းအူတို့ ဖေဖေက မောင်မောင့်ကို ယုံကြည်ပုံ မရပါချေ။ တရားခံနှယ် သွယ်ဝိုက်တလှည့် တည့်တည့်တခါ မေးလိုက် မြန်းလိုက် စုံစမ်းလိုက် သည်မှာလည်း စုံတကာ့စုံ ပြည့်ပြည့်စုံလှ ပါချေသည်။ အသက်၊ အမည်၊ နေရပ်သာမက ဝါသနာ၊ ပညာ အရည်အချင်း စသည်တို့ကိုလည်း စကားကြုံလျှင် ကြုံသည့်အလျောက် လှည့်ပတ်



မေးမြန်းခဲ့ပါ၏။ ယုတ်စွအဆုံး....ပဇာ့ကြောင့် ယခု ဝါကျွတ်ကျောင်းပိတ်ရက်တွင် အိမ်သို့ မပြန်ရ သနည်း ဟူသော မေးခွန်းသည်ပင်လျှင် ပါလ ခဲ့ပါသည်။

မောင်မောင် အမှန်များကိုသာ ဖြေကြားခဲ့ပါသည်။ ဝါကျွတ်ကျောင်းပိတ်ခိုက်တွင် ယခုနှယ် မနေမူ၍၊ အိမ်သို့ ပြန်လာစေလိုသော မိဘ၏ ဆန္ဒကိုလည်း အမှန် အတိုင်းပင် ပြောပြခဲ့ပါသည်။ ထိုအခါ မောင်မောင့် ဆန္ဒ၏ အရိပ်အမြွက်တို့မှာလည်း ထွက်လာခဲ့ရပါတော့၏။ ဒေသန္တရဗဟုသုတ ဟူသော ဝေါဟာရနှင့် ကာကွယ်ဖုံးအုပ်ခဲ့ပါသော်လည်း၊ မောင်မောင့်နှုတ်က မလုံတတ်ပါချေ။

မသည်းအူ၏ ဖေဖေက မောင်မောင် စကားမတတ်ပုံကိုရင်း၊ မောင်မောင်၏ မလုံသော အသည်း နှလုံးကိုရင်း၊ တွေ့နေရ မြင်နေရ၍ထင့်။ စကားပြောခိုက်မှာ မကြာမကြာ ပြုံးပါသည်။

ပသို့ဆိုစေ၊ မသည်းအူ၏ ဖေဖေက စိတ်သား သဘောထား ပြည့်ဝလှ ပါသည်။ မသည်းအူနှင့် ပတ်သက်သော မောင်မောင့်နှလုံးသည်းအူ၏ ဆန္ဒကို ရိပ်မိပင် ရိပ်မိငြားသော်လည်း၊ မောင်မောင့်ကို ချစ်ချစ်ခင်ခင်ပင် လက်ခံဆက်ဆံခဲ့ပါသည်။

မသည်းအူ၏ မေမေသည် မသည်းအူကို ခေါ်လာရန်အတွက် ရန်ကုန်သို့ သွားနေကြောင်း၊ နက်ဖန်ညနေတွင် ပြန်ရောက်လာကြမည် ထင်ကြောင်း၊ နောက်နေ့ခင် တွင်လည်း သူတို့ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဝင်နိုင်ထွက်နိုင်ကြောင်း....စသည် စသည်ဖြင့်လည်း မောင်မောင့် မေးခွန်းများကို အပိုလက်ဆောင်စကားများနှင့်တကွ ဖြေကြားခဲ့ပါသည်။

ပသို့ဆိုစေ၊ မောင်မောင် ဝမ်းမြောက် ပျော်ရွှင်မိပါသည်။

အကြင်သူသည် ချမ်းသာကို လို၏။ ထို ချမ်းသာကို လိုသောသူသည် ချမ်းသာ၏ တည်နေရာကို သိ၏။ ချမ်းသာသို့ ရောက်ရာရောက်ကြောင်း လမ်းကိုလည်း တွေ့၏၊ ထိုသူသည် မုချ ချမ်းသာရမည်သာတည်း။

မောင်မောင်သည်လည်း မုချ.... ....

* * *

သတိကြပ်သော၊ ကြည့်ရှုဖွေလည်း၊ ဆံမွေးမြူခြမ်း၊ ပြစ်မသမ်းတည့်၊ လျှမ်းလျှမ်းမြူတေ၊ ယဉ်မိုးနေနှင့်၊ ရင်ရွှေအပ်ယှက်၊ ဖူးရေးခက်၍၊ စိတ်စက်မရှင်၊ ရှိသည်တွင်ကို....



လွဲလိုတော့လည်း ကြုံဖန်၍ လွဲခဲ့ရပါ၏။ တွေ့လိုတော့လည်း ကြုံကြုံဖန်ဖန် တွေ့ရပြန်ပါသည်။ ကြမ္မာတို့မည်သည် လှည့်လည်း လှည့်ဖြားတတ်ဘိသည်တကား။

တနေ့ မေမြို့လမ်း (၂၁)မိုင် စခန်းတွင် မသည်းအူကို မောင်မောင် မမျှော်မလင့် တွေ့ရပြန်ပါသည်။ မသည်းအူသည် ယာခင်ကထက်ပင် ပို၍ပြည့်ဖြိုးလာသည် ထင်ရပါသည်။ မသည်းအူ၏ မျက်နှာ ဝါဝါဝင်းသည် နုကိုယ်ကတည်းက ရှန်းရှန်းပရသည့်အထည်း သိုးမွေးအနွေးအင်္ကျီအနက်မှ ဝတ်လာပြန်တော့ နှိုင်းဖက်မရ လှနေကျမှာ ပို၍ပင် လှလာပြန်ပါ၏။ နှိုင်းဖက်မရ၊ လှနေကျကို၊ ထပ်မျှဖန်လဲ၊ သစ္စာမြဲ၍၊ ဆက်ချစ်ဝန်၊ လေးသောဟန်ကြောင့်၊ ပြန်ပြန်သက်ထက်၊ ကြင်စုံခက်သည်၊ ရှေးထက်သည်းထန်လာမိပြန်ပါသည်။

မသည်းအူတို့ကလည်း မောင်မောင်တို့ ထိုင်နေရာဆိုင်ထည်းသို့ပင် ဝင်လာကြပါသည်။ ချမ်းသောဒဏ်ကို မသည်းအူ ခံနိုင်စွမ်း မရှိဟန်ထင့်။ မသည်းအူက ပခုံးနှစ်ဖက်ကို ရုံး၍ထားပါသည်။ လက်ဖျားလက်ဖဝါး အချင်းချင်းကိုလည်း ဆုပ်နယ်လျက် ရှိပါသည်။ မသည်းအူသည် အနောက်နိုင်ငံသူနှယ်လည်း ဘောင်းဘီရှည်နှင့် ခြေနင်းနှင့် အအေးဒဏ်ကို ကာကွယ်နိုင်ရန် အလို့ငှာ ဝတ်၍ထားပါသည်။ သည်တခါမူ မသည်းအူ၏ဆံမြကေသာ ထုံးဖွဲ့ပုံက

လည်း ထီးဟန်နန်းလေ့ မဆန်တော့မူ၍၊ တိုင်းတပါး ရှိးရာ ဖွာရရာလွင့်ဝဲလျက်ရှိပါသည်၊

မောင်မောင် မသည်းအူကို မည်မျှ ငေးကြည့်နေမိသည် မသိ။ နောက်မှနေ၍ မောင်မောင့်ပခုံးကို မသည်းအူ၏ဖေဖေက လာကိုင်တော့မှပင် မောင်မောင် သတိပြန်ဝင်လာခဲ့ရပါသည်။ လန့်လန့်ရှက်ရှက်နှင့်လည်း မျက်နှာပျက်ခဲ့ရပါ၏။

'ဘယ့်နှယ်လဲ မောင်မျိုးညွန့်....'

မသည်းအူ၏ဖေဖေက ပြုံးပြုံးရယ်ရယ် ရင်းရင်း ချာချာ မေးလှာသော်လည်း မောင်မောင့်မှာမူ ရင်က အပြင်းအထန် ခုန်နေရဆဲမို့ ရုတ်တရက် မပြောနိုင်ပါချေ။

'ဟုတ် ဟုတ်ကဲ့၊ မေမြို့က ပြန်လာပါတယ်'

ဖြေဖြစ်ပြန်တော့လည်း မပြေမပြစ် ထစ်ထစ် ငေါ့ငေါ့နှင့်သာ ထွက်ခဲ့ရပါသည်။ ဤတွင် မသည်းအူ၏ ဖေဖေက မသည်းအူ၏မေမေကို လှမ်းအသံပြု၍ မောင်မောင့်ကို ပြပါသည်။ မသည်းအူ၏ မေမေကလည်း ဝမ်းသာအားရ ပြုံးတည့်၍ ထိုင်ရာမှ ထမည် ပြုပါသည်။ သို့သော် မောင်မောင်ကပင် ရှပ်ခြည်းထ၍ မသည်းအူတို့စာပွဲသို့ လျှောက်ခဲ့မိပါသည်။ မသည်းအူ၏ဖေဖေကလည်း မောင်မောင်နှင့်



ယှဉ်လျက် ပါလာကာ၊ စာပွဲသို့ရောက်သော် မသည်းအူနှင့် မျက်နှာချင်းဆိုင်မှ လွတ်နေသော ကုလားထိုင်ကို ညွှန်ပြပါသည်။

'မောင်မျိုးညွန့် အကြောင်းတော့ ဒေါ်ဒေါ် ခဏခဏ ပြောမိပါတယ်ကွယ်။ မောင်မျိုးညွန့် ကျောက်ဆည်ကို တခေါက် ရောက်သေးတယ်နော်....။ ဒေါ်ဒေါ်ဖြင့် မတွေ့လိုက်ရလို့ နည်းနည်းမှ စိတ်မကောင်းပါဘူး။ မောင်မျိုးညွန့်ရဲ့ ဦးက လူတမျိုးကွဲ့။ ဘုတွေ့ဂွတွေ့များ ပြောလွှတ်လိုက်ပြီလားလို့လဲ စိတ်ပူမိသေးတယ်....'

မောင်မောင် ပြုံး၍ ခေါင်းခါပြမိပြန်ပါ၏။ ဒေါ်ဒေါ်ကမူ သူ့ထုံးစံနှင့်သူ အစရသည်နှင့်တပြိုင်နက် ရန်ကုန်မိုးနှယ် စကားမိုး ကြွယ်ပါချေတော့သည်။

ဒေါ်ဒေါ် စကားပြောနေခိုက်မှာမူ ဒေါ်ဒေါ့်စကားကို အာရုံပြုလိုဟန်ဖြင့် ဒေါ်ဒေါ့်ကိုသာ မောင်မောင် ကြည့်နေရပါသည်။ 'မောင်မျိုးညွန့်ရဲ့ဦးက.... မောင်မျိုးညွန့်ရဲ့ဦးက'....နှင့် မသည်းအူ၏ဖေဖေ့အကြောင်းကို စကားထည်းတွင် ထည့်ပြောလာသောအခါ၌ကား၊ မသည်းအူ၏ ဖေဖေ့ထံသို့ မောင်မောင့်မျက်စေ့များက ရောက်ရပြန်ပါသည်။ အမှန်စင်စစ် မောင်မောင် ကြည့်လိုသည်၊ မောင်မောင့်မျက်စေ့များက ရောက်နေလိုသည်မှာ မသည်းအူသာ ဖြစ်ပါသည်။

သို့သော် အခြေအနေက မပေးခဲ့ပါချေ။ မောင်မောင့်မျက်နှာသည် လက်ဝဲနှင့်လကျ်ာ နှစ်ဖက်သို့သာ လှည့်နေရပါသည်။ တူရှသို့ကား မလှည့်သာပါချေ။

'တကယ်တော့ နောက်တနင်္ဂနွေကျမှ လာကြတို့ဘဲကွဲ့။ ဒါပေမယ့် မောင်မျိုးညွန့်ရဲ့ဦးက နောက်တနင်္ဂနွေကျရင် မအားဘူး ဆိုတာနဲ့။....ပြီးတော့ မေမြို့မှာ ဒေါ်ဒေါ် အပတဝင်းကွဲ ဆိုပါစို့၊ သူ့ အိမ်နဲ့ခြံလဲ ရှိတယ်လေ....သစ်တောလမ်းထဲမှာ....

'သူတို့ကတော့ ကျောက်မဲမှာ နေကြတယ်ကွဲ့။ အဲသူတို့နဲ့လဲ ငါ်စွကလေး ရှိတာနဲ့ လာကြတာ။ သူတို့ကတော့ နက်ဖန်လောက်မှ ကျောက်မဲက ဆင်းလာကြမယ်....။ မောင်မျိုးညွန့်တို့က အခု မေမြို့က ဆင်းလာတာနော်....

'သည်တခါလဲ လွဲပြန်ပြီပေါ့၊ နောင့်မို့ဆိုရင် ထခါထဲ ဒေါ်ဒေါ်တို့နဲ့ အတူတူလိုက်ခဲ့လို့ အပြောရသား....'

အမှတ်မထင် နေခဲ့လျှင် ကောင်းပါ၏။ သို့သော် လွဲရခြင်းအတွက် သည်နှယ်ဝမ်းနည်းဟန်စကားကို ကြားရသောအခါ မောင်မောင့်စိတ်မှာ ထိခိုက်ရပြန်ပါသည်။

ထို့ပြင် ဒေါ်ဒေါ်ကလည်း အင်မတန် ပရိယာယ်



ကြွယ်ပါဘိသည်။ လိုက်လိုသူက အဓမ္မ လိုက်တော့မည် ဆိုလျှင်ပင် မလိုက်လာနိုင်စိမ့်သောငှာ စကားကို ပိတ်၍ ပြောပစ်ခဲ့ပါသည်။

အမှန်ဆိုလျှင် မောင်မောင့်ကို စေတနာ ထားသင့်သည် ထင်ပါ၏။ ထိုစေတနာအရလည်း.... 'သလို့တောင် လွဲချင်နေမှတော့ မောင်မျိုးညွန့်ရေ.... ဘာမှကို ပြောမနေနဲ့တော့၊ ဒေါ်ဒေါ်တို့နဲ့ အတူသာ မေမြို့ကို ပြန်လိုက်ခဲ့ပေတော့။ ကျောင်း ပိတ်ထားတာဘဲ။ မောင်မျိုးညွန့် အားတယ် မဟုတ်လား....'ဟူ၍ ခေါ်ကောင်းပြောကောင်းသည် ထင်ပါသည်။

သို့သော် ဤအတွေးမှာလည်း စင်စစ် လိပ်ဆန်လှပါသည်။ ထို့ပြင် မောင်မောင့် အကြောင်းကိုလည်း ဒေါ်ဒေါ်တို့ သိကြသည်။ ရွှေစွန်ညို ဘာကို လိုလို့ ဝဲတယ်....ကို ဒေါ်ဒေါ်သာမက ဦးကပါ ရိပ်မိနေပါ၏။ သို့စဉ်လျက် ပဇာ့ကြောင့် အဝင်နက်ခံကာ သူစိမ်းယောကျ်ားကလေးတယောက်ကို သည့်နှယ်ခေါ်ရပါမည်နည်း။

မသည်းအုံ၏ ပေဖေကမူ ဆေးတံကိုခဲလျက် မပြုံးတုံ ပြုံးတုံနှင့်။ အလုံးစုံသော မောင်မောင့် မျက်နှာအမူအရာတို့ကို အရိပ်ကြည့်နေပုံ ရပါသည်။ မောင်မောင် မတတ်

နိုင်တော့ပါချေ။ မနေလည်း မနေနိုင်တော့သည့်အလျောက် မသည်းအူကို မောင်မောင် ကြည့်ခဲ့မိပါ၏။

မသည်းအူကလည်း မောင်မောင့်ကို ကြည့်၍နေပါသည်။ မောင်မောင့် အကြည့်နှင့် ဆုံသောအခါ၌မူ မသည်းအူသည်ရင်း၊ မောင်မောင်သည်ရင်း တပြိုင်နက်ထည်းပင် မျက်လွှာကိုချတည့်၍ ခေါင်းကိုငုံ့ပစ်ခဲ့ကြရပါသည်။

မောင်မောင့်စိတ်မှာမူ မသည်းအူ အပါအဝင် မသည်းအူတို့ကို စကားပြောလိုမိပါ၏။ မောင်မောင့် စကားမှာ အထူးသဖြင့် မသည်းအူ နှစ်သက်ရပါမည်။ မောင်မောင့်စကားမှာ အနက် နှစ်သွယ် ထွက်သော စကားမျိုးလည်း ဖြစ်ရပါမည်။ ရုပ်ရှင်ထည်းမှာ မင်းသားမင်းသမီးတို့ ပြောကြသည့်စကားနှယ် လှလည်းလှရပါမည်။

သို့သော် မောင်မောင် မည်သို့ စ၍ ပြောရပါအံ့နည်း။ မည်သည့် အကြောင်းကို ပြောရပါအံ့နည်း။

သို့နှင့် မောင်မောင့် နှုတ်မှာ ရေငုံထားသည် သို့သာ နေခဲ့ရပါ၏။ သို့နှင့် လမ်းခွဲခဲ့ရပြန်ပါသည်။

မေမြို့သို့ ပြန်လိုက်လိုပါလျက်နှင့် မန္တလေးသို့သာ



မောင်မောင်ပြန်ခဲ့ရပါသည်။ အမြင့်သို့ တက်လိုပါလျက်နှင့် အနိမ့်သို့သာ ဆင်းခဲ့ရပါသည်။

ပေါင်းစည်းနေလိုပါလျက်နှင့် လမ်းခွဲခဲ့ရပြန်ပါသည်။

* * *

သည်းချာဆုဝေ၊ ခွဲကြလေ၍၊ ရွှေမြေဘုံကျော်၊ ရောက်လေသော်လည်း၊ ရှင်ပျော်မမေ့၊ တနေ့တည၊ တခဏမျှ၊ ရှုတမကင်း၊ လွမ်းတင်းထပ်ပုံ၊ အာရုံမြှော်မြှော်၊ စိုက်ခေါ်စုံမက်၊ တသက်သက်သည်၊ ဟမြွက်တသို နွေးနွေးတည်း။

ညကမှ မေတ္တာ၏အကြောင်းကို မောင်မောင် ကောင်းစွာ နားလည်လာခဲ့ရပါသည်။ မေတ္တာ ဆိုသည်မှာ ပင်ပန်းနိမ်းနယ်ရခြင်းပါတကား....ဟူ၍လည်း ညကမှပင် မောင်မောင် သိခဲ့ရပါ၏။

ညဦးသာစက်လည်း၊ မျက်နှာပုံသွင်၊ မြင်သည်ချည်းဘဲ၊ သည်းကဲညွတ်ခွေ၊ နေသာနေလည်း၊ ညွတ်ခွေဆင့်လောင်း၊ တပျောင်းပျောင်းတည့်။ ။မသည်းအူက မောင်မောင့်ကို လွမ်းမိုးလွန်ပြီ ထင်ပါသည်။

ညက မအိပ်ခဲ့ရပါချေ။ မောင်မောင့်ရင်မှာလည်း ပြုပြုမရှင် မကြည်လင်နိုင်ခဲ့ရပါချေ။ မသည်းအူ၏အလှဆိပ် သင့်နေခဲ့ရသောကြောင့်လည်း ဝန်းကျင် ပတ်ကုံး၊ စဆုံး မှောက်လှန်၊ ကမ္ဘာပြန်သို့၊ သည်းထန်ပြင်းပြ ကြေကွဲ ဝမ်းနည်းရပါသည်။

ထို့ကြောင့်လည်း သည်နေ့အတွက် အပြင်သို့ မထွက် တော့မူ၍၊ အိပ်နေတော့မည်ဟုပင် မောင်မောင် အောက် မေ့မိပါသည်။

သို့သော် ညနေသို့ ရောက်သောအခါ စိုးလွင်၊ မြင့်သိန်းနှင့် မြတ်သူတို့ မောင်မောင့်ထံသို့ ရောက်လာကြ ပြန်ပါသည်။ (၂၁)မိုင်စခန်းမှာ မသည်းအူနှင့် တွေ့ရစဉ်က လည်း မောင်မောင်နှင့် အတူ သူတို့ ရှိနေကြပါသည်။ မသည်းအူ၏ မြင်သူတကာ ငေးရသောအလှကို သူတို့ကလည်း တအံ့တသြ ပြောဆိုချီးမွမ်းကြပါသည်။

မသည်းအူနှင့် မောင်မောင် ခွန်းစာ့ခွန်းလှယ်စကား ဆိုခွင့် မကြုံခဲ့ရသေး၊ မသည်းအူ၏ အမည်ကိုပင် သိခွင့် မကြုံခဲ့ရသေး၊ မသည်းအူကိုပင် ဝဝလင်လင် စိတ်ရှိလက်ရှိ ကြည့်ခွင့် မကြုံခဲ့ရသေးပေမည့်၊ မသည်းအူနှင့်မောင်မောင် တို့၏ အကြောင်း ဟုပင် ဆိုရအံ့သော မောင်မောင့် တဖက်



သပ်ဇာတ်လမ်းကို ပြောပြမိပြန်သောအခါ၌လည်း၊ သူတို့က အားပေးနှစ်သိမ့်ကြပါသည်။

(၂၁)မိုင်မှ ဆင်းခဲ့၍ မြေပြင်သို့ ရောက်ခါမှပင် မောင်မောင့်အတွက် ပြန်လှည့်၍ တက်ပါမည် တကဲကဲ။ မောင်မောင် မနည်းတောင်းပန်၍ ဆွဲထားရပါသည်။ 'မကောင်းဘူးထင်တယ် ကောင်းမယ်ထင်တယ်နဲ့ ဒါလောက် ထိ ဆင်ခြင်တတ်နေရင်တော့ မင်း တသက်လုံး မိန်းမကို ရတော့မှာ မဟုတ်ဘူး....'ဟူ၍၎င်း၊....'မင်း ယောကျ်ားပါကွ မျိုးညွန့်ရ၊ အရှုံး မရှိနိုင်ပါဘူး၊ ငါးမရရင် ရေချိုးပြန် မယ်ကွာ....'ဟူ၍၎င်း၊ 'အေး တန်ရာတန်ရာဘဲ ကောင်းပါ တယ်။ နှလုံးလှရင် မိန်းမလှကို ဘယ်တော့မှ မရနိုင်ဘူး ဆို တဲ့ စကားပုံလဲ ရှိတယ် မဟုတ်လား....'ဟူ၍၎င်း၊ မောင် မောင့်ကို ဝေဘန်ကြ ပုတ်ခတ်ကြ သရော်ကြ ရှုတ်ချကြပါ ၏။ ပသို့ဆိုစေ၊ မောင်မောင့်အကြောင်းကို မောင်မောင် သိပါသည်၊ မသည်းအူတို့၏ သဘောအနေကိုလည်း သူတို့ နှင့်စာလျှင် မောင်မောင်က ပို၍သိပါသည်။ မသည်းအူတို့၏ အမြင်တွင် မောင်မောင့်ကို အလေအလွင့် ဟု စိုးစဉ်းမျှ အထင်မခံနိုင်ပါချေ။

ထို့ကြောင့် အတန်တန် တောင်းပန်၍သာလျှင် ပြန်ခဲ့ရပါ၏။

PDF CREATOR - NYEYADHAMMA@@GMAIL.COM



ယနေ့ ညနေ ရောက်လာကြပြန်တော့လည်း သူတို့ စ၍ပြောသောစကားမှာ မသည်းအူ၏အကြောင်းသာလျှင် ဖြစ်ပါသည်။ စင်စစ် 'မသည်းအူ' ဟူသော အမည်မှာလည်း သူတို့ တိုင်ပင်၍ ပညတ်သော အနွတ္တသညာသာလျှင် ဖြစ်ပါသည်။

သို့သော် သူတို့ လာရင်းအကြောင်းကမူ မောင်မောင့်ကိုပါ ခေါ်၍ ရုပ်ရှင်ကြည့်ကြရန် ဖြစ်ပါ၏။ သည်တခါမူ ကိုယ့်အတွေးနှင့်ကိုယ် ဇာတ်အိမ်ဖွဲ့ကာ ပျော်ချည် တလှည့် နွမ်းချည်တခါ နေလိုပါသော်လည်း၊ အခမွ မငြင်းတော့မူ၍ မောင်မောင် လိုက်ခဲ့ဖြစ်ပါသည်။

စိုးလွင်၊ မြင့်သိန်း၊ မြတ်သူနှင့် မောင်မောင်တို့မှာ သည်တက္ကသိုလ်သို့ ရောက်ကြရခါမှ တွေ့ကြရသော်လည်း ငယ်သူငယ်ချင်း အဖြစ်ထက်ပင် တယောက်နှင့် တယောက် ခင်မင်ကြပါသည်။ မြင့်သိန်းက မန္တလေးသား ဖြစ်ပါသည်။ ထို့ကြောင့် မောင်မောင်တို့ ရောက်စက လမ်းမသိလျှင် သူ့ကို ဆရာ တင်ရမြဲ။ သူ့နောက်က လိုက်ရမြဲ။

စိုးလွင်ကမူ မုံရွာမှ လာသူမို့ထင့်။ သီချင်း ကဗျာမှာ ဝါသနာထုံပါသည်။ မဖြစ်မြောက် မအောင်မြင်သေး သော်လည်း သူ့ကလောင်အမည် 'သလ္လာမြေ စိုးလွင်' ဖြင့်ဂင် အဆောင်တွင် ကျော်ကြားပါသည်။ စိုးလွင် ဟူသော



အများက သိ၍၊ မောင်မောင်တို့ အပါအဝင် အများက စိုးလွင် ဟုသာ သူ့ကိုခေါ်ခဲ့ကြပါသည်။ သို့သော် သူ့ အမည်ရင်းမှာမူ မောင်လွင် မျှသာလျှင် ဖြစ်ပါသည်။ သလ္လာမြေကို စိုးမိုးအံ့သော မောင်လွင်....မှသည် သလ္လာမြေ စိုးလွင်....သို့။ သည်အဓိပ္ပါယ်နှင့် သည်အမည်ကို ယူသည် ဟု အများအဖို့ ရယ်စရာဖြစ်သော်လည်း သူကမူ ခပ်တည်တည် ရှင်းပြဘူးပါသည်။

မြတ်သူကား မကွေးက သူဌေးသားပါတည်း။ ။ အမှန်စင်စစ် သည်အမည်ကို မည်သူက ပညတ်ပေးလိုက် သည် မသိ။ သူ့အဖေကမူ တနေ့လျှင်ငါးခါ အနောက် သို့ မျက်နှာမူ၍ ဘုရားဝတ်ပြုလေ့ရှိသော ကုလားစစ်စစ် ကြီး ဖြစ်ပါသည်။ သူ့အမေကမူ မြန်မာ ဖြစ်ပါ၏။ သို့သော် သူ ငယ်စဉ်ကတည်းကပင် ဆုံးခဲ့သည်ဟု ဆိုပါ သည်။ သူသည် တယောက်ထည်းသောသား၊ တယောက် ထည်းသော ရင်သွေး အဖြစ်ဖြင့် သူ့အိမ်တွင်မူ ဘုရင်တဆူ ဖြစ်ပါ၏။ သူ့အဖေကလည်း အသက်ပေး၍ ချစ်သည့် အလျောက်၊ အစခပ်သိမ်း လိုက်လျောဖြည့်စွမ်းတတ်ပါ သည်။ သူကမူ သူ့အဖေ၏အစဉ်အလာ ကုန်သည်ရိုးရာကို ရှုံရှာစက်ဆုပ်ခဲ့ပါ၏။ နိုင်ငံကို ချစ်ရမည်ဆိုလျှင်လည်း သူသည် မောင်မောင်တို့ထက်ပင် ချစ်တတ်၍၊ နိုင်ငံရေး စကားကိုလည်း မောင်မောင်တို့ဝန်းကျင်၌မူ သူ့ထံမှသာ မကြာမကြာ ကြားရတတ်ပါသည်။ သို့သော် သူသည်

PDF CREATOR - NYEYADHAMMA@@GMAIL.COM

ပညာ၌ ထူးချွန်၏။ ထို့ကြောင့် ဆရာများကလည်း သူ့ကို ချစ်ခင်၏။ သူ့ကို ဆရာအများကမူ 'မောင်မောင်တာ' ဟူ၍ ခေါ်ကြလေ့ ရှိပါသည်။

မြို့ရွာဇာတိ ကွဲပြားခြားနားကြသော်လည်း မောင်မောင်တို့ သည်မှာလာ၍ ပေါင်းစည်းမိကြ၏။ တတွဲတွဲနှင့်လည်း မခွဲမခွါ နေဖြစ်ကြပါသည်။

ယခုလည်း သည်လေးယောက် ထွက်လာဖြစ်ကြပြန်ပါပြီ။ ရုံသို့ရောက်၍ မြင်းလှည်းထက်မှ ဆင်းမိသောအခါ၌မူ မောင်မောင့်ရင်မှာ ဝမ်းသာမိရပြန်ပါ၏။ သည်အမှတ်မှ သည်အမှတ်။ မောင်မောင်ကောင်းစွာ မှတ်မိခဲ့ပါသည်။ ထို့ပြင် ရဲအမှုကိအသားကလည်း ကားတံခါးတွင် ထင်လျှား၍ နေပါသည်။

ကားသည် ရုံရှေ့တွင် အသေအချာ စနစ်တကျ ဆိုက်ထားလျက် ရှိပါ၏။ ထို့ကြောင့် မသည်းအူနှင့် တွေ့ရတော့မည့်အရေးကို မောင်မောင် တွေး၍ ဝမ်းမြောက်မိပါသည်။ ထို့ကြောင့် သူတို့ကိုလည်း လက်တို့၍ ရပ်ထားသော ကားကို ပြမိခဲ့ပါသည်။

'ဒို့က ဒမြတိုက်မှာမဟုတ်ဘဲ၊ ရုပ်ရှင်ကြည့်မဲ့ဥစ္စာ.... သူ့ဟာသူ ရဲကားရပ်ထားတာနဲ့ ဘာဆိုင်သလဲကွ....

PDF CREATOR - NYEYADHAMMA@GMAIL.COM



'မဟုတ်ပါဘူးကွာ၊ ဒို့ နှစ်ဆယ့်တမိုင်မှာ တွေ့ခဲ့တဲ့ ကားဟာကောကွ.... သည် ကား မှ သည် ကား အစစ် မောင်ရေ့....'

'ဟေ....'

သည်တော့မှပင် အကုန် ခြေစုံရပ်၍ ကြည့်မိကြပါ၏။ စဉ်းစားဖြစ်ကြရပါသည်။ နာမည်ကြီးသည့် မုံ့တီဆိုင်သို့ လာခြင်းလော။ ရုပ်ရှင်ကြည့်ရန်လာခြင်းလော။ မြင့်သိန်းက မုံ့တီဆိုင်သို့ ပြေး၍ ကြည့်ပါသည်။ ပြန်အလာတွင်လည်း အဝေးကတည်းက ခေါင်းခါ၍ပြပါ ည်။ သည်တော့ မသည်းအူတို့ ရုပ်ရှင်ရုံထည်းသို့ ရောက်နေပြီဆိုသည်မှာ သေချာ၍လာပါသည်။

ထိုအခါ မောင်မောင်တို့မှာ ပြဿနာ ပေါ်ရပြန်ပါ၏။ မောင်မောင်တို့ကြည့်နေကျအတန်းမှာ နှစ်ကျပ်တန်းမျှသာ ဖြစ်ပါသည်။ မသည်းအူတို့ကမူ အနည်းဆုံး သုံးကျပ်တန်းမှသာလျှင် ကြည့်လိမ့်မည် ထင်ပါသည်။ သုံးကျပ်ခွဲတန်းမှ ကြည့်မည်ဆိုလျှင်လည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မြင့်သိန်း တခေါက် အစုံစမ်း ထွက်ရပြန်ပါသည်။

သုံးကျပ်တန်းအပေါက်မှ အစောင့်ကို မြင့်သိန်း

PDF CREATOR - NYEYADHAMMA@@GMAIL.COM



မည့်သို့ စည်းရုံးသည်မသိ။ ရုံကည်းသို့ပင် မြင့်သိန်း ဝင်နိုင်ခဲ့ပါသည်။

မြင့်သိန်း ပြန်ထွက်လာပြန်ပါသည်။ ခေါင်းကိုလည်း ခါပြပြန်ပါသည်။

သို့နှင့် မရှိမဲ့ရှိမဲ့ကို စုကြပေါင်းကြကာ သုံးကျပ်ခွဲတန်းလက်မှတ်ယူ၍ အပေါ်ထပ်သို့ တက်ခဲ့ကြပါသည်။ သို့သော် ရုံထည်းသို့ ဝင်မိကြသည်နှင့်တပြိုင်နက် ရုံက မှောင်ချလိုက်ပါ၏။ မရောက်ဘူးသောနေရာများကို အကန်းကဲ့သို့ စမ်းလျှောက်ခဲ့ကြရပါသည်။

PDF CREATOR - NYEYADHAMMA@@GMAIL.COM

သတင်းကားများ စ၍ပြပါ၏။ အမှန်ကို ဝန်ခံရမည်ဆိုပါလျှင် ထိုသတင်းကားများကို မောင်မောင် မကြည့်ဖြစ်ပါချေ။ အမှောင်ကျင့် ရလာသည်နှင့် တပြိုင်နက် ရှေ့နောက်ဝဲယာသို့သာ မောင်မောင် ကြည့်၍ ရှာနေမိပါသည်။

အပေါ်ထပ်တွင် စုစုပေါင်း လူ (၄၀)ခန့် ရှိမည် ထင်ပါသည်။ မောင်မောင့် နောက် တည့်တည့်မှာလည်း (၁၀)ယောက်ခန့် ရှိလိမ့်ဦးမည် ထင်ပါ၏။ နောက်တည့်တည့် သို့မူ အကြောင်းမဲ့ လှည့်၍ ကြည့်ရန်မှာ မလွယ်ပါချေ။



ထိုအခိုက် အားလပ်ချိန်သို့ ရောက်ပါသည်။ အလင်းရောင် ရလာပါသည်။ အကြောင်းမဲ့ အပြင်သို့ ထွက်ရင်း မျက်စေ့တို့ကို ဝေ့၍ ရှာဖွေရပြန်ပါသည်။

သို့သော် မသည်းအူကိုရင်း၊ မသည်းအူ၏ ဖေဖေတို့ မေမေတို့ကိုရင်း မောင်မောင် မတွေ့ရပါချေ။ ထို့ကြောင့် အပြင်မှ ပြန်ဝင်လာသောအခါ ပရိသတ်က မောင်မောင့်ကို ဆန့်ကျင်ကြပါသည်။

'ဘယ်မလဲကွ မင့်ကောင်မ။ သည်ကားမှ သည်ကားအစစ် ဆိုကွ....'

'သည်အပေါ်ထပ်က မကြည့်ဘူးလို့ ကြည့်စမ်းချင်တယ် ရိုးရိုးပြောရင်လဲ ရပါတယ် မျိုးညွန့်ရာ၊ ငါပြမှာပေါ့ကွ....'

'အေးလေ၊ ခုတော့ သင်းနှိုင်စက်တာနဲ့ ငါ့ပိုက်ဆံငါးကျပ်ပါ ပြုတ်ပြီ။ အိမ်က ပို့မဲ့ပိုက်ဆံကလဲ နောက်သုံးရက်လောက်ကြာမှ ရောက်မှာ။ သည်ကြားထဲတော့ ငတ်အုံးပေါ့ကွာ....အပေါင်းအသင်းကလဲ မှားမိပေသကိုး....'

'မင်းကလဲ မင်းဘဲ မျိုးညွန့်။ ရဲကားမြင်တိုင်း မင်းယောက္ခမ ထင်နေတော့လဲ နွားမြင်တိုင်း လက်ညှိုး ထိုးပြ

ဆိုသလို ဖြစ်နေပြီ။ သည်မှတ်ဉာဏ်နဲ့များ သစ်ပင်စိုက်အုံး မလို့တဲ့....အုံ့ပါ့မျိုးညွန့်ရာ၊ မြက်နဲ့ စပါးမှ မင်း ခွဲခြား တတ်ရဲ့လား....'

သို့သော် မှောင်ချ၍ ရုပ်ရှင် အပြ မြန်သောကြောင့် မောင်မောင် သည်မျှနှင့်ပင် သက်သာရာ ရခဲ့ရပါ၏။

ပသို့ဆိုစေ၊ မောင်မောင့် စိတ်၌မူ မကျေနပ်နိုင်ပါချေ။ မောင်မောင် ကောင်းစွာ မှတ်မိနေပါ၏။ သည်ကားမှလည်း သည်ကားသာလျှင် ဖြစ်ပါသည်။ ပသို့သော နည်းနှင့်မျှ မမှားနိုင်ပါချေ။

ထို့ကြောင့်လည်း ရုပ်ရှင် ပြီးသည်နှင့် တပ်ပိုင်နက် အလျှင်ဆုံး အပြင်သို့ အရောက် ထွက်၍ မသိမသာ စောင့်ကြည့်နေမိရပါသည်။ ထိုကား၏ထံသို့ မည်သူတို့ လာကြမည်နည်း။

မကြာမီတွင် မောင်မောင်တို့အံ့သက်နှင့် မတိမ်းမယိမ်းသာလျှင် ရှိဦးမည့် လူတယောက် ထိုကားထံသို့ ရောက်လာကာ၊ ကိုယ်တိုင်မောင်းထွက်သွားသည်ကို မောင်မောင်တို့ တွေ့ကြရပါသည်။ ထိုသူကား မည်သူပါနည်း။

မြတ်သူကမူ ထိုသူကို ကောင်းစွာ သိသည်ဟု ဆိုပါ



၏။ ထိုသူ၏ အမည်ကိုပင်လျှင်လည်း 'ကိုကို'ဟု မြတ်သူ ပြောနိုင်ခဲ့ပါသည်။ ထိုသူသည်လည်း မောင်မောင်တို့နှယ်ပင် အဆောင်မှာ ကျောင်းသားတယောက် ဖြစ်သည် ဟု ဆိုပါ၏။ သူက 'အောင်မင်္ဂလာ'တွင် နေသည်၊ ဝိဇ္ဇာ(က)တန်းမှ ဖြစ်သည်၊ ကာယဗလ လေ့ကျင့်လေ့ ရှိသည်... စသည် စသည်ဖြင့်လည်း အတိအကျ ခိုင်ခိုင်မာမာ ဆိုပါသည်။

ကောင်းပါပြီ။ ထို'ကိုကို'ဆိုသူကား မည်သူပါနည်း၊ မသည်းအူနှင့် မည်သို့ ပတ်သက်ပါသနည်း။ မောင်မောင် မည်သို့ နားလည်ထားရပါမည်နည်း။

* * *

စင်စစ်သော် ကိုကိုသည် မသည်းအူ၏ အကိုအရင်း ပါတည်း။

ဤသည်ကိုလည်း ဒုတိယပတ် ကျောင်းပြန်ဖွင့်သော အခါ၌ မြတ်သူ၏ အကူအညီဖြင့်ပင် မောင်မောင်သိခဲ့ရခြင်း ဖြစ်ပါသည်။

ထိုအခါ ကိုကို့ကို အကြောင်းပြု၍ မသည်းအူနှင့်ဖြင့် နီးနိုင်ခွင့် ကြုံရပြန်ပြီဟု ယူဆကာ မောင်မောင် ပျော်ခဲ့ရမိ

ပါ၏။ မသည်းအူနှင့် အနေဝေးရ၍။ တွေးမိလျှင် စိတ်မှာ မအေးနိုင်သော်လည်း၊ မသည်းအူတို့၏ ထွေးရင်းသွေးချင်း ကိုကိုနှင့် နီးနီးနေနိုင်ရသည့်အတွက်ကြောင့်မူ ပသို့ဆိုစေ ဖြေသာခဲ့ပါသည်။ မသည်းအူတို့၌ သည်အဖေ၊ သည်အမေ၊ သည်သားနှင့် သည်သမီး သာ ရှိပါ၏။ တစုံတယောက်မှာ တစုံတခု ဖြစ်ပြီဆိုလျှင် တယောက် တယောက် မုချ အသိ ပေးရပါမည်။ ဥပမာ၊ မသည်းအူ နေ၍မကောင်း ထိုင်၍ မသာ ဖြစ်ရပြီ ဆိုပါတော့။ ကိုကို့ထံ မသည်းအူတို့၏ အိမ်မှ တဆင့် မုချ အကြောင်းကြားရပါလိမ့်မည်။ မသည်းအူတို့၏ ဖေဖေသည်လည်း တာဝန်အရ ကျောက်ဆည်မှနေ၍ တနယ် နယ်သို့ ပြောင်းရပြီ ဆိုပါတော့။ ကိုကို့အနေနှင့် မုချ သိနေရပေမည်။

ထို့ကြောင့် ကိုကိုနှင့် ပေါင်းရပါမည်။ ကိုကို့ထံ ချဉ်းကပ်ရပါမည်။ သွယ်တတ်မှုစီး ရှယ်မှုနီးသည် ဟုလည်း ဆိုထုံးစကား ရှေးကထားခဲ့သည် မဟုတ်ပါလော။

ကိုကို့အကြောင်းကို စုံစမ်း၍ သိရပြန်တော့လည်း မောင်မောင် စိတ်ပျက်ရ ပြန်ပါသည်။ ကိုကိုက စိတ်ရင်း သဘောရင်းမူ ဖြူစင်သည်၊ သို့သော် အပြောဆိုးသည်....ဟု ဆိုပါသည်။ ကိုကိုက ညနေတိုင်း ဆိုလျှင်လည်း အားကစား ရုံထည်းမှာသာ အချိန်ကုန်ပါသည်။ အဆောင်သို့ ပြန်လာ ကာ ရေမိုးသန့်စင်ပါသည်။ ညနေစာကို စားသုံးပါသည်။



ထို့နောက် အခန်းသို့ ပြန်၍ အိပ်ပါသည်။ အိပ်ပြီ ဆိုလျှင် တော့ တုံးကဲ့သို့ အသေအမော အိပ်လေ့ရှိသည် ဟုလည်း ကြားရပြန်ပါ၏။

နံနက်မှာမူ မည်သူမျှ မထနိုင်မီ ကိုကို ထပါသည်။ ကိုကို မျက်နှာသစ်သည်ကလည်း ဆယ့်ငါးမိနစ်ခန့်အထိပင် ကြာလေ့ ရှိပါ၏။ ထို့နောက် စာကြည့်တတ်ပါသည်။

ကိုကိုက စကားလည်း နည်းပါသည်။ အပေါင်း အသင်းလည်း နည်းပါသည်။ မျက်နှာထားကလည်း အစဉ် ပင် တည်ကြည်လျက်၊ အပြုံး အရယ် နည်းပါသည်။

ကိုကို့ကို မည်သည့်အခါမှာမျှ စာဖတ်ခန်းထည်းတွင် မတွေ့ရနိုင်ပါချေ။ ကိုကိုသည် သတင်းစာကိုလည်း မည် သည့်အခါမှာမျှ ဖတ်လေ့မရှိပါချေ။ သူငယ်ချင်း အပေါင်း အသင်းနှင့် တပျော်တပါး စုဖွဲ့၍ စကားပြောခြင်း၊ စုဖွဲ့၍ ညလမ်းလျှောက်ခြင်း၊ စုဖွဲ့၍စားသောက်ခြင်း....စသည်တို့ကို လည်း ကိုကိုသည် မနှစ်သက်တတ်ပါချေ။

ကိုကိုသည် တယောက်ထည်းသမား သာလျှင် ဖြစ် ပါ၏။ ကိုကိုသည် သူ့အရိပ်ကိုသူ ကြည့်၍နေသူသာ ဖြစ် ပါသည်။

ဤသို့သော ကိုကိုနှင့် မောင်မောင် မည်သို့ ပေါင်းရပါ့မည်နည်း။

မောင်မောင်က ကြာသပတေးသားပေမည့် စကား များပါသည်။ ရေရေလည်လည် မပြောတတ်ပေမည့် ပတ်ပတ် ဝန်းဝန်း ပြောလိုတတ်ပါသည်။ တစုံတခုကို ပြောတော့မည် ဆိုပါလျှင်လည်း အစဉ်ပင် ဗာရာဏသီ ချဲ့နေမိလေ့ ရှိပါ သည်။ ထို့ကြောင့်လည်း အိမ်ကမူ ရံဖန်ရံခါ 'စကားအိုး' ဟု မောင်မောင့်ကို ခေါ်ပါသည်။ သူငယ်ချင်း အပေါင်း အသင်းတို့ကမူ....'မျိုးညွန့်....မင်း တကယ့်ကို ပြောတော့မှာ ပေါ့နော်....' ဟူ၍၎င်း၊....'နေအုံး မျိုးညွန့်၊ နေအုံး....ငါ ပဌမ ရေသွားသောက်မယ်။ ဒုတိယ သေးသွားပေါက်မယ်။ ငါ ပြန်လာမှ ဆက်ပြောပါလားကွာ။ ဟင်၊ မဖြစ်ဘူးလား' ဟူ၍၎င်း၊ မောင်မောင် စကားစပြောပြီ ဆိုသည်နှင့် တပြိုင်နက် နောက်ပြောင်လေ့ ရှိကြပါသည်။

ထို့ပြင် 'အားကစား' ဆိုသည်ကိုလည်း မောင် မောင် ဝါသနာ မပါခဲ့၍လော၊ မသိ။ စိုးစဉ်းမျှ နားမလည် ပါချေ။ အထူးသဖြင့် အလေးမ၍ ကိုယ်ကာယ ဗလအလှကို မည်သည့် ရည်ရွယ်ချက်နှင့် လေ့ကျင့် နေကြသည် မသိပါ ချေ။ ညနေဆိုလျှင် အလေးမခန်းထည်းသို့ သူတို့ မှန်မှန် ရောက်လာလေ့ ရှိကြပါသည်။ အင်္ကျီဟူသမျှကို ချွတ်၍ လည်း မှောက်ချည် လှန်ချည် ကုန်းချည် ကွချည်နှင့် ချွေး



ပြိုက်ပြိုက်ကျ လေ့ကျင့်ကြပါသည်။တော်နေကြာ လေ့ကျင့် လိုက်၊ တော်နေကြာ မှန်သွားကြည့်လိုက်၊ ရှိစုမဲ့စုကြွက် သားကို ညှစ်ထုတ်လိုက်နှင့်လည်း အလုပ် ရှုပ်လျက် ရှိတတ် ကြပါသည်။ မောင်မောင်သာ ထိုအခန်းထည်းက မှန်ဖြစ် နေမည်ဆိုလျှင်တော့ တညနေမျှနှင့်ပင် အူတက်၍ သေ လိမ့်မည် ထင်ပါသည်။

မောင်မောင့်ဝါသနာကမူ လျှောက်လည်ခြင်း (သို့မဟုတ်) ခရီးသွားနေရခြင်းသာလျှင် ဖြစ်ပါ၏။ မောင် မောင် ရွေးချယ်ထားသည့်ဘာဝကမူ စိုက်ပျိုးရေး သာလျှင် ဖြစ်ပါသည်။ သစ်ပင်တို့မည်သည် သည်နေရာမှာ အမြစ် တွယ်၍ ပေါက်လျှင် သည်နေရာမှာပင် သေသည်အထိ နေရတတ်ပါသည်။ တောင်သူတို့မည်သည် ကိုယ့်တောင် ယာကို အခါမလပ် စောင့်ကြပ်ကြည့်ရှုရပါသည်။ ပသို့ ဆိုစေ၊ မောင်မောင့်အဖို့မူ မမြင်ဘူးသည်ကို မြင်ရခြင်းသည် အရသာ ဟူ၍ ယူဆမိပါသည်။

မရောက်ဘူးသောအရပ်ဒေသသို့ ရောက်ရခြင်းသည် လည်း စင်စစ် စွန့်စားမှု တရပ်ပါတည်း။ ။ထို့ကြောင့် မောင်မောင် စွန့်စားရပါမည်။ မသည်းအူအတွက် မောင် မောင် စွန့်စားရပါမည်။ ကိုကိုနှင့် ပေါင်းစည်းမိရေးအတွက်

အားကစားရုံ ဆိုသည့်အထည်းသို့ မောင်မောင် ဝင်ရပါတော့မည်။

ပဥ္စမ နှစ်ရက်ခန့်တွင်မူ 'လေ့လာသူ' အဖြစ်ဖြင့်သာ မောင်မောင် ဝင်ကြည့်မိပါ၏။ ကိုကို ကစားနေသည့်အနားသို့ ချဉ်းကပ်၍လည်း.... 'ခု လေ့ကျင့်တဲ့နည်းက ဘယ်နေရာအတွက်လဲ ခင်ဗျ....' 'ပခုံးက ကြွက်သားတွေ ပြည့်လာစေချင်ရင်ကောဗျာ၊ ဘယ်လို ကစားရမလဲ....' အဲသည်လို မှန်မှန်လေ့ကျင့်နိုင်မယ်ဆိုရင် ခြောက်လလောက် ရှိတဲ့ အခါ တော်တော်ကလေး ကြည့်ကောင်းရှုကောင်း ဖြစ်လာမယ်ထင်တယ် နော်....' 'ကျွန်တော်က မြင်တဲ့အတိုင်းဘဲ ဘာမှကို အစမရှိဘူး၊ ကျွန်တော့်ကို ကူညီပါဗျာ....နော်။ စာအုပ်ကလေး ဘာကလေး ရှိရင်လဲ ဖတ်ဖို့ငှားနိုင်မယ်ဆိုရင်....' စသည် စသည်ဖြင့် ကြံဖန်၍ စကားမရှိ စကားရှာကာ အသိ ဖွဲ့ခဲ့ရပါသည်။

နောက်နေ့များ၌မူ ကိုကို့ကို ဆရာတင်၍ ကိုကိုနှင့်တွဲကာ၊ ကိုကို့အနားမှာပင် မောင်မောင် လေ့ကျင့်ခဲ့ဖြစ်မိပါသည်။ ကိုကိုကလည်း မောင်မောင့်ကို စေတနာထား၍ ပြသကူညီခဲ့ပါသည်။ အားကစားနှင့် ပတ်သက်လာတော့လည်း ကိုကို၏သဘောမှာ အင်မတန် ကောင်းနေပြန်ပါ၏။ သူကိုယ်တိုင်ကဲ့သို့ပင် မိန်းမ၊ အရက်၊ အအိပ်



ပျက်ခံခြင်း၊ အညောင်းခံထိုင်ခြင်း တို့ကို ကြိုးစား၍ ရှောင်ကြဉ်ရမည်ဟုလည်း မောင်မောင့်ကို ဆုံးမခဲ့ပါသည်။

'ကိုမျိုးညွန့် မိန်းမ မလိုက်စားဘူး၊ အရက်မသောက်ဘူးဆိုတာတော့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမယ့် ညကျရင် စောစော အိပ်ဗျ။ ရည်းစားလဲ မထားနဲ့အုံး။ ရည်စားထားတော့ တွေးမိမယ်။ တွေးမိတော့ အိပ်ရေး ပျက်မယ်....'

'ကျွန်တော်တို့အဖို့ တနေ့တနေ့ စာသင်ခန်းတွေထဲမှာ ထိုင်ခဲ့ရတာကိုကဘဲ များလှပါပြီဗျာ။ အဆောင် ရောက်တော့ တခါ စာဖတ်ခန်းထဲမှာ တပ်ထိုင် အုံးမယ်ဆိုရင် မကောင်းတော့ဘူးဗျ။ သွေးကြောတွေ ထိုင်းမှိုင်းကုန်မယ်။ လူကလဲ ပျင်းသွားမယ်။ ဦးဏှောက်လဲ မရှင်တော့ မကြည်တော့ဘဲ ဉာဏ်လဲ တုံးသွားမယ်....'

မောင်မောင်ကလည်း ကိုကို့အဆုံးအမများကို နာယူခဲ့ပါသည်။ မယုံကြည်ပေမည့် ကိုကို့ ညွှန်ကြားချက်များ အတိုင်း တသွေမတိမ်း လိုက်နာနေထိုင်ခဲ့ပါသည်။ လမ်းမရှိ လမ်းရှာ၍လည်း ကိုကိုတို့အဆောင်သို့ မောင်မောင် ရောက်ခဲ့ရပါသည်။ ညနေဆိုလျှင်လည်း အားကစားရုံသို့ အသွားတွင် ကိုကို့ကို မောင်မောင် ဝင်ခေါ်ဖြစ်ပါသည်။ ဤသည်

ကိုပင် ဝိရိယ ကောင်းသည်၊ ဇွဲရှိသည် ဟု ကိုကိုက ချီးမွမ်း ပြောဆိုတတ်ပါသည်။

သို့နှင့် မောင်မောင်ကချည့် အရောက်များသော် ကိုကိုကလည်း တုံ့ပြန် လာပါသည်။ မောင်မောင်ရှိရာ အဆောင်သို့လည်း ကိုကို မကြာမကြာ ရောက်လာတတ်ပါသည်။ 'ကျန်းမာရေးနှင့်ခွန်အား'ဟူသော အင်္ဂလိပ်မဂ္ဂဇင်း ကလေးများကိုလည်း မောင်မောင့်အတွက် ပေးတတ်ပြန်ပါသည်။

သို့နှင့် ကိုကို၏ တယောက်ထည်းသော အပေါင်း အသင်းတဝသို့ မောင်မောင် ရောက်လာခဲ့ရပါတော့သည်။ ကိုကိုသည် ကိုကို့အကြောင်း၊ ကိုကို မိဘအကြောင်းစသည် တို့ကိုပင်လျှင် မောင်မောင်က မမေးမြန်းပါပဲလျက် တခါက ပြောပြခဲ့ပါ၏။ သို့သော် ကိုကိုပေါင်းပုံက မောင်မောင်တို့ စိုးလွင်တို့ မြင့်သိန်းတို့ မြတ်သူတို့နှယ် မပွင့်လင်းပါချေ။ ကိုကို့၌ အင်မတန် လှပပြေပြစ်သော ညီမငယ်တယောက် ရှိသည့် အကြောင်းကိုမူ ကိုကို ဖုံးကွယ်၍သာ ထားခဲ့ပါသည်။

ပသို့ဆိုစေ၊ မောင်မောင့်ကိုမူ ကိုကို ခင်မင်ပုံရပါ၏။ မောင်မောင်ကလည်း ပေါင်းကြည့်တော့မှ ကိုကို့အကြောင်း ကို နားလည်လာပါသည်။ ကိုကို၏ သန့်စင်သော စိတ်ထား ကိုလည်း သည်တော့မှပင် မောင်မောင် မြတ်နိုးတတ်၍



လာပါသည်။ ကိုကိုသည် ကိုယ်၏ အလှကိုသာ ကြည့်၍ လေ့ကျင့်နေသည် မဟုတ်ပါချေ။ စိတ်၏အလှကိုပါ ကြည့်၍ လေ့ကျင့်နေသူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကိုကို့ကိုပါ မောင်မောင် ခင်မင် မိပါသည်။

သို့သော် မောင်မောင်နှင့် ကိုကိုတို့ သည်နှယ် 'သဲဖြူခင်း ရာဇမတ်ကာ'လမ်းဖေါက်၍ ခင်ခင်မင်မင့်ပေါင်း မိ သင်းမိနေသည်ကိုမူ မောင်မောင်ပတ်ဝန်းကျင်တွင် တတ် နိုင်သမျှ မောင်မောင် ဖုံးထားခဲ့မိဖြစ်ပါ၏။ အထူးသဖြင့် ထိုသုံးယောက်ကို မောင်မောင် ကြောက်ပါသည်။ သူတို့ သိလျှင် မောင်မောင့်ကို မုချ သရော်ကြပါလိမ့်မည်။ အထူး သဖြင့် စိုးလွင့်ပါးစပ်ကို မောင်မောင် လန့်ပါသည်။ စိုးလွင် သာ သိပြီဆိုလျှင်တော့ မောင်းထု၍ ကျေညာသည်ကမှ မသိလိုက်သူ ကျန်ရစ်နိုင်လိမ့်ဦးမည်ထင်ပါသည်။

သို့သော် မြင့်သိန်းသည် ရွာဦးကျောင်းကခွေးနှင့် ပမာတူပါ၏။ တရွာလုံး သူ့ခြေရာချည့် ဖြစ်ပါသည်။ တကျောင်းလုံး မြင့်သိန်းခြေရာချည့် ဖြစ်ပါ၏။

ထိုအခါ မြင့်သိန်းက စ၍ မောင်မောင့် လျှို့ဝှက် ချက်ကို သိပါသည်။ မောင်မောင် လေ့ကျင့်၍ တလမျ

မပြည့်မီမှာပင် သူတို့ သိကုန်ကြကာ၊ မောင်မောင့်ကိုလည်း အစဉ်ပင် သရော်လေ့ ရှိခဲ့ကြပါ၏။ တွေ့ပြီဆိုလျှင်လည်း တွေ့သည်နှင့်တပြိုင်နက် မောင်မောင့် လက်မောင်းများကို ဖြစ်ကြည့်ကြ၊ မောင်မောင့်ရင်ကို စမ်းကြည့်ကြနှင့် အနေခက် အထိုင်ခက် လမ်းအလျှောက်ပျက်ရသည် အထိ နှောက်ယှက်လေ့ ရှိခဲ့ကြပါသည်။....'ဟ မျိုးညွန့်က မနည်းကြီးပါဘဲလား ဟ....'ဟူသည်ကလည်း သူတို့၏ ပုံမှန် နှုတ်ဆက်စကားဖြစ်လာခဲ့ပါ၏။

ပသို့ဆိုစေ၊ သူတို့ကို အကျိုးအကြောင်း ရှင်းပြတောင်းပန်၍၊ မောင်မောင် နေ့စဉ်မပျက် ဆက်လက်လေ့ကျင့်ခဲ့ပါသည်။

စင်စစ်သော် ဟန်ဆောင်ရခြင်းသည် ပင်ပန်းလှပါ၏။ မောင်မောင့်အဖို့မူ စိတ်သာမက၊ ကိုယ်ပါ ပင်ပန်းရပါသည်။ မိဘက ခိုင်းလျှင်ပင် သည်နှယ် ချေးပြိုက်ပြိုက်ကျရသော အလုပ်တာဝန်ကို နေ့စဉ် ဝတ်မပျက် မောင်မောင်ထမ်းရွက်နေဖြစ်လိမ့်မည် မထင်မိပါချေ။

မှန်မှန်လေ့ကျင့်ပြီ ဆိုပြန်တော့လည်း ပင်ပန်းရသည်မို့ထင့်။ နေမဝင်ခင် ခြင်ထောင်ချ၊ လင်မောင်လှကလ စက်တော်ခေါ်ချင်....ဆိုသော သီချင်းကဲ့သို့ မိုးမချုပ်မီမှာပင် အိပ်လိုစိတ်က ပြင်းပြလာပါသည်။ အစားအသောက်



ဆိုပြန်လျှင်လည်း ခုံမင်၍ပင် လာခဲ့မိပါ၏။ ယခင်ကထက် ပို၍လည်း စားလာနိုင်ပါသည်။ မကြာမကြာလည်း ဆာလာတတ်ပါ၏။ သို့သော် ကိုယ်ကမူ ယခင်ကထက်ပင် အလေးချိန် လျော့နည်းနေပါသည်။

ကိုကိုကမူ....'အစမို့ပါ။ နောက်တော့ တဖြေးဖြေး တက်လာပါလိမ့်မယ်။ မပူပါနဲ့....'ဟု အားပေးခဲ့ပါ၏။ မောင်မောင့်ကို လမ်းတဝက်တွင် စိတ်ခေတ်ပျက်ပြယ်ကျဆုံးပြီ အထင်နှင့်လည်း ကိုကိုက စည်းရုံးဆွဲဆောင်ခဲ့ပါသည်။ မောင်မောင် အနည်းငယ် အရောက်နောက်ကျပြီ ဆိုလျှင်ပင် မောင်မောင့်ထံသို့ ရောက်လာတတ်ပါသည်။....'စိတ်ပျက်ပြီးတော့များ မလာတော့ဘူးလားလို့....'ဟု ပြောကာလည်း၊ နှစ်သိမ့်ခေါ်ဆောင်တတ်ပါသည်။

သို့နှင့် ကိုကိုနှင့် မောင်မောင်တို့၏ ပေါင်းစည်းမှုမှာ ခိုင်မြဲ၍ လာပါ၏။ သို့နှင့် မောင်မောင့် ရည်ရွယ်ချက်၏ ပဌမအဆင့်မှာမူ အောင်မြင်ခဲ့ပါသည်။

ကိုကို ပြောသကဲ့သို့ပင်လည်း နောင်သောအခါ၌မူ မောင်မောင့်ကိုယ်မှာ သိသိသာသာ တက်၍လာပါသည်။ ရယ်စရာကောင်းသည်မှာတော့ မောင်မောင်သာ ဖြစ်ပါ၏။ ယခင်က....ယောကျ်ားတယောက်အနေနှင့် လက်တဝါးသာသာခန့် မှန်ကလေးတချပ်သာ လိုအပ်သည်၊ မျက်နှာတခု

အတွက်သာ မှန်ကြည့်ရန် လိုသည်....ဟူသော အယူအဆသည် ယခု ပသို့ရောက်၍ ပသို့ပျောက်ကုန်ပြီ မသိ။ ယခင်က ယောကျ်ားဆောင်မှာပင် အင်္ကျီမပါပဲ ရေချိုးခန်းသို့မသွား ရဲခဲ့သော မောင်မောင်သည် ယခုဆိုလျှင် အင်္ကျီကျွတ်နှင့် ဗလအလှကို ပြလျှောက်ရသည်မှာပင် အရသာဟု ထင်လာ တတ်ပါပြီ။ ကိုယ်ကိုလည်း မှန်မှာ ကြည့်တတ်၍၊ ကြည့်လို၍ လာပါပြီ။

သို့သော် တနှစ်ကူး၍၊ နံရံတွင် ပက္ကဒိန် အသစ်တခု ရောက်လာသောအခါ၌ကား လေ့ကျင့်ခန်းတို့ကို လျှော့ရ ပြန်ပါသည်။ စာမေးပွဲက နီးကပ်လာပြီမို့လည်း အိပ်ရေး အပျက်ခံရပါတော့သည်။ ကိုကိုကမူ လေ့ကျင့်ခန်းတို့ကို မလျှော့ခဲ့ပါချေ။ ကိုကိုသည် တနှစ်ပတ်လုံး နှစ်စကတည်းက မှန်မှန် စာကြည့်လာသူ ဖြစ်သဖြင့်၊ ကိုကို့အဖို့မူ ပြဿနာ ဖြစ်၍မလာတန်ချေ။ ထို့ပြင် ကိုကို့ဘာသာတွဲက မဖြေနိုင်၍ ကျသည့်တိုင်လည်း အကြောင်းမဟုတ်၊ နောက်တနှစ် ဆက်၍ နေရရုံသာတည်း။

မောင်မောင်တို့အဖို့မူ သည်တနှစ်၊ အထူး သဖြင့် သည် ပဌမနှစ် ကျမည်ဆိုလျှင် များစွာ ဆုံးရှုံးရပါမည်။ (စိုက်ပျိုးရေး)တွဲကိုပါ စွန့်လွှတ်ရမည်မို့၊ ရည်ရွယ်ချက်ပါ ပျက်ပြားရပါမည်။ နိုင်ငံအစိုးရ၏စရိတ်ဖြင့် သင်ကြားနေရ သည်မို့လည်း၊ ကျပြီဆိုသည်နှင့်တပြိုင်နက် ထောက်ပံ့ကြေး



အရှုတ်သိမ်းခံရပါမည်။ ထို့ပြင် မောင်မောင့်ဘဝက ကိုကို တို့ မသည်းအူတို့၏ ဘဝနှင့် ကွာခြားလှပါသည်။ မောင် မောင့်မိဘမှာ အစိုးရအမှုထမ်းအရာထမ်း မဟုတ်ကြပါချေ။ သာမန် အရောင်းအဝယ်သမားများသာ ဖြစ်ကြသည်မို့ သူတို့၏ နောင်ရေးအတွက် ပူပန်ရပါမည်။ သူတို့၏ အိုစာ နာစာအတွက် မောင်မောင့်မှာ တာဝန်ရှိပါသည်။

ယခု အခြေအနေတွင် မောင်မောင့် မိဘကလည်း ကြိုးစားရှာဖွေနေနိုင်ကြဆဲမို့ အရေးမဟုတ်ဟုကား ထင်စရာ အကြောင်းရှိပါ၏။ သို့သော် မောင်မောင့်မိဘမှာက သား သမီး (၆) ယောက်ပင်လျှင် ရှိပါသည်။ မောင်မောင်က အကြီးဆုံးသော သားအနေနှင့် ညီငယ်ညီမငယ်များကို ညှာ တာရပါမည်။ လမ်းဖွင့်၍ ပေးရပါမည်။ မောင်မောင်မတက် နိုင်လျှင် တက်နိုင်မည့်၊ တက်ကြည့်ကြဦးမည့် ညီငယ်ညီမငယ် များလက်သို့ သည်'ပညာသင်ခွင့်လှေကား'ကို ပေးရပါ လိမ့်မည်။

စီးပွါးဆိုသည် ငွေဆိုသည်မှာ သခ်ါရ တရားကို အများမြင်လွယ်စေသော ပစ္စည်းများ ဖြစ်ပါ၏။ နေ့ချင်း ညချင်းပင်လျှင်လည်း ပျောက်ပျက်ဆုံးရှုံးနိုင်ပါသည်။

ထို့ကြောင့် အချိန်ရှိခိုက်မှာ မောင်မောင် ကြိုးစား ရပါမည်။

ထို့ကြောင့် အားကစားရုံသို့ မသွားတော့မူ၍ အခန်းထည်းတွင်ပင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ကစားခဲ့ပါသည်။ အချိန်ကိုလည်း နာရီဝက်ခန့်သာ ယူနိုင်ပါတော့သည်။

ဤသို့ အလွတ်လေ့ကျင့်ကစားရာတွင်လည်း အမှန်စင်စစ် ကိုကို၏ ညွှန်ကြားမှုအောက်မှာသာ ဖြစ်ပါသည်။ ကိုကို ညွှန်ပြသော နည်းလမ်းများအရ လေ့ကျင့်ကစားခြင်းသာလျှင် ဖြစ်ပါသည်။ ကိုကိုကလည်း မောင်မောင်၏ အားကစားစိတ်ကို ချီးမွမ်း၍၊ မောင်မောင့်ကိုပင်လျှင် လိမ္မာသည် ဟု ဆိုတတ်ခဲ့ပါသည်။

ကိုကိုနှင့် မောင်မောင်သည် တနှစ်ထည်းမှာ မွေးခဲ့ကြသူများ ဖြစ်ပါ၏။ သို့သော် ကိုကိုက မောင်မောင့်ထက် ငါးလခန့် ကြီးပါသည်။ ငါးလ ဆိုသည်မှာ စင်စစ် မောင်မောင်တို့ အရွယ်တွင် အလေးမူစရာ မဟုတ်ပါချေ။ မြတ်သူသည် မောင်မောင်တို့ စိုးလွင်တို့ မြင့်သိန်းတို့ထက် တနှစ်ခန့် ကြီးပါ၏။ သို့သော် မင်းနှင့်ငါနှင့် ပြောရုံသာ မက ရုံဖန်ရုံခါ ဆဲပင် ဆဲခဲ့ကြပါသည်။

ကိုကိုနှင့်မူ ယခုထက်ထိ ခင်ဗျား ကျွန်တော်နှင့်သာ မောင်မောင် ပြောဖြစ်ခဲ့ပါ၏။ ကိုကိုနှင့် ပေါင်းသင်းရာ၌မူ



မောင်မောင် ယဉ်ကျေးရပါမည်။ မောင်မောင်က ငါးလသာမက၊ ငါးနှစ်အထိပင် ငယ်နေရပါမည်။

ထို့ကြောင့် ကိုကိုကလည်း....မောင်မောင့်ကို ညီငယ်တယောက်နှယ်သာ အောက်မေ့ထားခဲ့ပုံရပါ၏။ ကိုကိုက.... မောင်မောင့်နှယ် ညီငယ်တယောက်တော့ လို ချင် စမ်းပါဘိ...ဟူ၍ပင်လျှင်လည်း နွေကျောင်းပိတ်၍ ခွဲကြရမည် ဆိုတော့ နှုတ်ဆက်ရင်း တမ်းတခဲ့ပါသည်။

ကိုကို ပြန်တော့မည်ဆိုတော့ ကိုကို့အိမ်က ကားနှင့် လာ၍ ကြိုပါသည်။ ကိုကိုတို့ကားနှင့် တပါတည်း လိုက်ခဲ့လိုသော်လည်း မောင်မောင့် အခန်းသို့သာ မောင်မောင် ပြန်ခဲ့ရပါသည်။

ချစ်သော သူငယ်ချင်းများနှင့်လည်း တကြိမ်ခွဲရပြန်ပါ၏။

မိုးသောက်စမှာ ကျောက်ဆည်ကို ဖြတ်တော့လည်း၊ မသည်းအူတို့ ကိုကိုတို့၏အိမ်ကို ရထားပြတင်းမှ လှမ်း၍ ရှာကြည့် မိပါသည်။ အိမ်ကိုမူ မမြင်ရပါချေ။ မသည်းအူ၏ ပန်းအပွင့်နှယ် နမ်းချင့်စဖွယ်သော မျက်နှာသွယ်သွယ်လျကိုသာ ဝေဆိုင်း မှိုင်းပြနေသော နှင်းကမ္ဘာထည်းတွင် ရေးရေး မြင်ယောင်မိပါသည်။

သူဇာ ဖြူဖြာ မှုရာမြင်၊ သည်တွင် ရွှေဘွင် လွန်လှိုက်လဲ၊ ပူလေဘင်ကြည်ကွဲ၊ ငိုယောင်ဆည်လဲ၊ သည်းထဲ ပြေဘဲ အောင်သာ၊ သွယ်ကာငွေနှင်း၊ မျက်ရည်ဖြာဆင်း၊ ရင်တွင်း ဝယ်သာ၊ ကြင်ရင်းငယ်မှာ၊ မစက်သာ ပျော်ဘဲနိုး၊ မျှော် သော် မြင်သော်၊ ညွန်လက်ညှိုး၊ ဝင်လျှိုးမျောက်မှန်၊ ကြောက်ဝှန်ကြက်သီးမိုး။

* * *

မည်သို့ဟူ၍၊ မြင်သူ မှူးမော်၊ တွေးခေါ်ဟမြွက်၊ ဆိုမျိုး ခက်ခဲ့၊ အဖက်ကျူးလွန်၊ တင့်မောဟန်ကို၊ မြော်ပြန်မြင် နိုင်း၊ တန်မဆိုင်းသည်၊ ရှုတိုင်းမျက်နှာ ထင်တော့သည်။

ပသို့ဆိုစေ၊ မောင်မောင့်အိမ်၏အမြင်တွင်မူ သည် တနှစ် ကျောင်းမှ ပြန်လာသောမောင်မောင်သည် ရှေးနှင့် မတူတော့ပါချေ။ မောင်မောင်သည် ထူးခြား၍ နေပါ၏။

မောင်မောင်ကလည်း မောင်မောင်ပါတည်း။ ရှေးက ဆိုလျှင် ရန်ကုန်သို့ ပြန်ရောက်သည်နှင့်တပြိုင်နက် အိမ်၌ ကပ်သည် ဟူ၍ မရှိခဲ့။ ငယ်သူငယ်ချင်း အပေါင်းအသင်း တသိုက်ကို မောင်မောင်ကစ၍ လိုက်လံနှုတ်ဆက်ခဲ့လေ့ ရှိပါသည်။ ထို့နောက် လွတ်လပ်ခြင်း၏ အရသာကို



အပြည့်အဝ စံစားလျက် မနားတမ်း အိမ်မှ ထွက်နေတတ် ပါသည်။

ရုပ်ရှင်ဆိုလျှင်လည်း ပြန်လည်ရောက်စ၌မူ ကောင်း သည် ညံ့သည်ပင် မရွေးတော့မူ၍၊ ရှိတကာမှာ လှည့်လည် ကြည့်မိကြပါသည်။ မည်သို့မျှ အဓိပ္ပါယ် မရှိသော်လည်း သူငယ်ချင်း နှစ်ယောက် သုံးယောက်နှင့် လူစုမိပြီ ဆိုလျှင် ကျောင်းနေဖက်သူငယ်ချင်း မိန်းမငယ်များထံသို့ မောင် မောင်တို့ရောက်ဖြစ်ကြရပြန်ပါ၏။

ကြုံရာဆုံရာ စကားများကို ရင်းရင်းချာချာ ပြောဖြစ် ကြပါသည်။ တယောက်၏အနာဂတ်ကို တယောက်မေး၍ လည်း တိုင်ပင်ဖြစ်ကြရပါ၏။ ငယ်ဟောင်းနှောင်းဖြစ် ပြန်ပြောဖြစ်ကာလည်း သောသာညံ့ညံ့ ရယ်မောဖြစ်ကြ ပြန်ပါသည်။

အမှန်စင်စစ် ရန်ကုန်သည်သာ မောင်မောင်၏ဇာတိ ရပ်ရွာ၊ ပဝတ္တိရပ်ရွာ ဖြစ်ပါသည်။ မောင်မောင်သည် မြို့မ ကျောင်းမှာပင် စတင် ကျောင်းနေခဲ့ရ၍၊ တက္ကသိုလ်ဝင် စာမေးပွဲကိုလည်း မြို့မကျောင်းမှပင် အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် သူငယ်ချင်း အပေါင်းအသင်း ဟု ဆိုရာ၌ လည်း ရန်ကုန်မှာက များပါသည်။

မောင်မောင်တို့ အိမ်သည် (၁၄)လမ်းထည်းတွင် တည်ရှိပါသည်။ ဆိုရလျှင် မြို့ထည်းမှာမို့ အများအဖို့ ထွက်ခလုတ် ဝင်ခလုတ် ဖြစ်ပါသည်။ အထူးသဖြင့် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ စသည်တို့ဖက်မှ အပေါင်းအသင်းများအဖို့မူ လမ်းအကြုံဆုံး ဖြစ်ပါသည်။

သို့သော် မောင်မောင် ပြန်ရောက်လာပြီ ဆိုသော သတင်းကို ကြားကြသည်နှင့်တပြိုင်နက် လမ်းကြုံသည်ဖြစ်စေ မကြုံသည်ဖြစ်စေ ဝင်လာကြလေ့၊ အိမ်မှာ စုကြလေ့၊ တပျော်တပါး စားကြသောက်ကြလေ့ ရှိပါသည်။ တခါတရံ မောင်မောင့်ကိုပင် ပြောမထားတော့မူ၍ အပေါင်းအသင်းအချင်းချင်း တွေ့လိုပြီဆိုလျှင် မောင်မောင်တို့အိမ်မှာ ချိန်းကြလေ့ရှိပါသည်။

မောင်မောင်တို့အိမ်မှာ ကျယ်လည်း ကျယ်ဝန်းပါသည်။ ဖေဖေတို့မေမေတို့ကလည်း နေ့ခင်းဆိုလျှင် (၁၀) လမ်းထည်းရှိ ပွဲရုံမှာသာ အနေများပါသည်။

အမှန်စင်စစ်၊ ကျယ်ဝန်း သောကြောင့်၊ လူကြီးများ၏ မျက်ကွယ်မှာမို့ လွတ်လပ်သောကြောင့်၊ လမ်းကြုံသော ကြောင့် ဟူသော 'သောကြောင့်' သုံးပါးကြောင့်သာလျှင် သည်နှယ် မောင်မောင့်အိမ်မှာ စုကြဆုံကြ ဝင်ကြရောက်ကြသည် မဟုတ်ပါချေ။ မောင်မောင့်ကို ခင်မင်ကြ



သည်ကလည်း အကြောင်းတပါး ဖြစ်တန်ရာပါ၏။ကျန်သော အကြောင်းတပါးကမူ မောင်မောင့် ညီမငယ်များပါတည်း။

ညီအကို မောင်နှမ ခြောက်ယောက် အနက်မှာမူ မောင်မောင်က အကြီးဆုံး ဖြစ်ပါသည်။ သို့သော် အိမ်မှာ အစခပ်သိမ်း ကြိုးကိုင် ခြယ်လှယ် အုပ်ချုပ်သူကမူ မိဦးသာလျှင် ဖြစ်ပါ၏။

မိဦး၏ အမည်အပြည့်အစုံမှာ မိမိဦး ဖြစ်ပါသည်။ မိးဦးက သမီးလေးယောက်အနက် အကြီးဆုံးလည်း ဖြစ်ပါ၏။ မောင်မောင့်အောက် ဒုတိယမွေးလည်း ဖြစ်ပါသည်။သို့သော် မိဦးက အင်မတန် ထုံထိုင်းပါသည်။ အငယ်များကို ညှာလေ့ညှာထ မရှိသောကြောင့်လည်း ငယ် ငယ် က ဆို လျှင် မကြာခဏ အကြိမ်းအမောင်း အရိုက်အနှက် ခံရလေ့ရှိပါသည်။

မိဦး၏အောက် မိလတ်ကမူ အလည်ဆုံး ဖြစ်ပါ၏။ ငါးနှစ်သမီးကတည်းက ကဒေ့းရုံတွင် တယောက်ထည်း ပြဇာတ်ဝင်ကြည့်တတ်သူ ဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်တွင် ကဒေ့းရုံနှင့် ဝင်းဝင်းရုံတို့သည် ပြဇာတ်ရုံများအဖြစ်ဖြင့် အင်မတန် ထင်လျှားကျော်ကြားကြပါ၏။ ရုပ်ရှင်မင်းသမီး ကြည်ကြည်ဒွေးတို့ မြင့်မြင့်ဒွေးတို့ ဆိုသည်မှာ ကဒေ့းရုံမှ မွေးထုတ်ပေးခဲ့သော ပညာသည်များ ဖြစ် ကြ ပါ သည်။

ထို့ကြောင့်လည်း ၎င်းတို့၏ အမည်များ၌ 'ဌေး' ပါနေကြရခြင်းဖြစ်ပါ၏။

ကဌေးရှံမှာ မောင်မောင်တို့အိမ်နှင့် နီးပါသည်။ မိလတ်သည် လမ်းထည်း၌ သူ့အဖေ အပေါင်းများနှင့် ဆော့ကစားရင် ရှံနားသို့ ရောက်သောအခါ၊ ကြည့်လိုသည်နှင့် ဝင်ကြည့်နေလိုက်သည် ဟု ဆိုပါ၏။ ရှံကလည်း တစုံတယောက်သော ပွဲကြည့်ပရိသတ်၏ ကလေး အထင်နှင့် ဝင်ခွင့် ပြုခဲ့ပုံ ရပါသည်။

ပသို့ဆိုစေ၊ မိလတ်ပျောက်၍ ဖေဖေတို့ မေမေတို့မှာ ဌာနာသို့လည်း ရောက်ကြရပါ၏။ လမ်းထည်းမှာလည်း အုတ်အုတ်ကျက်ကျက်နှင့် ပြေးကြ လွှားကြ ရှာကြ ဖွေကြရပါသည်။ ညနေသို့ ရောက်သောအခါ၌မှ မိလတ်သည် ပွဲပြီးပြီမို့ သူ့အလိုအလျောက် အေးအေးလူလူပင် အိမ်သို့ ပြန်ရောက်လာပါ၏။ ငိုနေသော မေမေ့မှာ မိလတ်က သူ့အဖြစ်ကိုဘူ ပြန်ပြောပြတော့ ငိုအားထက် ရယ်အားသန်ခဲ့ရပါသည်။ သို့သော်....မိလတ် ကြိမ်းလုံးစာ ကောင်းကောင်း မိခဲ့ရပါ၏။

ယခုလည်း အဝယ် အခြမ်းနှင့် အပြင်ကိစ္စ စသည်တို့အတွက်မူ လည်သော မိလတ်ကသာလျှင် တာဝန်ယူ နေရပါသည်။ ငွေကိုမူ မိဦးကသာလျှင် ကိုင်ပါ၏။ မိလတ်



လက်သို့သာ သော့အပ်မည်ဆိုလျှင်တော့ အိတ်ပေါက်နှင့် ဖါးကောက်သည်ကမှ ကျန်ရစ်လိမ့်ဦးမည် ထင်ရပါသည်။

သူတို့ နှစ်ယောက်ကား ယခုဆိုလျှင် အရွယ်ရောက်လာကြချေပြီ။ တက္ကသိုလ်သို့လည်း ရောက်နေကြပြီမို့၊ ပြင်တတ်ဆင်တတ် လှပနေတတ်ကြပါပြီ။

မိငယ်နှင့် မောင်မောင်မျိုးတင့်တို့ကမူ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲကို ဖြေထားကြပြီး ဖြစ်ပါ၏။ မိနှောင်းကား ဉာဏ်လည်းကောင်းသည်မို့ နှောင်နှစ်ဆိုလျှင်ပင် ရှစ်တန်းသို့ ရောက်ပါတော့မည်။

ဖေဖေသည် အလုပ်က အငြောင်း အဝယ် ပေမည့်၊ စာပေမှာ ဝါသနာထုံချေ၏။ တယောကိုလည်း ဖေဖေ ကျွမ်းကျွမ်းကျင်ကျင် ထိုးတတ်ပါချေသည်။ သူ့ တယောကလေးကိုလည်း ဖေဖေသည် အင်မတန် မြတ်နိုး ယုယတတ်ပါ၏။ 'သည်တယောနဲ့ သားတို့ သမီးတို့ မေမေကို ဖေဖေအပိုင် ညှိခဲ့တာပေါ့ကွ....' ဟူ၍လည်း ရံဖန်ရံခါ ရယ်စရာ မောစရာ ပြောပြခဲ့ပါသည်၊

ထို့ကြောင့် ဖေဖေသည် စိတ်ကူးယဉ်တတ်ပုံလည်း ရပါ၏။ သားများကိုလည်း မောင်မောင်မျိုးညွန့်၊ မောင်မောင်မျိုးတင့် ဟူ၍ အမည်တွင်စေခဲ့ပါသည်။ သမီးများ

ကိုလည်း မိမိဦး၊ မိမိလတ်၊ မိမိငယ်၊ မိမိနှောင်း....စသည်ဖြင့် မှည့်ခေါ်ခဲ့ပါ၏။ ထို့ပြင် ဖေဖေက မောင်မောင်တို့ကို သင်သည်။ စကားပြောလျှင် ကိုယ့်ကိုယ်ကို.... 'မောင်မောင်က....မောင်မောင်တော့....မောင်မောင်လဲ....' စသည် စသည်ဖြင့် မောင်မောင် ထည့်၍ ပြောရမည် ဟု ဆိုပါ၏။ သမီးများကိုလည်း စကားပြောလျှင် ကိုယ့်ကိုယ်ကို ...'မိမိက မိမိကို....မိမိဖြင့်....' စသည် စသည်ဖြင့် မိမိ ထည့်၍ ပြောရမည်ဟု ဖေဖေ သင်ကြားခဲ့ပါသည်။

မောင်မောင်တို့မှာလည်း ငယ်ကတည်းက ဖေဖေ သင်ကြားထားသကဲ့သို့ ပြောလာရသောအခါ၊ ယခုတိုင်ပင် နှုတ်ကျိုး၍ နေပါ၏။ အိမ်မှာဆိုလျှင် ကိုယ့်ကိုယ်ကို မောင်မောင် ဟုပင် ပြောမိနေပါသည်။ အပြင်မှာမူ ပြော၍ မကောင်းတော့ပြီမို့၊ မပြောလည်း မပြောလိုတော့ပြီမို့ မနည်း ကြိုးစား၍ ပြင်ခဲ့ရပါ၏။ မောင်မောင်မျိုးတင့်ကမူ ယခုထက်တိုင် အပြင်မှာလည်း ပြောဆဲသာဖြစ်ပါသည်။

မောင်မောင်တို့ အိမ်ထည်း၌ အချင်းချင်း စကား ပြောကြပြီဆိုလျှင် သူစိမ်းဧည့်သည်များအဖို့မူ နားထွေး စရာပါပင်။ မောင်မောင်နှင့် မိမိများကိုချည့်သာ ကြားရပါလိမ့်မည်။ ဦးအခြားအမည်တွဲများကိုကား မကြားရနိုင်ပါချေ။



ထို့ကြောင့်လည်း အပေါင်းအသင်း သူငယ်ချင်း များက မောင်မောင်နှင့် တွေ့ရပြီဆိုလျှင်၊ မောင်မောင်တို့ အိမ်သို့ ရောက်လာပြီဆိုလျှင်... မောင်မောင်တို့ ပြောသကဲ့သို့ သူတို့ကိုယ်ကို သူတို့လည်း မောင်မောင် ထည့်၍ ပြောကာ နောက်ကြလေ့ ပြောင်ကြလေ့ ရှိပါ၏။

'ကျင့်ပြောနေရတာလေကွာ....နောက်တော့ သည် အိမ်ရောက်ရင် သည်လိုပြောမှ ဖေဖေက ကြိုက်မှာ မဟုတ် လား....' ဟူ၍လည်း ပြောတတ်ကြပါသည်။

ပသို့ဆိုစေ၊ မောင်မောင် ရန်ကုန်သို့ ပြန်ရောက်ပြီ ဆိုလျှင်တော့ အိမ်တွင် အပေါင်းအဖေါ် ငယ်သူငယ်ချင်း များနှင့် သိုက်မြိုက်စည်ပင်နေရမြဲပါတည်း။

ယခု အခေါက် အပြန်မှာမူ မောင်မောင်ကလည်း အမှန်ပင် ခြားနားနေပါသည်။ မောင်မောင် ပြန်ရောက် လာသည့်အကြောင်းကို မည်သူ့အားမျှ အကြောင်းမကြားမူ၍၊ အိမ်မှာပင် တယောက်ထည်း တေးနေခဲ့မိပါချေ၏။ စာဖတ်သည့်အခါ ဖတ်ပါသည်။ ရုပ်ရှင် ကြည့်သည့် အခါ၌လည်း ကြည့်ပါ၏၊ သို့သော် တယောက်ထည်းသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် အိမ်သို့ မောင်မောင် ပြန်ရောက်လာပြီ

PDF CREATOR - NYEYADHAMMA@@GMAIL.COM



ဟူ၍ပင် မအောက်မေ့ရနိုင်ပါချေ။ ထို့ကြောင့် အိမ်၏အမြင်တွင်မူ မောင်မောင့်အဖြစ်သည် ဆန်းကြယ်၍ နေပါ၏။ သို့သော် မည်သူကမျှ မောင်မောင့်ကို မမေးခဲ့ကြ။ မောင်မောင့်အတွေးတို့ကို မဖျက်ခဲ့ကြပါချေ။

အလည်မ မိလတ် တယောက်သာလျှင်လည်း....'မိမိကိုကို သည်တခေါက် ပြန်လာတာ အရင်ကနဲ့ မတူဘူး။ မဟုတ်မှ လွဲရော၊ မိမိကိုကိုတော့ ရည်းစားပူ မိခဲ့ပြီထင်တယ်' ဟူ၍ မောင်မောင် စာဖတ်နေရာသို့ မယုံမရဲ ဝင်လာကာ သူ့အထင်ကို တင်ပြခဲ့ပါ၏။ သို့သော် သူ့ကိုလည်း မောင်မောင် တခွန်းမျှ ပြန်မပြောဖြစ်ခဲ့ပါချေ။ သူကလည်း နောက်ထပ် စကားမဆင့်ရဲတော့မူ၍ ပြန်ထွက်သွားပါ၏။

အမှန်စင်စစ်၊ မိလတ် တယောက်သာလျှင် မောင်မောင့်အဖြစ်မှန်ကို ရိပ်မိပုံရပါသည်။

'အပေါင်းအသင်းကိုမှ အပေါင်းအသင်း၊ အင်မတန်အပေါင်းအသင်း ခင်တဲ့လူဘဲ မေမေရယ်....ဒါပေမယ့် မိမိတို့ကလဲ အရွယ်ရောက်လာကြပြီ မဟုတ်လား၊ သည်တော့ မိမိကိုကိုကလဲ မိမိတို့ကြောင့် အပေါင်းအသင်း လျော့ရတာဖြစ်မှာပေါ့....'

တတိယမ မိငယ်က တညဦးတွင် မေမေတို့ဖေဖေတို့



ကို ပြောနေခြင်း ဖြစ်ပါ၏။ သည်တွင် ဖေဖေက ဟာစ်၍ဟာစ်၍ ရယ်ပါတော့သည်။

'အေး... အေး ... ကောင်းတယ်.... ကောင်းတယ်....။ သည်စကားမျိုးကို မိငယ်ကဘဲ ပြောရမယ်။ မိဦးတို့ မိလတ်တို့ မပြောစေနဲ့ ကြားလား....' ဟူ၍လည်း ဖေဖေက တုံ့ပြန်ခဲ့ပါ၏။

အမှန်စင်စစ် မိငယ်မှာ ဆယ့်လေးနှစ် ကျော်ခဲ့ရုံမျှသာ ရှိပါသေးသည်။ သည်အရွယ်က သည်သို့သောစကားကို ဝင်၍ ပြောနေသောကြောင့်လည်း ဖေဖေ ရယ်မောခဲ့ရခြင်း ဖြစ်ပါသည်။

ပသို့ဆိုစေ၊ မောင်မောင့် အမူကို မောင်မောင် မပြင်ခဲ့ပါချေ။ ယခင်နှစ်များကနှယ် အပေါင်းအသင်းနှင့် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး သွားသွားလာလာ နေလိုစိတ်တို့ ဆိုသည်မှာလည်း မောင်မောင့်စိတ်တွင် မရှိတော့ပါပြီ။

မသည်းအူကိုသာ မောင်မောင် တွေးနေလိုမိပါချေ၏။ မသည်းအူ၏ ကြာမျက်နှာ ပပရှန်းကို မှန်းဆ၍ တမ်းတနေရသည်ထက် မှန်မြတ်သော ဘဝသည် အသို့လျှင် ရှိပါအံ့နည်း။

PDF CREATOR - NYEYADHAMMA@@GMAIL.COM

မသည်းအူသည်သာ မောင်မောင်၏ တမ်းတရာ၊ မောင်မောင်၏ မြတ်နိုးရာ၊ မောင်မောင်၏ ကြည်ညိုရာ၊ မောင်မောင်၏ မေတ္တာပသရာ မြတ်စွာသော အလှဘုရားသခင် ဖြစ်ပါသည်။

မသည်းအူသည် မောင်မောင့် ကိုယ်ကိုရင်း၊ မောင်မောင့် နှလုံးသည်းအူကိုရင်း၊ မောင်မောင့် စိတ်ကိုရင်း၊ မောင်မောင့် အအိပ်ကိုရင်း ပိုင်စိုးသည်မှာလည်း အမှန်ပါပင်။

ထိုအခါ မောင်မောင်မည်သို့ ကြံရပါအံ့နည်း။

မောင်မောင် မသည်းအူနှင့် တွေ့ရလိုပါသည်။ မသည်းအူနှင့် တွေ့ရသောအခါ၌ကား မောင်မောင့်မေတ္တာ အသချာကို မသည်းအူ သိစိမ့်သောငှာ ညင်းညင်းဖျဖျ၊ ယုယချွေညောင်း၊ ညွတ်ညွတ်ပျောင်းမျှ၊ ယုံကြောင်းယုံဘွယ်၊ အသွယ်သွယ်ဖြင့်၊ နားဝယ်မြမြ၊ လျှောက်လိုလှပါသည်။

သို့သော် လက်တွေ့က ခက်ပါသည်။ မသည်းအူကို အသို့လျှင် မောင်မောင် တွေ့ရနိုင်ပါအံ့နည်း၊

သည်အသက် သည်အရွယ် တိုင်ခါမှ ညကလည်း မောင်မောင် မျက်ရည်လည်ခဲ့ရပါ၏။ ညဦးသာစက်လည်း၊



အိပ်မက်ယောင်ရမ်း၊ ဆိုမြည်တမ်း၍၊ ရှာစမ်းမိမိ၊ ပွါးဘိမေတ္တာ၊ မယ်သို့သာတည့်။ အိပ်မက်ထည်းမှာသာ မသည်းအူနှင့် တွေ့ရနိုင်ပါသည်။

ကြာတော့လည်း စက္ကူရွက်လှလှကလေးများထက်သို့ မောင်မောင့်လက်သည် ရောက်ခဲ့ရပြန်ပါ၏။ သို့သော်.... လက်ဖြင့် ရေး၍၊ ပေးအပ်စေမည်၊ ကြံစည်ချေလည်း၊ မပြေမပြစ်၊ ဖြစ်လေဘိနိုး၊ သက်ာစိုးခဲ့....ဟူသကဲ့သို့ မောင်မောင့်မှာ ပူဖြစ်ရပြန်ပါသည်။ မွေးသည် ယုယ၊ မိဘအမျိုး၊ သိခန့်စိုး၍လည်း.... မြွက်ဆိုချင်ဘွယ်၊ အသွယ်သွယ်ကို၊ မောင်မောင့်ဝမ်းဝယ် ကွယ်ဝှက်၍ထားထားခဲ့ရပါ၏။

ကြောင်ရုပ်ရေးခါမှ ဆေးအတွက် လေးရမည့်အဖြစ်ဆိုးမျိုးနှင့်မူ မောင်မောင် မကြုံကြိုက်ရလိုပါချေ။ ထို့ကြောင့်လည်း စစ်မရောက်မီ မြားကုန်သည် ဆိုဘိသည့်နှယ်.... မောင်မောင် လက်လျှော့၍တစေ ဖြေရပါတော့မည်။ ကြည်ဖြူ စုံဖက်၊ ဆုံရေးခက်ပြီ ဆိုတော့လည်း မကျမ်းမီကပင် လွမ်းနှင့်ရပါတော့မည်။

သို့သော် မသည်းအူ၏အကြည့်တို့က မောင်မောင့် စိတ်နှလုံးကို ယုကျုံးဖျော်ဖြည့်၊ နှစ်သိမ့်၏သို့ ရှိပါသည်။ ထိုအခါ မောင်မောင် ဆုံးဖြတ်ရပါတော့မည်။

မောင်မောင် မသည်းအူကို တွေ့ရပါတော့မည်။

တွေ့သောအခါ ညွတ်ညွတ်ခခ၊ ချစ်သမျှကို၊ မြမြပျံ့ဖြည်း၊ နာဘွယ်ချည်းဖြင့်၊ ပန်လည်းပန်ကြဘး၊ ဖွင့်ဆို၍လည်း အသနားခံရပါတော့မည်။

* * *

ရှာမြွက်တဆို၊ ချစ်သည်ကိုမူ၊ ကွဲပြိုစိတ်ပျံ့၊ မစဝ့်တည့်။

ကျောက်ဆည်သို့တဖန် ရောက်ခဲ့ရပြန်ပါ၏။ သည်တခါမူ အိမ်က အရောင်းအဝယ်ကိစ္စနှင့် မန္တလေးသို့ စေလွှတ်ရာတွင် လမ်းကြုံ၍ ဝင်လာခြင်း ဖြစ်သည်....ဟု ပြောရပါမည်။ မောင်မောင်က ကြုံ၍ ရထားနှင့် လာသည်၊ ကုန်များကမူ ကားများနှင့် လာမည်မို့ အနည်းဆုံး နှစ်ရက်ခန့် စောင့်ရဦးမည်....ဟုလည်း ပြောရပါမည်။

သို့မှသာ ဆွဲထားရန်အတွက် လမ်းခင်းပေးရာ ရောက်ပါလိမ့်မည်။

ကိုကိုကဆိုလျှင်လည်း.... 'ကျောက်ဆည်ကိုမဖြတ်ဘဲ ကိုမျိုးညွှန့် ကုန်ကားတွေ သွားလို့ မရပါဘူးဗျ။ အေးအေး



ဆေးဆေး သည်ကဘဲ စောင့်နေပါ'....ဟု ပြောကောင်း ပြောလာနိုင်ပါသည်။ ထိုသို့ ပြောလာပြီ ဆိုလျှင် တော့ မုတ်ဆိတ်ပျားစွဲ၊ သကာအိုင်ထည်းမှာ မောင်မောင် လဲရပြီ ဟူ၍ပင် ဆိုနိုင်သင့်ပါ၏။

ပသို့ဆိုစေ၊ မသည်းအူတို့ ကိုကိုတို့၏အိမ်သို့ မယုံမရဲနှင့်ပင် မောင်မောင် ရောက်ခဲ့ရပါသည်။ အနားသို့ ရောက်သည်နှင့်အမျှလည်း မောင်မောင့် ခြေလှမ်းတို့သည် တုံ့ဆိုင်း လေးကန်၍ လာကြပါသည်။ မောင်မောင့် ရင်မှာလည်း တထိတ်ထိတ် ခုန်နေရပါသည်။

မန္တလေးမှတဆင့် လာခဲ့ခြင်းဖြစ်သဖြင့်မူ မောင်မောင့်ကိုယ်သည် လန်း ရှင် စင်သန့်လျက် ရှိပါ၏၊ ထုံပျံ့မွှေးကြိုင်၍လည်း နေပါသည်။

ခြံထည်းသို့ စ၍ဝင်မိသည်နှင့် တပြိုင်နက်မှာမူ မောင်မောင့်နှလုံးသွေး လှည့်ပတ်နေမှုသည် တုံ့၍ရပ်ခဲ့ရပါ၏၊ ဆင်ဝင် အထက်ထပ်၏ တခုသော ပြတင်းမှာ မောင်မောင့်အိပ်မက်များ၏သခင်ကို ရုတ်ခြည်း မြင်လိုက်ရသော ကြောင့်ပါတည်း။

မသည်းအူသည် အပြင်သို့ ကြည့်နေရာမှ အိမ်တည်းသို့ လှည့်ဝင်၍ ပြေးပါသည်။ မောင်မောင် လာနေသည့် အကြောင်းကို တစုံတယောက်အား အကြောင်းကြားရန် ထင်ပါ၏။

သို့သော် ထိုအချိန်မှာပင် မောင်မောင့်နောက်မှာ ကားတစင်း ရောက်လာခဲ့ပါသည်။ လမ်းပေးသည့် အနေနှင့် ကိုယ်ကို ဘေးသို့ အရွှေ့တွင်မှ....'ဟေ့ ကိုမျိုးညွန့်၊ ကြည့်စမ်း ကြည့်စမ်း မပြောမဆိုနဲ့ ဘယ်ကနေ ဘယ် ရောက်လာတာလဲ'....ဟူသော ဝမ်းသာအားရ မေးလိုက်သောအသံကို မောင်မောင် ကြားမိပါ၏။

ငုံ့ထားသောခေါင်းကို လှည့်၍ကြည့်မိသောအခါ ကိုကို့ကို တွေ့ရပါသည်။ ကိုကိုသည် ကားပေါ်မှ ဝမ်းသာအားရ ဆင်းပါသည်။ မောင်မောင့်ပခုံးထိုလည်း အားရပါးရ လှမ်း၍ ဖက်ပါ၏။

'ကိုကို့အိမ်ကိုပေါ့ဗျ၊ ကျောက်ဆည်မှာ ကျန်တော့် အဖို့ တခြား လာစရာ အိမ်မရှိပါဘူး....'

အိမ်ထည်းအထိ မောင်မောင်တို့ ဆက်၍ လျှောက်ခဲ့ ကြပါသည်။

'နေပါအုံး၊ ဒါဖြင့်ရင် ဘယ်မလဲဗျ၊ ပစ္စည်းတွေက'

ထိုအခါ မောင်မောင် ကြုံ၍ တွေးထားသကဲ့သို့ပင် အစမှ အဆုံး ပြန်လည်ပြောပြရပါသည်။ မောင်မောင့် ရည်ရွယ်ချက်ကလည်း ကိုကိုတို့အိမ်မှာ နှစ်ရက်ခန့်မျှ နေခွင့် ရမည်ဆိုလျှင်ပင် ပြီးပြည့်စုံပါပြီ။



သည့်တွင် ကိုကိုကလည်း မောင်မောင် ခင်းပေး သောလမ်းအတိုင်းပင် လျှောက်လာခဲ့ပါ၏။

'ဒါဖြင့်လဲ သည်ကဘဲ စောင့်နေဗျာ။ အိမ်မှာ လူကီ လပ်ပါတယ်ဗျ။ ဖေဖေလဲ ခုမနက်ဘဲ ရန်ကုန်ကို သွားတယ်။ လာ ကိုမျိုးညွန့်၊ ခင်ဗျားကို အိမ်သားတွေနဲ့ မိတ်ဆက် ပေးရအုံးမယ်....'

ပြောပြောဆိုဆိုနှင့်ပင် အိမ်ထည်းသို့ မောင်မောင် တို့ ရောက်လာကြပါသည်။ အိမ်ထည်းသို့ရောက်၍၊ မောင် မောင် တခါက ထိုင်ခဲ့ဘူးသော ဧည့်ခန်းသို့ ဝင်မိကြ သည်နှင့် တပြိုင်နက်လည်း ကိုကိုတို့ မေမေကို တွေ့ရပါ၏။ ကိုကိုတို့မေမေက ပြုံးလျက် ကြိုဆိုပါသည်။

'မေမေ့ လူ လာနေတယ် ဆိုလို့ ဘယ်သူများပါလိမ့် လို့၊ လက်စသပ်တော့ မောင်မျိုးညွန့်ကိုး....။ မောင်မျိုး ညွန့်နဲ့ သားတို့ကလဲ သိကြသကိုး။ အေးလေ....တကျောင်း ထဲသမားတွေဆိုတော့လဲ သိရမှာပေါ့ကွယ်။ လာ မောင် မျိုးညွန့် ထိုင်....'

အံ့သြ၍နေသူမှာမူ ကိုကိုသာလျှင် ဖြစ်ပါ၏။

'နေပါအုံး၊ မေမေတို့ကလဲ သူ့ကို သိနေတယ်၊ ဟုတ်လား။ သယ်လို ဘယ်လိုလုပ် သိနေကြတာလဲ....'

ထိုအခါ၌မူ ကိုကိုတို့ မေမေက ရထားပေါ်တွင် ကြုံခဲ့ရသော မောင်မောင့်အကူအညီကို ပြန်လည်၍ ပြောပြခဲ့ပါသည်။ (၂၁) မိုင်မှာ တွေ့ရသည့်အကြောင်းကိုမူ မလိုအပ် ဟု ယူဆသည်ထင့်။ မပြောခဲ့ပါချေ။

'မောင်မျိုးညွန့် သည်အိမ်ကိုလဲ ရောက်ဘူးပါတယ် သားရဲ့။ မေမေနဲ့တင် မဟုတ်ဘူး။ သားဖေဖေနဲ့လဲ သိတာဘဲ....'

ဤစကားကမူ ကိုကို့ကို ပို၍ အံ့သြတုန်လှုပ် စေပါသည်။ ကိုကိုသည် မောင်မောင့်ကို တလှည့်၊ ကိုကို့ မေမေကို တလှည့် ကြည့်၍နားထောင်နေရာမှ တနေရာထွင် ဝင်၍ ထိုင်ပါ၏။

'ခင်ဗျား တော်တော်ဆိုးတဲ့လူဘဲ....။ ကျွန်တော့်ကို ဘာမှ သူ ပြန်မပြောဘူး မေမေ။ ကျွန်တော် ဘယ်သူ့သား၊ ဘယ်မှာနေတယ် ဆိုတာလဲ သူသိနေသားနဲ့....'

မောင်မောင် မည်သို့ ဖြေရပါမည်နည်း။

စင်စစ် သည်ပြဿနာကိုမူ မောင်မောင် မတွေးခဲ့မိရိုး အမှန်ပါပင်။ ထို့ကြောင့်လည်း မောင်မောင့်မှာ



ပြန်ဖြေရန် အဆင်သင့် မဖြစ်တော့မူ၍၊ စဉ်းစားနေရပြန်ပါသည်။

'ဒါကတော့ ကိုကိုတို့ အံ့သြရအောင် လို့ပါ၊ အခုဘဲ ကိုကို အံ့သြနေရပြီ မဟုတ်လား....'

မတတ်နိုင်တော့ပါချေ။ သည်စကားမျှနှင့်ပင် မိုးကြိုးစက်ကို ထန်းလက်နှင့် ကာခဲ့ရပါသည်။

အမှန်စင်စစ် ဆင်သေကို ဆိတ်ရေနှင့် ဖုံးရသည်သို့ မောင်မောင့်စကားကလည်း မောင်မောင့် နှလုံးသား၏ ဆန္ဒကို လုံလုံ မကာကွယ်နိုင်ခဲ့ပါချေ။ သို့သော် ကိုကိုက ပြုံးလာပါသည်။

ထိုအခိုက် မောင်မောင်တို့ရှိရာ ဧည့်ခန်းထည်းသို့ မသည်းအူ ဝင်လာပါ၏။ မသည်းအူ၏ ကိုယ်၌မူ ယောကျ်ားများသာဝတ်သော ရှပ်အင်္ကျီကို ဝတ်၍ထားပါသည်။ ထမိ၏ အပြင်သို့ ချဝတ်ထား၍လည်း ကျနေသော အစန့်စ်ဖက်ကို ခါး၌ ချည်နှောင်ထားပါသည်။

'သူ့ကိုရော....မိဆက်ပေးဘို့ လိုသေးသလား'

ကိုကိုက မသည်းအူကို မေးနှင့် ထိုးပြ၍ မေးပြန်ပါ၏။ မောင်မောင် ပြုံး၍သာ နေမိပါသည်။

'အေး....သမီးကိုလဲ မောင်မျိုးညွန့် သိပါတယ်။ သမီးကလဲ မောင်မျိုးညွန့်ကိုတော့ အမှတ်မိသွားကွယ့်။ အခု မေမေ့ကို သမီးလာပြောတာပေါ့.... ဒါပေမယ့် နာမည်ကိုတော့ မသိလို့ပါတင်ရဲ့....မေမေ့ လူ တဲ့....'

ဒေါ်ဒေါ်က ပြုံးပါသည်။

'မေမေ့လူဘဲ ဖြစ်ရမှာပေါ့ကွယ်။ မေမေကလဲ မောင်မျိုးညွန့် ပညာတော်တဲ့အကြောင်း ယဉ်ကျေးသိမ်မွေ့တဲ့အကြောင်း သူ့ရှေ့မှာ ပြောပြဘူးတာကိုး....

'လာလေသမီး၊ ရှေ့မှာ ဝင်ထိုင်လေ....။ အေး.... သမီးနဲ့ မိတ်ဆက်ပေးဘို့တော့ လိုလိမ့်အုံးမယ်။ သမီး နာမယ်ကို မောင်မျိုးညွန့် မသိဘူး မဟုတ်လား....'

သူ့နောက်တည့်တည့်၌ သူ့ပခုံးကိုကိုင်၍ ရပ်နေသော မသည်းအူကို မော့၍ပြောရင်း၊ မသည်းအူတို့မေမေက မောင်မောင့်ကို တဆက်ထည်း မေးပါသည်။

မောင်မောင်ကလည်း ရုတ်တရက် ခေါင်းခါ၍ ပြုံးမိပါ၏။

'သူ့ နာမယ်ကို သူများတွေရှေ့မှာ မခေါ်ရဘူး



မပြောရဘူး ဆိုလို့ ဒေါ်ဒေါ်တို့ကလဲ မခေါ်ခဲ့ မပြောခဲ့ကြဘူးကွယ့်။ သမီး သမီးနဲ့ဘဲ ပြောခဲ့ခေါ်ခဲ့ကြရတယ်။ သွားကလဲ အပြင်မှာဆိုရင် သူ့ ညီမလေးရဲ့ အလိုကို ဖြည့်စွမ်းတဲ့အနေနဲ့ ညီမလေးလို့ဘဲ ခေါ်ရှာပါတယ်....'

ဒေါ်ဒေါ်က ပြုံးပြန်ပါသည်။

'မောင်မျိုးညွန့်ကိုတော့ ပြောလိုက်တော့မယ်နော် သမီး ...'

မသည်းအူသည် ရှက်သည်ထင့်။ ခေါင်းကို ငုံ့၍ ထားပါသည်။ ဒေါ်ဒေါ်၏ပေါင်ကိုလည်း မပြောစေလို ဟန်ဖြင့် လိမ်ဆွဲ၍ နေပါ၏၊

'မောင်မျိုးညွန့်ကို တခါတုန်းက ပြောဘူးတယ် အောက်မေ့ပါတယ်။ သမီးငယ်ငယ်က ခုထက်ထိပေါ့လေ အလွန့်ကို ဆိုးတာကလားကွယ့်။ သူ့စိတ်မှ သူ့စိတ်၊ သူများစိတ်ကို မရှိရဘူး။ သည်တော့ ဆိုးဆိုး လို့ဘဲ တွင်တော့တာပေါ့ကွယ်....'

မသည်းအူသည် ခေါင်း ငုံ့ထားလျက်က ပြုံးပါသည်။ မောင်မောင်လည်း အနည်းငယ်မျှမူ ပြုံးမိရပါ၏။

မောင်မောင်တို့ စိတ်ကူးယဉ်ယဉ်ဖြင့် ပေးထားအပ်သော 'မသည်းအူ' ဟူသည့်အမည်နှင့်ကား ခြားနားလှပါတီသည် တကား။

'ဒါပေမယ့် ကျောင်းနားမယ်ကတော့ ခန့်ပါတယ် ကွယ့်။ ကျောင်းမှာတော့ ဂရေ့စ်ဟန်ထွန်း ပေါ့ကွယ်။ ဂရေ့စ် ဂရေ့စ်နဲ့ ကျောင်း ကပွဲတွေမှာဆိုရင် အလွန် ကျော်ကြားတဲ့ မင်းသမီးကလေးပေါ့....'

အကျင့် ရလာပြီမို့ထင်။ မသည်းအူသည် ခေါင်းကို ပြန်ဖော်၍ ဣန္ဒြေနှင့် နေပါသည်။

'ကဲ ကိုမျိုးညွန့်.... ခင်ဗျား ဘယ် လည်ချင်သေး သလဲ။ နေ့ခင်းဘက်ကျရင်တော့ နွားတက်ဆည်ကို သွားရ ရင် ကောင်းမယ်ထင်သယ်....'

'ဒါနဲ့ မေမေ၊ ပြောရအုံးမယ်။ ကိုမျိုးညွန့် သည်မှာ နှစ်ရက် နေမယ်နော်။ ချက်တဲ့ ပြုတ်တဲ့လူတွေကို ညွှေ့သည် ရှိတယ်လို့ ပြောထားပါအုံးမေမေရယ်။

'နွားတက်ဆည်ဘက်ကို မေမေတို့ ဆိုးဆိုးတို့ရော လိုက်ကြအုံးမလား ...'



'အေး .. ကောင်းသားဘဲ။ သည်လိုလုပ်ပါလား....။ မေမေတို့ ဟိုကျမှ စားကြသောက်ကြမယ်လေ။ သည်က ချိုင့်နဲ့ ထည့်ယူသွားတာပေါ့ကွယ့် မဟုတ်လား။ စောစော သွားမှလဲ ကောင်းမယ်။ နေ့ဘ့မို့ဆိုရင် နေက သိပ်ပူတယ်....'

'ပြီးတော့ ဌာနာကို လှမ်းပြောထားလိုက်အုံး သား ရေ....။ ဆည်ကိုလဲ လှမ်းအကြောင်းကြားလိုက်ပါလို့....'

ကိုကိုကလည်း ဒေါ်ဒေါ့အစီအစဉ်ကို လက်ခံခဲ့ ပါ၏။ ထို့ကြောင့် စကားပြောခွက်ရှိရာသို့ သွား၍ အကြောင်းကြားမည် ပြုပါသည်။ ထိုအခိုက် မသည်းအူက ပေါက်လာပြန်ပါ၏။

'ကိုကို သူ့သေနတ် ယူခဲ့အုံးမှာဆိုရင်တော့ သမီး မလိုက်ဘူး မေမေ....'

'အိုကွယ် သမီးကလဲ....'

'သေနတ်က ဘာလုပ်ဖို့လဲ ဒေါ်ဒေါ်၊ လမ်းမှာ စိုးရိမ်ရလို့လား....။ စိုးရိမ်ရတယ်ဆိုရင်ဖြင့် မသွားတာဘဲ ကောင်းပါတယ်။ တော်နေကြာ....'

'မဟုတ်ပါဘူးကွယ့်....ငှက် ပစ်တဲ့သေနတ်ကို ပြော

တာပါ။ သားက ငှက်ပစ်ဝါသနာ ပါတယ်။ လမ်းမှာ ရပ်လိုက် ငှက်ပစ်လိုက် ဆင်းကောက်လိုက်နဲ့ ဆိုတော့ စိတ်မရှည်စရာကြီးပေါ့ကွယ်။ ဒါပေမယ့် သူ့ ဝါသနာ မဟုတ်လား....'

'ဟုတ်သားဘဲ ဆိုးဆိုးရယ်၊ ယူချင်ရင်လဲ ယူခဲ့ပါစေ....'

'လူကို ဆိုးဆိုး မခေါ်ပါနဲ့ရှင့်....'

မောင်မောင် အမှတ်မထင် ဆိုးဆိုး ဟူသောအမည်ကိုထည့်၍ ပြောမိသည်တွင် မသည်းအူက ချက်ချင်းကက်ကက်လန် ပြန်လည် ရန်တွေ့ခဲ့ပါသည်။ အမှတ်မဲ့ဆိုတော့လည်း မောင်မောင် လန့်မိရပါ၏။

မောင်မောင် မည်သို့ ခေါ်ရပါမည်နည်း။ မောင်မောင့် ဆန္ဒမှာမူ နှလုံးသည်းအူ နှင်းအပ်၍ ချစ်သူမို့ မသည်းအူ ဟူ၍သာ ခေါ်လိုပါသည်။ သို့သော် ထိုသို့လည်း မခေါ်သာပါချေ။

ထိုအခါ ကျောင်းနာမည် ဂရေ့စ်ကိုပင် ခေါ်ရမည်လော။ ထိုသို့လည်း လျှာမှာ မလေးနက်လှ၍ မောင်မောင် မခေါ်လိုပါချေ။



'ဒါဖြင့် ကိုမျိုးညွန့် ဘယ်လိုခေါ်ရမလဲ....'

'ကြိုက်သလို ခေါ်ပေါ့ရှင့်၊ နာမယ်ရှိသားဘဲ....'

'ကိုမျိုးညွန့် ကြိုက်တာကတော့ ဆိုးဆိုးဘဲ၊ ဆိုးဆိုးဆိုတာလဲ နာမယ်ဘဲ မဟုတ်လား....'

ဒေါ်ဒေါ်က ပြုံးပါသည်။ ကိုကိုကမူ အခန်းထောင့်တွင် စကားပြောလျက် ရှိပါ၏။ မသည်းအူကမူ ဒေါ်သနှင့် ရပ်၍နေပါသည်။ မသည်းအူ၏ ဒေါသကလည်း မောင်မောင့်အဖို့မှာမူ ချစ်ဘွယ်ရာပါတည်း။

'ကျောင်းနာမယ်ကို ပြောတာရှင့်....'

'ဒါက ကျောင်းမှ မဟုတ်ဘဲ၊ ကျောင်းဆိုရင်တော့ ကျောင်းနာမယ် ခေါ်မှာပေါ့။ အိမ်ဆိုတော့ အိမ်နာမယ်ဘဲ ခေါ်မှ ကောင်းမယ် မဟုတ်လား....'

'ရှင်က အိမ်ကမှ မဟုတ်ဘဲ....'

'မှန်ပါတယ်' ဆိုးဆိုးတို့အိမ်ကလဲ မဟုတ်ပါဘူး။ ဆိုးဆိုးတို့ ကျောင်းကလဲ မဟုတ်ပါဘူး။ မဟုတ်တာချင်း အတူတူတော့ ဆိုးဆိုး ခုနက ပြောသလို ကြိုက်သလို မခေါ်ရဘူးလား....'

သည်တခါမှု မသည်းအူ၏ မျက်နှာသည် ပို၍ နီမြန်းလာပါ၏။ မသည်းအူသည်၊ မောင်မောင့်အနားသို့ပင် တလှမ်းစာမျှ ချဉ်းကပ်၍လာပါသည်။

'ရှင်....ပြောလေ ကဲလေဘဲနော်....'

မသည်းအူသည် မောင်မောင့်ကို လက်ညှိုးတပြပြနှင့်ပင် ရန်တွေ့သည့်နှယ် ပြောလာပါ၏။ သည်တော့လည်း မောင်မောင် ပြုံးရပြန်ပါသည်။

အမှန်စင်စစ်၊ မသည်းအူးနှင့် သည်နှယ်စကားဆိုနေရခြင်းသည်ပင်လျှင်လည်း မောင်မောင့်အဖို့မှု နိဗ္ဗာန်ပါတည်း။ မောင်မောင် ပျော်မိပါသည်။ မသည်းအူ ငိုရသည် အတိလည်း မောင်မောင် စလိုမိပါ၏။

'ကဲ ကဲ ဒါဖြင့် ညီမလေးလို့ခေါ်မယ်....'

'အမယ်၊ ဟုတ်တယ်၊ ခေါ်ရမယ်၊ ကိုကို့အတု လိုက်ပြီး....။ ဂရေ့စ်လို့ ခေါ်ပေါ့ရှင့်....'

'ဘယ်လို ဘယ်လို....ဂလေ့စ်၊ ဟုတ်လား....'

'ဂရေ့စ်....'

'ဂလေ့စ်....'



သည်တော့မှ တမင်ပြောနေမှန်း မသည်းအူ ရိပ်မိလာ၏။

'ရှင် သက်သက်မဲ့တော့ အ ရွဲ တိုက် မ နေ နဲ့ နော်။ တော်တော်ကြာ ကျရင်သာ....ကျမ အဆိုး မဆိုနဲ့....'

'တော်တော်ကြာကျတော့ ဘာလုပ်မှာမို့လဲ ဆိုးဆိုး'

'ကဲ ရှင်... ကဲ....'

မသည်းအူသည် သည်းမခံနိုင်တော့ပြီထင့်။ ရှေ့သို့ တိုး၍ ထိုင်နေသောမောင်မောင့်နဖူးကို ယောကျ်ားကလေးကဲ့သို့ လက်သီးနှင့် တအားထိုးပစ်ခဲ့ကာ၊ တဖက်သို့ လှည့်နေလိုက်ပါသည်။

'ဟဲ့ ဟဲ့....ဘယ်လို လုပ်လိုက်တာလဲ သမီး။ ခက်လှပါကလား သမီးရယ်။ မောင်မျိုးညွန့်ကို ဒေါ်ဒေါ် တောင်ပန်ပါတယ်ကွယ်။ လုပ်လိုက်မှဖြင့် အရမ်းချည့်ဘဲ။ ခိုက်မိများ သွားသေးလား မသိ၊ မှန်းစမ်းပါ့....'

ရုတ်တရက် မမျှော်မလင့် ဖြစ်သည်မို့လည်း ဒေါ်ဒေါ်က အားနာနေပုံ ရပါ၏။ ကိုကိုကလည်း စကားပြောခွက်ကို ချ၍၊ အနားသို့ ရောက်လာကာ မသည်းအူ၏

ပခုံးကို တွန်းဖယ်ပစ်ပါသည်။ မသည်းအူကား ငိုရပါပြီတည်း။

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်... ဘာမှ မဖြစ်ပါဘူး....။ ကျွန်တော်ကလဲ အစ လွန်သွားတယ်။ ကျွန်တော့်မှာ....'

မောင်မောင့် စကားမဆုံးမီမှာပင် မသည်းအူသည် ကုလားထိုင်တခုတွင် ထိုင်၍ တဖက်သို့ လှည့်ငိုနေရင်းမှ ပြန်ပြောနေပြန်ပါချေ၏။

'ဒါ မေမေ့ကြောင့် ဖြစ်ရတာ... သိလား...။ သည်နာမယ်ကို မပြောပါနဲ့ ဆိုတာ မရဘူး။ လူတကာကို လျှောက်ပြောတာဘဲ....'

မောင်မောင်ကမူ ပြုံးမိရပြန်ပါသည်။ မောင်မောင်၏ ခွင့်လွှတ်သော အပြုံးကို မြင်ရ၍ထင့်။ ကိုကိုကလည်း ပြုံးလာပါသည်။

'ဟေ့ ဆက်ပြောမနေနဲ့၊ တော်တော့....'

ကိုကိုက လှမ်း၍ ငေါက်လိုက်ခြင်း ဖြစ်ပါ၏။ သည်တော့လည်း မသည်းအူ နာရမည်မို့ မောင်မောင့်ရင်မှာပါ နာလာရပါသည်။



'မငေါက်ပါနဲ့ ကိုကိုရာ၊ ကိုကို့မှာ သည်တယောက် ရှိတာ မဟုတ်လား။ ကျွန်တော့်မှာ ညီမချည့်ကို လေးယောက် ရှိတယ်။ ကျွန်တော် ဘယ်တော့မှ မဆူမငေါက်ဘူး....။အဲ စတော့ မငို ငိုအောင့်ကို စတတ်တယ်...'

'ခု ကျေနပ်ပြီမဟုတ်လား။ သူများ မျက်ရည်ကျရမှ ပျော်တက်တယ်ဆိုတော့ ဟင်း သိပ်ကောင်းတာပေါ့ရှင်... သိပ် တော်တာပေ....’

မောင်မောင့် မေတ္တာကိုလည်း မသိ၊ မောင်မောင့် မျက်နှာကိုလည်း မကြည့်လိုမူ၍၊ မသည်းအူသည် လှမ်း၍ ဝက်ကန်းပက် ပက်နေပြန်ပါ၏။ မသည်းအူ၏စကားကလည်း အဓိပ္ပါယ်အားဖြင့် လေးနက်ကျယ်ဝန်းလှပါသည်။ မသည်းအူ၏စကားသည် မောင့်မောင့်ကို အကြင်နာမဲ့သူ၊ အသည်းနှလုံးမရှိသူ အဖြစ်ဖြင့် ရှုတ်ချ ပြောဆိုရာလည်း ရောက်၍ နေပါ၏။ မသည်းအူသည် သည်အရွယ်မျှနှင့် သည်မျှ လေးနက် ကျယ်ဝန်းသောစကားကို ပဇာ့ကြောင့်များ ပြောတတ်၍ နေရပါသနည်း။

ပသို့ဆိုစေ၊ မောင်မောင် ပြုံးမိရပြန်ပါ၏။

'ကိုမျိုးညွန့်ကို အဲ့လို ပြောရင် ကိုမျိုးညွန့်ကလဲ ဆိုးဆိုးလို့ဘဲ ခေါ်မှာဘဲ....'

မောင်မောင် ဆက်၍ ပြောမိပြန်ပါသည်။ ကျွမ်းဝင်လို၍၊ ရင်းလို၍ သည်နယ် စကားစမိခါမှ သည်စကားကြောင့် မသည်းအူနှင့် အဆင့်မသင့် ဖြစ်ရမည် ဆိုလျှင် မောင်မောင် ရင်ကျိုးရပါလိမ့်မည်။ မသည်းအူ၏ အမျက်၊ မသည်းအူ၏ အမုန်း ကိုသာ ပန်ဆင်၍ ပြန်ရမည်ဆိုပါလျှင် အစကတည်းက သည်ကျောက်ဆည်မြို့သို့ မောင်မောင် ရောက်လာဖြစ်လိမ့်မည် မထင်ပါချေ။

ထို့ကြောင့် ဖြစ်ပေါ်လာသော မလိုလားအပ်သည့် ခလုတ်ကန်သင်းတို့ကို မောင်မောင် အလျှင်အမြန်ပင် ရှင်းရပါလိမ့်မည်။

ထိုအခိုက် မသည်းအူတို့မေမေသည် စီစဉ်ပြင်ဆင်ရန် ထင့်။ နောက်ဖေးဘက်သို့ ထွက်ပါသည်။ ကိုကိုသည် မောင်မောင့် လကျာဖက်မှ ကုလားထိုင်တွင် ထိုင်လျက် ရှိပါ၏။

'သူ့ကို ဆိုးဆိုးဘဲ ခေါ်တာကောင်းတယ်'

ကိုကိုက ထိုင်၍ စိတ်ကောက်နေသော မသည်းအူကို ကြည့်ကာ မောင်မောင့်ကို ထောက်ခံ အားပေး လာပါ၏။ မသည်းအူသည် သည်တခါမူ မည်သို့မျှ မတုံ့ပြန်တော့မူ၍ ခြေကို ဆောင့်နင်းရင်း အခန်းထည်းမှ ထွက်ပါသည်။



'သွားတော့မလား ဆိုဆိုးရဲ့။ နေပါအုံး....'

'ကိုကို....ကိုကို့ သူငယ်ချင်းကို ပြောထားနော်....'

အခန်းဝ ရောက်ခါမှပင် ပြန်လှည့်၍ သတိပေးနေပြန်ပါ၏။ မသည်းအူသည် အခန်းဆည်းကိုလည်း တအား ဆွဲဆောင့်ချခဲ့သဖြင့် အခန်းဆည်း တပ်ထားသော သစ်သား ပွတ်လုံးကလေးသည်ပင်လျှင် ကျိုး၍ ကျလာရပါသည်။ အခန်းဆည်းသည်လည်း ရှပ်ပျက်ဆင်းပျက် ပြုတ်ကျလာခဲ့ရပါ၏။

မောင်မောင်တို့ ရယ်ကြရပါသည်။

* * *

ဆည်သို့ ရောက်၍ မောမောဆာဆာနှင့် နံနက်စာ စားကြပြန်တော့လည်း မသည်းအူ ဖြုတ်သီးစပ်သဖြင့် ငိုရသည်ကို ကြည့်ကာ၊ မောင်မောင်တို့ ရယ်ကြရပြန်ပါ၏။

ကိုကိုက ထမင်းစားရင်း ငှက်တကောင် ပျံလာသည်ကို ပြပါသည်။....'အဲသည်ငှက်ဟာ အလွန် ရှားတဲ့ငှက်ပေါ့ ကိုမျိုးညွန့်ရ၊ ပြီးတော့ သည်ငှက်မျိုးကို ဗမာပြည်မှာဘဲ တွေ့ရတယ်တဲ့....ငရီးသုတ်လို့ ခေါ်တယ်။ အမှန်ကတော့

ငှက်ရိုးသုတ်ပေါ့ဗျာ။ လှလဲ သိပ်လှတယ်....'ဟူ၍လည်း ငှက်ဋ္ဌကာ ခဲ့ပါ၏။ မောင်မောင်ကမူ ငှက်အကြောင်းကို စိုးစဉ်းမျှ မသိပါချေ။ ထို့ကြောင့် ကိုကို ပြောသမျှကိုပင် နားထောင်နေမိရပါ၏။

ကိုကို ပြသော ငှက်ကို မောင်မောင် အသေအချာ ကြည့်မိပါသည်။ ကိုကို ပြောသကဲ့သို့ပင် လှလည်း လှပံ့ရပါ၏။ မသည်းအူကလည်း မောင်မောင်ကဲ့သို့ပင် ငှက်ကို မော့၍ ကြည့်ပါသည်။

ထို့နောက် ရုတ်တရက် မသည်းအူသည် ဖေါက်ပြန်၍ လာပါ၏။ ဝါးလက်စများကို မထွေးသာ မမျိုသာ၊ မျက်စိမျက်နှာလည်း ပျက်၍ နေပါသည်။ ပပရွှန်းသော မျက်နှာပြင်၌လည်း ချွေးပေါက်များ စို့၍ လာပါ၏။ မသည်းအူကို ကြည့်ရသည်မှာ အသက်ထွက်ရလု မတတ် ဝေဒနာ ခံနေရသည့်သို့ သနားဘွယ်ရာ ဖြစ်ပါသည်။

'ဟဲ့ ဘာဖြစ်တာလဲ....'

ဒေါ်ဒေါ်က အလန့်တကြား မေးပါသည်။

'ကိုကိုလား ဟိုကိုကိုလား မသိဘူး၊ သမီးကို ယုတ်မာပြီမေမေ....'



'ငရိုးသုတ် ဖြစ်မယ်၊ ညီမလေး ငရိုးသုတ် မိပြီ ထင်တယ်....ငရိုးသုတ်က ပြုစားတတ်တယ်တဲ့....'

ကိုကိုက ပြောပြောဆိုဆို ပြုံးစပြုပါ၏။ သည်တော့မှ မောင်မောင်လည်း ငြုတ်သီးငှက်၏ အကြောင်းကို ရိပ်မိရပါတော့သည်။

စင်စစ် မိန်းမတို့ဓမ္မတာ ပူသောစပ်သောဟင်းလျာကို လျာမှာ အရသာရှိတတ်သည် မှန်ပေမည့်၊ မသည်းအူကမူ ကြိုက်လည်း မကြိုက်၊ အလေ့အကျင့်လည်း မရှိ၊ စိုးစဉ်းမျှပင်လျှင်လည်း မစားနိုင်ပါချေ။ ထို့ကြောင့် မသည်းအူတို့၏ အိမ်က ဟင်းလျာများမှာ မသည်းအူ အိမ်၌ ရှိနေခိုက်ဆိုလျှင် ငြုတ်သီးကို စိုးစဉ်းမျှ မထည့်မူ၍ ချက်ရပြုတ်ရတတ်ပါသည်။ ငြုတ်သီးအစပ် ကြိုက်နှစ်သက်သူ ဟူ၍လည်း မသည်းအူတို့၏ အိမ်တွင် တယောက်မျှ မရှိပါချေ၊ သို့သော် ရံဖန်ရံခါ မသည်းအူတို့၏ဖေဖေက အာသာရှိလာသည်ဆိုလျှင်တော့ သပ်သပ်စီမံ၍ ပေးရတတ်ပါ၏။ ယခုနှယ် အိမ်တွင် ဧည့်သည်ရောက်လာပြီ ဆိုလျှင်လည်း၊ ပဌမ မသည်းအူအတွက် သပ်သပ်ခွဲခပ်ထားပြီးသကာလ၊ ဟင်းအရောင် လှစိမ့်သောငှါ ငြုတ်မှုန့်ငြုတ်ဆီ စသည် ထည့်လေ့ရှိပါသည်။

ယခုလည်း မသည်းအူ အတွက်က ချိုင့်တချိုင့်နှင့်

သပ်သပ် ဖြစ်ပါ၏။ မောင်မောင်တို့၏ ဟင်းလျာများကမူ ငြုတ်ရောင် တောက်၍နေပါသည်။ ထို့ပြင် မိုးမျှော်ငြုတ်သီးစိမ်းများကို ကြက်သွန်ဖြူ၊ မျှင်ငါးပိ စသည်တို့နှင့် ရော၍ ထောင်းထားသော အငန်အစပ်တခွက်ကလည်းအပိုပါပါ၏။ ဤသည်များကို မသည်းအူ၏ ပန်းကန်ထည်းသို့ မသည်းအူ ၄က်ကိုမော့ကြည့်နေခိုက်မှာ ကိုကိုက ထည့်ထားခဲ့ပြီ ထင်ပါသည်။

ပသို့ဆိုစေ၊ မသည်းအူမှာမူ ထမင်းပွဲမှ မဝမီမှာပင် အပြီးတိုင် ထခဲ့ရပါ၏။ မသည်းအူသည် ထမင်းပွဲမှ ဝေးရာသို့ ထပြေးတည့်၍၊ ဝါးလက်စများကို ထွေးပါသည်။ ထို့နောက် ရေနှင့် ပါးလှုပ်ကျင်းပါသည်။ ထို့နောက် ဘိလပ်ရည်တပုလင်းကို ဖွင့်၍လည်း ငုံသောက်ပါသည်။

သို့တိုင်အောင်ပင်လျှင် မသည်းအူ့ အဖို့ ရာ မှာ မူ ဆောက်တည်ရာမရနိုင်ပါချေ။

မသည်းအူ၏ မျက်နှာပြင်၌ ခံစားရသောဝေဒနာကြောင့်လော၊ ဝမ်းနည်းရမိ၍ပင်လော၊ မသိ။ မျက်ရည်များ သွယ်ကျလာရပြန်ပါသည်။

ဤသည်ကို မြင်ရသောအခါ မောင်မောင်သည်လည်း ကိုကိုနှင့်ရောနှော၍ ရယ်မိရပါ၏။ စင်စစ် မောင်မောင်က



တကောင်အူသည်ကို လိုက်၍ရောအူတတ်သော ခွေးတို့၏ အကျင့်နှယ် ကျင့်ခဲ့ခြင်းသာ ဖြစ်ပါသည်။ မောင်မောင်သည် တနည်းအားဖြင့် ရက်စက်သူ၊ ရိုင်းပြသူ ဟူ၍လည်း ဆိုနိုင်ပါ၏။ ဤသို့လျှင် မောင်မောင့်ကိုယ်ကို မောင်မောင် ပြန်လည်၍ သုံးသပ်ဆင်ခြင်ကြည့်ခဲ့မိပါသည်။

ထို့ကြောင့်လည်း မောင်မောင် ကြာကြာမရယ်နိုင်ပါချေ။ ဆင် ကြည့်၍ကစားရာ ဆိတ်မခံသာ ဆိုသကဲ့သို့၊ မသည်းအူ သည်မျှခံစားရပြီ ဆိုတော့လည်း မသည်းအူကို မောင်မောင် သနားလာခဲ့မိပါသည်။ မသည်းအူ သည်မျှ ဆောက်တည်ရာမရ ပူနေရပြီ ဆိုတော့လည်း မောင်မောင့် နှလုံးသားမှာ အပူ လာ၍ ဟပ်ပါ၏။ မောင်မောင် ကြည့်မနေရက်နိုင်ပါချေ။

ထိုအခါ မောင်မောင်သည်လည်း မဝမီ ဝဟန်ဆောင်ဖော ထမင်းပွဲမှ ထလာခဲ့မိရပါသည်။ မသည်းအူ၏ အနားသို့ ချဉ်းကပ်၍လည်း.... ‘နို့ဆီဘူး ပါတယ်မဟုတ်လား၊ နို့ဆီတဇွန်းလောက် ငုံထားပါအုံးလား ဂရေ့စ်...’ ဟု ကြင်နာယုယစွာ ပြောမိခဲ့ရပါ၏။ မသည်းအူကလည်း မောင်မောင့်စေတနာကို လက်ခံ၍၊ လက်ဆွဲခြင်းတည်းမှ နို့ဆီဘူးကို ထုတ်ပါသည်။

‘ပေးလေ ကိုမျိုးညွန့် ဖေါက်ပေးမယ်....’

မသည်းအူကလည်း လှမ်း၍ပေးပါ၏။ မောင်မောင် ဖေါက်၍ပြီးသောအခါ မသည်းအူထံသို့ ပြန်ပေးပါသည်။ မသည်းအူသည် နို့ဆီကို ဆေးကဲ့သို့ ငုံ၍ ထားပါ၏။ အနည်းငယ် သက်သာရာ ရဟန်ထင့်။ မသည်းအူ့ မျက်နှာမှာ အနည်းငယ် ကြည်၍ လာပါသည်။

'သည်နားက ချေးကလေးတွေကို သုတ်လိုက်ပါအုံး လား ဂရေ့စ်....'

မောင်မောင့် နှာခေါင်းဖျားကို မောင်မောင်ပြ၍၊ မသည်းအူအား စကားမရှိစကားရှာကာ ပြောမိပြန်ပါ၏။ မသည်းအူကလည်း မောင်မောင့်စကားကို နာယူခဲ့ပါသည်။ ထို့ပြင် နို့ဆီတဇွန်း ခပ်၍၊ နောက်ထပ်တဖန် ငုံနေပြန်ပါ၏။

'ချောင်းဆိုးနေအုံးမယ် ဂရေ့စ်....။ပေး ကိုမျိုးညွန့် ပြန်ထည့်ထားလိုက်မယ် ..'

ပြောပြောဆိုဆိုပင် နို့ဆီဘူးကိုယူရန် မောင်မောင် လက်လှမ်း မိပါ၏။ သို့သော် သည်တခါမူ မသည်းအူက မောင်မောင့်စကားကို မနာယူပါချေ။ မပေးမူ၍ သူ့ဖက်သို့ ဆွဲယူထားပါ၏။



'သူများကို နှိပ်စက်ပြီးမှ လာချော့မနေပါနဲ့ရှင်....'

သက်သာလာပြီဆိုတော့လည်း မသည်းအူက ရန်မူစ ပြုပြန်ပါသည်။ မောင်မောင့်ကို စွပ်စွဲပြန်ပါ၏။

'ကိုမျိုးညွန့်ဖြင့် သိတောင်မှ မသိရပါဘူး ဂရေ့စ် ရယ် ...'

'အပိုတွေ ပြောမနေစမ်းပါနဲ့....'

'တကယ် ပြောတာပါ ဂရေ့စ်ရဲ့....သိရင် ကိုမျိုးညွန့် ဘယ်ကြည့်နေပါ့မလဲ၊ ဂရေ့စ်ကို ပြောမှာပေါ့....'

သည်စကားကို ကြားရသောအခါ၌မူ မသည်းအူက ပြုံးပါသည်။ 'ပိုရန်ကော....'ဟူသော အပြုံးသာလျှင် ဖြစ် ပါ၏။

'နေပါအုံး....ဂရေ့စ် ဂရေ့စ်နဲ့ အခုမှ ဘာပြုလို့ ဂရေ့စ်လာရတာလဲ။ ဆိုးဆိုးလို့ မခေါ်ချင်တော့ဘူးလား'

သည်စကား၌မူ မောင်မောင်က ပြုံးရပါသည်၊

'အမှန်တော့ ဆိုးဆိုးလို့လဲ မခေါ်ချင်ဘူး၊ ဂရေ့စ်

PDF CREATOR - NYEYADHAMMA@@GMAIL.COM



လို့လဲ မခေါ်ချင်ဘူး။ အိမ်မှာတုန်းကတော့ မခေါ်စေချင်မှန်းသိလို့ စတာပါ။ အခုလဲ ဂရေ့စ်လို့ ပြောင်းခေါ်ရတာ မတတ်သာလို့....'

မသည်းအူသည် ပြုံးပြန်ပါ၏။

'ကျမမှာ သည်နာမယ် နှစ်ခု ရှိတာဘဲ၊ တခုမှ မခေါ်ချင်လို့ ဘယ်ဖြစ်ပါ့မလဲ ရှင့်....'

'နှစ်ခု မကပါဘူး၊ နောက်တခု ရှိပါသေးတယ်....'

မသည်းအူသည် အနည်းငယ် စဉ်းစားဟန် ပြုပါ၏။ ထို့နောက် တွေး၍ရဟန်ဖြင့် စကားကို ဆက်ပြန်ပါသည်။

'အော်....ညီမလေး ဆိုတာလား....'

မောင်မောင်က ခေါင်းခါ၍ ပြရပါသည်။

ထိုအခါ မသည်းအူသည် မျက်ခုံးကလေးများကို တွန့်၍၊ တဖန် စဉ်းစားပြန်ပါ၏။ စဉ်းစား၍ မရသောအခါ မောင်မောင့်ကို ပန်းပေးသည့်နှယ် ကြည့်ပါသည်။

'ဂရေ့စ်ကို ကိုမျိုးညွန့်တို့ပတ်ဝန်းကျင်က အင်မတန်လှတဲ့ နာမယ်ကလေး ပေးထားတယ်ဂရေ့စ်။ ဂရေ့စ်ဘဲ စဉ်းစားကြည့်လေ...ကိုမျိုးညွန့် ဂရေ့စ်ကို စတွေ့ခဲ့ရတာ



ကိုက ခုဆိုရင် တနှစ်ပြည့်တော့မယ်။ မနက်ကမှ ဂရေ့စ်ရဲ့ နာမယ်ကို သိခွင့်ရတာ မဟုတ်လား။ သည်တော့ သည်ကြားထဲမှာ ဂရေ့စ်ကို ကိုမျိုးညွန့်တို့စိတ်ကူးနဲ့ ကိုမျိုးညွန့်တို့ဘာသာ နာမယ်ပေးရတော့တာဘဲပေါ့။ နာမယ်က ကောင်းလဲကောင်းပါတယ်။ လှလဲ လှတယ်။ တန်ဘိုးလဲ ရှိတယ်....'

သည်တော့လည်း မသည်းအူက ကြားလိုလှပြီထင့်။ မောင်မောင့် စကား ခေတ္တအရပ်မှာပင် ဝင်၍ မေးလှာပါတော့သည်။

'ဘယ်လိုများမို့ပါလိမ့်ရှင်....'

'ဂရေ့စ် စိတ်မဆိုးရဘူးနော်....'

'အိုး....ဒါတော့ ဘယ် ကတိပေးနိုင်ပါ့မလဲ၊ ဆိုးချင်ရင် ဆိုးမှာပေါ့....'

'ဒါဖြင့်လဲ မပြောတာဘဲ ကောင်းပါတယ်....'

'ရှင် အတည်ပြောမှာလား၊ နောက်အုံး စအုံးမှာလား။ ဒါတော့ ပဌမ ပြောဘို့ကောင်းတယ်....'

'မနောက်ပါဘူး....'

PDF CREATOR - NYEYADHAMMA@@GMAIL.COM

PDF CREATOR - NYEYADHAMMA@@GMAIL.COM



'မနောက်ဘူးဆိုရင်တော့ ပြောရှင်၊ စိတ်မဆိုးဘူး'

'အဟုတ်နော်....'

'အင်း....'

ပြောရတော့မည် ဆိုပြန်တော့လည်း နှုတ်က ရုတ်တရက် ထွက်မလာပါချေ။ မသည်းအူကမူ ခွင့်ပြု၍ နေပါပြီ။ ကိုကိုသည် ထမင်းပွဲမှ ထ၍ လက်ဆေးနေပါ၏။ မကြာမီ မောင်မောင်တို့အနားသို့ ရောက်လာပါတော့မည်။

ထို့ကြောင့် အခွင့်သာခိုက် အမြန်ပြောမှ....ဟူ၍ မောင်မောင် ဆုံးဖြတ်မိရပြန်ပါ၏။ မသည်းအူ၏ မျက်နှာကို ကြည့်ကာလည်း မောင်မောင် ရဲရပါတော့မည်။

'ကိုမျိုးညွန့်တို့ ပတ်ဝန်းကျင်မှာတော့ ဂရေ့စ်ကို မသည်းအူ အဖြစ်နဲ့ဘဲ သိကြတယ်။ မသည်းအူ လို့ဘဲ ခေါ်ကြတယ်။ ပြောရင် ယုံချင်မှ ယုံလိမ့်မယ်။ ဒါပေမယ့် ကိုမျိုးညွန့် အမှန်ကို ပြောပြချင်တယ်....'

မသည်းအူသည် ကျေချမ်းနှစ်သက်နေသည်လော၊ အံ့သြတွေဝေနေသည်လော၊ ပျော်မြူးရွှင်ပြနေသည်လော၊ ပူပန်ထိတ်လန့်နေသည်လော၊ မောင်မောင် မပြောတတ်



တော့ပါချေ။ မောင်မောင် ခေါင်းကို ငုံ့၍သာ ထားမိပါတော့၏။ မသည်းအူ၏ မျက်နှာကို မောင်မောင် မကြည့်ဝံ့တော့ပါချေ။

'ဂရေ့စ်ကို မသည်းအူလို့ဘဲ ကိုမျိုးညွန့် ခေါ်ချင်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့....ဂရေ့စ်ကို ကိုမျိုးညွန့် ချစ်တယ်။ အသည်းထဲ အူထဲက ဖြစ်လာတဲ့ မေတ္တာနဲ့....'

မောင်မောင့် စကားမဆုံးမီမှာပင်....'ဘယ်လိုလဲ....၊ အဖွဲ့ကျနေကြပြီပေါ့လေ ဟုတ်လား....'ဟူသော ကိုကို့ အမေးက ဝင်၍ နှောက်ပါသည်။ ကိုကိုသည် မောင်မောင် တို့ ရှိရာသို့လည်း လျှောက်လာနေပါ၏။

မသည်းအူကမူ လူရိပ်မြင်သော လိပ်ပြာငယ်နှယ် ပန်းပွင့်လွှာထက်မှ မခွါချင့်ခွါချင်နှင့်ပင် အလျင်ထ၍ ပျံ့ပါသည်။ မောင်မောင့်ထံပါးမှ မသည်းအူ ခွါပါသည်။ ထို့နောက် ဆည်ချောင်းနှုတ်ခမ်းမှ ဥသျှစ်ပင်ကို မော့၍ ကြည့်ပါသည်။

'ကိုကို....ဟို အပင်ပေါ်က ဥသျှစ်သီးကို မှည့်ပလား၊ မမှည့်သေးဘူးလား သိချင်ရင် ဘယ်လိုလုပ် သိရမလဲ ဟင်'

PDF CREATOR - NYEYADHAMMA@@GMAIL.COM

မသည်းအူသည် အမိပ္ပါယ် နှစ်သွယ် ထွက်သော စကားဖြင့် မေးနေပြန်ပါ၏။

'အကောင်းဆုံးကတော့ ခွဲကြည့်ပေါ့ဟဲ့....'

ကိုကိုကမူ လက်လွှတ်စပယ်ပင် ဖြေခဲ့ပါသည်။

'ခွဲကြည့်ပြီးမှ မမှည့်သေးရင် ဘယ့်နှယ်လုပ်မလဲ....'

'လွှင့်ပစ်လိုက်ရုံပေါ့....'

'နှမြောစရာ ကိုကိုရယ်၊ သည့်အတိုင်း အခွံကိုကြည့်ပြီးတော့ကော မသိနိုင်ဘူးတဲ့လား....'

'နားလည်တဲ့ လူတွေအဖို့တော့ သိနိုင်တာပေါ့ဟ။ ဒို့သာ နားမလည်လို့ကိုး....'

'မေမေ....မေမေကော သိနိုင်လားဟင်....'

ထမင်းပွဲမှ ထမည်ပြုနေသော မသည်းအူတို့မေမေကို မသည်းအူက လှမ်း၍ မေးနေပြန်ပါသည်။

'ဟဲ့ ဘာတုန်းဟဲ့၊ ဘာသိနိုင်ရမှာတုန်း'

ထိုအခါ မသည်းအူက ထပ်၍တဖန် ပြောပြနေပြန်ပါချေ၏။



'မေမေလဲ ဘယ်သိနိုင်ပါ့မလဲ သမီးရဲ့။ ဒါပေမယ့် တခုတော့ရှိတယ်။ ဥသျှစ်ဆိုတာ မှည့်ရင် ဖုံးထားလို့မရဘူး။ အမွှေးနံ့က တခါထဲ ပျံ့ထွက်လာတတ်တယ်....'

သည်တော့လည်း မသည်းအူက အဖြေရ၍ ကျေနပ်သည့်နှယ် ပြုံးပါသည်။ မသည်းအူသည် မောင်မောင်ပြောခဲ့သော စကားတို့ကို ယုံကြည်ပါပြီလော။ မောင်မောင့်နှလုံးသည်းအူထည်းမှ မေတ္တာကိုလည်း မသည်းအူ နားလည်ပါပြီလော။ မသည်းအူ ဟုသာ ခေါ်လိုသော မောင်မောင်၏ဆန္ဒကိုလည်း မသည်းအူ လက်ခံပါပြီလော။

* * *

အမှတ်တရ ထိုနေ့ညနေက အိမ်သို့ ပြန်၍အရောက်မှာ မုန်တိုင်းကျပါသည်။

သစ်ပင်များ ပြိုလဲ၍၊ လျှပ်စစ်ကြိုးများ ပြတ်ကုန်သည်လော မသိ။ ထိုနေ့ညက အိမ်မှာမူ မီးမရတော့ပါချေ။ ဖယောင်းတိုင်များကိုသာ ထွန်းထားရပါသည်။

ညက ထမင်းပွဲမှာမူ မသည်းအူ၏ မျက်နှာကို မောင်မောင် မြင်ခဲ့နိုင်ပါ၏။ သို့သော် ထိုအခိုက်အတန့်မှာသာ မြင်ရပါသည်။ နောက်ထပ် မမြင်ရတော့ပါချေ။ မသည်းအူ

ပင်ပန်း၍ စောစောအိပ်ရာသို့ ဝင်သည် ဟုသာ တဆင့် စကား ကြားရပါသည်။ ကိုကိုကလည်း သူ့ထုံးစံနှင့် သူ ရှစ်နာရီ ခန့်ကတည်းက မောင်မောင့်ကို....'ကောင်းသော ညပါ....'ဟု နှုတ်ဆက်၍ ထားပစ်ခဲ့ပါ၏။ ဧည့်ခန်းထည်း မှာမူ မောင်မောင်နှင့် မသည်းအူတို့မေမေသာ ကျန်ရစ်ခဲ့ ပါသည်။

ဤ ည ကား မောင်မောင့် ဘ ဝ အ တွက် လည်း မုန်တိုင်းကျရသော ညပါပင်တည်း။

မသည်းအူတို့ မေမေက မောင်မောင့် ဆန္ဒကိုရှင်း၊ မောင်မောင့်အမူအရာတို့ကိုရှင်း ရိပ်မိပုံ ရပါသည်။ ထို့ ကြောင့်လည်း မောင်မောင်တို့ နှစ်ယောက်ထည်း ကျန်ရစ် ပြီဆိုသည်နှင့် တပြိုင်နက် 'မသည်းအူဋီကာ' ချလာပြန်ပါ သည်။ မောင်မောင့် ဆန္ဒကို ဖြည့်စွမ်းသည့်အနေနှင့် မောင် မောင် ကြားနာလိုလိမ့်မည်ဟု ယူဆရသော'မသည်းအူတရား' ကို ပြောဟောခဲ့ပါသည်၊

မသည်းအူ၏ မာန၊ မသည်းအူ၏ သတ္တိ၊ မသည်းအူ ၏ အရည်အသွေး၊ မသည်းအူ၏ အမူအကျင့်၊ မသည်းအူ၏ ဝါသနာ၊ မသည်းအူ၏ စိတ်နေသဘော၊ မသည်းအူ၏ဘဝ၊ မသည်းအူ၏ ပစ္စည်း....စသည် စသည်တို့ကို ပန်းကဲ့သို့ တပွင့် ပြီး ကပွင့် ကောက်၍သီကာ ပြောပါသည်။ မသည်းအူတို့



မေမေ၏ စကားသရဖီပန်းကုံးသည် မွှိုင်လည်း မွှိုင်ပါ၏။ ကြိုင်လည်း ကြိုင်ပါ၏။

မောင်မောင့်အဖို့ရာမှာမူ မသည်းအူ၏အကြောင်းကို သာ ကြားနေရမည်ဆိုပါလျှင် ကမ္ဘာသည်ပင် အလှည့်ပတ် ရပ်နေသည်ဟု ထင်ပါသည်။ ခပ်သိမ်းကုန်သော ရွေ့လျား ခြင်းတို့သည်လည်း ရပ်၍သာ နေကြပါသည်။ အသက်ရှည် ရာရှည်ကြောင်းပါပင်တည်း။

သို့သော် စကားအဆုံး၌မူ မသည်းအူတို့ မေမေက မောင်မောင့်ကို သတ်ပါသည်။ မောင်မောင့် ဘဝအတွက် မုန်တိုင်းနှင့်တကွသော အမှောင်ကို ကျစေခဲ့ပါ၏။

မသည်းအူတို့မေမေက စကားပရိယာယ် ကြွယ်လှပါ ချေသည်။ မသည်းအူတို့ မေမေ၏ ငြိမ့်သော သိမ့်သော စကားလှိုင်းငယ်များဝယ် မောင်မောင် မေ့မျောသာယာ၍ ပါခဲ့ရပါသည်။ သို့နှင့် မောင်မောင့်ဘဝသည် ကမ်းကိုမမြင် လမ်းကိုမမြင်နိုင်သော သမုဒယ သမုဒ္ဒရာ၏အလယ်သို့ ရောက် လာခဲ့ပါ၏၊ သည်အခါတွင်မှ သတ္တဝါနှင့် လက်နက်နှင့် မပျူ သော လှိုင်းလုံးကြီးတခုက ရုတ်တရက် မောင်မောင့်ဘဝကို လွှမ်းအုပ်လိုက်ပါသည်။ မောင်မောင် စုံးစုံး နစ်ခဲ့ရပါ၏။

မသည်းအူတို့မေမေက 'မသည်းအူ၏ အနာဂတ်ကို

လည်း ပြောပြခဲ့ပါသည်။ မသည်းအူ၏ အနာဂတ် အတွက် သူတို့၏ အစီအစဉ်ကို ကျေညာခဲ့ပါသည်။

'အဲဒီတုန်းက မောင်မျိုးညွန့်နဲ့ တောင် နှစ်ဆယ့် တမိုင်မှာ တွေ့မိကြသေးတာဘဲ။ ဟုတ်သားဘဲ....ခုမှ သတိ ရတယ်။ အဲသည် မမြို့ သစ်တောလမ်းထဲက အိမ်နဲ့ ခြံဟာ သူတို့အပိုင်ပေါ့။ ဒါပေမယ့် သူတို့ကိုလဲ အချမ်းသာကြီး မဆိုနိုင်ပါဘူး။ အသင့်အတင့်ပါဘဲ။ ချမ်းသာတယ်ဆိုတာ တကယ်တော့ အပိုပါ မောင်မျိုးညွန့်ရယ်။ ပြည့်စုံဘို့ လိုတာ ပါဘဲ။ ဒေါ်ဒေါ်တို့ကို ကြည့်လေ....ဘယ်မှာ ချမ်းသာ လို့လဲ၊ ရရစားစားဘဲပေါ့။ ဒါပေမယ့် မောင်မျိုးညွန့်တို့ ဦးရဲ့ အရိပ်က ဘာလိုသေးလဲ။ အစစအရာရာ ပြည့်စုံနေ တာဘဲ မဟုတ်လား ...

'ခုနက ပြောတဲ့ မောင်ကျော်စိုး ဆိုတဲ့ဘူငယ်ကလဲ မောင်မျိုးညွန့်လိုဘဲ။ အသက်ကလဲ သားထက် တနှစ်ငယ် တယ်ဆိုတော့ မောင်မျိုးညွန့်နဲ့ ရွယ်တူလောက် နေမှာဘဲ။ စာလဲ အင်မတန် တော်တယ်။ ကြိုးလဲ ကြိုးစားတယ်။ သူ ကတော့ ရန်ကုန်တက္ကသိုလ်မှာ နေတယ်။ ဘူမိဗေဒ(ဂုဏ်ထူး) ယူတယ်။ မောင်မျိုးညွန့်တို့လိုဘဲ နောက်တနှစ်ဆိုရင် ပြီးပြီ ထင်ပါရဲ့....'

'အနေအထိုင်ကတော့ ပြောစရာကို မလိုဘူးဟေ



သိပ် သိမ်မွေ့ နူးညံ့တယ်။ လူကလဲ ဖြူဖြူသွယ်သွယ်ကလေး ဆိုတော့ တကယ့် မိန်းကလေး တယောက်လိုဘဲ....။ အေး ကလဲ အလွန်ကို အေးတာကလား၊ တနေ့လုံး နေလို့ စကားတခွန်း မပြောဖြစ်ဘူး။ အားအားရှိ စာဘဲ ဖတ်နေ တာဘဲ....

'သမီးကိုတော့ မောင်မျိုးညွန့် ကနေ့ သိပြီ မဟုတ် လား။ အင်မတန် ထက်တယ်....။ မောင်ကျော်စိုး ကတော့ ငယ်ငယ်ကတည်းက သူ့နိုင်ဖတ်ဘဲ....'

'မောင်မျိုးညွန့်ရဲ့ ဦးက ကျောက်မဲမှာ အကြာကြီး နေခဲ့ရတာကွယ့်။ မောင်ကျော်စိုးတို့ရဲ့ မိဘက အစတုန်းက ခုလို လဘက်စို့ လဘက်ခြောက်တွင် မကဘူး၊ ဥပဒေနဲ့ မလွတ်တဲ့ ကုန်တွေကိုလဲ အရောင်း အဝယ် လုပ်တယ်။ ကျောက်မဲမှာတော့ တခေတ်က နာမယ်ကြီး ပေါ့ကွယ်။ နောက်တော့ မောင်မျိုးညွန့်တို့ရဲ့ ဦးက တရားချတယ်လေ။ မောင်ကျော်စိုးကလဲ ရှိတော့ မောင်ကျော်စိုးကို မြပြီး ကလေးဒုက္ခမရောက်ပါစေနဲ့၊ ကလေးကို ငဲ့ကြပါ စသဖြင့် ပေါ့ကွယ်။ သူတို့မှာကလဲ ရင်သွေးဆိုလို့ မောင်ကျော်စိုး တယောက်ဘဲ ရှိတော့ သိပ်ချစ်ကြတာကလား....'

'နှစ်ခါ သုံးခါလောက်ဘဲ ခေါ်ပြောရပါတယ်။ သည် မကောင်းတဲ့အလုပ်တွေကို တခါထဲ စွန့်လိုက်ကြတာ

ဘဲ။ စွန့်လိုက်လို့ ပေါ်လာတဲ့ အန္တရာယ်တွေကိုလဲ မောင်မျိုးညွန့်ရဲ့ဦးက အကာအကွယ် ကောင်းကောင်းပေးခဲ့တယ်။ သူတို့အကူအညီနဲ့လဲ အဲသည်တုန်းက တော်တော် အောင်မြင်ခဲ့တယ်ဆိုပါစို့။ သူတို့ အကူအညီ ကြောင့်ဘဲ ရာထူးလဲ တက်ခဲ့ရတယ် ဆိုပါစို့။ အဲ ကျောက်မဲမှာလဲ ခြောက်နှစ်လောက်တောင် ကြာခဲ့ရ ထင်ပါရဲ့....

'သည်တော့လဲ နှစ်အိမ့်တအိမ် ဖြစ်လာကြတော့တာပေါ့ကွယ်၊ ဒေါ်ဒေါ်နဲ့ မောင်ကျော်စိုးတို့ အမေနဲ့ဆိုတာလဲ ညီအမလို ဖြစ်လာကြတယ်။ အစစအရာရာ တိုင်ပင်ကြ၊ ပြောကြ ဆိုကြပေါ့....

'သမီးတို့ကိစ္စကိုလဲ သူတို့ကဘဲ စပြောလာတယ်လေ၊ သည်တော့ ဘာ ပြောစရာ လိုသလဲ။ ဒေါ်ဒေါ်တို့အနေနဲ့ ဘာ ကန့်ကွက်စရာ မနှစ်သက်စရာ လိုသလဲ....။ သည်တော့ မနှစ်က ကျောင်းပိတ်ရက်မှာ ဆုံပြီး တေ့တေ့ ဆိုင်ဆိုင် စကားပြောကြတယ်လေ....။ သူတို့က အဲသည်မေမြို့အိမ်ကို သမီးတို့အတွက် တခါထဲ လက်ဖွဲ့ထားလိုက်တယ်....

'အဲ....ဒါပေမယ့် မောင်မျိုးညွန့်ရေ....'

မသည်းအူတို့၏မေမေက သည်နေရာတွင်မှ ပြောလက်စ စကားကို ခေတ္တရပ်ပါသည်။ မောင်မောင် ရှိရာသို့လည်း ကိုယ်ကို ညွတ်၍ ချဉ်းကပ်လာပါ၏။



'ဒေါ်ဒေါ်တို့မှာ ခုထက်ထိ သမီးကို ဖွင့်ပြောထားသင့် မထားသင့် ဝေခွဲလို့ မရဘူး ဖြစ်နေတယ်။ အမှန်တော့ သမီးက ငယ်လဲငယ်ပါသေးတယ်။ လာမဲ့ သီတင်းကျွတ်ကျမှ ဆယ့်ခြောက်နှစ် ပြည့်မယ်။ ပြီးတော့ သမီးအကြောင်းကိုလဲ ဒေါ်ဒေါ်တို့ နားလည်ထားတယ်လေ....။ သမီးက ဘာမဆို သူ့စိတ်နဲ့ သူ့ကိုယ်။ အနှောင်အဖွဲ့ အချုပ်အချယ်ဆိုရင်လဲ နည်းနည်းမှ ကြိုက်တတ်တာ မဟုတ်ဘူး။ စိတ်ကျပြန်တော့လဲ မောင်မျိုးညွန့် သိတဲ့အတိုင်းဘဲ။ ဗူးဆိုဗူး၊ ဖရုံမသီးဘူးဆိုတဲ့ အမျိုးထဲက မဟုတ်လား....

'ဒေါ်ဒေါ်တို့ရဲ့ သဘောကတော့ ဘာဘဲပြောပြော သူတို့ချင်း ရင်းသထက် ရင်းစေ့ချင်တယ်။ သူတို့ကပါ ပါလာစေ့ချင်တယ်။ ခုလို ကျောင်းပိတ်ရက်မှာ ဒေါ်ဒေါ်တို့နဲ့အတူ လာနေတဲ့ မောင်ကျော်စိုးကို ခေါ်ထားရရင် ကောင်းမလားလို့လဲ စဉ်းစားမိတယ်။ ဒါပေမယ့်....

'သည်မှာလဲ ပြဿနာဘဲ မောင်မျိုးညွန့်ရဲ့....။ သားက မောင်ကျော်စိုးကို နည်းနည်းမှ ကြည့်လို့ရတာ မဟုတ်ဘူး။ ယောကျ်ားဆိုရင် သားကလဲ ယောကျ်ား ပီပီသသမှ။ ပြီးတော့ တော်ရုံတန်ရုံလူနဲ့လဲ သားက ပေါင်းတာမဟုတ်ဘူး။ သူ့ မျက်စိထဲမှာ အမြင်မတော်ရင် အမြင်မတော်သလို ပြောပစ်လိုက်တာကွယ့်။ အပေါက်က ဆိုးဆိုးရယ်။ မောင်မျိုးညွန့်ကိုတော့ သူ တော်တော်ခင်မင်ပုံရပါတယ်။ စကား

စပ်လို့ ပြောရအုံးမယ်၊ ကနေ့အထိ သားက ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပေါင်းတဲ့ သူငယ်ချင်းဆိုလို့ ဒေါ်ဒေါ်ဖြင့် မောင်မျိုးညွန့် တယောက်ဘဲ တွေ့ဘူးသေးတာဘဲ....

'သည်တော့ မောင်ကျော်စိုး လာရင်လဲ သားနဲ့စ မတည့်မှာ စိုးရတယ်။ မောင်ကျော်စိုးကလဲ ဒါ့ကြောင့်ဘဲ ထင်ပါရဲ့၊ သည်ကို တယ် လာချင်ပုံ မရဘူး....

'မောင်မျိုးညွန့်ကိုတော့ သားအရင်းလို အောက်မေ့လို့ ဖွင့်ပြောထားရအုံးမယ်။ သည်ကိစ္စကို သားကလဲ မကျေမနပ် ဖြစ်နေပုံရတယ်။ ဒေါ်ဒေါ်တို့ မှားတယ်တဲ့ကွယ်။ ဒေါ်ဒေါ်တို့ကိုလဲ ခေတ်နောက်ပြန်ဆွဲနေတယ်၊ သူများရဲ့ လွတ်လပ်ခွင့်ကို ထိးပါးတယ် လို့လဲ စွပ်စွဲခဲ့တယ်။ အမှန်တော့ ဆင်စီးလို့ မြင်းရံတာကိုသာ ကြည့်ချင်မြင်ချင်တဲ့ စေတနာပါ....။ မောင်မျိုးညွန့် အနေနဲ့ရောဟင်....၊ ဘယ်လိုမြင်မလဲ....'

မသည်းအူတို့မေမေက စကားကို ဤတွင် ချုပ်ပါသည်။ မောင်မောင့်ကိုလည်း ပရိယာယ် ကြွယ်ဝစွာဖြင့် နောက်သို့ ဆုတ်စေခဲ့ပါ၏။ မောင်မောင့်ကိုပင်လျှင် အကြပ်အတည်းပေး၍ မေးခဲ့ပြန်ပါသည်။

မောင်မောင် မည်သို့ ဖြေရပါအံ့နည်း။



ကိုကို့နှယ် ကန့်ကွက်ရှုတ်ချသည့်ဘက်မှ ရပ်၍လည်း မဖြစ်နိုင်ပါချေ။ ရပ်လျှင် စေတနာမဲ့ရာ ရောက်ရပါလိမ့်မည်။ ထို့ပြင် မောင်မောင်သည် 'ကိုယ့်ဘိုသမား' အဖြစ်ဖြင့် ထင်လျှား၍ လာရပါလိမ့်မည်။

သို့သော် သဘောလည်း မတူနိုင်ပါချေ။

ကိုယ့် အသက်မက သက်နှစ်ဆမျှ ချစ်သသူကို တပါးသူ၏ ရင်ခွင်ထည်းသို့ ပို့ဆောင်ရမည် ဟု ဆိုရာ၌ မောင်မောင်သည်လည်း မကြည်ဖြူနိုင်ပါချေ။

ထို့ကြောင့် မည်သို့မျှ အဖြေမပေးမူ၍၊ နေရာမှ ထရန် ဟန်ပြင်မိပါ၏။ မောင်မောင် မနေနိုင်ပါတော့ချေ။ မောင်မောင့်မှာ နေခွင့် မရှိတော့ပါချေ။ မောင်မောင် ထွက်၍ပင် ပြေးသင့်ပြီ ထင်ပါသည်။

* * *

ပြောထားသော နှစ်ရက်မျှပင် မနေတော့မူ၍၊ ယနေ့ နေ့ခင်းမှာပင် မန္တလေးသို့ ပြန်တော့မည် ဟု ကျေညာသော အခါ၌မူ ကိုကိုသည် အံ့ဩ၍နေပါ၏။ ကိုကိုသည် သူတို့ဘက်က ချွတ်ယွင်းချက်တော့ ရှိပြီ ဟူ၍လည်း အောက်မေ့နေပုံ ရပါ၏။

'ကြည့်ရင် သိပါတယ်၊ ကိုမျိုးညွန့် သည်မှာနေရတာ မပျော်ဘူးမဟုတ်လား....'ဟူ၍လည်း ကိုကိုသည် မှတ်ချက်ချလျက် ရှိပါ၏။

'မေမေကလဲ မေမေဘဲ၊ နည်းနည်းမှ အလိုက်မသိတတ်ဘူး။ ဆက်တိုက်ဧရိးပန်းလာတဲ့လူကို ညကလဲ ဘယ်အချိန်အထိ ထိုင်စကားပြောနေမှန်း မသိဘူး....'

ကိုကိုသည် ကိုကိုတို့မေမေကိုပင် ဝေဖန်၍နေပြန်ပါ၏။ မောင်မောင်ကမူ ကိုကို ယူဆ တွေးထင်နေသကဲ့သို့ မဟုတ်ကြောင်းကိုသာ ငြင်းဆို၍ နေရပါသည်။

'မဟုတ်ပါဘူး ကိုကိုရာ၊ ညကမှ စဉ်းစားမိလို့ပါ။ အိမ်ကနေ လှမ်းစကားပြောရင် ကျွန်တော်နဲ့ လွဲနေမှာစိုးလို့ပါ....'

'ဒါကတော့ မခက်ပါဘူး ကိုမျိုးညွန့်ရာ၊ မန္တလေးက ကိုမျိုးညွန့် တည်းတဲ့အိမ်ကို သည်ကနေ လှမ်းမှာထားလိုက်ရင် ရပါတယ်။ သူတို့ လက်ခံနားထောင်ပြီး သည်ကိုတဆင့် ပြန်ပြောလိမ့်မပေါ့....'

မောင်မောင် မငြင်းနိုင်ပြန်ပါချေ။ ကိုကိုကလည်း အခမ္မပင် ဆွဲ၍ထားနေပါ၏။ သည်အအတည်းတွင် မသည်းအူကလည်း တောင်းပန်ပြန်ပါသည်။



'မဟုတ်မှနေရော့....ကျမကြောင့် ထင်တယ်။ ကျမတောင်းပန်ပါတယ် ကိုကိုရယ်။ နောက် ခြေလွန်လက်လွန်မလုပ်တော့ပါဘူးလို့လဲ ကတိပေးပါတယ်....'

မသည်းအူသည် မနေ့က မောင်မောင်ပြောခဲ့သောစကားများကိုပင် ခွင့်လွှတ်ဟန်ဖြင့် ရင်းရင်းချာချာ ပြောလှာခဲ့ပါ၏။ 'ကိုကို' ဟူ၍ပင်လျှင်လည်း မောင်မောင့်ကိုခေါ်တတ်ခဲ့ပါချေပြီ။

ရင်မှာပီတိ ဖြစ်မိရသည်မို့လည်း အတိုင်းမသိ အနိုင်းမရှိ မောင်မောင် ပျော်ပါသည်။ မသည်းအူ၏ထံပါးမှ တဖဝါးမျှ မခွါလိုသည်မှာလည်း အမှန်ပါပင်တည်း။

သို့သော် မျက်နှာချင်း ဆိုင်လျက် အတွေ့ရ ခက်ပါသည်။ ချစ်ခင်ပါလျက် ချစ်ခင်ရေး ခက်ပါ၏။

မသည်းအူ ကိုယ်တိုင်က သည်နှယ် ကြည်ဖြူရိပ် ပြလာပြီ ဆိုပြန်တော့လည်း မောင်မောင့်ရင်မှာ ပို၍သာ နာလာရပါသည်။ မသည်းအူကမူ ပျိုးထားသော အပင်ငယ်နှယ် ကိုယ့်အနာဂတ်ကိုပင် ကိုယ်ကြို၍ မသိနိုင်ခဲ့ပါချေ။ မည်သည့်အခင်း မည်သည့်ကျင်းမှာ ဆက်လက်ရှင်သန်ရမည်နည်း။ နေရာအပြောင်းမှာပင် လက်ဆိပ်သင့်၍ သေရမည်

လော။ တနေရာထည်းမှာပင် ညွန့်ညွန့်ဖြိုးစည် ခိုင်ကျည် အမြဲ စွဲ၍တည်နေရမည်လော။

မသည်းအူ၏ အနာဂတ်ကို မောင်မောင်ကမူ မြင်ပါသည်။ ထို့ကြောင့်လည်း နေမရင့်မီ သည်ဇာတ်ကို နိုင်နိုင်သိမ်းပါမှ မျက်နှာမှာ မျက်ရည်နှင့် အလိမ်းရ နည်းနိုင်ပါလိမ့်မည်။

မသည်းအူ၏အပါးမှ ဖဝါးချီဆန့်၊ တလှမ်းခန့်မျှ၊ မကွန့်သွားလိုသည်မှာ မှန်သော်လည်း၊ မောင်မောင်ပြေးရပါတော့မည်။

ပြန်လိုစိတ်က၊ ပြန်မည်မျှလည်း၊ မထနိုင်ရာ၊ ချေးသာလှိုင်ပျံ့၊ ကိုယ်ပြည့်နှံ့လျက်၊ ထွက်သက်ဝင်သက်၊ မသက်မသာ၊ မျက်နှာမှာလည်း၊ အားသာနည်းခဲ့။

ပြန်တော့မည်သာ ဆိုရပါသည်။ စင်စစ် မသည်းအူ၏ ကြည်ဖြူရိပ် ကြည်ဖြူဟန် သံယောဇဉ်နှောင်ကြိုးက မောင်မောင့်ကို ပြေမပေးပါချေ။ ရစ်၍ရစ်၍ ပတ်ကာပတ်ကာ ချည်နှောင်မြဲ ချည်နှောင်ဆဲပါတည်း။

သည်တော့လည်း မသည်းအူတို့ ကိုကိုတို့၏စကားကို



ပင် မောင်မောင်နာယူခဲ့ရပါတော့သည်။ ဘည်တည္ပမူ နေပါဦးမည် ဟူ၍ မောင်မောင် ကတိပြုခဲ့ရပါ၏။

ပသို့ဆိုစေ၊ မောင်မောင် မပျော်နိုင်တော့ပါချေ။ မပျော်တော့သည့်အလျောက်လည်း အပြင်သို့ ထွက်လည်ရန် ကိုကိုက အဆိုပြုလာသမျှကို မောင်မောင် ငြင်းဆန်ခဲ့မိရပါ၏။

အိမ်မှာပင် မောင်မောင် နေခဲ့မိပါသည်။ တတ်နိုင်သမျှလည်း စိတ်ကို ကြိုးစား၍ ပြေပါ၏။

သို့သော် နေ့ခင်းဘက်တွင် မသည်းအူနှင့် နှစ်ယောက်ထည်း စကားဆုံခွင့် ကြုံရပြန်ပါသည်။ သုံးယောက်ထိုင်နေရာမှ ကိုကိုက ထ၍ အပြင်သို့ ထွက်ပါသည်။ ‘မနေ့မနက်က မှာထားတဲ့စာအုပ် ရောက်ပြီလားသို့ သွားမေးလိုက်အုံးမယ်။ ကိုမျိုးညွန့် ခဏ နေရစ်အုံးနော်။ ကျွန်တော်အခုဘဲ ပြန်လာမယ်....’ဟု ဆိုကာ မသည်းအူနှင့် ထားပစ်ခဲ့ပါ၏။

ကိုကို အိမ်မှထွက်သည်နှင့်တပြိုင်နက်မှာမူ မသည်းအူက ဖွင့်ထားသော သီချင်းကို ထ၍ ပိတ်ပါသည်။ထို့နောက် မသည်းအူ ကိုယ်နေဟန်ထားအစုံစုံနှင့် ရိုက်ထားသော ခေတ်ပုံပဒေသာ စာအုပ်ကို မောင်မောင့် လက်သို့ အပ်၍ အပျင်းပြေ ကြည့်စေခဲ့ပါသည်။

ထိုစာအုပ်ထည်းမှ မောင်မောင် အကြိုက်ဆုံး ပုံတပုံကို မသည်းအူ၏ မျက်မှောက်မှာပင် ခွါ၍ မောင်မောင် ယူမည် ပြုပါ၏။ ထိုအခါ မသည်းအူသည် ထိုင်နေရာမှ ရုတ်ခြည်း ထ၍ မောင်မောင့် အနားသို့ ရောက်လာခဲ့ပါသည်။

'သည်လိုတော့ မလုပ်နဲ့ ကိုကိုရာ၊ ကိုကို လိုချင်ရင် နောက်ထပ် ရိုက်ပေးမှာပေါ့။ သည်စာအုပ်က သူများ အမြတ်တနိုးနဲ့ စုထားရတဲ့ဥစ္စာ....'

'ဘာလဲ....မပေးချင်ဘူးလား။ မပေးချင်ရင် အစက ဘာပြုလို့ လာပြသေးလဲ....'

'ကိုကို့ကို ပေးချင်လို့ ပြတာမှ မဟုတ်ဘဲနဲ့၊ ခက်ခက်ရချည့် ကိုကိုရယ်....။ အပန်းဖြေ ပန်းခြံထဲ မရောက်ဘူးတဲ့လူ ကျနေတာဘဲ....'

'အဲဒါနဲ့ ဘာဆိုင်လို့တုန်း....'

'ဆိုင်ပါသော်ကော ကိုကို၊ ပန်းပွင့်လှလှကလေးတွေတွေ့တိုင်း ခူးကြရသလားလို့....ကဲ ပြောစမ်းပါအုံး။ ကိုကို့လိုသာဆိုရင် မခက်ပေဘူးလား....'

'အော်....ဂရေ့စ်ကလဲ ဘယ် ဆိုးလို့ထုန်း။ ပန်းမခူး



ရ....ဆိုတဲ့ စာတမ်းကလေးတွေ ရေးထားတာကို ကိုမျိုးညွန့် မတွေ့ဘူးဘူးလားလို့ ဆိုလိုပုံရတယ်။ ဟုတ်လား ဂရေးစ်....'

'သည်လိုဆိုရင်တော့ ကိုမျိုးညွန့် ယူမှာဘဲ။ ကိုမျိုးညွန့်က လေမုန်တိုင်းဘဲ....စာလဲ မဖတ်တတ်ဘူး၊ မျက်စိလဲ မပါဘူး....'

'ဒါပေမယ့် ကိုကို ခုယူတဲ့ပုံတော့ ချမ်းသာပေးပါကိုကိုရယ်....နော်....သည့်ပြင်ပုံ တပုံပုံ ကိုကို ကြိုက်တာ ယူပါ....'

'ဖြစ်မနေစမ်းပါနဲ့ မသည်းအူရယ်၊ ကိုမျိုးညွန့်နဲ့ မသည်းအူနဲ့ ဘယ်လောက်ကြာအထိ မတွေ့နိုင်ဘဲ နေရအုံးမယ် ဆိုတာကိုများ စဉ်းစားကြည့်ပါအုံးတော့....'

သည်တော့လည်း မသည်းအူက လက်လျှော့လာပါသည်။ ထိုအခါ မောင်မောင် တဆင့် လှမ်းရပြန်ပါ၏။ ဓါတ်ပုံ၏နောက်ဖက်တွင် လက်မှတ်နှင့်တကွ ရေးလိုသောစာကို ရေးပေးပါရန် ပန်ကြားဖြစ်ရပြန်ပါသည်။

မသည်းအူကလည်း အလွယ်တကူပင် ရေး၍ ပေးပါ၏။

မလှပါဘူး ကိုကိုရယ်၊
ခဏခဏ မကြည့်ပါနဲ့....

မသည်းအူ

မသည်းအူ ရေးပေးသောစာကိုကပင်လျှင် လှ၍နေပါသည်။ နှစ်သက်ဖွယ်၊ ချစ်ဖွယ်လည်း ဖြစ်ပါ၏။ မသည်းအူကို မောင်မောင်က 'မသည်းအူ' ဟု နှုတ်မှ ဖွင့်၍ ပြောခဲ့သကဲ့သို့ပင်၊ မသည်းအူကလည်း သည်အမည်ကို မြတ်နိုး နှစ်လိုပုံရပါသည်။ လက်မှတ်ကိုပင်လျှင် သည်အမည်ဖြင့် ရေးခဲ့ပါချေ၏။

သည်နှယ်ဆိုတော့လည်း မသည်းအူ၏ မေတ္တာပန်းအပွင့်အငုံကို မောင်မောင် ပန်ဆင်ခွင့် ကြုံရပြီ ဟူ၍သာ မှတ်ယူရပါတော့သည်။ ထို့ကြောင့်လည်း မသည်းအူကို မောင်မောင် မည်၍မည်မျှ တွယ်တာစွဲလမ်းနေမိကြောင်းနှင့်တကွ၊ မသည်းအူ၏အနာဂတ်ကိုပါ မောင်မောင် ဖွင့်၍ ပြောပြဖြစ်ခဲ့မိပါ၏။

မောင်မောင့်မှာ လန့်၍နေရသော်လည်း၊ မသည်းအူ၏အနာဂတ်အတွက် မသည်းအူ့မိဘ၏အဆီအစဉ်ကို ကြားရသောအခါ၌၊ မသည်းအူကမူ ပြုံးပါသည်။ စိုးစဉ်းမျှ မမျှော်လင့်ဖြင့်လည်း မသည်းအူက မပွင့်တပွင့် ရယ်သွမ်းသွေးခဲ့ပြန်ပါ၏။



ထို့နောက် မသည်းအူက သူ့ထံသို့ စာရေးပါရန်လည်း အတန်တန် မှာပြန်ပါသည်။ သူ့ ကျောင်းသို့ ရေးလျှင်မူ သူ့လက်သို့ ရောက်နိုင်မည် မဟုတ်သောကြောင့်၊ သူ့ သူငယ်ချင်းတယောက်၏ အိမ်မှတဆင့် ပေးရန်နှင့်၊ ထိုသူငယ်ချင်း၏ နေရပ်အပြည့်အစုံကိုလည်း ပြောပြခဲ့ပါ၏။ မောင်မောင်ကလည်း အတုံ့အလှယ် ပေးခဲ့ရပါသည်။

ထိုအခိုက်မှာပင် ကိုကိုသည် . အင်္ဂလိပ် အားကစားမဂ္ဂဇင်းစာအုပ်တအုပ်ကို ကိုင်လျက် ပြန်လည်ရောက်ရှိလာပါ၏။ မသည်းအူ၏စာအုပ်ကို မသည်းအူ၏လက်သို့ပြန်အပ်၍၊ ကိုကို့ကို မောင်မောင် ပြုံးပြမိရပြန်ပါသည်။

ထို့နောက် ကိုကို ဝယ်လာသော ကြာဆံကြော်ကို မောင်မောင်တို့ သုံးယောက် လက်ဆုံ စားကြရပြန်ပါ၏။ သည်မှာလည်း မောင်မောင့် စေတနာကို မသည်းအူက တုံ့ပြန်ခဲ့ပါသည်။ မသိမသာ မသည်းအူ့ဖက်သို့ ယက်ပေးခဲ့သမျှသော အသည်းအမြစ်များကို မသည်းအူက မောင်မောင့်ဖက်သို့ ပြန်၍ ပို့ပေးခဲ့ပါ၏။.... 'ညွှသည် ဆိုတော့ ကောင်းတာကို ကျွေးရမှာပေါ့၊ မဟုတ်ဘူးလား ကိုကိုရာ....' ဟူ၍လည်း ရယ်စရာမောစရာ အဖြစ်ဖြင့် ပြောကာ မောင်မောင့်လက်ထည်းသို့တိုင် ထည့်ပေးခဲ့ပါသည်။

ကိုကိုကမူ နှစ်နှစ်ခြိုက်ခြိုက်ပင် ရယ်ပါ၏။ ကိုကို့

ဆန္ဒကလည်း မောင်မောင်နှင့် မသည်းအူကို ကြည်ဖြူသည် ထင်ရပါသည်။

ပသို့ဆိုစေ၊ ထိုညကမူ မောင်မောင် အိပ်၍မပျော်နိုင်ခဲ့ပါချေ။ မျက်စေ့အစုံဝယ် မသည်းအူ၏ မျက်နှာပုံကိုသာ မြင်ယောင်၍ နေခဲ့မိပါ၏။ အော်... အုံးဖြင့် မှိုမြဲ၊ နှဲလည်း မတတ်၊ ပျောင်းညွတ်ခွေခွေ၊ ဖြေ၍မရှင်၊ လက်ငင်ညှိုးငယ်၊ နွဲ့နွဲ့သွယ်ကို၊ စိတ်ဝယ်တရှု၊ လွမ်းကလူသည်၊ ကျွမ်းသူအပြေ ခက်ချေ၏။

* * *

ယိမ်းနွဲ့ ဝှန်ဆူ၊ သည်းအူလှပ်လှပ်၊ တန့်ရပ် မတည်၊ မျက်ရည်မစဲ၊ တရှုံ့ရှုံ့နှင့်၊ ပြောင်လဲရှိုက်ရင့်၊ ငိုသည်နှင့်ပင်၊ ရှည်မြင့်လွဲသွေ၊ ခွဲရချေမည်၊ မူးဝေချည့်ချည့် ပါးပါးတည်း။

စင်စစ်သော် သည်ဘဝမှာ သည်မျှနှင့်ပင် သည်ဇာတ်ကို သိမ်းရတော့မည် ထင်ပါသည်။

မန္တလေးမှတဆင့် အိမ်သို့ မောင်မောင် ပြန်ရောက်ခဲ့ပါ၏။ အိမ်သို့ ရောက်ပြန်တော့လည်း....တနေ့ ရက်ကြာ၊ မမြင်ကာမျှ၊ တရာအသက်၊ ရှည်သော့ထက်လျှင်....ဆိုသကဲ့



သို့ ပူပန် ဆင်းရဲရသော ရက်တို့သည် ရှည်လျားကုန်ခဲလှပါဘိသည်နှင့်။

မောင်မောင့် နှလုံးသည်းအူသာမက မောင်မောင့် အအိပ်တို့သည်ရင်း၊ မောင်မောင့် အပျော်တို့သည်ရင်း၊ မသည်းအူထံတွင် ကျန်ရစ်ခဲ့ပါပြီ။ ညတို့သည် မောင်မောင် ငိုခဲ့ရရာ ကာလများ ဖြစ်လာကြပါ၏။

တညှိုးသမ်းသမ်း၊ တနွမ်းလျှလျှ မရွှင်ပျ မကြည်လင်သော မောင်မောင့် အဖြစ်ကိုမူ မေမေက ပူပန်စွာ ကြည့်ပါသည်။ ဖေဖေကမူ တတ်နိုင်သမျှ မသိမမြင်ဟန်ဆောင်ကာ၊ မောင်မောင် စိတ်ချမ်းသာရာ ချမ်းသာကြောင်းကို ကြံစည်ပြုမူခဲ့ပါ၏။ အားလပ်သော တနင်္ဂနွေနေ့များမှာဆိုလျှင်လည်း တနေရာရာသို့ လမ်းရှာ၍၊ မောင်မောင့်ကိုခေါ်ကာ ထွက်လေ့ ရှိပါသည်။

သို့သော် မောင်မောင့်စိတ်က မသည်းအူ့ထံသို့သာ အခါခပ်သိမ်း ရောက်နေတတ်ပါ၏။ တယောက်လက်ကို တယောက်ဆွဲ၍ နှစ်ယောက်တွဲ လျှောက်နေကြသူတို့ကို တွေ့ရပြီ ဆိုလျှင်လည်း မောင်မောင့်ရင်မှာ မောလှာရပါသည်။ နုနုငယ်ငယ် ခြယ်ခြယ်သသ လှလှမော့မော့ မိန်းမကြော့များကို မြင်ရပြီဆိုလျှင်လည်း....'မသည်းအူသာ ဖြစ်လိုက်ပါတော့'....ဟူ၍ မောင်မောင် တမ်းတမိပါ၏။

မသည်းအူ၏အပြုံးကို မောင်မောင် မြင်ယောင်မိပြန်ပါသည်။ မသည်းအူ၏ သတ္တိကိုရင်း၊ မသည်းအူ၏ သစ္စာကိုရင်း မောင်မောင် ကြည်ညိုဂုဏ်ပါ၏။ မသည်းအူ၏ မမှုသော မခန့်သော မပူပန်မကြောင့်ကြသော အပြုံးကို မြင်ယောင်မိရသောအခါ၌မူ မောင်မောင် ပျော်မိပြန်ပါသည်။

မည်သည့်နေ့ မည်သည့်ရက်တွင် မသည်းအူ ရန်ကုန်သို့ ရောက်ပါမည်နည်း။ မောင်မောင် ပက္ခဒိန်ကို ကြည့်၍ တွေးမိပြန်ပါသည်။ တလတွင် အရက်(၃၀)ခန့်မျှရှိပါ၏။ ညီသော၊ လှသော၊ ပြုံးရွှင်နေနိုင်သော ဂဏန်းတို့မှာမူ (၁၁)နှင့် (၂၂)သာ ရှိပါသည်။ မောင်မောင်နှင့် မသည်းအူတို့၏ဘ၀သည် ထိုဂဏန်းနှစ်ခုနှယ် ညီညီလှလှ ပျပျရွှင်ရွှင်နေမှ နေနိုင်ပါမည်လော။ အရုပ်အဆိုးဆုံး ဂဏန်းတို့ကမူ တစ်နှင့် သုည၊ နှစ်နှင့်သုည၊ သုံးနှင့် သုည တို့ပင် ဖြစ်ပါ၏။ အရုပ်ဆိုးသည့် အရေအတွက်ကလည်း လှသည့် အရေအတွက်ထက် ပဇာ့ကြောင့် များနေရပါသနည်း။ မသည်းအူ သုညနှင့်မူ မောင်မောင်လည်း မတွဲလိုပါချေ။ မသည်းအူ သုညနှင့် တွဲရပြီ ဆိုလျှင်လည်း မောင်မောင် ရင်ကျိုးရလိမ့်မည် ထင်ပါသည်။ မညီညာသော . ဂဏန်းတို့ကမူ ပက္ခဒိန်နှင့် အပြည့်ပင် ဖြစ်ပါ၏။

လောကသည် ပဇာ့ကြောင့်များ သည်နှယ် မညီညာခြင်းတို့ဖြင့် ပြည့်နေရပါတိသနည်း။



တနေ့သော် ဗိုလ်ချုပ်ဈေးထည်းမှာ မောင်မောင်နှင့် မသည်းအူ လက်တွဲ၍ လျှောက်နေ ဖြစ် ပါသည်။ မသည်းအူက အလှကုန်များ ရောင်းရာမှာသာ တရစ်ဝဲဝဲ လှည့်လည်၍ဝယ်ပါသည်။ သည်ရသူမောင်မောင်က မနိုင်၍ ညည်းသောအခါ မသည်းအူက ရယ်ပါသည်။

ရယ်သံကြား၍ လှည့်ကြည့်သောအခါမူ မောင်မောင့် အပါး၌ မသည်းအူမရှိတော့ပါချေ။ ပြုံးနေသော အလှကုန်ဆိုင်မှ မိန်းမငယ်ကိုသာ မောင်မောင် တွေ့ရပါတော့၏။ မသည်းအူသည် ပဇာ့ကြောင့် မောင်မောင့်ကို သည်နှယ် ပစ်၍ ပြေးရပါသနည်း။

မတတ်နိုင်တော့ပါချေ။ အလှကုန်ဆိုင်ရှေ့မှာ မည်မျှကြာပြီမသိ၊ ရပ်မိနေမှတော့ ဝယ်ရပါတော့မည်။ ဆိုင်မှ မိန်းမငယ်ကို မောင်မောင် ပြောပြမိပါ၏။

'သူ့အသားက နှင်းလို ဖြူတာလဲ မဟုတ်ဘူး၊ ရွှေ ပိုဝါတာလဲ မဟုတ်ဘူး၊ ဒါပေမယ့် ရွှေလိုတော့ ဝင်းတယ်၊ ငွေလိုလဲ ဖြူတယ်။ အဲ့သည် အသားအရည်နဲ့ လိုက်တဲ့ နှုတ်ခမ်းဆိုးဆေး....'

မောင်မောင် မည်သို့ ပြောမိသည်တော့ မသိပါချေ။ ဆိုင်မှ မိန်းမငယ်ကမူ မောင်မောင့်ကို ကူညီခဲ့ပါ

သည်။ အများထည်းမှ ရွေး၍လည်း မောင်မောင့်ကို ပေးပါ၏။

'သူက သည်အရောင်ကို မကြိုက်ဘူး ဆိုရင်လဲ သူကြိုက်တဲ့ အရောင်ကိုမှတ်ပြီး ပြန်ခဲ့ပေါ့ရှင်၊ ကျမ ပြန်လဲ ပေးပါ့မယ်....'

ပ သို့ ဆို စေ၊ သည် နှုတ် ခမ်း ဆိုး ဆေး မှာ လည်း မသည်းအူ၏လက်ဝယ်သို့ မရောက်နိုင်ခဲ့ရပါချေ။ မသည်းအူနှင့် မတွေ့နိုင်တော့သည့်အဆုံး မန္တလေးသို့ ပြန်ရတော့မည် ဆိုခါမှ အသားညိုသော မိငယ်ကို မောင်မောင် ပေးခဲ့ရပါ၏။

မန္တလေးသို့ မပြန်မီမှာမူ ရန်ကုန်သို့ မသည်းအူ ရောက်နေရော့မည် အထင်နှင့် မောင်မောင် စုံစမ်းဖြစ်ခဲ့မိပါသည်။ မသည်းအူနှင့် ရန်ကုန်မြေမှာ တွေ့နိုင်ရေးအတွက် လည်း မောင်မောင် ကြိုးစားအားထုတ်ခဲ့ပါ၏။ မသည်းအူတို့၏ကျောင်းက မေလ မကုန်မီမှာပင် ဖွင့်သည်မို့ ကျောင်းသို့လည်း မောင်မောင် လှမ်း၍ စုံစမ်းခဲ့ပါသည်။ ကျောင်းကမေး၍....'မသည်းအူ၏အကိုပါ....'ဟု ပြေပြန်တော့လည်း၊ 'ရန်ကုန်မှာ ဆွေမျိုးမရှိဘူးလို့ သူ့အိမ်က ရေးထားတာကို တွေ့ရပါတယ်။ ဒါကြောင့် စကားပြောခွင့်တော့ မပြုနိုင်ပါဘူး။ အရေးကြီးတယ်ဆိုရင် စာရေးပြီး လာပေးပါ။



ကျောင်းက စစ်ဆေးပြီး ပေးပေ.ပါ့မယ်'ဟူသော အဖြေကိုသာ မောင်မောင် ကြားခဲ့ရပါ၏။ မသည်းအူတို့၏ကျောင်းကလည်း သည်နှယ် စည်းကမ်း ကြီးလှပါတိသည်။

ထိုအခါ မောင်မောင် မည်သို့ ကြံရပါမည်နည်း။ မသည်းအူနှင့် တွေ့ရနိုင်ရေးအတွက် မောင်မောင် မည်သို့ ရေးရပါမည်နည်း။

မသည်းအူသည် မောင်မောင့်လက်ရေးကို မမြင်ဘူးပါချေ။ ထို့ကြောင့် မောင်မောင့် အမည်ကို မဖေါ်ပြနိုင်သောအခါ မ သည်း အူ အသို့ သိပါတော့မည်နည်း။ မသည်းအူက မသိသော်လည်း ကိုကိုကမူ မောင်မောင့်လက်ရေးကို ကောင်းစွာမှတ်မိနေပါ၏။ မောင်မောင့်စာကို မသည်းအူတို့၏အိမ်သို့ ကျောင်းက ပို့လိုက်မည်ဆိုပါက ဒုက္ခ ရောက်ရဘွယ်သာ ရှိပါသည်။

တဖန် မသည်းအူ၏ မိဘဟန်ဆောင်၍.... 'သမီးအတွက် ပစ္စည်းများ လူကြုံနှင့် ပါးလိုက်သည်၊ မောင်မျိုးညွန့်တို့အိမ်မှာ သွားယူပါ'....ဟု ရေးဦးမည် ကြံခဲ့မိပါ၏။ သို့သော် ဤအကြံအစည်ကိုလည်း လက်လျှော့ရပါသည်၊ မသည်းအူ ကိုယ်တိုင် ရန်ကုန်သို့ ရောက်သည်မှာမှ မကြာသေးပါပဲလျက်၊ သည်နှယ် ပစ္စည်းများပို့ပေးသည်ဟူသော အကြောင်းမှာ စင်စစ် ယုတ္တိမရှိလှပါချေ။ ထို့ပြင် မသည်း

အူ၏မေမေကိုယ်တိုင် ရန်ကုန်မှာပင် ရှိနေသေးသည်ဟု ဆိုပါက မခက်ပါလော။ ထို့ပြင် မသည်းအူထံသို့ စာရေး ဆက်သွယ်နေကျမှာ မည်သူပါနည်း။ မသည်းအူ၏ ဖေဖေ ပင်လော။ မသည်းအူ၏ မေမေပင်လော။ မသည်းအူထံသို့ လာနေကျ စာများမှ လက်ရေးကိုလည်း ကျောင်းက မှတ်မိနေရော့မည် ထင်ပါသည်။ ပစ္စည်းများကို လူကြုံနှင့် ပေးလိုက်ကြောင်း ရေးလိုက်သည့်စာမှာ မည်သည့်စာတိုက် တံဆိပ်နှင့် လာပါသနည်း။ ဤသည်ကို စစ်ဆေးကြည့် လျှင်လည်း ရန်ကုန်မှ ရန်ကုန်သို့ ပို့သည့်စာအဖြစ်ဖြင့် သာလျှင်တွေ့ရမည်မို့ မသင်္ကာဖွယ်ရာ ဖြစ်ပါလိမ့်မည်။ စာကို လူကြုံအဖြစ်ဖြင့် မောင်မောင်ကိုယ်တိုင် ယူလာ၍ ပေးပြန်ပါလျှင်လည်း....'ပစ္စည်းဆိုတာကိုတော့ ဘာပြုလို့ တပါထဲ ယူမလာခဲ့တာလဲ'....ဟု တွေးစရာ ဖြစ်လာပါ လိမ့်မည်။

ထို့ကြောင့်လည်း မရေးသာတော့၊ မကြံသာတော့၊ မတွေ့သာတော့ မူ၍ မောင်မောင် လက်လျှော့ခဲ့ရ ပါ တော့သည်။

မသည်းအူ ပေးထားသည့် မသည်းအူ့ သူငယ်ချင်း ဆိုသူ၏ နေရပ်အပြည့်အစုံဖြင့်မူ မောင်မောင် စာနှစ်စောင် မျှ ရေးခဲ့မိပါ၏။ သို့သော် မသည်းအူပင်လျှင် ရန်ကုန်သို့ မရောက်လာ၍လော၊ မသည်းအူ့ သူငယ်ချင်းကပင်လျှင်



တဆင့် မပေး၍လော၊ မသည်းအူ့ သူငယ်ချင်း၏လက်သို့ ပင်လျှင် မောင်မောင့်စာတို့ မရောက်ရ၍လော၊ မသိ။ မောင်မောင့်ထံသို့မူ မည်သည့်ပြန်စာမျှ ရောက်မလာခဲ့ ပါချေ။

သို့နှင့်ပင် မန္တလေးသို့ မောင်မောင် ပြန်ခဲ့ရပါ၏။ မသည်းအူ ရှိနေမည်ဟုပင် ယူဆရသော ရန်ကုန်မြေမှလည်း မခွါလိုလျက်နှင့် မောင်မောင် ခွါခဲ့ရပါသည်။

ရထားလမ်းတို့သည် အောက်အကြေနှင့် အထက် အညာကို သွယ်ဆက်၍ နေပါ၏။ သည်ရထားလမ်းထက်မှ ပင် တယောက်သောသူက စုန်ခဲ့ရ၍၊ တယောက်သောသူက ဆန်ခဲ့ရပါသည်။

လမ်းမှာလည်း အဆန်နှင့်အစုန် ရထားချင်း ဆုံရ တတ်ပါ၏။ ခေတ္တမျှ ယှဉ်၍ ရပ်ခွင့်နှင့်လည်း ကြုံရတတ်ပါ သည်။ သို့သော် ကိုယ့်လမ်းကိုယ်သာလျှင် ဆက်လက်၍ ထွက်ခွါလာခဲ့ကြရမြဲပါတည်း။

မသည်းအူနှင့် မောင်မောင်တို့၏ ဘဝ တို့မှာလည်း သည်နှယ် လွဲကြရပြီသာ ထင်ပါသည်။ ထိုအခါ မောင် မောင့်မှာလည်း ကဲမြင့်ဖြစ်ဆုံး၊ ကိုယ်လုံးဝှန်ဆူ၊ ပူ၍

ရှုတ်ခြည်း၊ ကြမ်းဝယ်လည်းလျက်၊ အူသည်းလှိုက်ဝေ မောခဲ့ရပါချေ၏။

သို့သော် အဆောင်သို့ ပြန်လည်ရောက်ရှိလာသော အခါ၌မူကား အနည်းနှင့်အများ မောင်မောင် ဖြေသာခဲ့ရပြန်ပါသည်။ ကိုကိုနှင့် တွေ့ရ၍လည်း မသည်းအူ၏ အကြောင်းကို ပြောနိုင်ကြားနိုင်ခဲ့ပါ၏။ ကိုကို့ထံမှတဆင့် မသည်းအူကလည်း သတိရကြောင်း စကားလက်ဆောင် ပါးခဲ့သည် မဟုတ်ပါလော။

ထိုအခါ တတိယမြောက်အဖြစ်ဖြင့် မသည်းအူထံသို့ စာတစောင် မောင်မောင် ရေးဖြစ်ရပြန်ပါ၏။ မသည်းအူနှင့် ခွဲခွါနေရစဉ်ကာလက....သည်းခြေပျက်၍၊ တလျက်ဆိုဝို၊ ဆံကိုနုတ်ငင်၊ ရင်ကိုခုခု၊ ခတ်ထုနာကျင်၊ ကြမ်းတွင်လူး၍၊ မောမောခွေ့တည့်၊ နောက်ရှေ့တွင်းပြင်၊ ဝန်းကျင်ပတ်ကုံး၊ စဆုံးမှောက်လှန်၊ ကမ္ဘာပြန်သို့၊ သည်းထန်ပြင်းပြ၊ ကြေကွဲရပုံ၊ အကြောင်းစုံကိုလည်း မောင်မောင့်စာမှာ ဖေါ်ပြဖြစ်ပါသည်။

မသည်းအူကလည်း သည်စာကိုမူ ရက်သတ္တ တပတ် မပြည့်မီမှာပင် ပြန်ကြားခဲ့ပါ၏။ မောင်မောင်၏ ပဌမနှင့် ဒုတိယမြောက်စာများကိုမူ မသည်းအူ့ လက်ဝယ်သို့ရင်း၊



မသည်းအူ့ သူငယ်ချင်း၏လက်ဝယ်သို့ရင်း မရောက်လာ.... ဟု ဆိုပါသည်။

ပသို့ဆိုစေ၊ မသည်းအူ၏ ပြန်စာမှာလည်း မောင်မောင့် စာများနှယ်ပင် ရှည်လျားခဲ့ပါ၏။ မောင်မောင့် မေတ္တာနှယ်ပင် တုံ့ပြန်တွယ်တာမိပြီမို့ ဘဝကိုပါ နှင်းအပ်၍ ချစ်ရပါမည် ဟုလည်း ဖွင့်ဆိုရေးလာခဲ့ပါသည်။ မောင်မောင့်စိတ်မှာ အနှိုင်းမရှိ ပျော်ရွှင်လန်းကြည်မိပါ၏။ မောင်မောင့်စိတ်မှာ အတိုင်းမသိ ဝမ်းမြောက်ချမ်းသာမိပါသည်။ စင်စစ်သော် မောင်မောင့်စိတ်သည် ပူတော့လည်း ဆူလွယ်သော၊ အေးတော့လည်း ခဲလွယ်သော ရေသို့ရေနှယ် ပါတကား။

* * *

သည်တနှစ်ကား နောက်ဆုံးနှစ်ပါတည်း။

သည်တနှစ်ကုန်လျှင် မောင်မောင့်ဘဝမှာ တဖြစ်လဲရပါတော့မည်။ သည် ကျဉ်းမြောင်းသော အဆောင်၏ အခန်းငယ်ကလေးထည်းမှ လွတ်မြောက်၍၊ မြေနှင့်အမျှ ကျယ်ပြောသော လောကလူ့ဘုံမှာ ကျင်လည်ရပါတော့မည်။ မောင်မောင့် အခြေခံရည်မှန်းချက် ပန်းတိုင်သို့လည်း ရောက်ရပြီမို့၊ လက်တွေ့ဘဝထည်းမှာပင် နေရပါတော့မည်။

မသည်းအူကို မောင်မောင် လက်ထပ်၍ ယူပါမည်။ မသည်းအူနှင့် လက်တွဲ၍လည်း ဘဝကို ရင်ဆိုင်ရပါမည်။

ထို့ကြောင့်လည်း သည်တနှစ် မြန်မြန် ကုန်စေကြောင်းကိုသာ မောင်မောင် ဆန္ဒပြု၍ နေခဲ့မိပါ၏။ အော် ရွှေလှော်ဝင်းဝါ၊ မောင့်ကြင်ရာငယ်၊ ကြွပါတော့ရှင်၊ ခုလျှင်လျှင်ဟု၊ ပန်းသွင်ထွေငေါ်၊ တိုးတိုးခေါ်သည်၊ ဖြေဖျော်ပိုက်တည့် ပိုက်ချင်တည်း။

ယခုမူ မသည်းအူ၏အယောင်နှင့်သာ မောင်မောင် ထွေးနေရပါ၏။ 'မလှပါဘူး ကိုကိုရယ်၊ ခဏခဏ မကြည့်ပါနဲ့....'ဟု ဆိုခါမှပင် ရင်နှင့် အပ်၍ မျက်နှာနှင့် မခွါ အထပ်ထပ်အခါခါ ကြည့်နေဖြစ်ပါသည်။

သည်တော့လည်း မသည်းအူ၏ ဓာတ်ပုံပဒေသာ စာအုပ်ကို ခိုးလိုစိတ်က ပြင်းပြူဆာ လာခဲ့ရပါ၏။ သည်စိတ်ကိုလည်း မသည်းအူ့ထံ အစီရင် ခံဖြစ်ခဲ့ပါသည်။

ထိုအခါ မသည်းအူက ရန်ကုန်မှာ ရိုက်၍ ပေးလိုက်မည် ဟု ပဌမ အကြောင်းပြန်ကြားခဲ့ပါ၏။ နောင်၌ကား ၁၀×၁၂ လက်မအရွယ် ဓာတ်ပုံ (၆) ပုံကို မောင်မောင့်ထံ လှမ်း၍ ပို့ပေးခဲ့ပါသည်။



နောင်၌ကား မသည်းအူ၏ ရုပ်ပုံလွှာကို မြဝတီ မဂ္ဂဇင်း၏ မျက်နှာဖုံးအဖြစ်ဖြင့် မမျှော်မလင့် မောင်မောင် တွေ့ရပြန်ပါ၏။

သည့်အတွက်မူ အမှန်ကို ဆိုရလျှင် မောင်မောင် ဝမ်းနည်းမိပါသည်။ မသည်းအူကို မောင်မောင်တယောက်ထည်းသာ ကြည့်နေလိုပါသည်။ တပါးသူက မသည်းအူကို စေ့စေ့ကြည့်သည် ဆိုလျှင်ပင် မောင်မောင့်ရင်မှာ ခုန်ရတတ်ပါ၏။ မသည်းအူသည် ပသျှိသောစိတ်ကူးနှင့် သည်နှယ်အလှကို ကြော်ငြာခဲ့ရပါသနည်း။

အမှန်စင်စစ် မသည်းအူ၌ လွတ်လပ်စွာ ကြံဆတွေးတော ဆုံးဖြတ် လုပ်ကိုင်နိုင်ခွင့် ရှိပါသည်။ မောင်မောင် လက်ခံနိုင်ပါ၏။ သို့သော် ထို လွတ်လပ်ခွင့်များကို ချစ်ရသသူနှင့် ပတ်သက်၍မူ မောင်မောင် ပိုင်ဆိုင်လိုပါသည်။ အနည်းဆုံး မောင်မောင်နှင့်မူ ကြို၍ တိုင်ပင်သင့်သည်ထင်ပါ၏။

လဆန်းစ တညနေမှာ မောင်မောင့် အခန်းသို့ စိုးလွင် ရေကြီးသုတ်ပြာ ပြေး၍လာပါသည်။ မျက်နှာဖုံးကို ပြပါ၏။ စိုးလွင်ကလည်း မသည်းအူ၏အပြုအမူကို မှားသည် ဟု ဝေဖန်ခဲ့ပါသည်။

သို့နှင့် စာအုပ်ကို ကိုင်ကာ ကိုကို့ထံသို့ မောင်မောင် ပြေးခဲ့ရပြန်ပါ၏။ မောင်မောင့် ထင်မြင်ချက်ကိုလည်း တပါတည်း တင်ပြမိပါသည်။ ကိုကိုကမူ ပြုံးပါ၏။ သည်နှယ် ကျော်ကြားထင်လျှားသော စာပေစာစောင်ကြီး တခု၏ မျက်နှာဖုံးအဖြစ်ဖြင့် အရွေးချယ် အတင်ပြခံရခြင်းသည် အောင်မြင်မှုတရပ်သာ ဖြစ်ကြောင်းကို ပြန်လည်ပြောကြားခဲ့ပါသည်။ မောင်မောင် အံ့သြရပါ၏။ ပသို့သော အယူအဆပါလိမ့်....ဟူ၍လည်း တွေးမိရပါ၏။ အားလည်း ငယ်ဖြစ်ရပါ၏။

သိက္ခာ ကျရာကျကြောင်း မမည်နိုင်ပါ၊ အလှကို မင်တတ်သော လောကတွင် အလှသည် ဖုံးထားဝှက်ထား၍ ရအပ်သော ပစ္စည်း မဟုတ်ပါ....စသည်ဖြင့်လည်း မောင်မောင့်ကို အင်္ဂလိပ် အမေရိကန် အားကစား မဂ္ဂဇင်းများမှ အလှမယ်တို့၏ ပုံများကို ပြကာ၊ တရားပြ နားချခဲ့ပါ၏။ ထို့ကြောင့်လည်း မောင်မောင် နောက်ဆုတ် ပြန်လှည့်ခဲ့ပါသည်။

ထိုညကမူ မောင်မောင့် အယူအဆကို ဖော်ပြ၍ စာတစောင် ရေးမိပြန်ပါ၏။ သည်မျှ ကျော်ကြားချင်ရပါမည်လော.. ဟူ၍ တိတိပပ မစွပ်စွဲ မဝေဖန်သော်လည်း၊ မောင်မောင် ဝမ်းနည်းမိသည့်အကြောင်း၊ မောင်မောင် အားငယ်မိသည့်အကြောင်း၊ မောင်မောင် ပူပန်မိ သည့်



အကြောင်း စသည် စသည်တို့ကိုမူ ပြည့်ပြည့်စုံစုံပင် မောင်မောင် ရေးခဲ့မိပါသည်။

ပသို့ဆိုစေ၊ မောင်မောင် ဝမ်းနည်းရသည် အားငယ်ရသည် ဆိုသည့်အတွက် မသည်းအူ တောင်းပန်ပါသည်၊ မောင်မောင့်ကို ကြို၍ မတိုင်ပင်မိသည့် အတွက်လည်း ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်၊ မသည်းအူ မှားမိပါသည်၊ နောင်တွင် သည်နှယ် မမှားစေရပါ... အစရှိသည်ဖြင့် တောင်းပန်သော ပြန်စာသည် မောင်မောင့်လက်ဝယ် ရောက်၍လာပါသည်။ ကျောင်းမှာ နှစ်စဉ်ကျင်းပမြဲဖြစ်သော အလှပွဲတပွဲ ရှိပါသည်၊ ထိုအလှပွဲတွင် ကျောင်းသူများအနက်မှ အလှပ အပြေပြစ် အတင့်တယ် အချောမွေ့ဆုံး မိန်းမငယ်တယောက်ကို မယ် အဖြစ် ရွေးသော အခန်းလည်း ပါလေ့ ရှိပါသည်၊ သည်နှစ်မှာမူ မသည်းအူက မယ်ဘွဲ့ရသည်မို့ ဓါတ်ပုံအရိုက်ခံရပါသည်။ အရိုက်မခံလို၍လည်း မရပါ၊ ကျောင်းသူတိုင်း၏ မိဘများကိုလည်း ထိုပွဲသို့ ဖိတ်ကြားဧည့်ခံမြဲ ဖြစ်ပါသည်၊ သတင်းထောက်များ ဓါတ်ပုံဆရာများလည်း ထိုပွဲသို့ လာကြမြဲ ဖြစ်ပါသည်၊ သည်နှယ် မယ်ရသူမှာ ဓါတ်ပုံရိုက်ခွင့် ပြုရမြဲ ဖြစ်ပါသည်၊ မြဝတီမဂ္ဂဇင်း၏ မျက်နှာဖုံးအဖြစ်ဖြင့် အသုံးပြုရေးအတွက်မူ လာရောက်ပန်ကြားသော ဓါတ်ပုံဆရာနှင့် မသည်းအူကိုယ်တိုင် ကျောင်းရုံးခန်းတွင် တွေ့ရပါသည်၊ ကျောင်းအုပ်ဆရာမကြီး၏ ခွင့်ပြုချက်လည်း

ရသဖြင့် သည့်မျှ မစဉ်းစား မဆင်ခြင်မိပဲ လွယ်လွယ်ခွင့်ပြုခဲ့မိခြင်းဖြစ်ပါသည်... စသည် စသည်ဖြင့်လည်း အဖြစ်မှန်များကို မသည်းအူ့စာတွင် ဖေါ်ပြထားပါ၏။

သို့သော် မောင်မောင့်ကို မသည်းအူက နှစ်သိမ့်ခဲ့ပါသည်။ 'မသည်းအူကို သည့်တခုတော့ ယုံပါကိုကို။ မသည်းအူ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး။ မသည်းအူရဲ့စိတ်ကူး၊ မသည်းအူရဲ့ အိပ်မက်၊ မသည်းအူရဲ့ဘဝမှာ ကိုကို တယောက် ဘဲ ရှိပါတယ်။ သည့်အတွက်တော့ နည်းနည်းမှ ပူမနေပါနဲ့ ကိုကိုရယ်။ ကိုကိုသာ စာကို ကြိုးစားပါ။ ကိုကို့ အစီအစဉ်အတိုင်း မသည်းအူလဲ ကိုကိုနဲ့ တူတူ နေချင်လှပါပြီ ကိုကိုရယ်။ မသည်းအူတော့ ကိုကို့ကြောင့်သာ စောင့်နေရတယ်။ ခုကို ကိုကို့အနားမှာ ရောက်နေချင်လှပါပြီ။ ပြေးလာလို့သာ ရမယ်ဆိုရင် ပြေးလာချင်စမ်းပါဘိ။ အင်း .. ကိုကို ရေးသလိုဘဲ သည်နှစ်ကျမှ အချိန်ကလဲ ကုန်ခဲလိုက်တာနော်....။ ပြက္ခဒိန်က တရွက်တရွက် လှန်ရပါမယ့် အကြောင်းကိုဘဲ တမေ့တမော'.... ဟူသတတ်။

မောင်မောင် ပျော်ရပြန်ပါသည်။

* * *

PDF CREATOR - NYEYADHAMMA@GMAIL.COM



မောင်မောင့်ဝမ်းမှာ ရွှမ်းရွှမ်းဖြာကျ သာခဲ့ရပါ၏။

ယနေ့သည် မတ်လ (၁၄)ရက်၊ သောကြာနေ့ ပါတည်း။

မသည်းအူ ဖြေနေရသည်မှာ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲဖြစ်၍၊ မသည်းအူ၏ ခုံအမှတ်က ဗဟိုအစိုးရအထက်တန်းကျောင်းတွင် ကျပါသည်။ ကံအားလျော်စွာ မောင်မောင်တို့အိမ်နှင့်လည်း နီး၍ နေပါ၏၊ ယနေ့သည် မသည်းအူအတွက် နောက်ဆုံး ဖြေရမည့်နေ့လည်း ဖြစ်ပါသည်။ ထို့ကြောင့် မနက်ဖန်နံနက်တွင် ကျောက်ဆည်သို့ ပြန်ရန် အစခပ်သိမ်း စီစဉ်ပြင်ဆင်ပြီးလည်း ဖြစ်ပါ၏။ မသည်းအူတို့မေမေ ရန်ကုန်သို့ ရောက်နေသည်မှာပင် ရက်သတ္တ တပတ်မျှ ရှိခဲ့ပါပြီ။

မောင်မောင်ကမူ လဆန်းစကတည်းက ပြန်၍ရောက်နေခဲ့ပါ၏။ မသည်းအူ၏စာများအရ သိနေသည်မို့လည်း မသည်းအူစာဖြေရာသို့ မောင်မောင်နေ့စဉ် ရောက်နေဖြစ်ပါသည်။ အောင်မည် မအောင်မည်တော့ မသိ။ လမ်း၏ တဖက်စကြံမှ မသည်းအူ လှမ်း၍မြင်သာသော နေရာ၌ မောင်မောင် ရပ်မိပြီ ဆိုသည်နှင့်တပြိုင်နက်၊ မသည်းအူက အဖြေစာအုပ်ကို အပ်ကာ မောင်မောင့်ထံသို့ ပြေးထွက်လာခဲ့မြဲပါတည်း။

'သည်နေ့ ဘယ်နယ်နေလဲ၊ ဖြေနိုင်ရဲ့လား ...'

ဤကား မသည်းအူ အနားသို့ရောက်လာသည်နှင့် တပြိုင်နက် မောင်မောင် မေးမိသော စကားပါတည်း၊

'အံ့တော့ အံ့သြဘို့ကောင်းတယ်ကိုကို... မသည်းအူ မသိသာတွေကိုချည့် ကြံကြံဖန်ဖန် ရွေးမေးတတ်တယ်။ ဘယ်ရမလဲ ဆိုးဆိုးပါတဲ့၊ လောကမှာ တယောက်ထဲရှိတာဘဲ။ အလွတ်ရထားတဲ့ ကိုကို့စာတွေကို ပြန်ရေးထည့်ပစ်လိုက်တာပေါ့ ...'

ဤကား မသည်းအူ၏ အဖြေပါတည်း။

ထို့နောက်၌ကား မသည်းအူ၏ လက်ကို ဆွဲ၍ ဗိုလ်ချုပ်စျေးထည်းသို့ မောင်မောင်တို့ ရောက်ဖြစ်ကြရမြဲပါတည်း။

မသည်းအူနှင့် 'ယမုနာ'မှာ ဝင်ပါ၏။ မသည်းအူနှင့် တပန်းကန်ထည်းမှာ၍ လက်ဆုံ စားပါသည်။ ဖလ်ခွက်တခွက်ထည်းမှ အချိုရည်အေးကို စက္ကူပြွန် တကိုယ်တခုနှင့် အပြိုင် အဆိုင် အနိုင်လု၍ သောက်ရသည်မှာလည်း အရသာပါတည်း။



ကုန်ခဲ့သောအပတ် သောကြာနေ့ကမူ နောက်နှစ်ရက် ဆက်၍အားသည်မို့ မသည်းအူနှင့် မောင်မောင်တို့ ရှပ်ရှင်ရုံထည်းသို့ ရောက်နေဖြစ်ခဲ့ကြပါ၏။ ရှပ်ရှင်ရုံထည်းသို့ ရောက်နေဖြစ်ကြခြင်းသာလျင် ဖြစ်ပါသည်။ ရှပ်ရှင်ကိုမူ မကြည့်ဖြစ်ခဲ့ကြပါချေ။

ထိုစဉ်အခါက မသည်းအူ၏ အလှကလည်း မောင်မောင့် စိတ်ကိုရိုင်းပြစေခဲ့သည် အမှန်ပါပင်။ မသည်းအူ၏ လက်လှသဏ္ဍာ၊ နှုတ္ထဝါကို၊ ထွေးကာ သာကြည်၊ မွှေးတော့မည်ဟု၊ ဆောက်တည်မနေ၊ နမ်းတည့်ချေသော်၊ ထူးထွေကျူး၍၊ နတ်အတွေ့ကြောင့်၊ ချမ်းမြေ့ကိုယ်လုံး၊ ပထံကုံးစိမ့်စိမ့်၊ ကြောခြင်ငြိမ့်မျှ၊ နှစ်သိမ့်မိန်းမော ရပါသည်။

ထိုအခါ ယဉ်မြိုက်နှင့်၊ လှကြေးနုလည်း၊ မလှိုလိပ်ပြာ၊ ပူဆာဝမ်းက၊ ရှက်ကြောက်လှ၍၊ သွယ်ကျမျက်ရည်၊ ငိုလှုသည်နှင့်၊ ဆိုမည် နှုတ်က၊ ဟလည်း မထွက်၊ မသက်မသာ၊ ရှုန်းရင်း ရှာလည်း၊ ပမာဂုက်သွင်၊ လွတ်မည်ထင်၍၊ ရင်ဝယ် ထွေးဖက်၊ မလွတ်ရက်ခဲ၊ စုံမက် လွန်ကဲ၊ တလဲလဲသည်၊ ဆုပ်ဆွဲဖက်ပြန် ပိုက်၏တည်း။

သာချာဖြေခဲ့သည့် နေ့ကမူ မသည်းအူ၏လက်ကိုဆွဲ၍ မောင်မောင်တို့ အိမ်သို့ပင် ရဲရဲယုံယုံ ခေါ်လာဖြစ်ခဲ့မိပါ၏။ မောင်မောင့် ညီမငယ်များနှင့်လည်း.... 'သူ့ နာမယ် က

မသည်းအူလို့ခေါ်တယ်။ ကိုကို့ မိန်းမ ...'ဟု တည်တည်ပင် ကျေညာ၍ မိတ်ဆက်ပေးဖြစ်ခဲ့ပါသည်။ မသည်းအူ ကမူ မောင်မောင့် ညီမငယ်များကို နှုတ်ဆက်ခင်မင်ဟန်ဖြင့် ပြုံး၍ နေပါ၏။ ညီမငယ်များကမူကား မမျှော်မလင့် ကြုံရကြားရ သည်မို့ထင့်၊ အံ့ဩ၍ နေကြပါသည်။

'ဟောတော့....မိမိကိုကိုတို့လုပ်လိုက်မှုဖြင့် စံချည့်ဘဲ။ ဘယ်သူ့ကိုမှလဲ ဘာမှ ပြောမထားဘဲနဲ့....'

ဤကား ညှော်ခန်းထည်းသို့ နောက်ဆုံးမှ အပြေး အလွှားဝင်လာသော မိငယ်၏ ဝေဖန်ချက် ဖြစ်ပါ၏။ မိငယ် သည် မသည်းအူကို အသေအချာကြည့်၍လည်း .. 'လှတယ် နော်၊ သည်လိုဆိုတော့လဲ မိမိကိုကိုက ဘယ်ဆိုးလို့လဲဟ....' ဟူ၍ မှတ်ချက်ချနေပြန်ပါ၏။

မိဦးတို့ မိလတ်တို့ကမူ ပြုံး၍နှုတ်ဆက်ကာ မသည်းအူ ၏ တဖက်ဘေး၌ ဝင်ထိုင်ကြပါသည်။ အလည်မ မိလတ် သည် မသည်းအူကို မြင်လျှင်မြင်ချင်း ခင်မိ ဟန် ဖြင့် မသည်းအူ၏ ခါးကိုပင် ဖက်၍ထားပါ၏။ မိငယ်၏ ကြိုးကြိုး ကျယ်ကျယ် ပြောတတ်သော အလေ့ကိုမူ မသည်းအူက သဘောကျနေပုံ ရပါသည်။

ထိုအခိုက် မောင်မောင်မျိုးတင့်က ပြေး ပြော ၍၊



မေမေပါ အိမ်သို့ ပြန်ရောက်လာပါ၏။ မေမေကလည်း.... 'ဘယ်မလဲ မောင်ငယ်ရဲ့၊ နင့်ကိုကို ယူလာတဲ့ မိန်းမ ဆိုတာက....'ဟူ၍ မေးကာ မသည်းအူကို ကြည့်ပါသည်။

'အမယ်လေး....လှလိုက်တာပါလား သားရဲ့။ သား သူက ဘယ်သူလဲဟင်၊ ဘယ်ကလဲ၊ ဘာပြုလို့ မေမေတို့ကို အစက ပြောမထားရတာလဲ။ သား သဘောကျရင် မေမေ တို့ ဘာပြောစရာ လိုမှာ မို့လို့လဲ။ သား စိတ်မချမ်းသာ အောင်များ ဘယ်တုန်းက မေမေတို့ လုပ်ခဲ့ဘူးလို့လဲလို့....'

မေမေကလည်း စကားတတ်ပါသည်။ ကြည် ဖြူ ကြောင်းကိုလည်း မမေးမီမှာပင် တပါးထည်း ဖွင့်ပြော ခဲ့ပါ၏။

'သားဖေဖေလဲ ခုဘဲ လိုက်လာလိမ့်မယ်။ ကုန်ချတုန်း တန်းလန်းနဲ့ မို့....သူ့မလဲ သား မိန်းမခိုးလာတယ် ဆိုလို့ ပျော်လွန်းလို့ ပွဲရုံတရုံလုံးကို ဆူနေတာဘဲ....'

'ပျော်တာနဲ့ ဆူတာနဲ့ ဘာဆိုင်လို့တုန်း မေမေရဲ့....'

မေမေ့စကား အမှားကို မိငယ်က ဝင်၍ထောက်နေ ပြန်ပါ၏။

'မိငယ် နင် မရှည်နဲ့၊ နင် ဘာသိလို့တုန်း။ သား မနှစ်က နွေကျောင်းပိတ်လို့ ပြန်လာတော့ သား တငိုင်ငိုင် တတွေတွေ ဖြစ်နေတာကို ကြည့်ပြီး ဟန်သာဆောင်နေရတာ။ သူ့ နည်းနည်းမှ စိတ်ချမ်းသာတာမဟုတ်ဘူး။ သား တော့ မိန်းမအတွက်နဲ့များ စိတ်ညစ်နေရသလား မသိဘူး ကွာ တဲ့။ သားကလဲ ဖွင့်မပြောတော့ မေးရခက်တယ် တဲ့။ တကယ်လို့ သူကြိုက်တာရှိရင်လဲ ဘယ်လိုက်ပြောရ ပြောရ ပြောရရင် အကောင်းသားတဲ့။ ဒါနဲ့ ကြံရာမရတော့ သား မှတ်မိမှာပေါ့၊ သမီးရှိတဲ့ သူ့မိတ်ဆွေတွေအိမ်ကို သားခေါ် ခေါ်ပြီး လည်လိုက်ရတာ အမောဘဲမဟုတ်လား။ သားကလဲ ကြည့်တောင်မှ မကြည့်ဘူးတဲ့။ ပြန်ပြောပြတယ်။

'ဟော....သည်နှစ်တော့ သားမျက်နှာ ကြည်နေ ရွှင်နေတာကိုကြည့်ပြီး သူလဲ တော်တော်ပျော်နေတာ။ ခု မောင်ငယ်လာပြောတော့....ဟော ဟုတ်မှလဲ လုပ်ကြပါဟယ်၊ ငါ အရင် လိုက်သွားရမလား၊ မင်းအရင် လိုက်သွား မလား တဲ့။ မေမေက အရင် ထွက်လာလို့ သူ ကျန်နေ ရစ်ခဲ့ရတာ။ အရေးတဲ့ အကြောင်းတဲ့ ဆိုရင် မျက်နှာလွှဲရတဲ့ မောင်ထိုက် တို့က ပွဲရုံမှာမရှိဘူး၊ ထမင်းစား ဆိုပြီး ထွက် သွားတာကိုက တနာရီလောက် ရှိပြီ။ သည်တော့ သူတော့ တာပေါ့ကွယ်....'

မေမေသည် စကားကို ပဇာ့ကြောင့် သည်မျှ မြန်မြန်



ပြောနေသည် မသိပါချေ။ မေမေ့ မျက်နှာမှာမူ လန်းလန်း ရွှင်လျက် ရှိနေခဲ့ပါ၏။ ထို့နောက် ခေတ္တနားကာ ပြုံးလာ ပြန်ပါသည်။

'မေမေ စဉ်းစားကြည့်မိတယ်၊ မေ မေ တို့ မှာ က အဦးရော၊ အနှောင်းရော၊ အလတ်ရော၊ အငယ်ရောကို စုံနေပြီ မဟုတ်လား။ သည်သမီးကို ဘယ်လို နာမယ်ပေးရ ပါမလဲလို့....'

မေမေသည် ပြောပြောဆိုဆိုပင် နှစ်နှစ်ခြိုက်ခြိုက် ရယ်ပါ၏။ ထို့နောက် သမီးများကို နာခည် နှင့် တကွ ပြောပြ၍လည်း မသည်းအူနှင့် မိတ်ဆက်ပေးပါသည်။

'သမီးနာမယ်ကခတော့ကော....'

မသည်းအူက မဖြေမီ မောင်မောင့်မျက်နှာကို လှည့်၍ ကြည့်ပါ၏။ မောင်မောင့်ကို ပြောပြစေလိုပုံ ရပါသည်။ သို့သော် မောင်မောင်က သည်တခါမူ မသည်းအူ၏ အလိုကို မဖြည့်ခဲ့ပါချေ။ မသည်းအူကိုယ်တိုင် မေမေနှင့် ပြောဆို သည်ကို မောင် မောင် ကြည့် နေ လို မိ ပါ ၏၊ ထို အ ခါ မသည်းအူကိုယ်တိုင်ပင် ဖြေရပါတော့သည်။

'ကိုကိုက မသည်းအူလို့ မှည့်ပေးထားပါတယ် '

'မသည်းအူ ဟုတ်လားသမီး၊ သားတို့ က တော့ ပေါ့ သည့်ပြင်နေရာမှာတော့ မပြောတတ်ဘူး၊ နာမယ် ပေးတဲ့နေရာမှာတော့ အဖေ့ထက်တောင် သာသွားပါပကော။ နို့ သမီးရဲ့ မူလ နာမယ်က ..'

'သမီးမှာ နာမယ် မရှိပါဘူးမေမေ။ အိမ်ကတော့ ဆိုးလို့ဆိုပြီး ဆိုးဆိုးလို့ ခေါ်တာနဲ့ ဆိုးဆိုး တွင်နေတာပါဘဲ....'

သည်နေရာမှာမူ မောင်မောင့်ရင်ဝယ် ကြည်နူးရွှင်ပြရပါ၏။ မသည်းအူက မေမေ့ကိုလည်း မေမေဟုရင်း၊ သူ့ကိုယ်သူလည်း သမီး ဟုရင်း၊ ပြောခဲ့ပါချေပြီ။ ထို့ပြင် ဂရေ့စ်ဟန်ထွန်း ဟူသော ကျောင်းနာမည်ကိုလည်း လုံးဝ ဖျောက်ဖျက်ပစ်ခဲ့ပါချေပြီ။

တခါက ထိုကျောင်းနာမည်ကို မောင်မောင် မနှစ်သက်၍ မခေါ်လိုကြောင်း ပြောခဲ့ဘူးပါ၏။ တစောင်သော စာမှာလည်း တိုင်းတပါးရိုးရာ အမည်မှည့်ခေါ်ခြင်းနှင့် ပတ်သက်၍ မောင်မောင် မနှစ်သက်ကြောင်း ရေးခဲ့ဘူးပါသည်။ ယခု မသည်းအူသည် ထို မောင်မောင် မနှစ်သက်သော အမည်ကို တစခန်းရပ်၍ တဇာတ်သိမ်းခဲ့ ပါချေပြီ။ မသည်းအူ မည်မျှ လိမ္မာပါသနည်း။ မသည်းအူ မောင်မောင့်စကားကို မည်မျှ နာယူပါသနည်း။ မသည်းအူ မောင်မောင့်ကို မည်မျှ ချစ်ကြင်ပါသနည်း။



'သမီးငယ်ငယ်က ဘယ်လောက် ဆိုးတယ်ပြောပြော မိငယ်ကိုတော့ မှီမယ် မထင်ပါဘူး။ သားရေ့ မေမေ တခုတော့ ပြောရအုံးမယ်။ ဘာဘဲဖြစ်ဖြစ် မေမေတို့မှာ တာဝန်ရှိပါတယ်။ သမီးရဲ့ မိဘကိုလဲ မေမေတို့ ကိုယ်ချင်းစာရမယ်လေ....။ သားတို့နေတာကတော့ နေပေါ့။ ဒါပေမယ့် သွားပြီးတော့ တောင်းဘို့ရမ်းဘို့ ပြောဘို့ဆိုဘို့တို့၊ မင်္ဂလာဆောင်အတွက် စီစဉ်ဘို့ တိုင်ပင်ဘို့တို့ကိုတော့ လုပ်အုံးမှဖြစ်မှာပေါ့၊ မဟုတ်လား ...'

သည်တော့လည်း တိုင်ပင်ထားသော မောင်မောင်တို့မှာ ပြုံးကြရပါ၏။ ထိုအခိုက် ဖေဖေလည်း ရောက်၍လာပါသည်။

'မဟုတ်ပါဘူး မေမေ၊ မေမေတို့ ဖေဖေတို့ကို မပြဘဲ မပြောဘဲနဲ့ မောင်မောင် ဘယ်လုပ်ပါ့မလဲ။ အခု သူ့ကို ပြတာသက်သက်ပါ။ သူ့မှာလဲ စာမေးပွဲ ဖြေရက်တန်းလန်းနဲ့ပါ။ လာမယ့် ဆယ့်လေးရက်နေ့ ကျမှ ပြီးမှာ မေမေ။ အဲသည်နေ့မှာဘဲ ရုံးမှာ လက်မှတ်ထိုး လက်ထပ်မယ်လို့ ဆုံးဖြတ်ထားကြ ပါတယ်....'

မေမေသည် အံ့ဩ၍ပင် နေပြန်ပါ၏၊ ဖေဖေကမူ....
'အေး... ဖေဖေလဲ အထင်သားဘဲ။ ရုတ်တရက် ခိုးပြေးလာတယ်ဆိုတော့ အကြောင်းတခုခုတော့ ရှိလို့ဖြစ်မှာဘဲ ဆိုပြီး စိတ်မကောင်းတောင် ဖြစ်နေရသေးတယ်။ နေပါ

အုံးကွယ် သားရဲ့ သားကိုရော သမီးက သူ့မိဘနဲ့ ခုလို တွေ့ပေးပြီးပြီလား’ ဟူ၍ အေးအေးသက်သာပြောပါသည်။

‘မနှစ် နွေကျောင်းပိတ်ရက်တုန်းက သွားတာ သူတို့ အိမ်ကိုပေါ့ ဖေဖေရဲ့။ သားသူငယ်ချင်း ကိုကို ဆိုတာက သူ့အကိုလေ....’

‘မနှစ်တုန်းက ပြောတော့ ကျောက်ဆည်ဆို....သား က မေမေတို့ကို ဘာပြုလို့ လိမ်ရတာလဲ....’

‘မလိမ်ပါဘူး မေမေရယ်။ သူတို့က ကျောက်ဆည် ကပါ။ ခုလဲ ကျောက်ဆည်မှာပါဘဲ။ သူကတော့ ရန်ကုန်မှာ ကျောင်းနေတာ မေမေရဲ့။ နေပါအုံး မေမေတို့ကို အသေ အချာ အထောက်အထားနဲ့ ပြအုံးမှ ဖြစ်မှာပါ....’

မောင်မောင် ပြောပြောဆိုဆိုပင် မောင်မောင့်အခန်း ရှိရာ အိမ်အပေါ်ထပ်သို့ တက်မည်ပြုပါ၏။ မောင်မောင့် သေတ္တာထည်း၌ အမြတ်တနိုး သိမ်းဆည်းထားသော မြဝတီ မဂ္ဂဇင်းကို ယူ၍ပြမည်ဟု မောင်မောင် ကြံရွယ်မိပါသည်။ သို့သော် လှေကားရင်းသို့ ရောက်ခါမှ သတိရ၍ မသည်းအူ ကိုပါ မောင်မောင် လှမ်းခေါ်မိပါ၏။ မောင်မောင့်အိပ်ရာ မောင်မောင့် အခန်း....စသည် စသည်တို့ကိုလည်း မောင် မောင် ပြလိုမိပါသည်။



သည်ရည်ရွယ်ချက်နှင့် နံနက် အိပ်ရာမှ အထကတည်း ကပင် မောင်မောင့် အိပ်ရာကို မောင်မောင် ကိုယ်တိုင် သိမ်း၍ ပြင်ဆင်ထားပါ၏။ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင် စသည်တို့ကိုလည်း အသစ်လဲလှယ်၍ ထားပါ သည်။ မိဦးကိုလည်း တံမြက်စည်း လှည်း၍၊ ကြမ်းတိုက် ထားရန် မှာထားခဲ့ပါ၏။ မောင်မောင့် ခေါင်းအုံးအောက် ၌လည်း မသည်းအူ၏ ဓာတ်ပုံများကို အလှယ်တကူ ဖုံး၍ ထားပါသည်။ အခါတိုင်းဆိုပါလျှင်မူ ထိုပုံများကို မကြည့် သည့်အခါ၌ သေတ္တာထည်းတွင် သော့ခတ်၍ သိမ်းထားမြဲ ဖြစ်ပါ၏။

မသည်းအူကလည်း မောင်မောင့်နောက်သို့ လိုက်၍ လာပါသည်။ မသည်းအူ၏ လက်ကို အမျှားမျက်မှောက်မှာ လှမ်း၍ ဆွဲတော့လည်း မသည်းအူက ရှက်သည်ထင့်။ ‘အို ကွယ်...’ဟု ဆိုကာ ရုန်းပါသည်။

သို့နှင့် မောင်မောင့် အခန်းထည်းသို့ ရောက်ခဲ့ကြ ပါ၏။ မသည်းအူကမူ အရပ်လေးမျက်နှာသို့ လှည့်ကာ မော့၍ငုံ၍ ငုံ့၍ငုံ၍ မျက်စေ့ဝေ့လည် ကြည့်ပါသည်။ ထိုအခိုက် မောင်မောင့် အခန်းတံခါးကို မောင်မောင် မသိ မသာ ပိတ်ထားလိုက်ပါ၏။ အပေါ်ထပ်တွင်မူ တယောက် မျှ မရှိပါချေ။

မောင်မောင်ကမူ မသည်းအူကိုသာ ကြည့်နေမိပါ၏။ နတ်ပြည်မိုးသူဇာ၊ ပျံကျလာသို့၊ ရွှေသာတင့်စနိုး၊ လုခေါင်မိုးလျှင်၊ ပြစ်မျိုးမှည့်မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို၊ ညတွင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်....ဆိုသည့်နှယ်ပါတည်း။

ထိုအခါ မောင်မောင့်စိတ်ကို မောင်မောင် ချုပ်တီးနှ၍ မရနိုင်တော့ပါချေ။ မသည်းအူ၏ လည်တိုင်ကြော့ကြော့ကိုရှင်း၊ ပါးဖြူနုအစုံကိုရှင်း၊ ဣန္ဒနီလာ နှုတ်ခမ်းလွှာတို့ကိုရှင်း မောင်မောင် အားကုန်ခန်းမျှ နမ်းခဲ့ရမိပါ၏။

မပျက်သစ္စာ၊ မြတ်နိုးစွာဖြင့်၊ ကြင်နာစုံမက်၊ ပြေးတည့်ဖက်လျှင်၊ အဆက်များစွာ၊ သံသရာက၊ ကြမ္မာပုညာ၊ ကံဆုံကြ၍၊ ချစ် ရ တော့ မည်၊ တည် ကြည် စောင့် ရုပ်၊ မချုပ်နိုင်ပါ၊ မေတ္တာမိုးမျှ၊ မြေမကာ၍၊ ဘဝကိုတည်၊ နှင်းအပ်မည်ဟု၊ ပြေ ဆည် လှမ်း ကြို၊ ဆော လျှင် ဆို ၍၊ မွှေးချိုဘယ်ညာ၊ ပါးနုဝါကို၊ သက်ပါလုယူး၊ ရှုပ်ရှူကျူး၍၊ မူးမျှမိုက်မိုက်၊ ပန်းတော်ဟိုက်ခဲ့....။

သည်တော့လည်း စင်ဖြူအင်ကြန်၊ လှတဟာန်မှာ၊ ပူပန်တတ်စွာ၊ စိုးရွံ့လှာ၍၊ လွှတ်ပါဦးရှင်၊ မယ့်သခင်ဟု၊ ပြော ချင် ပါ လျက်၊ မပြောရက်၍။ မျက်နှာလွှဲသွေ၊ ခတ်တိမ်းနေ၏။ မသည်းအူက မောင်မောင့်ကို မကြည့်တော့မူ၍ နေပါသည်။



'ကိုကိုက တော်တော်ဆိုးတာပါကလား။ အခုဘယ့်နှယ်လုပ် အပြင် ထွက်ရတော့မလဲ....'

မသည်းအူ၏ မျက်စေ့အိမ်ထည်းမှာလည်း မျက်ရည်များ ဥ၍လာပါသည်။

'သည့်အတိုင်း ခြေထောက်နဲ့ လှမ်းထွက်လိုက်ရုံဘဲပေါ့၊ ဘာခက်တာမှတ်လို့ဘဲ....'

'ဟုတ်တယ်၊ ထွက်ရမယ်....မျက်နှာမှာလဲ ပျက်ကုန်ပြီ၊ ဆံပင်တွေလဲ ပွကုန်ပြီ၊ ကြည့်ပါလား၊ သည်အတိုင်းသာ ဆင်းသွားရင် အောက်ကလူတွေက ဘယ်လိုထင်မလဲလို့....။ ပြီးတော့ သည်မလဲ ကြည့်စမ်းပါအုံး....'

မသည်းအူသည် ပြောပြောဆိုဆိုနှင့် သူ့လက်ကိုင်ပုဝါကို ထုတ်၍လည်း မောင်မောင့် နှုတ်ခမ်းများကို သုတ်ပေးပြန်ပါ၏။ နှုတ်ခမ်းဆိုးဆေးများ ပေလာသော လက်ကိုင်ပုဝါကိုပြ၍လည်း ပြုံးရယ်ပြန်ပါသည်။

သည်တော့လည်း မနေသာတော့၍ မသည်းအူကို အခန်းထည်း၌ ခဏထားပစ်ခဲ့ကာ၊ မောင်မောင် ထွက်လာရပါ၏။ ညီမငယ်များ၏ အခန်းထည်းသို့ ဝင်၍လည်း သူတို့၏အလှပြင်ပစ္စည်းများကို နိုးခဲ့ရပါသည်။

နှုတ်ခမ်းဆိုးဆေးကို ကြည့်၍မှ မသည်းအူက.... 'ဒါဘယ်သူ့ဟာလဲဟင်'....ဟု မေးပါ၏။

'မိငယ်ကို ကိုမျိုးညွန့် ကျောင်းဖွင့်စက ပေးထားခဲ့ရတယ် ဆိုတာပေါ့။ မသည်းအူ သိပါတယ်လေ....ကိုမျိုးညွန့်တောင် စာထဲမှာ သည်နှုတ်ခမ်းဆိုးဆေးအကြောင်း တခါ ရေးဘူးသေးတယ် မဟုတ်လား....'

သည်တွင် မသည်းအူက ပြုံးပါသည်။

'သည်လိုဆိုတော့လဲ ကိုကိုက ဘယ်ဆိုးလို့တုန်း....'

နှုတ်ခမ်းဆိုးဆေးကို သည့်အတိုင်း ကိုင်မဆိုးမူ၍၊ လက်သန်းကလေးဖြင့်တဆင့်ယူကာ ဆိုးမည်ပြုရင်း မသည်းအူက မှတ်ချက်ချနေပြန်ပါ၏။ မောင်မောင်ကမူ မသည်းအူ ပြင်ဆင်နေသည်ကိုသာ ငေး၍ ကြည့်နေမိပါသည်။

'ဘာပြုလို့တုန်း မသည်းအူ....'

'မသည်းအူ အကြိုက်ဆုံးနဲ့ တူနေလို့ ပြောတာပါ၊ အရောင်ရော....အမျိုးရော...'

'အိုး ဒါများအဆန်းလား မသည်းအူရယ်၊ ကိုယ့်မိန်းမ ဘာကြိုက်တတ်တယ်၊ ဘာနဲ့လိုက်မယ် ဆိုတာမျှ မသိရင်လဲ ခက်ကုန်ရောပေါ့....'



'ကိုကိုနော် ကိုကို...'

'နော့ မဟုတ်ဘူးလားလို့....'

'ဘာဟုတ်ရမှာလဲ....လူကိုက....'

'ကဲပါမိန်းမရာ....မင်းတို့အလှပြင်တာ ဆင်တာကလဲ သိပ်ကြာတာပါဘဲလားဟာ။ ထမင်းလေးဘာလေးလဲ ပြင်စမ်းပါအုံး။ ရုံးမှာ ဘာမှမစားခဲ့ရတော့ ဆာလှပြီ....'

သည်တော့လည်း မသည်းအူက မောင်မောင့်ကို ထုပါသည်။ မောင်မောင်က စသည်မို့လည်း မသည်းအူ ပြုံးရယ်ရပါသည်။

မောင်မောင့် မျက်စေ့ထည်းတွင်မူ ဤမသည်းအူ၏ လန်းလန်းပျော်သော အပြုံးရွှင်ရွှင်ကို ယနေ့ထက်တိုင်ပင် မြင်နေယောင်မိပါ၏။ မသည်းအူသည် မောင်မောင့်ကို မောင်မောင်က ချစ်သကဲ့သို့ပင် ချစ်ပါသည်။ မသည်းအူသည် မောင်မောင်နှင့် ရွှေလည်တွဲ၍ ချစ်ပွဲဝင်နေရသည် ဆိုလျှင် လောကကိုပင် မေ့နေတတ်ပါ၏။ မသည်းအူ၏ နိဗ္ဗာန်ကား မောင်မောင့်ရင်ခွင်သာပါတည်း။

ယနေ့သည် မတ်လ(၁၄)ရက်၊ သောကြာနေ့ပါတည်း။

သည်နေ့အတွက် မောင်မောင့်ဘက်မှမူ အစခပ်သိမ်း ပြင်ဆင်၍ထားပါ၏။ ပဌမဆုံး ရုံးသို့ ဦးတည်ရပါမည်။ ထို့နောက် စမ်းချောင်းထည်းမှ မောင်မောင့်ငယ်သူငယ်ချင်း ခင်မောင်ထွေးတို့အိမ်သို့ ပြေးရပါမည်။ ထိုအိမ်မှာ လုံလည်း လုံခြုံသည်။ စကားပြောကြေးနန်း သွယ်ထားသည်မို့လည်း မောင်မောင့်အိမ်နှင့်ရင်း၊ ကျောက်ဆည်နှင့်ရင်း အခါခပ်သိမ်း စကားပြောလိုက ပြောနိုင်သည်။ တစုံတရာ အရေးအကြောင်း ပေါ်လာပြီဆိုလျှင်လည်း ထွက်ပြေးနိုင်သော ကားနှစ်စင်း ရှိသည်။ တစင်းမှာ ကုန်တင် ( van ) ဖြစ်၍၊ နောက်ပိုင်းထည်း၌ ဝင်ထိုင်နေလျှင် မည်သူမျှ မမြင်နိုင်ပါချေ။ ထို့ပြင် ဤအိမ်၏ အိမ်ထောင်ဦးစီးမှာလည်း ခင်မောင်ထွေးသာလျှင် ဖြစ်ပါချေ၏။

ယခု မသည်းအူ စာပြေခန်းထည်းမှ ထွက်အလာကို စောင့်နေရာတွင်လည်း ခင်မောင်ထွေး၏ ကားနှင့်သာ ဖြစ်ပါသည်။ ခင်မောင်ထွေး ကိုယ်တိုင်လည်း ပါလာခဲ့ပါ၏။ မသည်းအူ အဖေါ်ရစိမ့်သောငှာလည်း ခင်မောင်ထွေး၏ ဇနီး မမစိမ်းကိုပါ ခေါ်လာခဲ့ပါသည်။ အခြား ကားတစင်းဖြင့်လည်း ဗိုလ်တထောင်မှ ငယ်သူငယ်ချင်း မြတ်သူခေါင်းဆောင်သော အပေါင်းအသင်းများက အစောင့်အဖြစ်ဖြင့် အကူအညီလိုက်၍လာပါ၏။ အကယ်တန္တု၊



မသည်းအူတို့မေမေက မသည်းအူ၏ စာပြေခန်းသို့တိုင် လာရောက်ကြိုဆိုခဲ့သော်.... မောင်မောင်တို့အနေနှင့် အလုအယက် ဆွဲတန်ကောင်း ဆွဲရပါလိမ့်မည်။ ကျောင်းသားကျောင်းသူအုပ်ထည်းမှာမို့လည်း တတ်နိုင်သမျှ သိမ်သိမ်မွေ့မွေ့ သေသေသပ်သပ် ချဉ်းကပ်ဆောင်ကြည်း ရပါမည်။

သမုဒ္ဒရာရေသည် ယုန်ခြေတယောက် သို့တိုင် ခြောက်ခန်းမည်ဆိုလျှင်လည်း ခြောက်ခန်းနိုင်တန်ရာပါ၏။ မသည်းအူတို့၏ မိဘဖက်ကမူ သည်အကြံအစည်ကို စိုးစဉ်းမျှ လိုက်လျောကြည့်ဖွယ်ရာ လမ်းမရှိပါချေ။ မသည်းအူ သည်ရင်း၊ မောင်မောင်သည်ရင်း မသည်းအူတို့မိဘ၏ အစီအစဉ်ကို သိခဲ့ရပြီး ဖြစ်ပါ၏။ ထို့ပြင် သည်နှစ်မှာ ကိုကျော်စိုးကလည်း ဘွဲ့ရပါတော့မည်။ မသည်းအူ၏အတွက် ကမူ အောင်သည် ကျသည်မှာ သူတို့အဖို့ အကြောင်းမမည်တန်ရာပါချေ။ ထို့ကြောင့် သည်နွေ ကျောင်းပိတ်ရက်မှာ မသည်းအူ၏အနာဂတ်အတွက် အန္တရာယ်ရှိသည် ဟု မောင်မောင်တို့ တွေးခဲ့မိပါသည်။

ထို့ကြောင့်လည်း သည်နှယ် ကြံစည်ခဲ့ရခြင်းသာလျှင် ဖြစ်ပါ၏။ အမှန်ကိုဆိုရလျှင် မောင်မောင်လည်း သည်နှယ် ဂူခြေမဲ့ သိက္ခာမဲ့ ထွက်ပြေးတိမ်းကွယ်၍ မနေလိုပါချေ။ သို့သော် မတတ်သာတော့။ သည်နည်းမှ တပါး

လည်း အခြားနည်း မရှိတော့ပါပြီ။ မသည်းအူ ကိုယ်တိုင်ကလည်း ဤသို့ပင် ယုံကြည်ခဲ့ပါ၏။

'မမလေးကို ခိုးမယ်လို့၊ လူဆိုးတွေနဲ့ မောင်တိုင်ပင်'ခဲ့ရသော ညများ၏ အကြောင်းကိုမူ ယနေ့ထက်တိုင်ပင် မောင်မောင် တရေးရေး မြင်ယောင်နေမိရပါ၏။ သူငယ်ချင်း အပေါင်းအသင်း တို့ကလည်း သည်သို့သော စွန့်စားခန်းမှာ သက်စွန့်ကြိုးပမ်း တာဝန်ကို ထမ်းရွက်ကြမည်ဟု ကတိပြုခဲ့ကြပါသည်။ အထူးသဖြင့်မူ သူငယ်ချင်းများအနက် တဦးထည်းသော အိမ်ထောင်သည်၊ တဦးထည်းသော အတွေ့အကြုံရှိသူ (ဦး)ခင်မောင်ထွေးက မောင်မောင့် အရေးတွင် အချုပ်အချာ အခါပေးပါတည်း။

မောင်မောင်က လမ်း၏တဖက်စကြံမှ ရပ်၍ ကိုယ်ရောင်ပြရသည်။ မြတ်သူတို့ အုပ်စုက မသည်းအူ ထွက်လာမည့် လမ်းတလျှောက်မှာ လုံခြုံရေး လက်နက်ကိုင်များနှယ် ရပ်၍ရပ်၍ စောင့်နေကြပါ၏။ ခင်မောင်ထွေးက မသည်းအူကို ကြိုဆိုရပါမည်။ ခင်မောင်ထွေး၏ဇနီးက မသည်းအူကို လက်တွဲ၍ ထားရပါမည်။ မောင်မောင်က မသည်းအူ ခင်မောင်ထွေးတို့နှင့် ဆုံမိသည်နှင့်တပြိုင်နက် ကားထည်းသို့ ပြန်ဝင်၍ ဂူနွေမပျက် ထိုင်နေရပါမည်။ အထည်းမှ နေ၍ တံခါးကို ဖွင့်ပေးရပါမည်။ မောင်းသူသည် အသင့်စက်ကို နှိုးထား၍၊ မသည်းအူ ရောက်သည်နှင့်တပြိုင်နက် စက္ကူ



ရပါမည်။ ရှုံးသို့ တည့်တည့်မတ်မတ် မမောင်းမူ၍ တမိုင်နှစ်မိုင်မျှ ကွေ့ကောက်ဝင်ထွက် မောင်းနှင်နေရပါဦးမည်။

သို့သော် ရန်သူ ဆုတ်ခွါထားနှင့်ပြီဖြစ်သော မြို့ကို ဝင်ရောက်တိုက်ခိုက်၍ သိမ်းပိုက်ရသကဲ့သို့ မောင်မောင်တို့၏ လုံ့လတို့မှာလည်း ရယ်မောစရာအဖြစ်ဖြင့်သာ နိဂုံး ချုပ်ခဲ့ရပါ၏။ ဘည်းအထည်းမှာ ကတုန်ကရင်နှင့် သွေးပျက်၍ နေသူကမူ မမစိမ်းပါတည်း။

မမစိမ်းသည် အသွားအလာကို မကြည့်တော့မူ၍ လမ်းကို ဖြတ်ကူးခဲ့ပါ၏၊ ကိုယ်ပိုင်ကားတစင်းကလည်း အပြေး မောင်းနှင်၍ လာနေပါချေသည်။ သည်တွင် မသည်းအူက သူ့လက်ကို တအားဆောင့်၍ နောက်သို့ ဆွဲခဲ့ရပါ၏။ ကားကလည်း တိုက်မိပြီအထင်နှင့် ဘရိတ်ကို တအားကုန် နင်း၍ ဖမ်းပါသည်။ ဘီးနှင့် တာလမ်းတို့ ပွတ်တိုက်သံမှာ ပတ်ဝန်းကျင်ဝယ် လွှမ်း၍ သွားပါ၏။ လူအများ၏ မျက်စေ့များက မသည်းအူတို့ထံ ရောက်လာကြပါသည်။

မမစိမ်းသည် အိမ်သို့ ပြန်ရောက်ခဲ့သည့်တိုင် တုန်ဆဲ တုန်လျက် တုန်နေပါချေ၏။ ဤသည်ကို အများက အကောင်းဆုံး ဟာသ အဖြစ်ဖြင့် ပြောဆို ရယ်မောကြပါသည်။

အမှန်စင်စစ်၊ မောင်မောင့် နှလုံးအိမ်မှာလည်း အပြင်းအထန် ခုန်ခဲ့ရပါသည်။ ရုံးတွင် လက်မှတ်မရေးမီက ဆိုပါမူ မောင်မောင့် လက်များမှာလည်း မသိမသာ တုန်ရ လျက်ရှိပါ၏။

ပသို့ဆိုစေ၊ အောင်ပွဲ တပွဲကိုမူကား ဆင်နွှဲနိုင်ခဲ့ ပါပြီတည်း။

ညနေတွင်မူ သည်အိမ်မှပင် မှာ၍ ပျော်ကြပါးကြ စားသောက်ကြပါ၏။ မောင်မောင့်အိမ်က သည်ကိစ္စအတွက် မောင်မောင့်ကို ငွေတထောင်တိတိ ထုတ်ပေးခဲ့ပါသည်။ ထို့ကြောင့် သည်ညနေ သည်လူစု၏ အပျော်စားပွဲမှာ မောင်မောင်နှင့် မသည်းအူတို့အတွက် ပဌာမ မင်္ဂလာပွဲ ပါတည်း။

စင်စစ် မောင်မောင်တို့ မသည်းအူတို့ သည်နှယ် အခြား တပါးသော အိမ်တအိမ်၌ လာနေကြရသည့် အကြောင်းရင်းကို ဖေဖေတို့မေမေတို့ကလည်း နားလည်ကြ ပါ၏။ မောင်မောင်တို့ မသည်းအူတို့က မသည်းအူ့မိဘ၏ အစီအစဉ်ကိုရင်း၊ မသည်းအူ့မိဘ၏ အကြောင်းကိုရင်း၊ ခရေစေ့တွင်းကျ ရှင်းပြထားခဲ့ပြီး ဖြစ်ပါသည်။

အကယ်တန္တု၊ မသည်းအူ၏မိဘက မောင်မောင့်



မိဘများထံသို့ လာရောက်၍ တိုင်ပင်ပြီ ဆိုပါတော့။ သား ရေး သမီးရေးကို ဆွေးနွေးပြီ ဆိုပါတော့။ ကာရန်သင့် အဆင်ပြေပုံပေါ်လျှင် မောင်မောင့်မိဘများက သတင်းစာ မှနေ၍ ကြော်ငြာရပါမည်။ မသည်းအူ့မိဘများကလည်း သတင်းစာမှနေ၍ ကြော်ငြာကာ ခေါ်ရပါမည်။ မောင် မောင်တို့ မသည်းအူတို့က ထိုသတင်းစာပါ ကြော်ငြာများ ကို တွေ့သောအခါ ပုန်းနေ တိမ်းနေရာမှ ထွက်လာကြ ပါမည်။

အကယ်တန္တု၊ တလခွဲ နှစ်လ တန်သည် အထိ မသည်းအူ၏မိဘများက မောင်မောင့်မိဘများထံသို့ မလာ ရောက်မူ၍ နေပြီဆိုပါတော့၊ သို့တည်းမဟုတ်၊ မသည်းအူ ၏ မိဘက မသည်းအူကို သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကျေညာပြီ ဆိုပါတော့။ မောင်မောင့်မိဘက မသည်းအူ့ မိဘထံသို့ ချဉ်းကပ်ရပါမည်။ တောင်းပန် ပြောဆိုရပါမည်။ မေတ္တာရပ်ခံရပါမည်။ နှစ်ဦးနှစ်ဖက် လက်တွဲ၍ ထွက်ပြေး နေသူများကို ရှာဖွေရန် တိုင်ပင်ရပါမည်။

အမှန်စင်စစ်၊ မောင်မောင့်အိမ်ကလည်း မောင် မောင် သည်နှယ် ရန်ကုန် တနေရာတွင်ပင် ရှိနေသည်ကိုမူ မသိပါချေ။ ပြည်ဘက်သို့ ထွက်ပြေးခိုနားနေမည်....ဟုသာ လျှင် ပြောထားခဲ့၍၊ ထိုသို့သာ နားလည်နေပါ၏။

ပသ္သိုဆိုစေ၊ မောင်မောင်နှင့် မသည်းအူတို့ အဖို့မူ သတင်းစာများကိုသာ ရင်တမမနှင့် ကြည့်နေရပါမည်။ မသည်းအူတို့၏မိဘကမူ မူချ အပူတပြင်း လိုက်လံ ရှာဖွေနေပါလိမ့်မည်။ အထူးသဖြင့် မသည်းအူ၏ ဖေဖေသည် ရဲအရာရှိကြီးတယောက် ဖြစ်၍၊ ရန်ကုန်ရဲတို့ကလည်း မုချ တာဝန်ကျေပွန်ကြပါလိမ့်မည်။ ထိုအခါ မောင်မောင့်ရင်မှာမူ ခုန်လာရပြန်ပါ၏။ မသည်းအူလည်း မောင်မောင့် နှယ်ပင် ပူပန်နေရလိမ့်မည် ထင်ပါသည်။

သူများတကာ ပျော်ကြပါးကြ စားကြသောက်ကြသည်ကို ကြည့်လျက်၊ ကိုယ်ပါ သူတို့နှယ် မပျော်နိုင် မပါးနိုင် မစားနိုင် မသောက်နိုင် ဖြစ်ရသည့်အတွက်မူ မောင်မောင် အားနာမိပါ၏။ မောင်မောင့် စိတ်မှာမူ အလိုအလျောက် ကြောက်လည်း ကြောက်နေမိပါသည်။

ယခုနေဆိုလျှင် အချိန်တန်လျက်နှင့် ပြန်မရောက်လာသောကြောင့် မသည်းအူတို့၏ကျောင်းကမူ ပူပန်ကြရော့မည်။ မသည်းအူ၏မေမေက ညနေ သုံးနာရီခန့်မှာ ကျောင်းသို့ လာ ခေါ် မည် ဟု ချိန်း ထား သော ကြောင့် မသည်းအူ၏မေမေကိုယ်တိုင်လည်း သည်အကြောင်းကို သိရော့မည်။ ထိုအခါ ရဲသို့ သူတို့ တိုင်ကြမည်။ ရဲယာဉ်များကလည်း မသည်းအူ၏ပုံများကို ကိုင်ဆောင်လျက် မြို့အနှံ့ ရှာကြဖွေကြ စုံစမ်းကြရော့မည်။



တရားသူကြီးရုံးများသို့ လှမ်း၍ စုံစမ်းပြီ ဆိုလျှင်တော့ သည်ကိစ္စမှာ ပြီးပါသည်။ မသည်းအူက မသည်းအူဟု အမည်ပြောင်းထားခဲ့သော်လည်း၊ မောင်မောင့် အမည်က ရှိနေသည်။ ထို့ပြင် မသည်းအူက သေတ္တာထည်းတွင် မောင်မောင့်စာ အချို့ ကျန်ရစ်ခဲ့သည်ဟု ဆိုပြန်ပါသည်။ သည်တော့လည်း ရုံးမှာ လက်မှတ်ထိုးထားသော မသည်းအူဆိုသူမှာ မည်သူသာဖြစ်ကြောင်း စဉ်းစားနေစရာ မလိုတော့ပါချေ။

သို့သော် အံ့ဩဘွယ်ကောင်းသည်မှာ နောက်တနေ့ သတင်းစာများတွင် ပါလာသည့် သတင်းသာ ဖြစ်ပါ၏။ တစောင်သောသတင်းစာကမူ....'ခရိုင်ရဲဝန်၏သမီးကို ပြန်ပေးဆွဲခြင်း....'ဟူ၍ပင် ခေါင်းတပ်၍ ထားပါသည်။ သတင်းပေးသူက မည်သို့ ပေးသည်တော့ မသိ။ မောင်မောင်သည် ရာဇဝတ်မှုကို ကျူးလွန်ခဲ့သော လူဆိုးတယောက် ဖြစ်လာရပါသည်။ သက်ဆိုင်ရာဌာနမှာ အမှုဖွင့်၍ ထားသည်ဟု တွေ့ရသောကြောင့်လည်း မောင်မောင်သည် တရားခံဘဝသို့ ရောက်နေရပါ၏။

မသည်းအူကမူ သတင်းစာများကို ဖတ်၍ ငိုပါသည်။ ဤသတင်းကိုတုံ့ပြန်သည့်အနေနှင့်'လက်ထပ်ပြီးစီးကြောင်း' ကြော်ငြာကို သတင်းစာများတွင် ထည့်ရန် လိုအပ်လိမ့်မည်ဟူ၍လည်း မသည်းအူက အဆိုပြုပါ၏။ မသည်းအူ၏အဆိုကို

မောင်မောင်လည်း နှစ်ခြိုက်မိပါသည်။ ထို့ကြောင့် လက်ထပ်စာချုပ်ကို ယူ၍ သတင်းစာတိုက်များသို့ ခင်မောင်ထွေး သွားရောက်ခဲ့ပါ၏။

မောင်မောင်တို့ အဖိုမှာမူ အိမ်ထည်းမှ အိမ့်ပြင်သို့ပင် မထွက်ဝံ့ပါချေ။ အိမ်ရှေ့ပြတင်းများကိုလည်း မဖွင့်မူ၍ အစဉ် ပိတ်ထားရပါ၏။

စင် စစ် သော် မောင် မောင်တို့ မ သည်း အူ တို့ က အကြောက်ပိုနေကြခြင်းသာလျှင် ဖြစ်ပါသည်။ ရန်ကုန်သည် ကျယ်ဝန်းလှပါ၏။ ရှုပ်ထွေးလှပါသည်။ မောင်မောင်တို့ကို မည်သို့သောနည်းနှင့်မျှ မတွေ့နိုင်ပါချေ။

ထို့ကြောင့်လည်း မသည်းအူတို့၏မိဘက သည်းနှယ် အမှုဆင်ခဲ့ခြင်း ဖြစ်ပုံရပါ၏။

ပသို့ဆိုစေ၊ မသည်းအူက မောင်မောင့်ကို နှစ်သိမ့်၍၊ မောင်မောင်က မသည်းအူကို နှစ်သိမ့်ရပါသည်။ သည်အိမ်၌ သည်နှယ်နေ၍၊ တလခွဲ နှစ်လခန့်ကြာမှ မောင်မောင့်အိမ်သို့ မောင်မောင် လှမ်း၍ စကားပြောပါမည်။ မောင်မောင့် အိမ်ကလည်း ထိုအခါကျမှ မသည်းအူ၏ မိဘများထံသို့ ချဉ်းကပ်ပါလိမ့်မည်။ ထိုအခါ မသည်းအူ၏မိဘ



များက ကန့်ကွက် ငြင်းဆန်နိုင်ပါဦးမည်လော။ ကန့်ကွက် ငြင်းဆန်ဝံ့ပါဦးမည်လော၊

ထို တလခွဲ နှစ်လခန့်ကြာသောအခါ ·အောင်စာရင်းများကလည်း ထွက်လာကြရော့မည် ထင်ပါ၏။ မောင်မောင်တို့ သိပ္ပံမှလည်း မောင်မောင့်အိမ်သို့ မုချ လှမ်း၍အကြောင်းကြားမည်သာ ဖြစ်ပါသည်။ ထိုအခါ မောင်မောင် မန္တလေးသို့ ပဌမ ရောက်ရပါမည်။ ထို့နောက် ပေးအပ်သော တာဝန်ကို တနေရာရာ တမြို့မြို့တွင် ထမ်းဆောင်ရပါမည်။

ထိုနေရာတွင် မသည်းအူနှင့် ဘဝသစ်ကို တည်ဆောက်ရပါမည်။ အနာဂတ်တွင် တွေ့ရအံ့သော အခက်အခဲ ဟူသမျှကိုလည်း လက်တွဲ၍ ရင်ဆိုင် ဖြေရှင်းရပါမည်။ စည်းစိမ်ဆိုလျှင်လည်း လည်ချင်းယှက်၍ စံစား မွေ့လျော်ရပါမည်။

ထို့ကြောင့် ကိုယ့်စိတ်ကိုယ်လည်း ဖြေသိမ့်မိပါ၏။ မသည်းအူ၏ သစ္စာကိုလည်း မောင်မောင် အကြွင်းမဲ့ယုံကြည်ထားပါသည်။

မောင်မောင်နှင့် မသည်းအူတို့၏ မေတ္တာသည် တယောက်နှင့်တယောက် ဘဝပေး၍ ချစ်ကြသည်မို့လည်း မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ ရှိနေသည်သာပါတည်း။

PDF CREATOR - NYEYADHAMMA@@GMAIL.COM



သို့သော် မမျှော်လင့်သောကာလမှာ မမျှော်လင့်ကြော်ငြာကို မောင်မောင်တို့တွေ့ကြရပါ၏။ ရှစ်ရက်မြောက်သောနေ့မှာပင်....'မောင်မောင်မျိုးညွန့်နှင့် မသည်းအူ။အစစအရာရာ တွေ့ဆုံတိုင်ပင်၍ ပြေလည်ပါပြီ။ ရန်ကုန်သို့ အမြန်ပြန်လာပါ....'ဟူသော ကြော်ငြာကို သတင်းစာများတွင်တွေ့ကြရပါသည်။ ကြော်ငြာ၏အောက်၌မူ 'နှစ်ဖက်မိဘများ' ဟူ၍ ရေးသားထားပါ၏။

သည့်ရက်မျှနှင့် သည်သို့ ပြေပြေလည်လည် ဖြစ်လာသည်ဟု ဆိုပြန်တော့လည်း မောင်မောင်တို့ ဝမ်းမြောက်ရပါသည်။ သတင်းစာကို အိပ်ရာမှအထ တွေ့လျှင်တွေ့ချင်း မောင်မောင်တို့၏ အလုပ်မှာ ကြော်ငြာကိုသာ ကြည့်ရမြဲဖြစ်ပါ၏။ ယခုလည်း အိပ်ရာမှ ထသည်နှင့်တပြိုင်နက်သတင်းစာကို ကောက်၍ ကြော်ငြာ စာမျက်နှာ များကို မောင်မောင် လျှောက်ကြည့်မိပါသည်၊ သည်ကြော်ငြာကိုတွေ့ရသည်နှင့်တပြိုင်နက် အမှန်ပင် မောင်မောင် ထခုန်ဖြစ်ခဲ့မိပါ၏။ မသည်းအူ ဆံပင်ပြင်၍ ကျန်ရစ်ရာ အိပ်ခန်းထည်းသို့ ပြေး၍လည်း၊ ဝမ်းသာအားရ ပြဖြစ်မိပါသည်။

ပဌမသော် မသည်းအူကလည်း ပြုံး၍ ပျော်လာခဲ့ပါ၏။ မောင်မောင့်ကိုလည်း ဝမ်းသာအားရ နမ်းပါသည်။ မောင်မောင်ကလည်း မသည်းအူကို တအား ဖက်ပွေ့၍ လှည့်ပတ်မွှေ့ရမ်း မိပါ၏။



'နေပါအုံး မောင်ရယ်၊ မသည်းအူတော့ သိပ်မယုံချင်ဘူး....'

မသည်းအူက မသည်းအူ၏ သံသယကို တင်ပြခဲ့ပါသည်။ မသည်းအူက မသည်းအူ့ ဖေဖေ၏ ပရိယာယ် များတတ်ပုံကိုလည်း ပြောပြခဲ့ပါ၏။ အကြမ်းနှင့် မရ အနု၊ အနုနှင့်မရ အကြမ်း၊ အဖက်ဖက်က လှည့်၍ စမ်းကြည့်တတ်ကြောင်းကိုလည်း ရှင်းပြခဲ့ပါသည်။

ထိုအခါ မိုးမမြင် မြေမမြင် ပျော်ခဲ့ရှင်ခဲ့ ဝမ်းမြောက်ခဲ့ရသော စိတ်သည် ရုတ်ခြည်း ပျက်ပြယ်ညှိုးနွမ်းလာခဲ့ရပါ၏။ မသည်းအူ တွေငေး၍ အဝေးသို့ မြော်ကြည့်နေသကဲ့သို့ပင်၊ မောင်မောင်လည်း ငိုင်၍မှိုင်၍သာ နေခဲ့မိပါသည်။

ပသို့ဆိုစေ၊ မောင်မောင်တို့ အနေနှင့် တစုံတခု ပြုရပါတော့မည်။ မည်သို့ ပြုရပါမည်နည်း။ ဖေဖေတို့ မေမေတို့ထံ မောင်မောင် ပြန်၍ တွေ့ရပါမည်လော။ သည်ကနေ၍ပင် စကားပြောကြည့်ရပါမည်လော

မသည်းအူကိုမူ တပါတည်း ခေါ်သွား၍ ဖြစ်မည်မထင်မိပါချေ။

သို့သော် မသည်းအူက မောင်မောင်တယောက်

PDF CREATOR - NYEYADHAMMA@@GMAIL.COM

လည်း မောင်မောင့်မိဘထံ ပြန်ရေးကိုပင် ကန့်ကွက်ခဲ့ပါသည်။ အိမ်သို့ အဝင်မှာသော်ရှင်း၊ ပြန်အထွက်မှာသော်ရှင်း မောင်မောင့်ကို ဖမ်းထားလိမ့်မည်ဟု မသည်းအူ ယူဆနေပါ၏။ ထို့ကြောင့် သည်အိမ်က နေ၍ပင် စကားပြောကြည့်ရပါမည်။

ဖေဖေနှင့်ပင် မောင်မောင် ပြောခဲ့ရပါ၏။ 'သားတို့နေကောင်းကြတယ်နော်....'ဖြင့် ဖေဖေက အစပြုပါသည်။

'မသည်းအူရဲ့ မိဘများ မနေ့က ရောက်လာကြတယ်ကွယ့်။ အဖေလုပ်တဲ့လူကတော့ မနေ့ကမှ ကျောက်ဆည်က ရောက်လာတယ်တဲ့။ ရောက် ရောက်ချင်း အကျိုးအကြောင်း တိုင်ပင်ပြီး ဖေဖေတို့ အိမ်ကို လာကြတာဆိုဘဲ....

'သားတို့ ပြောတဲ့အတိုင်းပါဘဲ။ သူတို့မှာ စီစဉ်ရထားပြီး ဖြစ်လို့ မျက်နှာပျက်ရတဲ့ အကြောင်းက စပြောတယ်။ မိဘမျက်နှာကို သည်လို အိုးမဲသုတ်ရပါ့မလား ဆိုပြီး ရုတ်တရက်ဆိုတော့ ဒေါသလဲ ထွက်မိသတဲ့။ ဒါလဲ ဟုတ်မှာပါဘဲ၊ ဖေဖေတို့ ကိုယ်ချင်းစာပါတယ်...'

ဖေဖေသည် ဖေဖေ့မှတ်ချက်များကိုပင် ထည့်၍ ပြောနေပြန်ပါ၏။



'နောက်တော့ကာ တယောက်ထဲကလဲ တယောက်ထဲသမီးဆိုတော့ တာရှည် မမုန်းနိုင် မမျက်နိုင်ပါဘူးတဲ့။ ပြီးတော့လဲ အထူးသဖြင့် သားနဲ့ဆိုတော့ ဘာမှ သဘောမတူနိုင်စရာ မရှိပါဘူးတဲ့။ သားကိုလဲ မေးတယ်။ သားရဲ့ ကျောင်းကိစ္စက ပြီးပြီလားတဲ့။ မပြီးသေးလဲ လက်ထပ်တာကတော့ လက်ထပ်တာပေါ့၊ ဒါပေမယ့် ပြီးတော့ ပိုကောင်းတာပေါ့.. တဲ့။

'သားနဲ့သမီးတို့ တယောက်နဲ့တယောက် မေတ္တာရှိနေကြတာကို သူတို့ လုံးလုံး မရိပ်မိကြဘူး ဆိုဘဲ သားရဲ့။ ဒါကြောင့်မို့လို့လဲ အစကတော့ တော်တော်စိတ်ပူမိကြတယ်တဲ့။ ခုတော့ သားတို့ ထည့်တဲ့ ကြော်ငြာကြောင့်တွင် မဟုတ်ဘူး၊ သားက သမီးကို ရေးခဲ့တဲ့ စာတချို့လဲ သူတို့ တွေ့ရတယ်တဲ့။ သည်တော့မှ စိတ်အေးရတော့တယ်လို့ ပြောတယ်။

'အေးလေ....ခု နောက်ဆုံး အခြေအနေကတော့ အားလုံး အဆင်ပြေပါပြီသားရဲ့။ တဖက်မှာ မျက်နှာပျက်ရပေမယ့် ဘယ်တတ်နိုင်တော့မှာလဲ တဲ့။ သားတို့ သမီးတို့ တရပ်တကျေးမှာ ပင်ပန်းဆင်းရဲနေမှာလဲ ပူမိပါတယ်တဲ့။ အမေလုပ်တဲ့မိန်းမကဆိုရင် သားမေမေ့ကို ဖက်ပြီးတော့တောင် တောင်းပန် ရှာပါတယ် သားရယ်။ ကျမတို့က သမီးရှင်ပါရှင်။ သူ့ကျလဲ ဖက်ပါဘဲ၊ ဖက်ကျ

လဲ ဖက်ပါတဲ့။ ကျေးဇူးပြုပြီး ရှာကြပါအုံးနော်။ ကျမကိုတော့ မပြောနဲ့တော့....သူ့အဖေဆိုတာတော့ စသိတဲ့နေ့ကစပြီး ကနေ့အထိ ထမင်းမစားနိုင် ဟင်းမစားနိုင်ပါဘဲ....တဲ့။

'သည်တော့ ဖေဖေတို့ကလဲ လူတွေလွှတ်ပြီး ရှာခိုင်းထားတဲ့အကြောင်း၊ ကြိုးစားပြီးတော့လဲ စုံစမ်းမဲ့အကြောင်း ပြန်ကတိပေးလိုက်တယ်။ ကတိပေးရင်းနဲ့ တဆက်ထဲဘဲ ဖေဖေက ပြတ်ပြတ် မေးလိုက်တယ်လေ....။ သမီးရဲ့ရုပ်ရည်၊ အရည်အချင်း၊ မိဘကအစ သားပြောပြလို့ ကျွန်တော်တို့ကတော့ သိပြီးသား၊ သဘောတူပြီးသားပါ။ ခုလို တဖက်ကလဲ သဘောတူပြီ ဆိုတော့ ဘာပြောဘို့ လိုတော့ သလဲ ခင်ဗျာ။ ကလေးတွေကို တွေ့အောင်ရှာပြီး တင့်တင့်တယ်တယ်ဖြစ်အောင် စီစဉ်ပေးကြရုံဘဲ မဟုတ်လား....လို့ ဖေဖေ တခါထဲ ပြောချလိုက်တယ်..။

'သူတို့ကလဲ သဘောတူပါတယ်။ မင်္ဂလာ အခမ်းအနားကိစ္စကိုတော့ သားတို့ ရောက်လာကြမှဘဲ တိုင်ပင်စီစဉ်ကြတာပေါ့တဲ့။ သူတို့ တည်းနေတဲ့နေရာကိုလဲ ပြောသွားတယ်။ ရွှေဘုံသာလမ်းက ရဲအရာရှိရိပ်သာ မှာတဲ့ သားရဲ့....။ သမီးအနေနဲ့ စကားပြောချင်ရင် အဲသည်ကို လှမ်းပြောရင် ရမှာပေါ့....



'အေးလေ.... ဘာဘဲဖြစ်ဖြစ်၊ ခုတော့ အားလုံးအဆင်ပြေပြီဘဲ။ သားတို့ ပြန်လာကြတော့ပေါ့။ ဖေဖေတို့အိမ်မှာ အစစအရာရာ ပြင်ဆင်ထားမယ်သား။ သားမျက်နှာမငယ်စေရအောင်လဲ ဖေဖေတို့ တာဝန်ယူပါတယ် သားရဲ့....။ ဒါနဲ့ သားတို့ ဘယ်တော့ ပြန်လာကြမလဲ။ ဖေဖေတို့ လာကြိုကြမယ်လေ....'

ဤသည်တို့ကား ဖေဖေ့ထံမှ ကြားရသောစကားများပင် ဖြစ်ပါ၏။ မောင်မောင်ကမူ 'ကျွန်တော်တို့ တိုင်ပင်ပါအုံးမယ် ဖေဖေ'....ဟူ၍သာ ဖြေဖြစ်ခဲ့ပါသည်။

သို့နှင့် ညနေသို့ရောက်သောအခါ ၎င်း တိုင်ပင်ဖြစ်ခဲ့ကြပါ၏။ မောင်မောင်က ဖေဖေပြောပြသောစကားတို့ကို လုံးစေ့ပတ်စေ့ ပြန်ပြောပြခဲ့ ရပါသည်။ ဖေဖေ့စကားများကို မောင်မောင်တို့ စိစစ်ဝေဖန်ကြပါ၏။ ဖြစ်နိုင်သည် မဖြစ်နိုင်သည် စဉ်းစားဆင်ခြင်ကြပါသည်။ အဆုံး၌ကား အများက ဖြစ်နိုင်သည် ဟူ၍ ဆုံးဖြတ်ခဲ့ပါ၏။

မသည်းအူကမူ တိုင်ပင်စဉ်အခါက တခွန်းမျှ ဝင်မဆွေးနွေးမူ၍ ထိုင်ရုံသာ ထိုင်နေခဲ့ပါသည်။ ပြီးမှ မောင်မောင့်ကို အခန်းထည်းသို့ လက်တို့၍ ခေါ်ကာ၊ မသည်းအူ၏ဆန္ဒကို တင်ပြလာပါ၏။

'မောင်က ဘာပြုလို့ ခုလောက် အိမ်ပြန်ချင်နေရတာလဲမောင်။ အိမ်ကို လွမ်းလို့လား၊ အိမ်နဲ့ ခွဲမနေဘူးလို့လား၊ ဟုတ်လား။ မသည်းအူ ပြောပြီးပါပြီလေ.... နောင် ကျတော့သာ တခုခု ဖြစ်ရရင် မသည်းအူက အရင်သေရမှာပါ။ ဘာဖြစ်သလဲ မောင်ရဲ့။ သည်အိမ်မှာ နှစ်လလောက်တော့ သည်လိုဘဲ အောင့်နေလိုက်အုံးပေါ့။ မသည်းအူနဲ့ တူတူ နေ နေရတာဘဲ။ မောင် မပျော်နိုင်ဘူးလား....'

သည်တော့လည်း မောင်မောင် အဖြေရ ခက်ပါ၏။ အနေအထိုင် ဆင်းရဲသည်ဟု အကြောင်းပြ၍လည်း မဖြစ်နိုင်ပါချေ။ ခင်မောင်ထွေးတို့က ချမ်းသာသည်။ ချမ်းသာသည့် အလျောက်လည်း မောင်မောင်တို့အတွက် အစစပ်သိမ်း ပြည့်စုံစေခဲ့ပါချေ၏။ မောင်မောင်တို့သည် ဤအိမ်၌ နေ့သည်နှင့် စိုးစဉ်းမျှ မတူပါချေ။ မောင်မောင်တို့အတွက် အိပ်ခန်း၊ အိပ်ရာ စသည်တို့မှာလည်း အင်မတန် ခမ်းနားသန့်ပြန့်လှပါ၏။ အပျင်းပြေ ဖတ်ရန် စာအုပ် စာစောင်များ၊ အပျင်းပြေ နားဆင်ရန် သီးချင်း ကြိုးခွေများ၊ အပျင်းပြေကြည့်ရန် ၁၆ မမ ရုပ်ရှင်ဇာတ်ထုတ်ကလေးများ စသည်တို့ကလည်း အဆင်သင့် ရှိနေတတ်ပါသည်။ အစားအသောက်နှင့် ပတ်သက်၍မူ အိပ်ခါမှပင် နားရပါတော့၏။

သို့ဆိုလျှင် ပဇာ့ကြောင့် မောင်မောင် သည်မျှ



ပြန်လိုနေရပါသနည်း။ မောင်မောင် မဖြေတတ်ပါချေ။ ခင်မောင်ထွေးတို့ကို အားနာသောကြောင့်သာလျှင် ဖြစ်တန်ရာပါ၏။ ထို့ပြင် သူတပါး၏အိမ်မှာက သည်နှယ်ခဏခေတ္တ နေရန်သာလျှင် သင့်မည် ထင်ပါသည်။ ကြာရှည်နေနေမည်ဆိုလျှင် ကောင်းမည်မထင် မိပါချေ။ သို့သော် မောင်မောင် ပြန်မပြောနိုင်မူ၍၊ ပင့်သက်သာ ချမိရပါ၏။

'နောက်နှစ်လလောက်ကြာရင် မောင့်အလုပ်အတွက် က စရတော့မယ်မဟုတ်လား။ အဲသည်တော့မှဘဲ မောင့်အလုပ်ရှိရာကို တခါထဲ ပြောင်းကြရုံဘဲပေါ့ မောင်ရယ်.... နှစ်လဆိုတာ ပျော်နေရရင် ခဏပါ ...'

မှန်တော့လည်း မှန်ပါသည်။ သို့သော် ပြေပြေလည်လည် ရှိခြင်း၊ ငြိမ်းချမ်းခြင်းတို့သည် ကောင်းသောလက္ခဏာ တရပ်သာ ဖြစ်ပါ၏။ နှစ်ဖက်မိဘ နားလည်ကြ၍ သည်နှယ်ကြည်ဖြူလာခြင်းသည်လည်း မောင်မောင် တို့၏ အနာဂတ်အတွက် ကောင်းသောနိမိတ် ဖြစ်ပါသည်။ ရုံးမှာ လက်ထပ်ခြင်းသည် အရာ မြောက်ပါ၏။ တရားလည်း ဝင်ပါ၏။ သို့သော် အစဉ်အလာ ရိုးရာမပျက် လက်ဆက်ထိမ်းမြားရခြင်းသည်လည်း မင်္ဂလာ မည်ပါသည်။

ထို့ကြောင့်လည်း မောင်မောင် နားလည်ထားသမျှ

ကို မသည်းအှုပါ နားလည်လာစိမ့်သောငှါ မောင်မောင်ကြိုးစား အားထုတ်၍ ပြောပြခဲ့ပါ၏။

သို့သော် မသည်းအှုက နားလည်ပါသည် ဟု ဝန်ခံလျက်နှင့်ပင် ငြင်းဆန်၍သာနေခဲ့ပါသည်။ စင်စစ် မသည်းအှုသည် မြေပျောက်မည်အထင်နှင့် သစ်ပင်ထက်မှာ အိပ်နေရာက ထ၍ထ၍ စမ်းတတ်သောမျောက်ကဲ့သို့ အကြောက်ပိုနေခဲ့ခြင်းသာလျှင် ဖြစ်ပါ၏။

ကျားရဲရာ ကြမ္မာမရှိးသာ၊ ကံယုံ၍ ဆူးပုံမနင်းရ.... ဟု မသည်းအှု ဆိုလှာပြန်ပါသည်။ မသည်းအှုသည် သည်အသက်သည်အရွယ်မျှနှင့် ပဇာ့ကြောင့် လူသူတကာကို မယုံကြည်နိုင်ပဲ သံသယရှိနေရပါသနည်း။

တဖက်တွင်မူ မပြည့်စုံသော မသည်းအှုက ပြည့်စုံပြီဟု ဆိုရမည်ဖြစ်သော မောင်မောင့်ထက်ပင် ရဲဝံ့၍ နေတတ်ပြန်ပါ၏။ လောကကို ရင်ဆိုင်ရတော့မည်ဟု ဆိုရာ၌ကား မသည်းအှုက ပို၍ သတ္တိရှိနေခဲ့ပါသည်။ အိမ်ထောင်သစ်တခုတည်ဆောက်ရတော့မည်ဟု ဆိုရာ၌ အတွေ့အကြုံ မရှိသူချင်းပင် မှန်ပေမည့် မောင်မောင့်ထက် မသည်းအှုက ပို၍ ရဲပါသည်။

ကိုယ့်အိုး ကိုယ့်အိမ်နှင့် 'လူကြီး'ဖြစ်ရမည့်အရေးကို



တွေးမိလျှင် မောင်မောင်ကမူ အားငယ်မိပါ၏။ ပသို့ဆိုစေ၊ သည်နှစ် သူ အောင်မြင်ပါလိမ့်မည်။ အောင်မြင်သည်နှင့် အမျှ လက်တွေ့ အလုပ် လုပ်ရတော့မည်လည်း ဖြစ်ပါ၏။ သူ့အတွက် အိမ်လည်း ရပါလိမ့်မည်။ လခလည်း ရရမည်သာ ဖြစ်ပါ၏။ သို့စဉ်လျက် သူ့မှာမူ မိဘနှင့်အိမ်ခွဲရမည်မို့ အားငယ်နေမိရပါသည်။

မသည်းအှုကမူ သည့်အတွက် ပျော်၍ နေပါ၏။ မသည်းအှု၏နိဗ္ဗာန် ဆိုသည်မှာလည်း စင်စစ် ထိုအိမ်ထောင်သစ်တည်ရာ နေရာကလေးသာလျှင် ဖြစ်ပါဘိသည်။

မသည်းအှုကလည်း မောင်မောင့်ကို သည်နေရာမှာ သည်ကိစ္စနှင့်ပတ်သက်၍မူ နားမလည်နိုင်ပဲ ရှိနေရပါ၏။ မောင်မောင်သည် ပဇာ့ကြောင့် သည်မျှ သတ္တိနည်း၍ နေရပါသနည်း။

စင်စစ် မသည်းအှုက သည်နှစ်ယောက်တွင်မူ မှိုခိုသူသာ ဖြစ်ပါသည်။ မောင်မောင်က ဦးဆောင်ရှေ့ရှုက်အဖြစ်ဖြင့် ပြဿနာတကာကို ရင်ဆိုင်ရပါမည်။ မောင်မောင်သည် မသည်းအှုထက်လည်း အသက်အားဖြင့် ကြီးပါ၏။ မောင်မောင်သည် အသက်မွေးဝမ်းကျောင်း ပညာတရပ်ကို ဆုံးခန်းတိုင် သင်ကြားတတ်မြောက်ထားသူတယောက်လည်း ဖြစ်ပါ၏။ မောင်မောင်သည် ခွန်အားဗလနှင့် ပြည့်စုံသော

ယောကျ်ားတယောက်လည်း ဖြစ်ပါ၏။ သို့စဉ်လျက် မောင်မောင်သည် ပဇာ့ကြောင့် သည်မျှ ကြောက်၍ နေရပါသနည်း။

ပသို့ဆိုစေ၊ မောင်မောင်နှင့် မသည်းအုတို့သည် တယောက်ကိုတယောက်မူ မစွပ်စွဲ မဝေဖန် ဖြစ်ခဲ့ကြပါချေ။ တယောက်ကိုတယောက် ချစ်နေသော မေတ္တာက အင်အားကောင်းနေသောကြောင့်လည်း၊ သံသယ ကင်းပနေခဲ့ကြပါ၏။

'သည်လိုဆိုလဲ မသည်းအုံ့ဆန္ဒအတိုင်း နေလိုက်ကြတာပေါ့။ မသည်းအူ့ဆန္ဒကတော့ အအေးငြိမ်းဆုံးဘဲလေ။ ဘာပြဿနာမှလဲ ပေါ်မလာနိုင်ဘူး....ကောင်းပါတယ်....။ မသည်းအု စိတ်မချမ်းသာရမယ့်ကိစ္စကို မောင်လဲ အဓမ္မ မလုပ်ချင်ပါဘူး....'

မောင်မောင်က စ၍ လျှော့လာခဲ့ပါသည်။

ထိုအခါ မသည်းအုကလည်း အပြိုင် လျှော့လာပြန်ပါ၏။

'မောင့်သဘောပါနော်မောင်။ မသည်းအုက တွေးပူမိလို့ ပြောတာသက်သက်ပါ။ ပြီးတော့ မောင့် ဖေဖေ



ကလဲ သက်သက်မဲ့တော့ မသည်းအုတို့ကို ဖမ်းမပေးဘူးဆိုတာ ယုံပါတယ်။ မောင်တို့ ခုနက တိုင်ပင်ကြတယ် မဟုတ်လား။ ဘာမှတော့ ဖြစ်နိုင်မယ် မထင်ပါဘူး။ မောင်သွားမယ်ဆိုတဲ့အတိုင်းသာ သွားပါမောင်ရယ်။ မသည်းအု မောင့်လက်ကို ဆွဲပြီး မောင့်နောက်က လိုက်ပါ့မယ်။ ဘာဖြစ်ရဖြစ်ရ ဘယ်လို ဖြစ်ရဖြစ်ရ မသည်းအုရဲ့လက်ကိုသာ မလွှတ်ပါနဲ့... နော်မောင်....'

သည်တော့လည်း မသည်းအုကို မောင်မောင် နမ်းမိရပြန်ပါ၏။ မသည်းအု၏ လက်ကိုလည်း မောင်မောင် ကိုင်ဆွဲ၍ ဆုပ်နယ်မိဖြစ်ရပါသည်။

လည်လည်တောင်မြစ်၊ မိုးဆစ်မြေခြား၊ သွားလည်းလက်တွဲ၊နွဲလည်းအပြိုင်၊ ထိုင်လည်းစုပေါင်း၊ လျောင်းလည်းပိုက်ဖက်၊ ခေါ်စိုက်စက်နှင့်၊ ရင်ညက်ထပ်ပြီး၊ ပါဒ်ဗ်ဇနာ၊ ပြန်ခရာမျှ၊ မျက်နှာပြန်လှဲ၊ မလွှဲဘူးလေ၊ သက်ချင်းဝေ၏။

* * *

ဆက်ဆက်မကြာ၊ သက်လိပ်ပြာသည်၊ လွတ်ကွာရစ်လည်၊ နစ်တော့မည်တည့်၊ ချစ်ရည်မပြယ်၊ ဆွေသည်မယ်နှင့်၊ ကြည်ဘွယ်မရှိ၊ လည်ဝယ်ဆွဲလျက်၊ မခွဲဘူးပါ၊ သည်အခါဝယ်၊ သောင်သာစဲစ၊ သဲလွှလွှ၌၊ ကွဲရကော့မည်၊ ထဲက

ရည်၍၊ မတည့်တန့်ဆုံး၊ နှောင့်နှလုံးလည်း၊ ကျုံး၍သည်မှာ၊ မကြည်ရာခဲ့....။

ရှုံးမှုံးတုန်လဲ့၊ ကိုးရာမဲ့ကာ၊ သည်ကမ္ဘာ၌၊ မောင်မောင်တယောက်ထည်း ကျန်ရစ်ရပါ၏။ တွေးကြည့်လျှင် ပုံပြင်ပမာသာ ထင်ရပါသည်။ ဘုံတခွင်ဝယ် 'ဆုံဘူးသည်' နှင့် 'ခွဲခဲ့ရပြီ' တို့ ကမ္ဘာနှင့်အတိ ပြည့်နေတတ်သည်မှာ မှန်သော်လည်း သည်မျှနှင့် သည်ဇာတ်ကို သိမ်းခဲ့ရပြီဆိုတော့ မောင်မောင် မဖြေနိုင်ပါချေ။ မျက်ရည်သွယ်ပြိုက်၊ တရှိုက်ရှိုက်နှင့်၊ လှိုက်ပွက်ဝမ်းက၊ နွမ်း လျ လျော့ ခွေ၊ အသည်းတို့သည်ပင်လျှင်လည်း ကြွေခဲ့ရပါချေ၏။

မေတ္တာပေါင်းစုံ၊ မြတ်နိုးမှုကား၊ ဥပေက္ခာသာ နိဂုံးတည်း....ဟူသော တရားကိုလည်း မောင်မောင် သိပါသည်။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်း နောက်ဆုံး ရှိချေသည်....ဟူသော စကားကိုလည်း မောင်မောင် နားလည်ထားပါ၏။ သို့သော် ချိုး လက် ဖွဲ့ ရေ၊ အသေအချာ တွက်ပါမှ လက်အကုန်ပင် ပြည့်ပြည့်မစုံတတ်။ လေးစုံညဉ့်နှင့် တန်နက်ခင်းသာလျှင် ကြာခဲ့ရပါသည်။ ချစ်၍မှ အားမရ၊ ကြင်၍မှ မဝမီ၊ မသည်းအူနှင့် သည်နှယ်ခွဲရခွါရပြီဆိုတော့လည်း သည်အလွမ်းဇာတ် လွမ်းအလျဉ်ကို မောင်မောင် အသို့လျှင် ဖျဉ်နိုင်ဖြေနိုင်ရပါတော့အံ့နည်း။



အသက်သေလွဲ၊ မသေပဲနှင့်၊ မကွဲစရာ၊ ကွဲသည်မှာကား၊ အခါမလျော်၊ မသွားတော်၍၊ မကျော်နင်းကောင်း၊ မြစ်လောင်းတန့်တီး၊ ဆီးခဲ့ဖီလာ၊ တို့ကြမ္မာဟု၊ ဤမှာဘက်နှင့်၊ ဟိုဘက်ရောက်တည့်၊ မြော်ကာကြည့်လျက်၊ လျှပ်ခြည့်အရောင်၊ ပြောင်ပြောင်လင်းဂါ၊ ပြက်သောခါနိုက်၊မျက်နှာတည့်ထင်၊ ကြည့်ကြမြင်၍၊သာ ရှင်ရယ်ဘက်၊ မေးနွတ်ဆက်၏။

အမှောင်မုန်တိုင်း ကျရောက်၍ ရေကျော်မြစ်ခြား ကွဲကွာနေခဲ့ရသော ကိန္နရီကိန္နရာမောင်နှံပင်လျှင် လျှပ်ခြည်အပြက်အပြက်မှာ မျက်နှာတည့်ထင် ကြည့်မြင် နွတ်ဆက်နိုင်ခွင့် ကြုံခဲ့ရပါ၏။ မောင်မောင် နှင့် မသည်းအူတို့၏ အဖို့မူကား ဖုတ်သင်္ဂြိုဟ်ချောပန ပြာကျကြရသည့်တိုင် တယောက်ကို တယောက် မြင်မှ မြင်ကြရပါတော့မည်လော။

လမ်းတို့မည်သည် မတည်ကြည်ပါချေ။ ထညီထည်း တဖြောင့်ထည်းသော မြစ်ဟူ၍ငင်း၊ တောင် ဟူ၍ငင်း၊ သစ်ပင် ဟူ၍ငင်း မရှိပါကုန်။ လှပသော ပန်း များ၏ ပွင့်ချပ်လွှာနားတို့သည်လည်း မျဉ်းကောက် များ နှင့် သာပမာဆို၍ရဖွယ် ရှိပါ၏။ ထို့ကြောင့် မေတ္တာမွန်၏ လမ်းတလျှောက်၌လည်း အသို့လျှင် ဆူး၊ချိုင့်၊ကန်သင်း ရှင်းနိုင်ပါအံ့နည်း။

ဤသည်ကိုသည်း မောင်မောင် သိပါ၏။ သိခေါက် လျက်နှင့် အဝင်နက်ကာ နွားရှူးဆူးတိုး ဝိုးဝိုးဝါးဝါး ယိုးယိုးမှားမှား ချစ်ခဲ့ကြိုက်ခဲ့ ကြင်နာခဲ့ခြင်းကား မဟုတ် ပါချေ။ ကြောက်လျှင်လွှဲ ရဲမှမင်းဖြစ် ဟူသောစကားကဲ့သို့ ဆိုးရွားသော အနာဂတ်ကို လက်ပေး၍ ပြေးတွေ့ရင်ဆိုင် ခဲ့ခြင်းသာပါတည်း။

အသည်းက ပူဆာ ရင်မှာ မနေသာသည်ကလည်း အကြောင်းတရပ်ပါပင်။ မသည်းအူကို အသက်မက ချစ်မိ ရသည်မို့လည်း.... မြေကို တံတား၊ မကြောက်သာတယ်၊ လျှောက်ကာသွား၊ ကျားကို ခလုတ်၊ ဝိုက်ကာမကွင်း၊ တိုက်ကာနင်း၊ ပယ်ရှင်း ဆုတ်သာဘု၊ သစ်ငုတ်ကို သင်ဖြူး၊ ဆူးကို မွေ့ရာ....ထင်ခဲ့ရပါသည်။ ယခုသော် သည်ဇမ္ဗူ့ခေတ် ငါ လူဖြစ်ရှုံးချေပေါ့ ဟူ၍သာ ငို၍ရင်စည်း ညည်းရပါ တော့မည်ထင့်။

မသည်းအူက အတန်တန် နိမိတ်ပြ၍၊ တဖွဖွ တားမြစ် ခဲ့သည်ကို ယခုမှ မြင်မိယောင်ကာ နောင်တနောင်ခါ ရနေ ရပါ၏။ မောင်မောင်က ကြမ္မာကို မယိုး၊ ကံကို မကိုးမိပေ မည့် သတ္တိကဲကဲနှင့် ရဲရဲရှေ့သို့ တိုးခဲ့မိပါသည်။

မသည်းအူသည် လူတကာကို ပဇာ့ကြောင့် မယုံ ကြည်ရပါသနည်း၊ ပဇာ့ကြောင့် မယုံကြည်တတ်



ပါသနည်း၊ ပဇာ့ကြောင့် မယုံကြည်နိုင်ပါသနည်း၊ ပဇာ့ ကြောင့် မယုံကြည်ဝံ့ပါသနည်း စသည် စသည်ဖြင့် အတွေး ထည်းမှ မေးခဲ့သမျှတို့၏ အဖြေသည် ယခု ထွက်လာပါ ချေပြီ။ အော် လူတို့၏စိတ်ကား ကောက်ကျစ်စဉ်းလဲတတ် ဘိသည်တကား။

မည်သူ့ကို မဆို သံသယနှင့် ယုဉ်ကြည့်တတ်သော ကြောင့်ရှင်း၊ အစဉ်ပင် မသက်သာစိတ်နှင့် ဆင်ခြင်တတ်သော ကြောင့်ရှင်း မသည်းအူကို မောင်မောင် အကြည်ညိုလျော့ ခဲ့မိသည်မှာလည်း အမှန်ပါပင်။ သို့သော် မသည်းအူသာ မှန်၍၊ မောင်မောင် မှားခဲ့ကြောင်းကို ယခုမူ မောင်မောင် ကောင်းစွာ နားလည်လာရပါချေပြီ။ စိန်ကဲရှေကဲ ရေထဲ ငါးသို့နှယ် အမြင်ရ မလွယ်တတ်သော လူတို့၏ အဇ္ဈတ္တ စိတ်သန္တာန်ကိုလည်း မသည်းအူ၏နည်းဖြင်သာ ကြည့်သင့် သည် ဟူ၍၊ ယခုမူ မောင်မောင် ယုံကြည်မိပါပြီ။

သည်တော့လည်း အသည်းမှာ နာမိရပါ၏။

အကြံပက်စက် ဆန်ကောခန့်မျှ စောက်မနက်သော မသည်းအူ့ မိဘများ၏ အပြုအမူများအတွက် မောင်မောင် အခံရ ခက်လှပါဘိသည်။ နာလည်း နာကြည်းရမိလှပါ၏။

သူတို့မှာ ကြင်နာတတ်သော နှလုံးလည်း မရှိ။ စာနာ

တတ်သော စိတ်လည်း မရှိ။ ဆင်ခြင်တတ်သော အသိလည်း မရှိ။ သူတို့သည် ရက်စက် ကြမ်းကြုတ်လှစွာ၏။ သူတို့သည် ကောက်ကျစ်စဉ်းလဲ လှစွာ၏။ သူတို့သည် ယုတ်မာဆိုးသွမ်း လှစွာ၏။ သူတို့ကား လူမှ ဟုတ်ခဲ့ပါ၏လော။

ယခုသော် အဆင်းရဲ မြေဆိုင်မြေခဲတို့ဖြင့် အရှင် လတ်လတ် ဖို့အသတ်ခံခဲ့ရပြီဖြစ်ပါ၏။

တွေးထင်ထားသကဲ့သို့ပင် မောင်မောင်တို့ အိမ်သို့ မောင်မောင်တို့ ပြန်ရောက်ကြသောအခါ မသည်းအူ၏ ဖေဖေနှင့် မေမေကိုပါ အိမ်မှာ တွေ့နေရပါသည်။ မသည်း အူ၏မေမေက မောင်မောင့်မေမေကို မည်မျှ ပေါင်းထား သည်တော့ မသိ။ ပကတိ ညီအမအချင်းချင်းပမာ ရင်းချာ၍ နေပါ၏။ တခုံထည်းမှာ အတူထိုင်လျက်၊ စကားလက်ဆုံ ပြော၍မကုန် ဖြစ်နေကြပုံ ရပါသည်။

အိပ်တန်းသို့ ပြန်ကြသော ငှက်ငယ်တို့ကမူ ပိုက်ကို မမြင်မူ၍ ကိုယ့်အသိုက် ကိုယ်ဝင်ခဲ့မိကြပါ၏။ ပင်ခြေက မုဆိုးသည် သေချာသည်ထက် သေချာစိမ့်သောငှာ အိပ်မော အကျကို စောင့်ပါသည်။

စကားကိုပင် ပျားသို့ချိုစွာ ဆိုခဲ့ကြပါ၏။....'မောင် မောင်နှင့် မသည်းအူတို့၏ ပေါင်းစည်းမှုကို ကြည်ဖြူသည့်



အကြောင်း၊ အစဉ်အလာအရ တင့်တယ်ခမ်းနားစွာ ထိမ်း မြားလက်ထပ်၍ ပေးမည့်အကြောင်း၊ လက် ထပ် မင် လာ ဆင်ယင်ရာမှာလည်း ရန်ကုန်မှာတခါ ကျောက်ဆည်မှာ တခါ နှစ်ခါဆင့်၍ ကျင်းပရမည့်အကြောင်း၊ မောင်မောင့် သူငယ်ချင်းများဖက်သို့ လှည့်၍လည်း ပို့မည့်ပို့ ကူးတို့အထိ ပို့သည့်သဘောဖြင့် အစခပ်သိမ်း ဆက်လက် ကူညီ ဆောင် ရွက်ပေးကြပါမည့်အကြောင်း၊ မင်္ဂလာကိစ္စကိုလည်း နေ့ ကောင်းရက်သာ အလျင်အမြန် ရွေး၍ ပြင်ဆင်သင့်ပြီ ထင်ကြောင်း.... စသည် စသည်ဖြင့်လည်း မ သည်း အူ ၏ မေမေနှင့် ဖေဖေက တယောက်တလှည့် ရေပက်မဝင် ပြော ခဲ့ကြပါသည်။

'မောင်မျိုးညွန့်ရဲ့ ဆန္ဒကိုလဲ မေးရအုံးမယ်။ ခုနက ပြောသလို သည်မှာ တကြိမ် ကျောက်ဆည်မှာ တကြိမ် နှစ်ကြိမ် လုပ်ဖို့တော့ သဘောတူတယ်နော်....'

မောင်မောင် ခေါင်းကို ငြိမ့်ပြမိပါ၏။ မသည်းအူ ကမူ ချွေးစေးများ ပြန်လျက် အေးနေသောလက်တို့ဖြင့် မောင်မောင့်လက်မောင်းကို ကိုင်၍ ထားပါသည်။

'ဒါဖြင့် ဘယ်မှာ အရင် စ လုပ်မလဲ ...'

ဤမေးခွန်းကိုမူ မသည်းအူ၏ ဖေဖေက ကြားမှ

ဖြတ်၍ ဝင်မေးခဲ့ခြင်း ဖြစ်ပါ၏။ ထိုအခါ မသည်းအူတို့၏ မေမေက ဖြေမည်ပြုသော မောင်မောင့်ကို လှမ်း၍လက်ကာပြပါသည်။

'သည် လို လေ....သည် မေး ခွန်း ကို မေး ရ တာ က အကြောင်း ရှိတယ်ကွယ့် မောင်မျိုးညွန့်ရဲ့။ အစဉ်အလာကတော့ မင်္ဂလာဆောင် ညှော်ခံပွဲဆိုတာ သတို့သမီးအိမ်မှာ လုပ်ရစမြဲဘဲ။ သည်တော့ မောင်မျိုးညွန့်ရဲ့ မိဘများက သဘောတူပြီး ဖြစ်ပေမယ့်၊ မောင်မျိုးညွန့်ရဲ့ဆန္ဒလဲ ပါမယ် ဆိုရင် ဒေါ်ဒေါ်တို့က ကျောက်ဆည်မှာ အရင် စ လုပ်ချင်တယ်။ ကျောက်ဆည်မင်္ဂလာဆောင်အတွက်တော့ ဒေါ်ဒေါ်တို့က အားလုံး တာဝန်ယူချင်တယ်....'

မောင်မောင် စဉ်းစားရပါသည်။ မသည်းအူကမူ အနည်းငယ် ဂုဏ်ပြေပျက်လျက် ရှိပါ၏။...'မယုံနဲ့နော်မောင်' ဟူ၍လည်း လေသံသဲ့သဲ့ဖြင့် သတိပေးပါသည်။

'သည်လိုလေ....ဒေါ်ဒေါ်တို့မှာကလဲ မောင်မျိုးညွန့်သိတဲ့အတိုင်း သည်သမီးတယောက်ဘဲ ရှိတာပါ။ တယောက်ဆိုတယောက် ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် အလိုလိုက်ထားတယ်ဆိုတာလဲ မောင်မျိုးညွန့် အသိဆုံးပါဘဲ။ အခု သည်သမီးကို မောင်မျိုးညွန့်လက်ထဲ အပြီးအပိုင် ပေးလိုက်ရတော့မယ် မဟုတ်လား။ ဒေါ်ဒေါ်တို့နဲ့ အပြီးအပိုင်



ခွဲရတော့မယ် မဟုတ်လား။ သည်တော့ ဒေါ်ဒေါ်တို့ကို ညှာတာတဲ့အနေနဲ့ဘဲဖြစ်ဖြစ် သည်တခုတော့ လိုက်လျောစေချင်ပါတယ် သားရယ်။ နောက်ဆုံး ချစ်ရခြင်း၊ နောက်ဆုံး ဖြည့်စွမ်းရခြင်း၊ နောက်ဆုံး ပေးဆောင်ရခြင်း အဖြစ်နဲ့ အခမ်းနားဆုံး အသိုက်မြိုက်ဆုံး စီစဉ်ဘို့လဲ ဒေါ်ဒေါ်တို့မှာ စိတ်ကူးရှိပါတယ်။

'ပြီးတော့ မောင်မျိုးညွန့်နဲ့ တပါထဲ ရန်ကုန်ကို ခေါ်လာပေါ့။ ရန်ကုန်မှာ တကြိမ် ထပ် မင်္ဂလာဆောင်ရအုံးမယ် မဟုတ်လား။ သည့်အတွက်တော့ မောင်မျိုးညွန့်တို့ မိဘက အစစအရာရာ တာဝန်ယူထားတယ်လေ....။ နောက် မောင်မျိုးညွန့်လဲ အလုပ် ဝင်ရမယ် မဟုတ်လား။ သမီးလဲ မောင်မျိုးညွန့်နဲ့ အတူ တပါထဲ လိုက်နေရှံဘဲပေါ့ကွယ်။ စိုက်ပျိုးရေးသိပ္ပံမှာဘဲ နေရမယ် ဆိုရင်တော့ အင်မတန်ဟန်ကျမှာဘဲကွယ့်။ ဒေါ်ဒေါ်တို့နဲ့လဲ နီးနီးကလေး....'

မသည်းအူ၏မေမေသည် စကားကို အတတ်နိုင်ဆုံး ချိုသာစွာဖြင့် ပြော၍နေပါ၏။ မေတ္တာရပ်ခံဟန်၊ ပန်ကြားဟန်တို့ဖြင့်လည်း မျက်နှာကို တတ်နိုင်သမျှ ငယ်၍ ထားပါသည်။

'ဘယ်မှာမှ မင်္ဂလာမဆောင်ဘဲ နေတော့ကော ဘာ

ဖြစ်မှာမို့လဲ။ သမီးတို့ ရှုံးမှာလက်ထပ်ထားတဲ့ ဥစ္စာဘဲ။ ဘယ်သူ ငြင်းနိုင်တာမှတ်လို့....'

မသည်းအူက မောင်မောင် စကား ရေရေလည်လည် မပြောတတ် ပြောတတ်နှင့် သဘောတူ လိုက်မည်ကို စိုးရိမ်ဟန် တူပါ၏။ ရှတ်တရက် ဝင်၍ ဖြေပါသည်။

စင်စစ် မသည်းအူ ယူဆသကဲ့သို့ပင် မလိုအပ်တော့သည်မှာလည်း မှန်ပါ၏။ သို့သော် မိဘများ၏ဆန္ဒ၊ မိဘများ၏ စေတနာ မေတ္တာ စသည်တို့ကိုမူ ငဲ့ညှာကောင်းပါသည်။ ထို့ပြင် တဖက်က ပျားသို့ချိုစွာ အလိမ္မာနှင့် ပြောနေခိုက် မသည်းအူ၏စကားက မောက်မာရာ ရောက်နေခဲ့ပါ၏။ မသည်းအူ၏ သံသယကလည်း ပြင်းထန်လှပါသည်။

ခင်မောင်ထွေးတို့ မြတ်သူတို့ကလည်း မသည်းအူ၏ စကားကို ကြားရသောအခါ ပြုံးနေကြပါ၏။ တည့်၍ ဖြောင့်သောကြောင့် မသည်းအူ၏စကားက ကလေးစကား ဆန်သည်ဟု သူတို့ ထင်ကြပုံ ရပါသည်။

'ကဲ....အဲဒါဘဲ ကြည့်ကြပါတော့ အရပ်ကတို့။ ဒါ မိန်းကလေးက ပြောရမယ့်စကားလား သမီးရဲ့။ယောကျ်ားကလေးက ပြောလာခဲ့ရင်တောင် ကိုယ်က ငြင်းရမှာပါကလား။ တင့်တောင့်တင့်တယ်နဲ့ အများက အသိအမှတ်



ပြုထားအောင် ကိုယ့်ဘက်က လုပ်ရချုပ်ရမှာကိုဘဲ....ခုတော့ သမီးက ပြောင်းပြန်။ ဒါနဲ့များ သူ့ကို ကလေးလို့ထင်ရင် မကြိုက်သေးဘူး....အံ့ပါရဲ့ သမီးရယ်....'

ဖေဖေတို့မေမေတို့ကလည်း ပြုံးနေကြပါ၏။

'ဖေဖေတို့ကတော့ သားရှင်ဆိုတော့ တာဝန်အရကိုဘဲ သမီးရှင်ရဲ့ ဆန္ဒကို တတ်နိုင်သမျှ လိုက်လျောဖြည့်စွမ်းရမယ် သား။ ဒါကို သား နားလည်ပါလိမ့်မယ်။ ကိုယ်က အပေါ်စီးရတိုင်း အနိုင်မကျင့်ကောင်းပါဘူးကွယ်....'

ဖေဖေသည် ထိုင်နေရာမှ ထ၍ မောင်မောင့်ခေါင်းကို တလှည့် မသည်းအူ၏ ခေါင်းကို တလှည့် ရွရွကိုင်ကာ ဝင်ပြောလှာပါ၏။

'သမီးကလဲ စိုးရိမ်နေပုံ ရတယ်။ ဘာမှ မစိုးရိမ်နဲ့သမီး။ သမီးတို့အတွက် အခု ပြောနေကြရတာ ...။ သမီးတို့ကို မှည့်တပေါက် မစွန်းစေရဘူး။ သည့်အတွက် ဖေဖေ တာဝန်ယူတယ်....'

မသည်းအူသည် ဖေဖေ့ကိုမူ ယုံသည် ထင်ပါ၏။ အားကိုးဟန်ဖြင့် မော့၍ ကြည့်ပါသည်။ ထိုနောက် မောင်မောင့်ကိုလည်း....'ဘယ့်နှယ်လဲ...'ဟု မေးသော ဟန်ဖြင့်

ကြည့်လှာပြန်ပါ၏။ တဖန် ခင်မောင်ထွေးတို့ မြတ်သူတို့ ရှိရာသို့လည်း လှမ်း၍ ကြည့်နေပြန်ပါသည်။

'မျိုးညွန့်... ဆုံးဖြတ်တာကတော့ မင်းဘာသာ ဆုံးဖြတ်ပေါ့။ ဒါပေမယ့် မြတ်သူနဲ့ ငါ တိုင်ပင်ကြည့်တယ်။ မင်းဆန္ဒက လိုက်စေ့ချင်တယ်ဆိုရင် ငါတို့နှစ်ယောက်စလုံး ကျောက်ဆည်ကို လိုက်ခဲ့မယ်....'

ခင်မောင်ထွေး၏ စကားကလည်း ....'မင်းဘာသာ ဆုံးဖြတ်'ဟု ဆိုပေမည့် ဆုံးဖြတ်ပြီး ဖြစ်၍ နေပါသည်။ ကျောက်ဆည်သို့ လိုက်ရန်ပင် ဆုံးဖြတ်ပြီး ဖြစ်သည်ဟုဆို တော့လည်း ကျောက်ဆည်မှာ မင်္ဂလာဆောင်ရေးကို သဘောတူသကဲ့သို့သာ ဖြစ်၍ နေပါ၏။ မောင်မောင် မည်သို့ ဖြေရပါ့မည်နည်း။

မောင်မောင် မဖြေ နိုင်ပါချေ။ မဖြေ နိုင်သော ကြောင့်လည်း တွေး၍ နေမိရပါ၏။ အနားတွင်မူ မသည်းအူ က ခေါင်းကိုငုံ့လျက် မျက်ရည်တွေတွေ ဝေ၍နေပါသည်။

သည်တော့လည်း မဖြေနိုင်၍ မဖြေပဲနေခဲ့ခြင်းသည် ပင်လျှင် သဘောတူရာ ရောက်ခဲ့ပြီ ထင်ပါ၏။ မသည်းအူ ၏ဖေဖေက စကားပြန်၍ စပါသည်။



'အကောင်းဆုံးကတော့ မြန်မြန် ဆောင်ရွက်ကြဘို့ လိုလိမ့်မယ် ထင်တယ်၊ မဟုတ်ဘူးလား ခင်ဗျာ။ သည်တော့ ကျွန်တော့်သဘောကို ပြောရရင် နက်ဖန် ညနေရထားနဲ့ဘဲ ကျွန်တော်တို့ သွားချင်တယ်။ ကျွန်တော့် ခွင့်ကလဲ နက်ဖန်တရက်ဘဲ ရှိတော့တယ်။ ဟိုမှာကလဲ ကျွန်တော် မရှိရင် မဖြစ်ဘူးခင်ဗျ။ မောင်မျိုးညွန့်တို့လဲ တခါထဲ လိုက်ခဲ့ကြပေါ့။ မောင်မျိုးညွန့်ရယ်၊ သမီးရယ်၊ မောင်မျိုးညွန့် သူငယ်ချင်း နှစ်ယောက်ရယ်၊ ပြီးတော့ ဘယ်သူ လိုက်အုံးမလဲ မောင်မျိုးညွန့်၊ ဦး တော်နေကြာ လက်မှတ်အတွက် သွားစီစဉ်ထားလိုက်မယ်။ လူက များတော့ တတွဲထဲ ရချင်မှ ရမှာကွယ့်....'

သည်အထိလည်း မောင်မောင့်နှုတ်သည် စေ့လျက်သာ ရှိနေမိပါ၏။ မောင်မောင်ကမူ မသည်းအူ ပူနေသည့်အတွက်သာ အပူဟပ်၍ ပူနေမိရခြင်း ဖြစ်ပါသည်။ စင်စစ် မသည်းအူ့မိဘ၏စကားများကို မောင်မောင် ယုံကြည်မိပါ၏။

'သည်က မောင်မျိုးညွန့်တို့ အိမ်သားတွေကတော့ ဟိုမှာ အစစအရာရာ စီစဉ်ပြီးဖြစ်မှဘဲ လိုက်လာကြတာပေါ့။ ဒါလဲ သိပ်တော့ ကြာမယ် မဟုတ်ပါဘူး။ အလွန်ဆုံး ဆယ်ရက် ဆယ့်ငါးရက် ဆိုပါစို့။ ပြီးတော့ အခြေအနေကိုလဲ နေ့စဉ် ကျွန်တော် လှမ်း အစီရင်ခံပါမယ်....'

မသည်းအူ့ ဖေဖေ၏စကားသည် စင်စစ် နိဂုံးချုပ်သာ ဖြစ်ပါသည်။ သည့်နောက်မှာ ဆက်၍ ပြောစရာ မရှိတော့သည့် အလျောက်လည်း ထိုင်ရာမှ ထကြမည် ပြုကုန်ကြပါ၏။ သည်တွင် မသည်းအူက မောင်မောင့်ကို မသိမသာ မျက်နှာရိပ်ပြ၍ မောင်မောင့်အခန်းရှိရာ အပေါ်ထပ်သို့ ခေါ်လာခဲ့ပါသည်။

'ကိုခင်မောင် ထွေး တို့ ပါ လိုက် မယ် ဆို တော့ ကိုခင်မောင်ထွေးရဲ့ ကားနဲ့ သွားရရင် မကောင်းဘူးလား မောင်။ မမစိမ်းကိုလဲ ခေါ်ခဲ့ပစေပေါ့။ မသည်းအူတို့ချည့် လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး....'

သည်တော့လည်း မောင်မောင် ရုတ်ခြည်း ပြန်ဆင်း၍၊ ခင်မောင်ထွေးတို့ မြတ်သူတို့ကိုပါ တိုင်ပင်ရန် ခေါ်ရပြန်ပါ၏။ မောင်မောင့် အခန်းထည်းတွင် ထိုင်၍ တိုင်ပင်ကြပါသည်။ ခင်မောင်ထွေးကလည်း မောင်မောင့်နှယ်ပင် မသည်းအူ့ မိဘများ၏စကားကို ယုံကြည်နိုင်ပါသည် ဟု ဆိုပါ၏။ သူ့ကားဖြင့် တပျော်တပါး သွားကြရေးအတွက်လည်း ခြွင်းချက်မရှိ ခွင့်ပြုခဲ့ပါသည်။ သူ့ဇနီးကိုလည်း မသည်းအူ၏ဆန္ဒတခုထည်းအရ သူ့ဆန္ဒနှင့် ခြားနားသော်လည်း ခေါ်ခဲ့မည်ဟု ဆိုပါ၏။

မြတ်သူကလည်း....'မောင်မောင့်ကိုကို အတွက်ဆိုရင်



မောင်မောင် ဘာလုပ်ရ လုပ်ရပါ။ ဟော့ကောင် မျိုးညွန့် ငါ့အတွက်ပါ တဆက်ထဲ ပြောပေးကွာ၊ မိမိလတ်နဲ့ ဖြစ်ဖြစ်၊ မိမိဦးနဲ့ ဖြစ်ဖြစ်....' ဟူ၍ သူ့သဘောထားကို တင်ပြရင်း၊ တဆက်ထည်းမှာ နောက်ပါသည်။

ဤသည်ကို ကြားရသောအခါ၌မူ မသည်းအူက ရယ်ပါ၏။ မသည်းအူ၏ မျက်ရည်များကလည်း အခန်းလွယ် အပျောက်လွယ်လှပါတကား။

'ဟုတ်သားဘဲ မောင်ကလဲ.... ပြောပေးလိုက်ပါ၊ သူ့ခမျာ နှမ လိုချင်လွန်းလို့ အကို ကပ်ပေါင်းနေရတဲ့ ဥစ္စာ....'

မသည်းအူ၏ စကားက မောင်မောင့်ကိုပါ လာ၍ ထိပါးပြန်ပါ၏။ မသည်းအူသည် မြတ်သူ့အတွက် ပြောပေးဟန်ဖြင့် မောင်မောင့်အဖြစ်များကိုပါ စောင်းပုံ ရပါသည်။ မသည်းအူသည် ပြုံး၍နေပါ၏။

မသည်းအူ ပြုံးပြီ ဆိုတော့လည်း မောင်မောင်ပါ ပျော်ခဲ့ရပါသည်။ ထို့ကြောင့်လည်း ရယ်ရယ်မောမောနှင့် အောက်သို့ ပြန်ဆင်းခဲ့ကြကာ၊ မောင်မောင်တို့၏ အစီအစဉ်သစ်ကို တင်ပြရ ပြန်ပါ၏။

ဤသည်ကိုလည်း မသည်းအူ၏ဖေဖေနှင့် မေမေက ရုတ်ခြည်းပင် လက်ခံခဲ့ပါသည်။

'သည်လို ဆိုရင် တခုတော့ မှာရအုံးမယ်။ ညတော့ မမောင်းကြနဲ့ကွယ်...။ နက်ဖန်လဲ မထွက်နဲ့၊ သဘက်ခါ မနက်စောစောကျမှ ထထွက်ကြပေါ့၊ ဟုတ်လား။ လမ်းလဲ သတိဝိရိယနဲ့ လာကြနော်။ ဦးတို့ ဟိုက အဆင်သင့် ကြိုနေမယ်....'

သည်အထိမူ မသည်းအူ ပူပန်သကဲ့သို့ ပဇာ့တခုမျှ ဖြစ်၍မလာခဲ့ပါချေ။ မကြည်ဖြူရိပ် မကြည်ဖြူဟန် ဆို၍လည်း မသည်းအူ့မိဘတို့၏မျက်နှာ၌ စိုးစဉ်းမျှမမြင်ရပါချေ။ လက်မခံခြင်း၊ မနှစ်သက်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကန့်ကွက်ခြင်း... စသော အနှောင့်အယှက်များ ဟူ၍လည်း တကြိမ်တခါမျှပင်လျှင် မတွေ့ကြုံခဲ့ရပါတကား။

သို့သော် ရန်ကုန်မှ ထွက်ခဲ့လတ်၍၊ နံနက်(၆)နာရီတွင် ပဲခူးသို့ ဝင်မိသည်နှင့်တပြိုင်နက် ရဲများက မောင်မောင်တို့ကားကို လက်ပြ၍ ရပ်စေခဲ့ပါ၏။ ထို့နောက် မသည်းအူကို အသေအချာ ငုံ့ကြည့်ကာ၊ အမည်ကို မေးပါသည်။ ထို့နောက် ရဲဌာနသို့ ခေတ္တကြွပါရန် မောင်မောင်တို့ကို ဖိတ်ကြားပြန်ပါ၏။



မောင်မောင်တို့က အမှန်ကို အတန်တန် ရှင်းပြ၍ တောင်းပန်ကြသော်လည်း အချည်းစည်းသာလျှင် ဖြစ်ပါသည်။....'သည်ကိစ္စက ပြေလည်ပါပြီ။ ကျွန်တော်တို့ အခု ကျောက်ဆည်ကို ပြန်ကြတာပါ ဦးလေးတို့ရဲ့၊ မယုံရင် ကျောက်ဆည်ကို လှမ်းပြီး မေးကြည့်ပါ.... ဟု သက်သေ ထူပြန်ပါသော်လည်း၊ ရဲအရာရှိများက ပြုံး၍သာ ခေါင်းကို တွင်တွင် ခါခဲ့ကြပါ၏။

'ဦးလေးတို့ကတော့ တာဝန် အရပါကွယ်၊ မနေ့ကဘဲ ရန်ကုန်ရဲက လှမ်း သတင်းပို့တယ်။ သတင်းအရ စောင့်ဖမ်းရတာပါ ကလေးတို့ရဲ့။ ကလေးတို့ ပြောတာလဲ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် ဦးဟန်ထွန်းက ဦးလေးရဲ့ သူငယ်ချင်းပါကွယ့်။ သူ့အကြောင်းကို ဦးလေး ကောင်းကောင်းကြီး သိပါတယ်။ ဦးဟန်ထွန်းဆိုတာ ဥပဒေရေးရာမှာ အလွန် ကျမ်းကျင်တဲ့ ပုဂ္ဂိုလ်ပါ။ သူကိုယ်တိုင် တိုင်ချက် ဖွင့်ထားတဲ့ အမှုကိုမှ သူပြန်ပြီး မရုတ်သိမ်းခဲ့ဘူးဆိုတော့.... ဦးလေးတို့လဲ ဘယ်နှယ်လုပ် တတ်နိုင်ပါ့မလဲ၊ ဦးဟန်ထွန်း မေ့သွားတာလဲ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်လေ....ဒါပေမယ့် ဝတ္တရား အရ ကလေးတို့ကိုတော့ ခဏ ခေါ်ထားရလိမ့်မယ်ကွယ်။ ဆိုင်ရာဆိုင်ရာကိုလဲ လှမ်းအကြောင်းကြားရအုံးမယ်။ ကလေးမကလေး အတွက်ကတော့....။သိပ်အခက်ကြီး မဟုတ်ပါဘူး၊ သည်ပုစ္ဆာကို ကလေးတို့ နားလည်နိုင်ပါတယ်....'

သည်တော့လည်း မေဘင်မောင်တို့ ငြိမ်၍သာ ကျခဲ့ရပါတော့သည်။ ရဲမှူးကိုယ်တိုင်က ပြောပြသကဲ့သို့ပင်လျှင်လည်း မောင်မောင်တို့မှာ နားလည်လာခဲ့ကြရပါတော့၏။ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းပရိယာယ်ဟု ဆိုခဲ့သည် မဟုတ်ပါလော။

မှုဆိုးသားလျှင်၊ မိုးကြားကသာ၊ ထွက်တည့်လာ၍၊ တောဇာကြီးလှ၊ ဒိဗ္ဗပါသ၊ မည်ရတွင်ခြင်း၊ နတ်ကြော့ကွင်းနှင့်၊ လျှင်ပြင်း တည့်တည့်၊ ပစ်လွှတ် ထည့်သော်၊ သွယ်မှုန့်ဆင်းလျာ၊ မင်းသူဇာ၏၊ လက်ျာလက်လှ၊ ဖြူရွှရွှကို၊ မြဲလှအနေ၊ ပတ်မိချေသည်၊ မပြေခတ်သော မယွင်းတည်း။

နံနက် (၈)နာရီ ခန့်တွင်မူ ရန်ကုန်ရဲများနှင့် တကွ မသည်းအူ၏ မိဘများကိုယ်တိုင်ပင် ရဲဌာနသို့ ရောက်လာကြပါ၏။ မသည်းအူ၏ ဖေဖေ ဝင်လာသည်နှင့်တပြိုင်နက် မောင်မောင့် စိတ်မှာ ပသို့ ဖြစ်လာသည် မသိပါချေ။ ပြေးကြိုတည့်၍လည်း မသည်းအူ့ ဖေဖေ၏ ခြေအစုံကို ဒူးထောက်၍ဖက်ကာ အသနားခံ ပန်ကြားနေမိ ဖြစ်ပါ၏။

မသည်းအူကမူ မာနထားပါသည်။ မိဘရင်းပင် မှန်သော်လည်း မောင်မောင့်နှယ် အောက်အကျခံ မပန်ကြားမူ၍ ဣန္ဒြေ အပြည့်နှင့်သာ နေရာမပျက် ထိုင်နေလျက် ရှိပါ



၏။ မသည်းအူ၏မေမေက မသည်းအူ၏ထံပါးသို့ ချဉ်းကပ်၍ နှစ်သိမ့်ဖြားယောင်းရန် ကြံခဲ့သည်ကိုလည်း 'မေမေတို့နဲ့ ဘယ်တော့မှ ပြန်မလိုက်ဘူး၊ မောင်နဲ့ ဘယ်တော့မှ မခွဲဘူး၊ မောင့်အနားမှာ အသေခံမယ်....' ဟူ၍သာ တုံ့ပြန်ကျေညာခဲ့ပါသည်၊

မသည်းအူသည် မသည်းအူကို အစဖွဲ့ ဆွဲဆောင်ကြ တော့ မည် ပြု သော အ ခါ ၌ လည်း အချုပ်ခန်း သံတိုင်များကို တအားကိုင်ဆွဲထားကာ မြေမှာ လှဲအိပ်လူးလှိမ့်၍ ဆန္ဒပြပါ၏။

ခင်မောင်ထွေး၊ မမစိမ်း၊ မြတ်သူနှင့် မောင်မောင်တို့ကို ရန်ကုန်သို့ဆောင်ကြဉ်းရလိမ့်မည် ဟု ဆိုကာ ရန်ကုန်ရဲများက အပြင်သို့ ခေါ်ဆောင်သောအခါ၌မူ မသည်းအူသည် ပြေး၍ လိုက်လာပြန်ပါသည်။ သည်ကွင် လမ်းမှာရပ်နေသော မသည်းအူ၏ဖေဖေက ဆီး၍ ဖမ်းထားနိုင်ပါလျက် မဖမ်း၍၊ ခြေတဖက်ဖြင့်သာ လှမ်းခံလိုက်ပါ၏။ မသည်းအူသည် ကိုယ်တိုင်းဒဏ်ကြောင့် အမြစ်ပြတ်၍ လဲရသော သစ်ပင်ကဲ့သို့ မြေမှာ မှောက်လျက် လဲခဲ့ရပါသည်။ အုတ်နှင့်မျက်နှာ တအားကုန် ရိုက်မိသောကြောင့်လည်း၊ မသည်းအူ ကြိုးစား၍ ပြန်ထသောအခါ၌ မသည်းအူ၏ မျက်နှာတွင် သွေးများစီးကျနေရလျက် ရှိသည်ကို တွေ့ရပါ၏။ မသည်းအူ၏ ဆံပင်တို့မှာလည်း ပြေကျလျော့ရဲ ဝဲ၍နေပါသည်။ မသည်း

အူကမူ ဇွဲကိုလည်း မလျှော့၊ မာနကိုလည်း မလျှော့၊ သတ္တိကိုလည်း မလျှော့မူ၍ ဆက်လက်ပြေးထွက် လာရန်သာ အားထုတ်နေပါ၏။

ရက်စက်သော၊ ကြမ်းကြုတ်သော၊ ယုတ်မာသော၊ ရိုင်းစိုင်းသော လက်မရှိ မူဆိုးကမူ မသည်းအူကို ဆံပင်မှ နေ၍ ပြောင်းဖူးနှယ် ကိုင်ဆွဲကာ ချုပ်၍ထားပါသည်။ မသည်းအူက တအားဆောင့်၍ ဆံပင်များ အပြတ်ခံကာ ရုန်းသောအခါ၌မူကား မူဆိုး၏စိတ်မှာ ဟုန်းဟုန်းလောင်မြိုက် ဒေါသ ခိုက်သည်ထင့်။ မသည်းအူ၏ မောင်မောင်ပင် လျှင် အခါခပ်သိမ်း မနမ်းရက်ခဲ့သော ဖြူရည်ကြော့စိမ်း လဲ့လဲ့ရှိမ်းသည့် ပါးဖြူဖြူနုအစုံကို တအားကုန် ရိုက်ခဲ့ပြန် ပါ၏။

‘မခွဲဘူး....မခွဲဘူး....မောင်နဲ့ သေထိအောင မခွဲဘူး။ သည်မှာတွင် ငါ့ကို အသေ သတ်ပစ်လိုက်ကြ၊ ငါ အသေ ခံမယ် ဟဲ့....’

ယဉ် ကျေး သိမ် မွေ့ သော မသည်းအူ သည် လည်း ရိုင်းခဲ့ရပါပြီတည်း။

မသည်းအူသည် လှရသည့်အဘည်းတွင် အလှကို လည်း ကြိုက်တတ်ခဲ့ပါ၏။ အလှပြင်ဆင်ခြယ်သရခြင်းသည် ပင်လျှင်လည်း မသည်းအူ၏ ဝါသနာ မှန်ပါသည်၊ မသည်း



အူသည် လှသည်ထက် လှရေးအတွက်လည်း ကောင်းပေ့ ညွှန့်ပေ့ ဆိုသော တိုင်းတပါးဖြစ် အလှကုန်များကိုမှ နှစ်သက်သုံးစွဲတတ်၍၊ အလှခြယ်နည်း အမူအရာလုပ်နည်း ဆံပင်ထုံးဖွဲ့နည်း စသည်တို့ ပါဝင်သော လစဉ်ထုတ် အမေရိကန် မိန်းမ မဂ္ဂဇင်းများကို ဖတ်ကာ လေ့ကျင့် ပြင်ဆင် ထုံးဖွဲ့လေ့လည်း ရှိပါ၏။ ယခုသော် ထို မသည်းအူ၏ မျက်နှာပြင်မှာ သွေးအလိမ်းလိမ်း၊မျက်ရည်အလိမ်းလိမ်း၊ ဖုံအလိမ်းလိမ်း ပါတကား။

‘ကျွန်တော် ရှိခိုးပါတယ် အကိုကြီးရယ်။ နောက်ဆုံး အနေနဲ့ စကားတခွန်းလောက်တော့ ကျွန်တော့်ကို ပြော ခွင့်ပေးပါဗျာ။ သူ့ကို မကြည့်ရက်နိုင်လွန်းလို့ပါ။ သူ အေးအေးသက်သာ လိုက်အောင်လဲ ကျွန်တော် ပြောပေး ပါ့မယ် နော် အကိုကြီး....’

မောင်မောင်တို့ကမူ ဌာနာအဆောက်အဦ၏ အပြင် ၌ ရပ်ကားသော ရဲယာဉ်တစင်းထည်းသို့ ရောက်နေရပြီ ဖြစ်ပါ၏။ မောင်မောင့်အနား၌မူ မြတ်သူသာ ရှိပါသည်။ မြတ်သူကမူ မောင်မောင့်ကို နှစ်သိမ့်၍ နေပါ၏။

ခင်မောင်ထွေးနှင့် မမစိမ်းတို့ကမူ သူတို့၏ ကိုယ်ပိုင် ကား နောက်ခုံတွင် စုံတွဲထိုင်လျက် ရှိပါသည်။ သူတို့မှာ လည်း အစောင့်အကြပ်နှင့်ပါတည်း။

'လုပ်ပါ အကိုကြီးရာ၊ ကျွန်တော့်တသက် အကိုကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ။ သည်ကနေ့ နောက်ဆုံးနေ့ပါ၊ ဝအောင် 'ကြည့်လိုက်ပါရစေ အကိုကြီးရယ်။ ကျွန်တော်တို့ကို သနားပါဗျာ....'

သည်တော့လည်း မောင်မောင်တို့ကို တာဝန်ယူစောင့်နေရသည့် ရဲအုပ်သည် စာနာမိလာသည်ထင့်။ ကားထည်းမှ ပြန်လည်ဆင်းစေခဲ့ပါ၏။ ထိုအခါ ဌာနအဆောက်အဦထည်းသို့ မောင်မောင် ပြေးဝင်ခဲ့မိပြန်ပါသည်။

မသည်းအူ ပသို့ ဖြစ်နေရသည် မသိပါချေ။ မသည်းအူသည် မြေမှာလဲလျက် မောနေပါချေ၏။ မသည်းအူ၏ ဒေါမေက မသည်းအူ၏ခေါင်းကိုပွေ့၍ သူ့ကိုယ်၌မှီစေကာ၊ မသည်းအူ၏မျက်နှာကိုလည်း လက်ကိုင်ပုဝါနှင့် သုတ်သင်ပေးလျက် ရှိပါသည်။ မောင်မောင်သည်လည်း မသည်းအူ၏အဖြစ်ကို မြင်မိသည်နှင့်တပြိုင်နက် မသည်းအူ၏အပါး၌ ဒူးထောက်ထိုင်မိကာ၊ မသည်းအူ၏လက်များကို စမ်းကိုင်မိပါ၏။

မသည်းအူ သည် မော ၍ မျော နေ ပုံ ရ ပါ သည်။ မသည်းအူ၏ နှုတ်ခမ်း တို့သည်လည်း ဖြူ ဖျော့ လာ ကာ တဆတ်ဆတ် တုန်လျက်ရှိပါ၏။ မသည်းအူ၏ နဖူးအထက် ဆံယဉ်စမှာလည်း လက်တဆစ်ခန့် ကွဲနေကာ သွေးများ



စိမ့်ထွက်ဆဲ ရှိပါသည်။ မျက်စေ့အောက်မှ လက်ဝဲဖက် ပါးစုံ့ရိုးမှာလည်း ခိုက်မိထားသည်ထင့်။ ညိုမည်းရောင်ကိုင်း၍ နေပါ၏။

'မသည်းအူ....မသည်းအူ....'

မသည်းအူ၏လက်ကို ကိုင်လှုပ်၍ မောင်မောင်ခေါ်မိပြန်ပါ၏။ ထိုအခါ၌မူ မသည်းအူသည် အနည်းငယ် လူးလွန့်စ ပြုပါသည်။ မျက်စေ့အစုံကိုလည်း အားယူ၍ ဖွင့်ကြည့်လှာပါ၏။ ထို့နောက် မသည်းအူသည် လက်နှစ်ဖက်ကို ကမ်းလင့်၍ သူ့ကိုခေါ်ပါရန် ဟန်အမူအရာဖြင့် ပြုပါသည်။ မသည်းအူ၏ မိဘများ မျက်မှောက်မှာပင် မသည်းအူကို မောင်မောင် တယုတယ ပွေ့ထူ၍၊ သွေးစ မျက်ရည်စများကိုလည်း ကြင်ကြင်နာနာ သုတ်ပေးနေမိ ဖြစ်ပါ၏။

'စိတ်ကိုတင်းပါ မသည်းအူရယ်၊ တနေ့တော့ မောင်တို့ ပြန်တွေ့ကြရမှာပါ....'

သည်တော့လည်း မသည်းအူက မောင်မောင့်ကို တအား ဖက်လှာပြန်ပါ၏။ မောင်မောင်ကလည်း ပါးချင်း အပ်ထားမိပါသည်။ သည်အခိုက် မသည်းအူက မောင်မောင့်ကို လေသံယဲ့ယဲ့နှင့် ပြောလှာပြန်ပါ၏။

'မောင် ကျောက်ဆည်ကို ရောက်အောင် ဆက်ဆက် လာခဲ့နော်၊ မသည်းအူစောင့်နေမယ်....'

မောင်မောင့်ဘဝမှာ မည်သို့ ကြုံရဦးမည် မသိ၊ မောင်မောင့် အနာဂတ်မှာ မည်သို့ ရင်ဆိုင်ရဦးမည် မသိသော်လည်း မသည်းအူ စိတ်ချမ်းသာစေခြင်း အလို့ငှာ မောင်မောင် ဝန်ခံကတိ ပြုခဲ့မိပါ၏။ သည်တော့မှပင် မသည်းအူကလည်း မောင်မောင့်ကို ပြေ ပြေလွှတ်ပါသည်။

တွေးကြည့်လျှင် ပုံပြင် ပမာသာ ထင်ရပါချေ၏။ သည်ဇာတ်ကို သည်မျှနှင့်ပင် သိမ်းရတော့မည် ဆိုတော့လည်း အသည်းက လည်မှာ ပျို၍ လာပါသည်။ အော်.... ဆက်ဆက်မကြာ၊ သက်လိပ်ပြာသည်၊ လွတ်ကွာရစ်လည်၊ နစ်တော့မည်တည့်၊ ချစ်ရည်မပြယ်၊ ဆွေသည်မယ်နှင့်၊ ကြည်ဘွယ်မရဲ၊ လည်ဝယ်ဆွဲလျက်၊ ဖခွဲဘူးပါ၊ သည်အခါဝယ်၊ သောင်သာစဲစ၊ သဲလွှလွှ၌၊ ကွဲရတော့မည်၊ ထဲကရည်၍၊ မတည်တန့်ဆုံး၊ နှောင့်နှလုံးသည်၊ ကျုံး၍သည်မှာ၊ မကြည်ရာခဲ့၊ နောင်မှာမ၍၊ လောင်စာငြိ၏၊ စန္ဒီမည်ခေါ်၊ မြတ်မနော်သည်၊ ထပ်လျော်စုံမက်၊ ငါ့အတွက်ကို၊ ဆတက်ဆယ်ရာ၊ ဘယ်ဆုံးပါလိမ့်၊ ပူဆာပန်းလျှ၊ ရမ်းကာဆ၍၊ ရှုတရစ်မည်၊ မြဲမျက်ခြည်ဟု၊ မတည်ညှိုးလျှ၊ စိုးရိမ်လှခဲ့....။

* * *

မသည်းအူ ထံသို့....

ညွှတ်ခွေဝမ်းနည်း၊ ကိုယ်ထည်းဖေါ်ကွာ၊ ကျန်ရစ်ရာ၌၊ ဗျာပါညှိုးသမ်း၊ နွမ်းသည်တချက်၊ ရှက်သည်တကြောင်း၊ လျောင်းလည်း မနိုင်၊ ထိုင်လည်း မရ၊ ထလည်းမဟန်၊ လွမ်းသာဝှန်ရှင့်။

တွဲ၍ ချည်ထားသော ကြိုးကို ဖြုတ်ကာ သင်္ဘောသည် ဆိပ်ခံမှ ခွာခဲ့တုံ၏။ ကမ်းစရေသည် နောက်လျက် ကျန်ရစ်ခဲ့ရသည်။ ဆိပ်ခံသည်လည်း ကမ်းစမှာပင် ကျန်ရစ်ရပါ၏။

သူတို့ မသည်းအူကို အဝေးသို့ ဆောင်ကြဉ်းသွားပေပြီ။ မသည်းအူသည် ကလေးငယ် ပြေးရာသို့ ချာရပတ်လည်ကာရင်း၊ မြေနှင့် တိုက်ကာရင်း၊ သစ်ပင်နှင့်ငြိကာရင်း လိုက်၍သာနေရသည့် လေတံခွန်နှင့် ပမာတူပါ၏။ မသည်းအူ၏ အသွင်အပြင်သည် ပကတိ နာကြည်းဖွယ် ရာပါတကား။

မောင်မောင်တို့ကမူ ရန်ကုန်သို့ ပြန်ခဲ့ရပါ၏။ ပဋ္ဌမ သက်ဆိုင်ရာရဲဌာနမှာ မောင်မောင်တို့ ခဏ နားကြရပါသည်။ ထို့နောက် အလှည့်ကျ ရမန်တရားသူကြီး၏ မျက်မှောက်သို့ ရောက်ခဲ့ကြရပြန်ပါ၏။

တရားသူကြီးသည် ရဲကတင်ပြသော အမှုမှတ်တမ်းကို ဖတ်၍ မောင်မောင်တို့ကို ကြည့်ကာ အနည်းငယ် ပြုံးပါသည်။

'ကဲ မင်းတို့ကို ရဲက ရမန်တပတ် ဆယ့်ငါးရက် ချုပ်ထားချင်တယ်လို့ တင်ပြထားတယ်။ မင်းတို့အနေနဲ့ ဘာပြောချင်ကြသလဲ....'

မောင်မောင်ကမူ ပဇာမျှ မပြောလိုပါတော့ချေ။ လျှော့ဖြစ်ရခါမှတော့ လှိုင်းကို ရင်မဆိုင်လို့၍ ရနိုင်မည်မဟုတ်ဟု မောင်မောင် ယုံကြည်မိပါ၏။ ထို့ကြောင့်လည်း ခေါင်းကိုပင် မဖေါ်တော့မူ၍ ငုံ့ထားဖြစ်ပါသည်။



'ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့ ချုပ်ထားရမှာလဲ ခင်ဗျာ....'

ဤကား ခင်မောင်ထွေး၏အသံ ဖြစ်ပါ၏။ မမျှော်လင့်ပဲ ကြားလိုက်ရသဖြင့် ခင်မောင်ထွေးကိုမူ မောင်မောင် လှည့်ကြည့်ဖြစ်ပါသည်။

'သည်လိုလေ....မင်းတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၆၃၊ ပုဒ်မ ၃၆၆ နဲ့ ရဲက အမှုဖွင့်ထားတယ်။ သည်ပုဒ်မတွေရဲ့ သဘောကိုရော မင်းတို့ သိကြရဲ့လား....'

သည်တခါမူ မောင်မောင်ကစ၍ ခေါင်းခါပြခဲ့မိပါ၏။ ထိုအခါ တရားသူကြီးက စာအုပ်တအုပ်ကို လှမ်းယူ၍ ဖတ်ပြခဲ့ပါသည်။

'ပုဒ်မ ၃၆၃။ မည်သူမဆို၊ တဦးတယောက်သောသူအား ပြည်ထောင်စု မြန်မာနိုင်ငံမှ အပသို့ဖြစ်စေ၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှဖြစ်စေ ခိုးယူလျှင်၊ ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

'အဲ....ဒါက တခုး ပုဒ်မ ၃၆၆ ကတော့...'

တရားသူကြီးသည် မောင်မောင်တို့ထံသို့ တဖန် လှမ်းကြည့်ပြန်ကာ အနည်းငယ် ပြုံးလှာပြန်ပါ၏။ မောင်မောင့် နားထည်း၌မူ ‘ခုနစ်နှစ်’ ဟူသော အသံသည်သာ လွှမ်းလျက်ရှိပါသည်။

‘ပုဒ်မ ၃၆၆။ မိန်းမက အလိုမတူဘဲ ထိုမိန်းမကို တဦးတယောက်သောသူနှင့် ထိမ်းမြားပေးခြင်းငှါ အတင်းအဓမ္မ ပြုရန် အကြံနှင့်သော်၎င်း၊ ထိုသို့ အတင်းအဓမ္မ ပြုခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်၎င်း၊ အနိုင်အထက်ပြုခြင်းဖြင့် ဖြစ်စေ၊ ကာ မ သွေး ဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့် ဖြစ်စေ၊ မတရားသဖြင့် ကာမ စပ်ယှက်စေရန်သော်၎င်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း၊ သို့တည်းမဟုတ် ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်း ခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်၎င်း၊ မည်သူမဆို မိန်းမတဦးတယောက်အား ခိုးယူလျှင်၊ သို့တည်းမဟုတ် သွေးဆောင်ထွဲခေါ်လျှင်၊ ထိုသူက ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

‘ထို့ပြင် ဤရာဇသတ်ကြီးတွင် အဓိပ္ပါယ်ဖေါ်ပြသည့် ရာဇဝတ် မကောင်းသော ခြောက်လှန့်ခြင်း နည်းဖြင့်သော်၎င်း၊ မိမိအခွင့်အာဏာကို အလွဲသုံးစား ပြုခြင်းဖြင့်သော်၎င်း၊ အခြား အတင်းအဓမ္မနည်း တနည်းနည်းဖြင့်



သော်၎င်း၊ အနိုင်အထက် ပြုခြင်းဖြင့် ဖြစ်စေ၊ ကာမ သွေးဆောင် အကျင့် ဖျက်ဆီးခြင်းဖြင့် ဖြစ်စေ၊ မိန်းမ တဦးတယောက်ကို အခြားသူ တဦးတယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံနှင့်သော်၎င်း၊ ထိုသို့ ကာမစပ်ယှက်ခြင်းခံရမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်သော်၎င်း၊ မည်သူမဆို ထိုမိန်းမအား တနေရာရာမှ ထွက်သွားစေရန် သွေးဆောင်လျှင်၊ ထိုသူကို အထက်က ဖေါ်ပြသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ရမည်....။’

တရားသူကြီးသည် စာအုပ်ကို ပိတ်၍ မောင်မောင်တို့ကို တဖန် ကြည့်လှာပြန်ပါ၏။

‘အဲဒါဘဲကွယ်....မင်းတို့ လုပ်လာတာ မင်းတို့ အသိဆုံး နေမှာပေါ့။ သည်တော့ မင်းတို့အနေနဲ့ ပြောချင်တာ ဆိုချင်တာ ရှိရင် သည်မှာပြောနိုင်တယ်....’

တရားသူကြီးသည် ပဇာ့ကြောင့် သည်မျှ အပြောခိုင်းနေရပါသနည်း။ မောင်မောင့်အဖို့မူ ပဇာမျှ မပြောလိုတော့၊ ငံ့၍သာ ခံတော့မည်ဟု ပိုင်းဖြတ်ထားပြီး ဖြစ်ပါ၏။ မသည်းအူနှင့် ကွဲရသော အဆင်းရဲထက် အဘယ်မည်သော အဆင်းရဲသည် ပိုနိုင်ပါမည်နည်း။

မောင်မောင် ရှက်လည်း ရှက်မိပါသည်။ သူငယ်

ချင်းများကိုလည်း အားနာမိပါ၏။ သို့သော် မောင်မောင့်ဘဝမှာ ဆုံးပါပြီ။ အနည်းဆုံး ခုနှစ်နှစ်ကြာမျှ ထောင်ထည်းတွင် နေရတော့မည်မို့လည်း မောင်မောင် အားငယ်မိပါသည်။ လောကအလယ်မှာလည်း အဘယ်မှာလျှင် မျက်နှာပြဝံ့စရာ ရှိပါတော့အံ့နည်း။

‘ကျွန်တော် မသိလို့ မေးပါရစေ....’

မြတ်သူသည် ကျောင်းသားငယ်တယောက်ကဲ့သို့ ရှုတ်တရက် လက်ကိုပိုက်၍ မတ်တတ်ရပ်ပါ၏၊ တရားသူကြီးကမူ ခွင့်ပြုဟန်ဖြင့် မေးကို မော့၍၊ မျက်ခုံးကို ပင့်ပါသည်။

‘မိဘက သဘောမတူလို့ ကိုယ့်ရည်းစား ကိုယ်ခိုးတာလဲ အပြစ်ရှိတာဘဲလားခင်ဗျ....’

သည်တခါမူ တရားသူကြီးက သိသိသာသာ ပြုံးပါသည်။

‘ခုနက ဖတ်ပြတယ် မဟုတ်လား၊ အဲသည်ပြစ်မှုနဲ့ ကိုယ်လုပ်ခဲ့ကိုင်ခဲ့တာနဲ့ အကျုံးဝင်တယ် မဝင်ဘူးဆိုတာကို ကိုယ့်ဘာသာ စဉ်းစားကြည့်ရင် သိရမှာပေါ့ကွယ်။ ကဲပါလေ....အဖြစ်အပျက်ကို အမှန်အတိုင်းသာ ပြောပြစမ်းပါ’



ထိုအခါ မနေသာတော့ပြီမို့ မောင်မောင် ထိုင်ရာမှ ထမိရပါ၏။ မောင်မောင် မပြောလိုပါလျက်နှင့်ပင် ပြောရပါတော့မည်။

‘သည်လိုပါခင်ဗျာ....ကျွန်တော်တို့ စတွေ့ကြပုံက မသည်းအူက ရန်ကုန်ကျောင်းကို အလာ သူ့အမေကို ပြန်အပို့ ကျွန်တော်က ...’

မောင်မောင် ပြောနေခိုက်မှာပင် တရားသူကြီးသည် မောင်မောင့်ကို လက်ကာပြ၍ ရပ်စေပြန်ပါ၏။

‘တွေ့တာတွေ ဆုံတာတွေ မလိုပါဘူး ကွယ့်၊ တတ်နိုင်သမျှ အတိုချုံးပြောပါ....’

‘ဒါဖြင့်ရင် ကျွန်တော်ဘယ်လို ပြောရမှာပါလဲ၊ ကျွန်တော် မပြောတတ်ပါဘူးခင်ဗျာ၊ အကောင်းဆုံးကတော့ သိချင်တာ မေးပါ၊ ကျွန်တော် အမှန်အတိုင်းဖြေပါမယ်....’

မောင်မောင့်စကား မဆုံးမီမှာပင် တရားသူကြီးနှင့် ရဲအရာရှိ အပါအဝင် ပရိသတ်က ရယ်မောကြပါ၏။ မောင်မောင့်စကားကလည်း အမှန်တော့ ရယ်စရာကောင်း၍ နေပါသည်။

'သူ့အစား ကျွန်တော်ပြောပြရင်ကော မရဘူးလားခင်ဗျ....'

ပြတ်ပြတ်ပြောတတ်သော မြတ်သူက ဝင်၍ ကူညီခဲ့ပါ၏။ တရားသူကြီးကလည်း ခွင့်ပြုခဲ့ပါသည်။

'မျိုးညွန့်က သည်လိုဘဲ ပြောတတ်လို့ပါ၊ စိတ်မရှိပါနဲ့။ ကျွန်တော် အတိုချုံး ပြောပါ့မယ်....

'မျိုးညွန့်နဲ့ မသည်းအူနဲ့ တယောက်နဲ့တယောက် မေတ္တာရှိနေကြတာ တနှစ်လောက် ရှိပါပြီ။ နောက်ဆုံး မသည်းအူ စာမေးပွဲ ဖြေပြီးတဲ့နေ့က မသည်းအူနဲ့ မျိုးညွန့် ရုံးမှာ တက် လက်ထပ်ခဲ့ပါတယ်။ နောက် တနေရာမှာ ပုန်းနေခဲ့ကြပါတယ်။

'မသည်းအူရဲ့ အိမ်က မသည်းအူကို တခြားလူ တယောက်နဲ့ မသည်းအူရဲ့သဘောမပါဘဲ လက်ထပ်ပေးဖို့ အစီအစဉ် ရှိပါတယ်။ ဒါ့ကြောင့် ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူးဆိုပြီး ခုလို ပုန်းနေကြရတာပါ။

'ဒါပေမယ့် လွန်ခဲ့တဲ့ နှစ် ဆယ့် နှစ် ရက် နေ့ က သတင်းစာမှာ နှစ်ဘက်မိဘများ ဆိုပြီး လက်မှတ်ရေးထိုးထားတဲ့ ကြော်ငြာတခု ပါလာပါတယ်။ သဘောတူတယ်၊



ပြန်လာကြတော့....ဆိုတဲ့ သဘောပါဘဲ။ ဒါနဲ့ ကျွန်တော်တို့လဲ ပါတယ်။ မျိုးညွန့်အိမ် ပြန်ကြတယ်။

'အိမ်ပြန်ရောက်တော့ နှစ်ဘက်မိဘ စုံစုံညီညီ တွေ့ကြရပါတယ်။ အဲသည်မှာ ပြောကြဆိုကြတာတော့ အားလုံး အဆင်ပြေလို့ဘဲ။ မင်္ဂလာဆောင်တာတောင် နှစ်ခါဆောင်ပေးမယ်တဲ့...။ မသည်းအူက ကျောက်ဆည်က ဆိုတော့ ကျောက်ဆည်မှာ တကြိမ်၊ ရန်ကုန်မှာ မျိုးညွန့်တို့အိမ်က တကြိမ်ပေါ့ခင်ဗျာ....

'သည်နေရာမှာ မသည်းအူရဲ့ မိဘက အစဉ်အလာ မပျက်ရအောင် ကျောက်ဆည်မှာ ပဌမ မင်္ဂလာဆောင်ချင်တယ်လို့ ပြောတယ်။ အားလုံး သဘောတူကြတယ်။ သူတို့က မီးရထားနဲ့ ခေါ်တယ်။ ကျွန်တော်တို့က မီးရထားနဲ့ မလိုက်ဘဲ ကားနဲ့သွားကြတယ်။ ပဲခူး ရောက်တော့ ဆီး အဖမ်းခံရတာပါဘဲ။ သက်သက်မဲ့ ကလိန်ကျတာပါ....'

မြတ်သူ၏ စကားဆုံးသည်နှင့် တပြိုင်နက် မောင်မောင့်ထံသို့ မျက်နှာမူ၍၊ တရားသူကြီးက....'သည်အတိုင်း ဟုတ်ရဲ့လား...'ဟု မေးပါသည်။ မောင်မောင်ကလည်း 'ဟုတ်ပါတယ်....'ဟူ၍ပင် ဖြေခဲ့ပါချေ၏။

'ဒါဖြင့် လက်ထပ်စာချုပ်ရော ပြနိုင်ပါ့မလား။

ပြီးတော့ မောင်မောင် မျိုးညွန့်နဲ့ မသည်းအုတို့ မေတ္တာမျှနေကြတယ် ဆိုတာကော ဘက်သေ အထောက်အထား ပြနိုင်ပါ့မလား....'

ဤ တရားသူကြီး၏မေးခွန်းကိုမူ ခင်မောင်ထွေးက ဝင်၍ဖြေပါ၏။

'ဒါအတွက်တော့ စိတ်ချပါ၊ ဓာတ်ပုံတွေ ရည်းစားစာတွေမှ ကြည့်မကုန်နိုင်အောင် ရှိပါတယ်....'

ဤနေရာတွင်မူ ရဲအရာရှိ၏ မျက်နှာသည် ပျက်လျက်ရှိပါ၏။

'နေအုံးကွယ့်.. နောက်တခု မေးရအုံးမယ်။အဲသည် မသည်းအု ဆိုတာက ဘယ်အရွယ်လောက် ရှိပြီလဲ။ သူ့အသက်ကိုရော သိရဲ့လား....'

'ဒါတော့ ကျွန်တော် အတိအကျ မသိပါဘူး၊ မျိုးညွန့် သိပါလိမ့်မယ်။ ဟေ့ မျိုးညွန့်....'

မောင်မောင်လည်း ရှတ်တရက်သော် လန့်မိရပါ၏။ ထို့နောက် အနည်းငယ် စဉ်းစား၍ ဖြေရပါသည်။



'ကျွန်တော့်ထက် သုံးနှစ် ငယ်ပါတယ်...'

တရားသူကြီးသည် ပဇာ့ကြောင့် မသိ၊ ပြုံး ပြန်ပါသည်။

'က အန္တတ် ၃ ဆိုတာကတော့ ဟုတ်ပါပြီ။ က က ဘယ်လောက်ရှိတာတုန်း....'

အများက ဝိုင်း၍ ရယ်ကြပြန်ပါ၏။

'ဆယ့်ခြောက်နှစ်ပါ ..'

'ဟ မင်းက ဆယ့်ခြောက်နှစ်ဆိုတော့....မသည်းအု ဆိုတာက ခုမှ ဆယ့်သုံးနှစ်ဘဲ ရှိအုံးမှာပေါ့....'

'မဟုတ်ပါဘူး၊ သူက ဆယ့်ခြောက်နှစ်ပါ'

'ပြည့်ပြီလား၊ မပြည့်သေးဘူးလား။ သူ့မွေးနေ့မွေးလကိုရော မသိဘူးလား....'

'မွေးနေ့ မွေးလတော့ မသိပါဘူး၊ ဒါပေမယ့် ၁၆နှစ်တော့ ပြည့်ပါပြီ။ လက်ထပ်တဲ့နေ့တုန်းက တွက်ကြည့်တာ ပြည့်ပြီးလို့ နှစ်လတောင် စွန်းခဲ့ပြီ ပြောပါတယ်' လက်ထပ်စာချုပ်ထဲမှာတော့ အကုန်ပါတယ်နဲ့ တူပါတယ်'

PDF CREATOR - NYEYADHAMMA@@GMAIL.COM



တရားသူကြီးသည် တပြုံးထည်းသာ ပြုံး၍နေပါသည်။

'ကဲ သည်လိုဆိုရင် မေးခွန်းတခု ထပ်မေးအုံးမယ်'

တရားသူကြီး စကားပြောနေခိုက်မှာပင် ခင်မောင်ထွေးက ရုတ်တရက် ထ၍ ရပ်နေပြန်ပါ၏။

'တရားသူကြီးမင်း ခင်ဗျား....'

တရားသူကြီးက လက်ဟန်ဖြင့် ပြန်လည်အထိုင်ခိုင်းသည်ကိုပင် မထိုင်မူ၍၊ တရားသူကြီး၏စကား ပုဒ်အဖြတ်မှာ ခင်မောင်ထွေးက အခမ့် တိုင်တည်ပြန်ပါသည်။

'ဖြစ်နိုင်မယ် ဆိုရင် ကျွန်တော်တို့ အာမခံလျှောက်ချင်ပါတယ်။ အဲဒါကလေးတော့ ကျေးဇူးပြုပြီး....'

မမစိမ်းက လူ့လက်ကို ဆွဲ၍ ပြန်အထိုင်ခိုင်း သဖြင့် ခင်မောင်ထွေးသည် စကားကို အဆုံးအထိ မပြောတော့မူ၍ ပြန်ထိုင်ခဲ့ပါ၏။ တရားသူကြီးကမူ ခင်မောင်ထွေးကို ကြည့်၍၊ အနည်းငယ် စဉ်းစားဟန် ပြုပါသည်။

'အဖြစ်နိုင်ဆုံးနဲ့ အကောင်းဆုံး နည်းလမ်းကတော့



အခု သည်က ရဲအရာရှိနဲ့အတူ မောင်မောင်မျိုးညွန့်ရဲ့ အိမ်ကို ပဌမ သွား၊ ခုနက ပြောတဲ့ သက်သေခံအထောက်အထား လက်ထပ်စာချုပ်တို့ ရည်းစားစာတို့ယူခဲ့၊ ပြီးတော့ မိဘတွေလဲခေါ်ခဲ့၊ အာမခံဘို့ လူနှစ်ယောက်လဲ ခေါ်ခဲ့..။ မောင်မောင်မျိုးညွန့် တယောက်ဆိုရင် လုံလောက်ပါတယ်။ ကျန်တဲ့လူတွေကတော့ သည်မှာဘဲ နေရစ်ပေါ့။ အိမ်မှာ ဖုံးရှိရင်လဲ သည်ကနေ လှမ်း အကြောင်းကြားပေါ့။ အာမခံဘို့ လူတွေလဲ ခေါ်ခဲ့ဘို့ ပြောပေါ့။ ဒါမှမဟုတ်လဲ ဟောသည်က ရဲအမှုထမ်းတွေက သွားအကြောင်းကြားပေးလိမ့်မယ်။ သူတို့ကို စာရေးပေးလိုက်ကြပေါ့....

'အဲ မောင်မောင်မျိုးညွန့် တင်ပြမယ့် သက်သေခံအထောက်အထားတွေက ခိုင်လုံမယ် မှန်ကန်မယ် ဆိုရင်တော့၊ ပဌမ မင်းတို့အားလုံးဟာ လူငယ်ကလေးတွေလဲ ဖြစ်သေးတယ်၊ ဒုတိယ ရာဇဝတ်ဖြစ်မှုကို တခါမှကျူးလွန်ဘူးသူတွေလဲ မဟုတ်ဘူး၊ တတိယ အမှုကို ပျက်ပြားအောင် ကြံဆောင်ဖန်တီးနိုင်တဲ့ အခြေအနေမှာလဲ မရှိဘူး ဆိုတဲ့ အချက်တွေကြောင့် မင်းတို့ကို အာမခံ ပေးမယ်... ကဲ ရှင်းကြပလား....'

တရားသူကြီးသည် မောင်မောင်တို့ကို ညွှာပုံရပါ၏။ သို့သော် မောင်မောင်တို့နှင့် တွေ့ရသည့် အတွက်ကား တော်တော် စိတ်ပျက်နေပုံရပါသည်။

PDF CREATOR - NYEYADHAMMA@@GMAIL.COM

'ကျွန်တော့်အိမ်မှာ ဖုံးတော့ရှိပါတယ်။ ဒါပေမယ့် မိဘမရှိတော့ပါဘူး။ အဲဒါ ဘယ်သူ့ကို ခေါ်ရမှာလဲ ခင်ဗျာ....'

ဤကား ခင်မောင်ထွေး၏ မေးခွန်း ဖြစ်ပါ၏။

'မိဘမရှိလဲ ကိစ္စမရှိပါဘူး၊ မင်းတို့ အသိမိတ်ဆွေထဲက အိုးပိုင် အိမ်ပိုင် မြေပိုင် မြဲပိုင် ဆိုပါစို့၊ မရွေ့ပြောင်းနိုင်တဲ့ ပစ္စည်း ပိုင်ဆိုင်သူ တယောက်ကို နှစ်ယောက်ကျစီ ခေါ်ရမယ်။ သုံးထောင်တန် အာမခံ နှစ်ယောက် ပေါ့ကွယ်...'

မြတ်သူကမူ စကားပြောခွက် ၌ရှုသို့ပင် ရောက်နေပြီ ဖြစ်ပါ၏။ မောင်မောင်လည်း ရဲအရာရှိနှင့်အတူ အိမ်သို့ ထွက်ခဲ့ရပါသည်။

* * *

သို့နှင့် ထိုနေ့ညနေက မောင်မောင်တို့ အာမခံ ရခဲ့ကြပါ၏။ မောင်မောင်တို့ ကိုယ့်အိမ်သို့ကိုယ် ပြန်နိုင်ခဲ့ကြပါသည်။



ညဦးတွင်မူ မောင်မောင့်အိမ်၌ မောင်မောင်တို့ တိုင်ပင်ဖြစ်ကြရပြန်ပါ၏။ ခင်မောင်ထွေးတို့မောင်နှံနှင့် မြတ်သူတို့ အသိုက်လည်း ရောက်လာကြပါသည်။

ဖေဖေတို့ မေမေတို့ကမူ မသည်းအခွ၏ မိဘများကို လူကြီး လူကောင်း အမည်ခံယူထားပါလျက် သည်နည်း သစ္စာပျက် ကတိပျက် ကျင့်ကြံရပါမည်လော... ဟု ဒေါသ တထထ၊ တောက်တခေါက်ခေါက်နှင့် ရှိနေကြပါ၏။ သည်အမှုကို မနိုင် နိုင်ရသည်အထိ ရေဆုံးမြေဆုံးလိုက်မည်၊ ရှိသည့်ပစ္စည်း အကုန် ကုန်လျှင် ကုန်ပါစေ၊ ထင်လျှား ကျော်ကြားသော ဝတ်လုံများကို ကြေးနှင့်ပစ်၍ ငှားရမ်း ရင်ဆိုင်မည်... စသည် စသည်ဖြင့်လည်း ဖေဖေက ကျေညာခဲ့ပါသည်။

ပသို့ဆိုစေ၊ မြတ်သူကမူ....မကျော်ကြားသော်လည်း မခံချင်စိတ်ဖြင့် စေတနာ့အလျောက် ဝင်ရောက်ဆောင်ရွက်ပေးလိုသော သူ့အကို၏ သူငယ်ချင်း လူ ငယ် ဝတ် လုံ တယောက်နှင့်ပင် လုံလောက်ပါပြီ၊ အမှုမှာ မုချနိုင်ရမည်ဟု ထိုလူငယ်ဝတ်လုံက ယုံကြည်ယူဆထားသည်ဟု ပြောပါ၏။

ခင်မောင်ထွေးကလည်း သည်အမှုအတွက် ကုန်ကျစရိတ်များကို သူအစအဆုံး တာဝန် ယူလိုသည်၊ သူ့အတွက်

ဝတ်လုံအဖြစ်ဖြင့်မူ ကျော်ကြားသော ဒေါက်တာ မောင်မောင်ကျော်ကို ငှါးမည်ဟု ဆိုပါ၏။

မောင်မောင့်အတွက်မူ ဖေဖေတို့က ညနေကတည်းကပင် ဝတ်လုံဦးကျော်မြင့်နှင့် စကားပြောပြီး ဖြစ်ပါသည်။ ဝတ်လုံ ဦးကျော်မြင့်၏ အိမ်တွင်လည်း နံနက်ဖန် နံနက်ပိုင်းမှာ ဆုံကြရန် စီစဉ်၍ထားသည်ဟု ဆိုပါ၏။

'နက်ဖန်မနက် မောင်ခင်မောင်ထွေးတို့မောင်မြတ်သူတို့လဲ လိုက်ခဲ့ကြပါ။ ကိုယ့်ဝတ်လုံ ကိုယ်ပြောပြပြီး ဝတ်လုံအချင်းချင်း တိုင်ပင်နိုင်မယ်ဆိုရင်လဲ တခါထဲ တိုင်ပင်ကြရရင် ကောင်းမယ် ထင်တယ်....'

သို့နှင့် နောက်တနေ့ နံနက်သို့ ရောက်လာခဲ့ပါ၏။ အင်းလျားလမ်းမှ ဦးကျော်မြင့်၏အိမ်တွင် ဆုံကြဖြစ်ပါသည်။ ဦးကျော်မြင့်သည် ဝတ်လုံသက်ပင်လျှင် အနှစ် နှစ်ဆယ်ခန့်ရှိပြီမို့ တကြောင်း၊ နိုင်ငံနှင့်အဝှမ်း ထင်လျှားကျော်ကြားသောကြောင့် တကြောင်းကြောင့် လူငယ်ဝတ်လုံများကလည်း ဆရာတဆူ အဖြစ်ဖြင့် အသိအမှတ်ပြု၍ ရှိသေလေးစားကြပါ၏။

ဝတ်လုံများက လက်ထပ်စာချုပ်ကိုရင်း၊ မသည်းအုထံမှ နောက်ဆုံးရသော (၁၄)ရက်နေ့မှအစပြု၍ လက်ထပ်ပေါင်းသင်းနေထိုင်ရေး အစီအစဉ်ကို သဘောတူရာရောက်



သည့် စာတစောင်ကိုရင်း ဖတ်ကာ၊ မုချ နိုင်ရမည် ဟု ရဲရဲယုံယုံပင် ကျေညာပြောဆိုကြပါ၏။ ထို့ပြင် သည်အမှု၌ အဓိကသက်သေမှာ မသည်းအုသာ ဖြစ်သည်၊ မသည်းအုကိုယ်တိုင်ကလည်း မျက်နှာချင်း ဆိုင်ရလျှင် မောင်မောင့်ဘက်သို့ ရောက်လာမည်သာ ဖြစ်သည်၊ မိဘက လှည့်ဖြားသိမ်းသွင်းထား၍ ရှုံး၌ မမှန်စကား မုသားများကို ထွက်ဆိုခဲ့ဦးမည် ဆိုလျှင်လည်း ဤသက်သေခံ စာချုပ်စာတမ်းများအရ အမှုမှာ မုချပျက်ပြားရမည်သာ ဖြစ်သည်....ဟူ၍လည်း ပိုင်နေကြပါသည်။

တဖန်....အမှန် လူတဦးတယောက်ကို မတရားချုပ်နှောင်ထားသူတို့မှာ မသည်းအု၏ မိဘသာလျှင် ဖြစ်သည်၊ ယနေ့ဆိုလျှင် မသည်းအုသည် မောင်မောင့်တရားဝင် ဇနီးသာလျှင် ဖြစ်သည်၊ ထို့ကြောင့် မောင်မောင်ကပင်လျှင် တရားလို အဖြစ်ဖြင့် တရားစွဲဆိုလိုက စွဲဆိုနိုင်သည်၊ ချိန်ခွင်လျှာပမာ တဖက်ကသာလျှင် တဖက်မှာ နာရမြဲမို့ မောင်မောင့်ဘက်မှ အနိုင်ရသည်နှင့်တပြိုင်နက် တဖက်မှာ မုချ ဒုက္ခရောက်ရမည်သာ ဖြစ်သည်။ထို့ကြောင့် သည်ဘက်မှပင် ပြန်လည်၍ တရား စွဲဆိုသင့်သည်....စသည်စသည်ဖြင့်လည်း အကြံဥာဏ် ပေးလှာကြပါ၏။

သို့သော် သည်အထိမူ မောင်မောင် မတုံ့ပြန်မရက်စက်လိုပါချေ။ နောက်ဆုံး မိဘသည်မိဘသာလျှင်

ကတည်း။ သားသမီးကို ချစ်ရာ၌ မှားသော်လည်း မှားပေမည်။ ချစ်၍ မှားမိရခြင်းကိုလည်း ခွင့်လွှတ်သင့်သည် ဟု မောင်မောင် ယုံကြည်မိပါ၏။

စင်စစ် ရုံးသို့ ရောက်ရခြင်း၊ အမှု ဖြစ်ရခြင်း ဆိုသည်တို့မှာ ဘာအတွက် ကောင်းမြတ်သော မှတ်တမ်းများ မမည်ပါချေ။ ယခုသော်ကား တဖက်မှ စွဲဆိုထားသည်မို့ မတတ်သာ၍သာ ရင်ဆိုင်နေရခြင်း ဖြစ်ပါ၏။ ကိုယ်ကမူ စ၍ မစွဲဆိုလိုပါချေ။ ပြုသူအသစ်၊ ဖြစ်သူအဟောင်း.... ဟူသော စကားကလည်း ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် ဒေါ်သာအလျော်က ရန်ကို ရန်ချင်း တုံ့ပြန် နှင်းကြမည်တကဲကဲ ရှိနေသူများကို မောင်မောင် တောင်းပန်မိပါ၏။ မသည်းအူ၏ မိဘသည်လည်း စင်စစ် မောင်မောင့် မိဘသာ ဖြစ်ပါသည်။ အနိုက်မသင့်၍ ဖြစ်ရသည်ကို စရိုက်အကျင့် ဆိုးသည် ဟု ယူဆကောင်းသည်လည်း မဟုတ်ပါချေ။ တနေ့သောအခါ၌မူ မှားသူတို့လည်း နောင်တရကြပါလိမ့်မည်။ ဝန်ခံလာကြပါလိမ့်မည်။ ထိုအခါ မေတ္တာကို လက်ကိုင်ထားသူသာ အောင်နိုင်ရမြဲပါပင်တည်း။

တနေ့ မသည်းအူ၏ မိဘများသည်လည်း မုချ နောင်တရကာ၊ မောင်မောင့် အပေါ်၌ သံယောဇဉ် တွယ်ရစ်လာရပါလိမ့်မည်။ တနေ့သောအခါ မောင်မောင်



၏ သစ္စာတရားရိပ်တွင် မသည်းအူ၏ မိဘတို့သည် အညွှန်ခံ ဝင်ရောက်လာကြရမည်သာ....ဟုလည်း မောင်မောင်ယုံကြည် ယူဆမိပါ၏

ဖေဖေကမူ....'သားက တယ် သဘောထားပြည့်ဝနေကိုးကွ။ အဆိပ်ရှိတဲ့ သတ္တဝါလဲဖြစ်ပြန်၊ ကိုယ့်ကိုလဲ ရန်မူ ပြန်ဆိုတော့ ဘာဘဲဖြစ်ဖြစ် လက်ဦးနိုင်မှ တော်ကာကျမယ် သားရဲ့....'ဟူ၍ပင် ပြောလာပြန်ပါ၏။ ဖေဖေ့စကားကို ခင်မောင်ထွေးက ခြွင်းချက်မရှိ ထောက်ခံခဲ့ပါသည်။

သို့သော် မောင်မောင် အတန်တန် ငြင်းဆန် တောင်းပန်ရပါ၏။ မသည်းအူကို ချစ်ရာ၌ မောင်မောင့် မေတ္တာက ဆန့်ကြယ်လှပါသည်။ မသည်းအူကို ချစ်သည့် အတွက် မသည်းအူနှင့် ပသို့မျှ မပတ်သက်သော မသည်းအူတို့ အိမ်ရှေ့မှ စိန်ပန်းပင် နှစ်ပင်ကိုပင်လျှင် မောင်မောင် မက်မောတွယ်တာမိပါ၏။ မောင်မောင်နှင့် မသည်းအူတို့ ပေါင်းသင်းနေထိုင်ကြ၍ သားနှင့်သမီးနှင့် အိုးနှင့်အိမ်နှင့် ဖြစ်လာသောအခါ၊ မောင်မောင်နှင့် မသည်းအူတို့၏ အိမ်ရှေ့မျက်နှာစာ၌လည်း ထိုသို့သော စိန်ပန်းပင်များ ရှိနေစေလိုမိပါသည်။ မသည်းအူသည် ချိုချဉ်ကို အစဉ် အိတ်ထည်းမှာ ထည့်၍ ထားလေ့ စားလေ့ ရှိပါ၏။ မသည်းအူနှင့် ဆုံစည်းဖြစ်ခါမှ ပေး၍သော်၎င်း၊ ယူ၍သော်၎င်း မကြာခဏ စားဖြစ်ရသည်မို့ အကျင့်ရလာသည်ထင့်။

မောင်မောင်လည်း ယခုဆိုလျှင် ချိုချဉ်ကို နှစ်သက်၍ပင် နေမိရပါ၏။ မသည်းအှူက မသည်းအှူ၏ မျက်မှောက်မှာ သူတပါး သန်းဝေလျှင် ပွင့်နေသော ပါးစပ်ထည်းသို့ မသည်းအှူ၏လက်ညှိုးကလေးကို ထိုး၍ထည့်တတ်ဖလေ့ ရှိပါသည်။ ထိုသူ ပါးစပ်အပိတ်တွင် မမျှော်လင့်ပဲ မသည်းအှူ၏ လက်ညှိုးကလေးကို ကိုက်မိသောအခါ၌ကား မသည်းအှူက နှစ်နှစ်ခြိုက်ခြိုက် ရယ်လေ့ ပျော်လေ့ ရှိပါ၏။ ယခုအခါသည် မသည်းအှူ၏ အကျင့်သည် မောင်မောင့်အကျင့် ဖြစ်၍ နေပါပြီ။

ယခင်ကဆိုလျှင် လက်သည်း အရှည် အလှထား၍ ဆိုးတတ်သော မိန်းမများကို တွေ့ရလျှင် မောင်မောင် မည်သို့မျှ ပထင်တတ်၊ မဝေဘန်တတ်ခဲ့။ ပို၍ လှသည်လော၊ ပို၍ အရုပ်ဆိုးသည်လော ဟူ၍လည်း မခွဲခြားတတ်ခဲ့ပါချေ။ ကျန်းမာရေးနှင့်ဖြင့် မညီညွတ်တန်ရာ ဟုကား ရံဖန်ရံခါ သူတပါး၏စကားမှာ နားယောင်၍ တွေးမိခဲ့ပါ၏။ သို့သော် ယခုမူ....လက်သည်း အရှည်ထားခြင်းသည် ကိုယ့်ကိုယ်ကို အစဉ်သဖြင့် သန့်ရှင်း စင်ကြယ်စွာ နေတတ်စိမ့်သောငှာ လေ့ကျင့်သည့်နည်း တနည်းသာလျှင်ဖြစ်ကြောင်း မောင်မောင် သိခဲ့ရပါပြီ။

လက်သည်း အရှည်ထားခြင်း၏ အကျိုးအာနိသင်ကိုလည်း မသည်းအှူပြောပြ၍ မောင်မောင် နားလည်လာခဲ့



ရပါ၏။ လက်သည်း အရှည် အလှထားပြီဟု ဆိုသောအခါ စားရာသောက်ရာ၌ ဇွန်းနှင့်ခက်ရင်းကိုသာ မလွဲမသွေ သုံးလာရပါမည်၊ ထိုအခါ လက်ဖြင့် စားသောက်ခြင်းထက် ပို၍ ကျန်းမာရေးနှင့် ညီညွတ်လာပါမည်၊ လက်ဖြင့် စားသောက်ခြင်းသည် ရိုးရာ အစဉ်အလာပင် မှန်သော်လည်း ကျန်းမာရေး ရှုထောင့်မှ ကြည့်လျှင် အင်မတန် မနှစ်မြို့ဖွယ်ရာ ဖြစ်ပါသည်....စသည် စသည်ဖြင့် မသည်းအှူက ပြောပြခဲ့ပါ၏။ မှန်ပါသည်။ ဝမ်းတလုံးကောင်း ခေါင်းတလုံးချမ်းသာ...ဟူသော ဆိုရိုးစကားသည်ပင်လျှင် မောင်မောင်တို့ မြန်မာ၌ ရှိခဲ့သည်မဟုတ်ပါလော။

ယခုသော် လက်သည်း အရှည် အလှထားသော မိန်းမများကို တွေ့ရလျှင် ထိုမိန်းမတို့သည် ပို၍ လှသည်၊ ပို၍ အသိမြင့်သည်၊ ပို၍ အမြော်အမြင် ရှိသည်ဟု မောင်မောင် ထင်တတ်လာပါပြီ။ လက်သည်းအရှည်အလှကို ပို၍လည်း နှစ်သက်တတ်လာပါ၏။ လက်သည်းကို ကြည့်၍လည်း ဤမိန်းမကား ပျင်းရိသူတည်း၊ ဤမိန်းမကား ညစ်ပတ်သူတည်း၊ ဤမိန်းမကား စိတ်မရှည်သူတည်း၊ ဤမိန်းမကား စိတ်ခိုင်သူတည်း၊ ဤမိန်းမကား အလှ၏တန်ဖိုးကို နားလည်သူတည်း၊ ဤမိန်းမကား ပစ္စလက္ခတ်နေတတ်သူတည်း....စသည် စသည်ဖြင့် မောင်မောင် ပြောနိုင်လာပါသည်။ လက်သည်းအရှည်ထားရာမှာလည်း ပုံစံက ကွဲပြားခြားနားကြပါ၏။ ထိုကွဲပြားခြားနားသော ပုံစံတို့ကို ကြည့်

၍လည်း....ဤမိန်းမကား ရင်သွေးလူမမယ် ကလေးငယ်နှင့် ဘည်း၊ ဤမိန်းမကား အိမ်ထောင့်ဝတ်ကို ပင်ပန်းကြီးစွာ ဆောင်ရွက်နေရသူတည်း၊ ဤမိန်းမကား ရွှေပေါ်မြတင် နေရသူတည်း၊ ဤမိန်းမကား ကျောင်းသူတည်း၊ ဤ မိန်းမကား အရပ်သူတည်း၊ ဤမိန်းမကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသူတည်း....စသည် စသည်ဖြင့် မောင်မောင် ခွဲခြားသိတတ်နိုင်ပါ၏။

ပသို့ဆိုစေ၊ မသည်းအူက လက်သည်း အရှည်…သွ သားသည်မို့ လက်သည်းအရှည်အလှထားသူများကို မောင် မောင် ပို၍ နှစ်သက်ကြည်ဖြူမိပါသည်။

အလှခြယ်သ ပြင်ဆင် ထုံးဖွဲ့ခြင်းသည် ပညာရပ် ဘပါးဟု မသည်းအူမှတဆင့် မောင်မောင် အသစ်အသစ် မြင်သိလာရသောကြောင့်လည်း၊ မသည်းအူနှယ် အလှ ခြယ်သပြင်ဆင်တတ်သသူ၊ အလှကို မက်မောတတ်သသူ၊ အလှကို မြတ်နိုးတတ်သသူတို့သည် မောင်မောင့် စိတ်မှာ ကြည်ညိုရာချည်းလာ ဖြစ်ကြပါကုန်၏။

စင်စစ် မသည်းအူသည် အလှဘုရားပါပင်တည်း။ သည်းအူ၏ စကားတို့သည်လည်း အလှတရားပါပင်တည်း။ သည်းအူ၏ ပတ်ဝန်းကျင်သည်လည်း အလှ ကမ္ဘာပါ င်တည်း။



ထို့ကြောင့် အလှဘုရားကိုရှင်း၊ အလှတရားကိုရှင်း၊ အလှကမ္ဘာကိုရှင်း မောင်မောင် ကိုးကွယ် ဆည်းကပ်လိုပါ၏။ အလှနှင့် ဆန့်ကျင်၍ မောင်မောင် မနေလိုပါချေ။

မသည်းအူကို မောင်မောင် မမုန်းနိုင်ပါချေ။ ထို ကဲ့သို့ပင် မသည်းအူ၏ ပတ်ဝန်းကျင်ကိုလည်း မောင်မောင် မမျက်နိုင်ပါချေ။

မသည်းအူကိုယ်တိုင်က မသည်းအူ၏ မိဘရင်းကိုပင် မယုံခဲ့သော်လည်း မောင်မောင်ကမူ ယုံခဲ့ပါချေ၏။ သည့် အတွက် သည်နှယ် ကွဲခဲ့ရသည်၊ သည်နှယ် ဆင်းရဲဒုက္ခ ရောက်ခဲ့ရသည် ဟူ၍ကား ပြောမည်ဆိုလျှင် ပြောနိုင်ပါ ချေ၏။ သို့သော် ယနေ့ထက်ထိကား မောင်မောင် အယုံ မှားခဲ့သည်၊ အထင်မှားခဲ့သည်၊ အဆုံးဖြတ်မှားခဲ့သည် ဟူ၍ မယူဆမိပါချေ။

မိခင်ကြောင်မသည် မွေးခါစ ကြောင်သားငယ်များ ကို လုံခြုံရာ၌ ထားလို၍ နေရာပြောင်းအံ့သောငှာ ကိုက်ချီ ၏။ ကိုက်၍ သတ်ပြီ အထင်နှင့် မိခင်ကြောင်မကို မောင်း မည်း ရိုက်ပုတ်ရမည်လော။

မိခင်ကြောင်မှ၏ အတွေ့အကြုံ နုနယ်မှု၊ မမှန်ကန်မှု ကြောင့် ရံဖန်ရံခါ ကြောင်သားငယ်များသည် သေကျေ

ပျက်စီးရကုန်၏။ ထိုအခါ မိခင်ကြောင်မကို ပြစ်ဖွဲ့ရှုတ်ချရမည်လော။

စင်စစ် စေတနာသာလျှင် ဖြစ်ပါ၏။ ဤသည်ကို မောင်မောင် နားလည်နိုင်ပါသည်။ မသည်းအူ၏ မိဘကို ပင်လျှင်လည်း မောင်မောင် မမုန်းနိုင်ပါချေ။

*　　　*　　　*

သို့သော် မသည်းအူ၏ မိဘက ကြောင်စုန်းများဖြစ်နေသည်ကိုမူ နောင်သောအခါမှ မောင်မောင် သိခဲ့ရပါ၏။ ကြောင်စုန်းတို့မည်သည် မိမိ၏ သားငယ်များကိုပင်လျှင် ကျွတ်ကျွတ်ဝါး၍ စားတတ်ကြမြဲပါတည်း။

အမှု စ၍ စစ်ဆေးသောနေ့သို့ ရောက်ခဲ့ပါ၏။

မောင်မောင် ပျော်ပါသည်။ မသည်းအူသည် တရားရုံးသို့ မုချ ရောက်ရမည်မို့ မသည်းအူနှင့် မောင်မောင် မုချ တွေ့ရပါမည်။ မသည်းအူသည် မောင်မောင့်ကို မြင်သောအခါ မည်သို့ နေပါမည်နည်း။



ချစ်သူနှင့် ခွဲရ၍ မသည်းအူသည်လည်း မောင်မောင့်နှယ်ပင် အအိပ်ပျက်အနေပျက် အစားပျက်အသောက်ပျက် စိတ်ပျက်လက်ပျက်နှင့် မျက်နှာနွမ်းနယ် ငယ်နေမည်လော။

မောင်မောင်နှင့် တွေ့ရသောအခါ၌လည်း မောင်မောင့်ထံသို့ ချုပ်နှောင်ထားရာမှ ရုန်းထွက်၍ ပြေးလာမည်လော။

မောင်မောင်ကပင်လျှင် မသည်းအူ ချစ်သူနှင့်တွေ့ရသည်နှင့် တပြိုင်နက် မသည်းအူထံသို့ ပြေးတည့်၍၊ မသည်းအူ၏မျက်ကွယ်၌ ဖြစ်ခဲ့ပျက်ခဲ့ရသမျှ အရေးကုန် အကြောင်းစုံကို ပြန်လည်ပြောပြရမည်လော။

အော်....ခုနှယ်များမှာ တွေ့တည့်ရလျှင်၊ နုလျှရင်ခွင်၊ သည်းဘဝင်ကို၊ ဆံပင်နှင့်လေ၊ မနေမနား ဖန်များခညွတ်၊ ကြိမ်ကြိမ်ပွတ်၍၊ ဖတ်ဖတ်မော့ခွေ့၊ နမ်း၍သာလျှင်၊ နေမိမည် ထင်ပါ၏။ နှစ်သက်ရင်း စွဲလမ်းရင်း ချစ်ခင်ရင်း ကြင်နာရင်းဖြင့် မျက်နှာချင်း ရင်ချင်း အပ်၍လည်း ဣန္ဒြေတံခါးကို လှပ်တည့်ကာ အထပ်ထပ်အခါခါ မရပ်စတမ်း နမ်းမိလိမ့်မည်သာ ထင်ပါသည်။

မသည်းအူ၏ စည့်စည့်ဘုန်းထွန်း ရှန်းရှန်းပသော လှတမျက်နှာကလည်း မောင်မောင့် အာရုံထည်းဝယ် ရစ်ဝဲ၍

လာပြန်ပါ၏။ ပေါ်လာတည့်သည်၊ မှတ်ရည်စိတ်ထား၊ ထင်ယောင်မှားလျက်၊ ဆည်တားမရှင်၊ မိုးကောင်းကင်သို့၊ ရှိုက်ငင်မူးမော်၊ ဖျော့ဖျော့မျှော်လျှင်၊ လည်မော်ညောင်းမျှ၊ ပင့်သက်ချ၍၊ လျှလျှသည်းချာ၊ ကြွေကြွေကာတည့်။ မောင်မောင် မသည်းအူကို တမ်းတမိပါသည်။

စင်စစ် မသည်းအူနှင့် မောင်မောင်တို့ ခွဲခွါခဲ့ရသည်မှာ ယနေ့ဆိုလျှင် တလနှင့် ဆယ့်နှစ်ရက်ပင် ပြည့်ခဲ့ပါပြီ။ ဤ လေးဆယ့်နှစ်ရက်မျှသောကာလတွင် မသည်းအူ အဖို့မူ မည်သို့ နေရလေမည် မသိပါချေ။ မောင်မောင့်မှာမူကား အခါခပ်သိမ်း မသည်းအူကို လွမ်းရသော တမ်းတသောစိတ်ဖြင့်သာ ဗျာပါဒိမ့်ကျမ်း နွမ်းခဲ့ရပါချေ၏။

မောင်မောင့် အမှုသည်လည်း အထူးအာဏာရ ရာဇဝတ်တရားသူကြီး၏ရုံးသို့ ရောက်ခဲ့ရပါပြီ။

ယနေ့ မသည်းအူကို စတင်၍ စစ်ဆေးမည် ဟု ဆိုပါ၏။ မသည်းအူ မည်သို့ ပြောပါမည်နည်း။ မသည်းအူ အမှန်ကို ပြောမှပြောပါမည်လော။

သည်အမှုမှာ မသည်းအူ ပြောမည့်စကားတို့က မည်မျှအရေးပါ အာ ရာ ရောက် ကြောင်း ကို မသည်းအူ



ကိုယ်တိုင်လည်း သိရှာမည်ထင်ပါသည်။ မသည်းအူကသာ အမှန်ကို ပြောပြဝန်ခံမည် ဆိုပါလျှင် သည်ယနေ့မှာပင် သည်အမှုမှ မောင်မောင်တို့ လွတ်မြောက်ရပါမည်။

စင်စစ် မသည်းအူသည်လည်း သစ္စာတရားကို မြတ်နိုး ယုံကြည်တတ်သသူသာလျှင် ဖြစ်ပါ၏။ မည်သည့် နည်းနှင့်မျှ မလျော်မတရား မုသားထွက်ဆိုလိမ့်မည် မထင်မိပါချေ။ သို့သော် မသည်းအူ၏ ပတ်ဝန်းကျင်က ဖေါက်ပြန်လှသည်မို့ မသည်းအူကိုပါ ရောင်ပြန်ဟပ်တန်ရာသည် ဟု မောင်မောင်တို့ တွေးမိရပါသည်။ ချစ်သောသူနှင့် ကွဲကွာရခြင်း အဆင်းရဲကြောင့်လည်း မသည်းအူ၏ နှလုံးသည်းခြေသည် ကြွေကြွေ ပျက်ပြားခဲ့ရပြီ ထင်ပါ၏။ ထိုအခါ မသည်းအူမှာလည်း အသိလက်လွတ် သတိချွတ် ခဲ့တန်ရာပါသည်။

မသည်းအူသည် ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် မနေခဲ့ရသော ကြောင့် လည်း၊ မသည်းအူ၏ စ ကား တို့ သည် မသည်းအူ၏စကား ဖြစ်လိုမှ ဖြစ်ပါလိမ့်မည်။ မသည်းအူ၏ ဘဝသည် အချုပ်အနှောင် ခံနေရသည်မို့လည်း မသည်းအူ၏ စကားတို့သည် မှန်လိုမှ မှန်ပါလိမ့်မည်။ မသည်းအူသည် မသည်းအူ၏ မိဘက သင်ပေး ထားသမျှသော စကားတို့ ကိုသာ စက်ရုပ်ကဲ့သို့ ပြန်ပြောပြီဆိုလျှင်တော့ မောင်မောင် ရင်ကျိုးရပါတော့မည်။

ပသို့ဆိုစေ၊ မောင်မောင့်ကို မသည်းအူ နှစ်နှစ်ကာကာ ချစ်ပါသည်။ မောင်မောင် နစ်နာရာ နစ်နာကြောင်းအတွက်၊ မောင်မောင့် အနာဂတ် ပျက်ပြားရာ ပျက်ပြားကြောင်းအတွက် မည်သည့်နည်းနှင့်မျှ မသည်းအူ ကြံဆောင် ပြောဆိုလိမ့်မည်မဟုတ် ဟူ၍ကား မောင်မောင် မျှော်လင့် ယုံကြည်မိပါ၏။

မသည်းအူ မပြောင်းလဲတန်ရာပါချေ။ ပတ္တမြား မှန်လျှင် နွံမှာနစ်သော်လည်း ညစ်ရိုးမရှိ။ မောင်မောင့်ကိုချစ်သော မသည်းအူ၏ မေတ္တာသည် ဓမ္မတာကိုပင် ရံဖန်ရံခါ ကျော်လွန်တတ်သည်မို့ မသည်းအူကို မောင်မောင် ယုံပါသည်။

သို့သော် မသည်းအူက လေကို ခလုတ်မှတ်၍ ခုန်ပါသည်။ သံယောဇဉ်ကို နှောင်ကြိုးအထင်နှင့် ရုန်းပါသည်။ မသည်းအူ လေတံခွန်မက လေအထန်တွင် မောင်မောင့် ရင်ခွင်မှ ရုတ်ခြည်းထ၍ ပြန်ခဲ့ပါသည်တည်း။

မသည်းအူက မောင်မောင့်ကို ရက်စက်ခဲ့ပါသည်။ မသည်းအူသည် ရုံးခန်းထည်းသို့ ဝင်မိသည်နှင့်တပြိုင်နက် ခေါင်းကို အသေငုံ့၍ ထားပါသည်။ မသည်းအူသည် ပတ်ဝန်းကျင်ကို စိုးစဉ်းမျှ မမှုဟန်ဖြင့်လည်း မျက်နှာထား တည်တည်နှင့် ထိုင်နေခဲ့ပါ၏။ တစုံတယောက်သောသူနှင့်



စကားလက်ဆုံကျနေခိုက်မှာပင် မျက်စေ့တို့က မငြိမ်မှု၍ ပတ်ဝန်းကျင်ကို ဝေ့ကာဝေ့ကာ ကြည့်တတ်လေ့ရှိခဲ့သော မသည်းအူသည် ယခုမူ ပဇာ့ကြောင့် ဝေ့၍မကြည့်တော့ပါသနည်း။ သည်အခန်းထည်း၌ မောင်မောင်တယောက်တော့ ရှိတန်ရာသည်ဟု မသည်းအူ တွေးမိသင့်ပါ၏။ မသည်းအူ ချစ်ခင်သည် ကြင်နာသည်ဟု ဆိုခဲ့သော၊ မသည်းအူ လက်ထပ် ပေါင်းသင်းခဲ့သော၊ မသည်းအူ.... 'မခွဲဘူး၊ မခွဲဘူး၊ မောင်နဲ့မခွဲဘူး။ သည်နေရာမှာတွင် အသေခံမယ်....'ဟု ကျေညာခဲ့သော မောင်မောင်သည် ယခု အသို့ နေလိမ့်မည်နည်း၊ အသို့ ရှိလိမ့်မည်နည်း။ မသည်းအူ သည်နှယ်လည်း ဆင်ခြင်မိဘို့ ကောင်းပါ၏။

ယခုမူ မသည်းအူက မသည်းအူ၏ မိဘနှစ်ယောက်ကြားတွင် ဣန္ဒြေအပြည့်နှင့် ရှေ့သို့ကြည့်၍သာ ထိုင်နေခဲ့ပါ၏။ မသည်းအူ ထိုင်နေရာနှင့် မောင်မောင် ထိုင်နေရာတို့၏ အကြားတွင် ခုနစ်ပေခန့်မျှသာ ခြားလိမ့်မည် ထင်ပါသည်။ သို့သော် မသည်းအူ၏ အမူအရာက ခုနစ်ကမ္ဘာ ခြားရတော့မည်နှယ် နိမိတ်ဆောင်၍ နေပါ၏။

ရုံးခန်းထည်းသို့ မသည်းအူတို့ ရောက်လာ၍ ခေတ္တမျှအကြာတွင် တရားသူကြီးက စာပွဲကို စ၍ခေါက်ပါသည်။ မသည်းအူတို့ဘက်မှ တင်ပြထားသည့် သက်သေ

တို့လည်း အပြည့်အစုံရောက်ပြီ၊ မောင်မောင်တို့ဘက်မှ ရှေ့နေရှေ့ရပ်များလည်း အဆင်သင့် ရောက်နေပြီမို့ စတင်၍ ကြားနာတော့မည်ဟု ဆိုပါ၏။

မသည်းအွာကို ပဌမဆုံး စ၍ မေးပါသည်။

မသည်းအွာက ရဲရဲဝံ့ဝံ့ပင် ကျမ်းကိုင်၍ စကား စပါ၏။

'သူနဲ့ကျမ မေတ္တာရှိနေကြတာတော့ မှန်ပါတယ်။ ဒါပေမယ့် သူ့ကို ကျမ မယုံပါဘူး။ မယုံတဲ့အကြောင်း ကတော့ နှစ်ချက် ရှိပါတယ်။ ပဌမ တချက်ကတော့ သူ ကျမကို မေတ္တာရှိတာဟာ မှန်မှ မှန်ပါ့မလား ဆိုတဲ့ သံသယ ပါဘဲ။ ဘာကြောင့် သည်သံသယ ရှိရသလဲဆိုတော့ ကျမ ရဲ့ အကိုကတဆင့် ကျမ သိခဲ့ရတာ တခုရှိလို့ပါ။ ကျမရဲ့ အကိုနဲ့ သူက မန္တလေးတက္ကသိုလ်မှာ အတူတူ နေကြပါ တယ်။ တယောက်နဲ့တယောက်လဲ ခင်မင်ရင်းနှီးကြပါတယ်။ ဒါ့ကြောင့် တယောက်အကြောင်းကို တယောက် သိနေ ကြပါတယ်။ မန္တလေး တက္ကသိုလ်မှာ ရှိနေတဲ့ ကျောင်းသူ တယောက်နဲ့လဲ သူနဲ့ မေတ္တာမျှနေကြတယ်လို့ ကျမ သိ ထားရပါတယ်....'

သည်တော့လည်း မောင်မောင် မနေသာပါတော့ ချေ။ မသည်းအွာ၏ စကားမှာ မောင်မောင် အုံ့ဩရပါ၏။



မသည်းအွာက မည်သို့သော ရည်ရွယ်ချက်နှင့် သည်နှယ် မလျှော်မတရား လုပ်ကြံစွပ်စွဲ၍ နေရပါသနည်း။

မုသားကို ပြောရာ၌ပင်လျှင် မသည်းအွာ၏အသံသည် ပကတိ တည်ကြည်သာယာလှပါ၏။ မသည်းအွာသည် သည် စကားကို မည်မျှကြာရှည် လေ့ကျင့်ပြောဆိုထားသည် မသိ ပါချေ။ မသည်းအွာ၏ မျက်နှာမှာလည်း စိုးစဉ်းမျှ ဂူဖြေ မပျက်မူ၍ တည်ကြည်ရွှန်းပလှပါ၏။

ရုတ်တရက်ပင် မောင်မောင် ထ၍ ရပ်ခဲ့မိပါသည်။

'ကိုကို့ကို အခု ခေါ်ပါ မသည်းအွာ၊ ကိုကို့ ရှေ့ မှာ အခုချက်ချင်း မောင် ရှင်းပြပါ့မယ်....'

မောင်မောင်က ရုတ်တရက် ဝင်၍ ပြောသဖြင့် မသည်းအွာသည် ပြောလက်စ စကားကို ခေတ္တ ရပ်နား၍ ထားပါ၏။ သို့သော် မောင်မောင့်ဖက်သို့မူ အနည်းငယ်မျှ ပင်လျှင် ယိမ်းလှည့်၍ တိမ်းမကြည့်လှာပါချေ။

'ဒုတိယ • အချက်ကတော့ ကျမသာ သိနိုင်တဲ့ အကြောင်းပါဘဲ။ စဉ်းစားကြည့်မယ်ဆိုရင်တော့ သဘော ပေါက်နိုင်လိမ့်မယ် ထင်ပါရဲ့။ စိတ်နဲ့ဆိုင်ပါတယ်။ ကျမကို ကြည့်တဲ့အခါမှာဘဲဖြစ်ဖြစ်၊ ကျမနဲ့တွေ့လို့ စကားပြောတဲ့

အခါမှာဘဲဖြစ်ဖြစ်၊ သူ့အမူအရာဟာ အင်မတန် အေးစက်စက်နိုင်လွန်းလှပါတယ်။ တွေ့ခွင့်ရလို့ တွေ့ကြရပြီ ဆိုရင်လဲ ချစ်သူတို့ရဲ့ မေ့မှတာ မေတ္တာရဲ့အကြောင်းကို ပြောမကုန်နိုင်အောင်ရှိကြပေမယ့် သူကတော့ စကားကျဲ နှုတ်လွန်မှာ စိုးလို့ထင်ပါရဲ့။ အင်မတန် ဝန်ခံခဲပါတယ်။ အင်မတန်ပြောခဲပါတယ်။ ကျမကို သူ ကြည့်ပြီဆိုရင်တော့ ကျမမျက်စိထဲမှာ ရုပ်ရှင်ထဲက အေးကြူရဲ့ အမူအရာကို သွားသွား သတိရမိပါတယ်။ သည်တော့ သူ ကျမကို မေတ္တာရှိတယ် ဆိုရာမှာ ကျမ သံသယ ဖြစ်မိပါတယ်။ သာမန်ချစ်ရရုံ၊ ပျော်ပါးရရုံ ကြံတာများလားလို့လဲ အောက်မေ့မိပါတယ်....

'နို့ သည်လို သံသယ ရှိရက်သားနဲ့ သူ့မေတ္တာကို ဘာ့ကြောင့် တုံ့ပြန်ရသလဲလို့ မေးမယ်ဆိုရင်လဲ မေးနိုင်ပါတယ်။ သည့်အတွက်လဲ ကျမမှာတော့ အဆင်သင့် ဖြေဘို့ ရှိပါတယ်။ ကျမ ပွင့်ပွင့်လင်းလင်းဘဲ ပြောပါရစေ။ မေမေတို့ဖေဖေတို့အတွက် စိတ်မကောင်းစရာ ဖြစ်ပေမယ့် ကျမစိတ်နဲ့ ကျမကိုယ် သည်နေရာမှာတော့ လွတ်လွတ်လပ်လပ် ပြောပြချင်ပါတယ်။ ကျမကို့ ကျမမိဘက လူတယောက်နဲ့ နေရာချထားဘို့ စီစဉ်ပါတယ်။ ကျမကို အသိမပေးပေမယ့် အဲသည် အစီအစဉ်ကို ကျမ သိခဲ့ရပါတယ်။ ဘယ်သူနဲ့ဆိုတာလဲ ကျမ သိပါတယ်။ ကျမ အဲသည်လူကို



ရှင်းရှင်းပြောရရင် နည်းနည်းမှ ကြည့်လို့ မရပါဘူး။ ယူဘို့ဆိုတာတော့ ဝေးပါတယ်....

'သည်တော့ ရေနစ်တဲ့သူလို ဆွဲမိဆွဲရာကို ကျမ လှမ်းဆွဲမိပါတယ်။ သူကတော့ ကျမ အကိုရဲ့ သူငယ်ချင်းလဲ ဖြစ်တယ်၊ ကျမ မိဘနဲ့လဲ သိတယ်၊ အိမ်မှာလဲ ဝင်ထွက် သွားလာဘူးတယ်။ သည်တော့ သူနဲ့ ကျမ ပိုပြီး ရင်းနှီးခွင့်ရပါတယ်။ သည်အပေါ်မှာ အခြေခံပြီး လေ့လာမယ်လို့လဲ ကျမ ဆုံးဖြတ်မိပါတယ်။ ဒါ့ကြောင့် သူက ရေးလာတဲ့စာတွေကို ကျမ ပြန်ခဲ့ပါတယ်။ စာပြန်တာနဲ့ မေတ္တာတုံ့ပြန်တာဟာ အများကြီး ခြားနားပါတယ်....

'ဒါပေမယ့် ကြာတော့လဲ ကျမ ပြန်ခဲ့တဲ့စာတချို့ထဲမှာဆိုရင် မေတ္တာတုံ့ပြန်တဲ့အကြောင်းကို စိတ်ကူးယဉ်ယဉ်နဲ့ ရေးမိကောင်း ရေးခဲ့မိပါလိမ့်မယ်....

'နောက်ဆုံး အခြေအနေကတော့ ရုတ်တရက် မမျှော်လင့်ဘဲ ဖြစ်ခဲ့ရတယ်ဆိုတာကို ယုံစေ့ချင်ပါတယ်။ စာမေးပွဲအပြီးမှာ သူနဲ့ကျမ တွေ့မယ်လို့သာ သာမန် ထင်ခဲ့မိပါတယ်။ သည်လို နှစ်ယောက်ချင်း တွေ့ရှိ အစဉ်အလာ တခါမှ မရှိဘူးပါဘူး။ သည်တခါတော့ သူ့တောင်းဆိုချက်ကို လိုက်လျောသင့်တယ်လို့ ထင်တာနဲ့ သူနဲ့တွေ့ဘို့ ကတိပေးခဲ့မိပါတယ်....

‘စာမေးပွဲခန်းထဲက ထွက်လာတော့ သူက ကားနဲ့ လာကြိုနေတာကို တွေ့ရပါတယ်။ နောက်တော့ မမျှော် လင့်ဘဲ ရုံးကို ရောက်ခဲ့ရပါတယ်။ ရုံးရောက်တော့မှ....ဘာဘဲ ဖြစ်ဖြစ် တရားဝင် လက်ထပ်ထားဘို့ သင့်တဲ့အကြောင်း.... သူကပြောပါတယ်။ သည်လိုနဲ့ ကျမလဲ လက်မှတ်ထိုးလိုက် ပါတယ်။ နောက်တော့ သူ့ သူငယ်ချင်း ကိုခင်မောင်ထွေးတို့ အိမ်ကို ဆက်သွားကြပါတယ်....

‘အဲသည်ရောက်တော့မှ ကျမ အိမ်ထောင်ကျပါပေါ့ လားဆိုတာ သိရပါတယ်၊ သည်တော့ ကျမ ငိုမိပါတယ်။ ကျမ ထွက်ပြေးဘို့လဲ အမျိုးမျိုး ကြိုးစားပါသေးတယ်။ ပြေရာပြေကြောင်း နှစ်သိမ့်ပြောဆိုပြီးတော့လဲ ကျမကို ပြန်ခွင့်ပြုဘို့ အတန်တန် တောင်းပန်ခဲ့ပါတယ်။ ဒါပေမယ့် ကျမ ကြိုးစားသမျှ အလကားပါဘဲ။ ကျမကို အိပ်ခန်း တခန်းထဲ ထည့်ပြီး အပြင်က သော့ခတ်ပိတ်ထားပါတယ်။ အဲသည်အိမ်ဟာ အင်မတန် ခမ်းနားပါတယ်။ အုတ်နံရံ တွေကလဲ တတောင်လောက် ထူလိမ့်မယ် ထင်ပါတယ်။ ခြံကလဲ တော်တော် ကျယ်ပါတယ်။ အော်မယ် ဆိုရင်လဲ အနီးအနား ပတ်ဝန်းကျင်က ကြားနိုင်စရာ မရှိပါဘူး....။ သည်လိုနဲ့ ကျမ ဘဝဆုံးခဲ့ရတာပါဘဲ....

‘သည့်အခြေအနေ ရောက်မှတော့ ထွက်ပြေးတော့ မယ် မထင်ဘူးဆိုပြီး၊ ခုနစ်ရက် မြောက်တဲ့နေ့မှာ အခန်း



တံခါးကို သူတို့ ဖွင့်ထားပေးပါတယ်။ ကျမကလဲ ယုံသတဲ့ ယုံလာအောင် ဟန်ဆောင်နေခဲ့ရပါတယ်။ ရှစ်ရက်မြောက်တဲ့ နေ့ မနက်ကျတော့ အောက်မှာ ဆင်းပြီး လမ်းလျှောက် သလိုလိုနဲ့ သူတို့အလစ်မှာ ထွက်ပြေးလာခဲ့ပါတယ်....’

သည်နေရာမှာမူ ခင်မောင်ထွေးက....‘ဟောဗျ၊ လုပ် လိုက်ပြော့....’ဟု အလန့်တကြား ထ၍ ဟစ်ပါသည်။

ထိုအခါ တရားသူကြီးက ခင်မောင်ထွေးကို လှမ်း ကြည့်တည့်၍၊ ဆိတ်ဆိတ်နေရန် လက်ဟန်ခြေဟန်ဖြင့် သတိပေးပါ၏။ မောင်မောင်ကမူ ပြုံးခဲ့မိပါသည်။

စင်စစ် မောင်မောင်မျှသာမက၊ မောင်မောင့် မိဘများ အပါအဝင် မောင်မောင်တို့ဖက်မှ ပရိသတ်များ မှာ အကုန် ပြုံးမိကြရသည်သာတည်း။

တရားသူကြီးသည် အလံကိုလေတိုးသကဲ့သို့ တယဲ့ယဲ့ မြည်နေသော ရယ်မောသံတို့ကို မုချ ကြားလိမ့်မည်သာ ထင်ပါသည်။ တရားသူကြီးသည် မည်သည့်အကြောင်း အရာကိုမှ မသိ၊ အသော့နှင်၍ ရေးနေပါချေ၏။

ထို့နောက် ခေါင်းကို ပြန်မော့၍ မသည်းအူကို အသေ အချာ ကြည့်နေပြန်ပါသည်။ မသည်းအူကမူ

လက်ကိုင်ပုဝါဖြင့် မျက်နှာမှာ စို့လာသောချွေးတို့ကို တို့ယူသုတ်သင်လျက် ရှိပါ၏။

'အဲသည်တော့...ဆက်ပါအုံးကွယ့် မသည်းအူရဲ့....'

'ကျမ နာမည် ဂရေ့စ်ဟန်ထွန်းပါ၊ မသည်းအူ မဟုတ်ပါဘူး....'

မသည်းအူသည် မောင်မောင်က နှလုံးသည်းအူနှင့်တကွ ပေးအပ်ထားခဲ့သော 'မသည်းအူ' ဟူသည့် အမည်ကို ယခင်ကမူ နှစ်ခြိုက်စွာ လက်ခံသုံးစွဲခဲ့ပါ၏။ ရုံးမှာ လက်ထပ်စဉ်ကလည်း 'မသည်းအူ'အဖြစ်ဖြင့်သာ လက်ထပ်ခဲ့၍၊ မောင်မောင့် ပတ်ဝန်းကျင်မှာလည်း 'မသည်းအူ' ဟုသာ တွင်စေခဲ့ပါသည်။ မသည်းအူနှင့် မောင်မောင်တို့ ခွဲရအံ့ မူးမူး၊ ပဲခူးရဲဌာနာတွင် လူးလှိမ့်ငိုကြွေးနေရစဉ် အခါက ပင်လျှင်လည်း မသည်းအူ၏အမည်ကို ရဲအရာရှိ တဦးက မေးသောအခါ၊ 'မသည်းအူ' ဟူ၍သာ မသည်းအူ ဖြေကြား ခဲ့ပါသည်။ မောင်မောင့် မိဘများနှင့် စ၍ တွေ့ရစဉ်အခါကလည်း...မသည်းအူမှာ အမည်မရှိကြောင်း၊ ငယ်နာမည် 'ဆိုးဆိုး'သာလျှင် ရှိကြောင်း ဖြေကြားပြောဆိုကာ၊ မောင်မောင် ပေးအပ်ထားသည့် 'မသည်းအူ' ဟူသော အမည်ကိုသာလျှင် အမြတ်တနိုး ကျေညာပြောဆို

PDF CREATOR - NYEYADHAMMA@GMAIL.COM



ခဲ့ပါ၏။ ဂရေ့စ်ဟန်ထွန်း ဟူသော အမည်ကိုမူကား မသည်းအူသည် တပါတည်း ဖျောက်ဖျက်ထားပစ်ခဲ့ပါသည်။

ယခုသော် မသည်းအူက 'မသည်းအူ' ဟူသော အမည်ကို ထွေးအပ်သော တံတွေးကဲ့သို့ စက်ဆုပ်ရွံရှာသည့်ဟန်ဖြင့် ငြင်းဆန်၍နေပါ၏။ မသည်းအူသည် သည်မျှအထိ ပြောင်းလဲခဲ့ပါသည်။ မသည်းအူ သည်မျှအထိ ပဇာ့ကြောင့် ပြောင်းလဲခဲ့ရပါသနည်း။

'ကျမ အိမ်ကထွက်ပြေးလာခဲ့ပြီး လမ်းမတခုကို ရောက်တော့ မိန်းမတယောက်နဲ့တွေ့ပါတယ်။ စမ်းချောင်းနဲ့ ကျမနေတဲ့ကျောင်းက နီးတယ်ဆိုတာ ကျမ သိပါတယ်။ ဒါပေမယ့် စမ်းချောင်းထည်းကို ကျမ မရောက်ဘူးပါဘူး။ ဒါကြောင့် ကျမတို့ ကျောင်းရဲ့ နာမယ်ကို ပြောပြပြီး၊ ဘယ်လမ်းက သွားရမလဲလို့ မေးမိပါတယ်။ ဒါပေမယ့် ကျမ ဘာသာဘဲ ကျမ ပြန်လာခဲ့ပါတယ်။ ကျောင်းကိုရောက်တော့ ကျမ အဖြစ်ကို ကျမ ပြန်ပြောပြပါတယ်။ ကျောင်းက မေမေတို့ တည်းနေတဲ့ နေရာအထိ လိုက်ပို့ပါတယ်....'

မသည်းအူက သည်တွင် စကားကို ရပ်ပါသည်။ ဆက်၍ ပြောစရာ မရှိတော့ဟန်ဖြင့်လည်း၊ လက်ထည်းမှ

လက်ကိုင်ပုဝါကို ဖြန့်၍သာ ငုံ့ကြည့်နေပါ၏။ တရားသူကြီးကလည်း စာပွဲတွင် ငုံ့၍ရေးနေပြန်ပါသည်။

ထို့နောက် တရားသူကြီးသည် အနည်းငယ်စဉ်းစား၍၊ မသည်းအူကို အသေအချာ ကြည့်လာပြန်ပါ၏။

'ခုနကပြောတဲ့ လမ်းမှာတွေ့တဲ့ မိန်းမဆိုတာ ဘယ်သူလဲ သိသလား၊ အဲသည်အနားမှာ အခုနေသွားစုံစမ်းရင်ရော တွေ့နိုင်မယ်ထင်သလား....'

မသည်းအူကမူ ခေါင်းကိုသာ တွင်တွင် ခါပြလျက်ရှိပါ၏။

ထိုအခါ ပဇာ့ကြောင့်ဟူ၍မူ မသိ၊ တရားသူကြီးသည် ပင့်သက်ချဟန် ရင်ကိုမပါ၏။ ထို့နောက် မောင်မောင်တို့ထံသို့ မျက်နှာမူ၍....'ကဲ သည်ဘက်က မေးစရာရှိရင် မေးပါ၊ မေးနိုင်ပါတယ်....' ဟူ၍လည်း ပြန်လည်မေးမြန်းခွင့် ပေးပါသည်။

'ကျွန်တော် မေးလို့ ရမလား ခင်ဗျ....'

မောင်မောင့် ရင်ထည်းမှာ မည်သို့ ဖြစ်ရသည်ကား



မသိပါချေ။ ရုတ်တရက် ထိုင်ရာမှ ထတည့်၍၊ မောင်မောင် မေးခဲ့မိပါ၏။

ထိုအခါ မောင်မောင့် လကျ်ာဖက်တွင် ကပ်လျက် ထိုင်နေသော ဝတ်လုံဦးကျော်မြင့်က သူ့ကိုယ်ကို မောင်မောင့်ဖက်သို့ ယိမ်းတည့်၍၊ 'သတိထားပြော မောင်မျိုးညွန့်' ဟု သတိပေးပါသည်။

'မသည်းအူ မောင့်ကို မုန်းပြီဆိုတာတော့ မောင် သိရပါပြီ....ဒါပေမယ့် ဘာ့ကြောင့် နေ့ချင်းညချင်း မုန်းသွားရသလဲ ဆိုတာကိုတော့ တတ်နိုင်ရင် ပြောပြစေချင်ပါတယ် မသည်းအူ။ မသည်းအူ ရုတ်တရက် မုန်းသွားရလောက်အောင် မောင် ဘာတွေများ လုပ်ခဲ့မိလို့လဲ မသည်းအူရယ်.. ။ မသည်းအူ မှာသလို ကျောက်ဆည်ကို မောင် မလိုက်လာနိုင်ဘူး မသည်းအူ။ မောင် ကောင်းကောင်းမွန်မွန် နေပါ့မယ်လို့ ရုံးမှာ ကတိပေးထားရပါတယ် မသည်းအူရယ်...'

တတ်နိုင်သမျှ မောင်မောင် ထိန်း၍ ပြောပါ၏။ သို့သော် မောင်မောင့်အသံမှာ သိသိသာသာ တုန်လျက် ရှိပါသည်။

ထိုအခိုက် အမှုလိုက်ရဲအရာရှိက....'ကန့်ကွက်ပါတယ်၊

ထွက်ချက်နဲ့ မပတ်သက်တာတွေကို မေးနေပါတယ်....’ဟူ၍ ရုတ်တရက် ထ ကားမြစ်ပါ၏။ အမှုလိုက်ရဲ့အရာရှိ၏အသံမှာ မာကြောလှပါသည်။

သည်တော့လည်း ဦးကျော်မြင့်က ထပါ၏။ ‘ဘယ့်နှယ် မပတ်သက်ရမှာပါလဲ ခင်ဗျာ။ သူတို့ချင်းက ချစ်သူတွေဘဲ၊ အခုနက မသည်းအုရဲ့ စကားတွေဟာ ချစ်သူတယောက်အနေနဲ့ ပြောရမယ့် စကားတွေမှ မဟုတ်ဘဲကလား။ သည်တော့ ဘာ့ကြောင့် နေ့ချင်းညချင်း နေ့ချင်း ညချင်း စိတ်ပြောင်းသွားရသလဲ ဆိုတာ အခြေခံအားဖြင့်ကို သိရမယ်. သိသင့်တဲ့ ကိစ္စပါ....အ လွန် ကို ပတ်သက်ပါတယ်....’ဟူ၍လည်း မောင်မောင့်ဖက်မှ ကူညီ ပြောဆို ပေးပါသည်။

သည်တွင် တရားသူကြီးက....‘ဆက်မေးနိုင်ပါတယ်’ ဟု ခွင့်ပြုပြန်ပါ၏။ မောင်မောင် တံတွေးကို မျို၍ စကားဆက်ရပြန်ပါသည်။

‘မသည်းအုု ပြောခဲ့သမျှတွေဟာ အစက အဆုံးအထိ တခွန်းမှ အမှန်မဟုတ်ဘူးဆိုတာ မောင့်လိုဘဲ မသည်းအုလဲ သိပါတယ်။ သည်အမှုက လွတ်ဖို့ မလွတ်ဖို့ကို ဂရုစိုက်ပြီး ပြောနေတယ်လို့ တော့ မထင်နဲ့ မသည်းအုု။ မသည်းအုုက မုန်းပြီဆိုမှတော့ မောင် ဘယ်ဘဝ ရောက်ရောက် မထူး



တော့ပါဘူး မသည်းအုရယ်။ မောင့်ကို မုန်းတယ်လို့ တခွန်းထဲသာ ပြောလိုက်ပါ။ မသည်းအုရဲ့ ပါးစပ်က အခု ပြောချလိုက်စမ်းပါ။ မသည်းအုု ပြောသမျှ မှန်ပါတယ်လို့ မောင် အခုချက်ချင်း ဝန်ခံလိုက်ပါ့မယ်။ ထောင်ထဲကိုလဲ မသည်းအုု့ စိတ်ကြိုက် မောင် ဝင်သွားပါ့မယ်....’

မသည်းအုုသည် မောင်မောင့်ကို မကြည့်မူ၍၊ မျက်နှာကိုသာ အမြဲ ငုံ့ထားပါချေ၏။ သို့သော် မသည်းအုု၏ နှလုံးအိမ်မှ ဆူ၍ဝေလာသော မျက်ရည်ပူတို့ကိုမူ မသည်းအုု မထိန်းနိုင်ပါချေ။ မသည်းအုု ငိုရလျက် ရှိသည်ကို မောင် မောင် မြင်နေရပါ၏။

‘မုန်းတယ်လို့ တခွန်းထဲသာ ပြောပါမသည်းအုု....’

သို့သော် မသည်းအုုသည် မပြောခဲ့ပါချေ။ တခွန်းမျှ မတုံ့ပြန်မူ၍လည်း မျက်ရည်တွေတွေသာ ဝေနေခဲ့ပါချေ၏။

ငိုသည် နှင့် ဆန့် ကျင် သော အပြုံး ကို ဆောင် ၍၊ ဦးကျော်မြင့်ကမူ ထိုင်နေရာမှ ဝင့်ကြွားစွာ ရပ်တည့်ပြန်ပါ၏။ ထို့နောက် ‘ကျွန်တော်တော့ မေးစရာ မရှိတော့ပါဘူး....’ဟု ဆိုပါသည်။

ထိုအခါ ဦးမောင်မောင်ကျော်က တလှည့် ထတည့်ကာ၊ မသည်းအူရှိရာသို့ လျှောက်လာနေပါ၏။ မသည်းအူ ငုံ့ထားလျက်က မျက်ရည်ကျနေရသည်ကို အသေအချာ ကြည့်၍လည်း....'အို မသည်းအူက ငိုနေတာပါကလား....၊ မငိုပါနဲ့ကွယ် 'ဟု နှစ်သိမ့်ကာ သူ့အိတ်ထည်းမှ လက်ကိုင်ပုဝါကို ထုတ်၍ပေးပါသည်။

'ကန့်ကွက်ပါတယ်....'

အမှုလိုက်ရဲအရာရှိက ထ၍တဖန် မိုးကြိုးပစ်သကဲ့သို့ ရုတ်တရက် ဟစ်ခဲ့ပြန်ပါ၏။

စင်စစ်သော် ဦးမောင်မောင်ကျော် ပြောသည့် အထည်းတွင် ကန့်ကွက်သင့် ကန့်ကွက်ထိုက်သော စကားဟူ၍ မောင်မောင့် မမြင်မိပါချေ။ လူ လူချင်း ကြင်နာသောစိတ်နှင့် ချဉ်းကပ်၍ နှစ်သိမ့်ခြင်းကိုပင်လျှင် ရဲအရာရှိသည် မကြည်ဖြူနိုင်တော့ပြီလော။ ခွင့်မပြုနိုင်တော့ပြီလော။

ထိုအခါ ဦးမောင်မောင်ကျော်က....မိမိ တစုံတရာ မှားယွင်းမိပါသလော....ဟု သက်သေပြုဟန် တိုင်တည်ဟန်ဖြင့် ပရိသတ်ကိုတလှည့်၊ တရားသူကြီးကိုတလှည့် ကြည့်ပါ၏။



'ပဌမ အားနွဲ့တဲ့ မိန်းမငယ်တယောက်ဖြစ်တဲ့ မသည်းအူ ငိုနေတယ် ဆိုတာကို ရုံးတော်က သိစေချင်ပါတယ်။ သည်လို အားနွဲ့တဲ့ မိန်းမငယ်ကလေး တယောက် ငိုနေတာ၊ တနည်းအားဖြင့် စိတ်ပူပန် ဆင်းရဲနေရတာကို မြင်ရတွေ့ရတော့ နှစ်သိမ့်ရမဲ့ လူ့တာဝန် အရ ကျွန်တော် နှစ်သိမ့်မိပါတယ် .. ။

'ကျွန်တော် မေးမယ်လို့ စိတ်ကူးထားတာကလေး ရှိပါတယ်။ ဒါပေမယ့် တဖက်သားမှာ စိတ်သွားတိုင်း ကိုယ်မပါလို့ အားငယ်နေရခိုက် ဆိုတော့လဲ ကျွန်တော် မမေးရက်တော့ပါဘူး ခင်ဗျာ....'

သည်တော့လည်း ဦးမောင်မောင်ကျော်၏ ပြောလိုရင်း ပြုလိုရင်း သဘောကိုပါ မောင်မောင် ရိပ်မိရပါတော့သည်။ ဦးမောင်မောင်ကျော်သည် အမှန် မေးမြန်းလိုသည် မဟုတ်မူ၍၊ မသည်းအူ ငိုနေရကြောင်းကိုသာ အတိအလင်း ရှင်းပြလိုရင်း ဖြစ်တန်ရာပါ၏။

မသည်းအူကလည်း ပါး ပါသည်။ မသည်းအူ၏ မျက်နှာကို မည်သူမျှ မမြင်ရစိမ့်သောငှာ၊ မည်သူမျှ အကဲခပ်ခွင့် မရစိမ့်သောငှာ ရုံးခန်းထည်းသို့ ဝင်လာသည့်အချိန်မှစ၍ ခေါင်းကို အစဉ် ငုံ့လျက်သာ ထားပါ၏။ သည်သို့

ငုံ့ထားရမည် ဟု မသည်းအူကို တစုံတယောက်ကပင်လျှင် သင်ကြားထားသည်လော၊ မပြောတတ်ပါချေ။

'ဘာပြုလို့ ငိုနေမလဲ မသည်းအူရယ်၊ သည်မယ် ကြည့်စမ်း၊ သည်လက်ထပ်စာချုပ်ကို ပြန်ကြည့်စမ်း....'

မြတ်သူ၏ဝတ်လုံ ဦးသိန်းလွင်က တ၍တဖန် ပြော ပြောဆိုဆို ဝင်လာပြန်ပါ၏။ မောင်မောင်နှင့် မသည်းအူ တို့၏ လက်ထပ်စာချုပ်ကို ကိုင်ပြ၍လည်း မသည်းအူ့ အပါးသို့ ချဉ်းကပ်ခဲ့ပါသည်။

'တရားဝင် လက်ထပ်ပြီးပြီ မသည်းအူ။ ဘာမှ ပူမနေနဲ့။ ဘယ်သူ့စကားမှလဲ နားမယောင်နဲ့....တရားရုံး ဆိုတာ အမြဲတမ်း အမှန်တရား ဖက်က ရှိတယ် မသည်းအူ။ သည်စာချုပ်အရ မောင်မောင်မျိုးညွန့်နဲ့ မသည်းအူဟာ တရားဝင် အကြင်လင်မယား ဆိုတာ ဘယ်သူမှ မငြင်းနိုင် ဘူးကွယ့်။ သည့်တော့ မသည်းအူ စဉ်းစားကြည့်စမ်း....၊ မသည်းအူကသာ အမှန်ကို အမှန်အတိုင်း ဖွင့်ပြောမယ်ဆိုရင် အခု ဟောသည်တရားရုံးပေါ်က အပြန်မှာ နှစ်ယောက်စုံတွဲ ဆင်းသွားနိုင်တယ်....'

ဦးသိန်းလွင်၏ စကားတို့ကို နားထောင်ရသည်မှာ အပ်ချုပ်စက်သံကို ကြားရသကဲ့သို့သာတည်း။ တတ်တတ်



တတ်တတ်နှင့် အင်မတန် မြန်ပါသည်။ အသံကိုလည်း နှိမ့်၍ ပြောသည်ထင့်။ အင်မတန် တိုးပါ၏။ သည်အထည်းမှာ ဦးသိန်းလွင်က မြန်မာ မစစ်၍၊ စကားက ဝဲနေပြန်ပါ သည်။ မသည်းအူပင်လျှင် နားမှလည်ပါ့မည်လော၊ မပြော တတ်ပါချေ။

'မသည်းအူ... သည်ကို ခဏ လှမ်းကြည့်လိုက်စမ်းပါ။ သူ့ကို မသည်းအူ မြင်ဘူးသလားလို့....'

သည်အခါ၌မူ ဦးသိန်းလွင်၏အသံသည် ကျယ်လောင် လှပါ၏။ ဦးသိန်းလွင် ကိုယ်တိုင်ကလည်း မသည်းအူနှင့် ဆယ့်ငါးပေခန့် ကွာဝေးနေရာသို့ ရောက်၍နေပါသည်။ ဦးသိန်းလွင်သည် အသက်သုံးဆယ်ခန့် ရှိမည့် ယောကျ်ား တယောက်ကို မတ်တတ်ရပ်စေ၍ ပခုံးမှ ကိုင်ပြနေခြင်း ဖြစ်ပါ၏။

ထိုသူကို မောင်မောင်လည်း လှည့်၍ လှမ်းကြည့်မိ ပါ၏။ ထိုသူကို မောင်မောင်တော့ မြင်ဘူးသည်မှာ သေချာ ပါသည်။ ထိုသူသည် ပဲခူးရဲဌာနတွင် မောင်မောင်တို့ ခေတ္တမျှ အထိန်းသိမ်းခံနေရစဉ်(မသည်းအူ့မိဘများ ရောက် မလာမီ) မောင်မောင့်တို့အတွက် လဘက်ရည်နှင့်မုန့်များ လာချပေးသူ ဖြစ်ပါ၏။ ထိုသူကိုပင် ခင်မောင်ထွေးက ဆေးလိပ်ဖူးတဘူး အဝယ်ခိုင်းခဲ့သည်ကိုလည်း မောင်မောင်

ကောင်းစွာ မှတ်မိနေပါသည်။ ထိုသူသည် ပဲခူး ရဲဌာနာ၏ ဝန်းကျင်တွင်ရှိသော လဘက်ရည်ဆိုင်တဆိုင်မှ လူတယောက် ဖြစ်ပုံရပါ၏။ သူ့ အမည်ကိုမူကား မောင်မောင် မသိခဲ့ပါချေ။

ယခု ထိုသူသည် ရုံးခန်းထည်းသို့ ရောက်နေခဲ့ပါပြီ။ ဦးသိန်းလွင် ပဲခူးသို့ သွားရောက်စည်းရုံး၍ ခေါ်ဆောင်လာခဲ့သည် ထင်ပါ၏။ သူ့ ပခုံးကိုကိုင်၍ ပြသောအခါ၌မူ ထိုသူက ပြုံးပါသည်။ မသည်းအူက သူ့ကို လှမ်း၍ကြည့်ခဲ့ရာမှာလည်း သူကပြုံး၍ နှုတ်ဆက်ဟန် ပြုပါ၏။

'သူ့ကို မြင်ဘူးတယ် မဟုတ်လား မသည်းအူ....'

မသည်းအူသည် မျက်နှာကို ပြန်ငုံ့ထားရာမှ.... 'မြင်ဘူးပါတယ်....'ဟု ဖြေပါသည်။

ထိုအခါ ဦးသိန်းလွင်က ထိုသူကို ပြန်ထိုင်စေ၍၊ တရားသူကြီး စားပွဲရှိရာသို့ လျှောက်လာခဲ့ပါ၏။

'ကျွန်တော် အခုပြခဲ့တဲ့ပုဂ္ဂိုလ်နဲ့ ရုံး တော် ကို မိတ်ဆက်ပေးခွင့်ပြုပါ။ သည်ပုဂ္ဂိုလ်ဟာ ပဲခူးရဲဌာနာနဲ့ မလှမ်းမကမ်းမှာရှိတဲ့ လဘက်ရည်ဆိုင်တဆိုင်က အလုပ်သမားတယောက်ပါ။ သူ့နာမယ်ကို မောင်လှဟန်လို့ ခေါ်



ပါတယ်။ မသည်းအူ သူ့ကို ဘယ်လိုလုပ် မြင်ဘူးတယ် ဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ ကျွန်တော် သည်လောက်ဘဲ ပြောချင်ပါတယ်....'

ဦးသိန်းလွင်သည် ပြောပြောဆိုဆိုနှင့်ပင် မိမိနေရာတွင် မိမိ ပြန်၍ထိုင်ပါသည်။

အတန်ကြာမျှမူ ရုံးခန်းသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါ၏။ ထို့နောက် အမှုမှတ်တမ်းကို ဖတ်နေရာမှ တရားသူကြီးသည် မသည်းအူကို လှမ်းကြည့်ပြန်ပါသည်။

'ပဲခူးကို ရောက်ဘူးသလား မသည်းအူ....'

'မရောက်ဘူးပါဘူး....'

'နောက်ထပ်ကော ဘာများ ပြောချင်သေးသလဲ။ ပြောစရာရှိရင် ပြောနိုင်တယ်။ ပြောစရာမရှိဘူး ဆိုရင်တော့ ကိုယ့်နေရာ ကိုယ်ပြန်နိုင်ပြီ....'

မသည်းအူကလည်း ပဇာမျှ ပြောစရာ မရှိတော့ဟန်ထင့်။ ထိုင်ရာမှထ၍ မူလနေရာသို့ ပြန်ပါသည်။ ထိုအခါ တရားသူကြီးက တရားလိုပြ သက်သေတဦး ဖြစ်သော မသည်းအူနေခဲ့ရာ သာသနာပြုကျောင်းမှ အဆောင်မှူး

ဆရာမ ဆိုသည်ကို ဆက်လက် စစ်ဆေးရန် အလို့ငှာ ဆင့်ဆိုခဲ့ပါ၏။

* * *

'ယေဘုယျအားဖြင့်ဆိုသော် ရာဇဝတ်တရားဥပဒေ၏ ရည်ရွယ်ချက်မှာ ပြည်သူအများစု၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးကိုသော်၎င်း၊ ပြည်သူ တဦး တယောက် ၏ လွတ်လပ်ခွင့်ကိုသော်၎င်း၊ နိုင်ငံ၏ စီးပွားရေး လုံခြုံရေး ဖွံ့ဖြိုးရေး အေးချမ်းသာယာရေးကိုသော်၎င်း နှောက်ယှက် ထိပါးစေသော အပြုအမူများကို ကာကွယ်ရေးပင် ဖြစ်သည်။ ထို့ကြောင့် ရာဇဝတ် အပြစ်ဒဏ်များသည် နောင်ကျူးလွန်မည့်သူများအား မကျူးလွန်ဝံ့ကြစိမ့်သောငှါ တားဆီးသည့် သဘော ဖြစ်ရမည်။

'သို့သော် အပြစ်ဒဏ်ခံရမည်ဆိုရုံနှင့် ရာဇဝတ်ပြစ်မှုများကို မကျူးလွန်လာစိမ့်သောငှါ တားဆီးနိုင်မည် မဟုတ်ပေ။ ရာဇဝတ်ပြစ်မှုကို ကျူးလွန်သူသည် အပြစ်ဒဏ် ခံရရန် ၉၀ ရာခိုင်နှုန်းခန့်သေချာသည် ဟူသော သဘော ပေါက်မှုမျိုး ရှိမှသာလျှင် ရာဇဝတ်ပြစ်မှုများကို တားဆီး နိုင်ပေမည်။ ရာဇဝတ်ပြစ်မှု ကျူးလွန်ထားသူတယောက် အပြစ်ဒဏ်ပေးခြင်းမခံရ ဆိုခြင်းမှာ မလိုလားအပ်သော အခြေအနေပင် ဖြစ်၏။ ဥပဒေကို ယုံကြည်ကိုးစားမှု



နည်းပါးသွားစေမည်။ ကျူးလွန်ခဲ့သူအားလည်း နောက်ထပ် တကြိမ် ထပ်မံကျူးလွန်ဝံ့ရန်အတွက် ရဲဆေး တင်ပေးလိုက် ဘိသကဲ့သို့ ရှိချေမည်။ ကျန် ပုဂ္ဂိုလ်များကလည်း ၎င်းကဲ့သို့ လွတ်လမ်းရှိသည်ဟု ယူဆပြီး ကျူးလွန်လာရန် ဝန်လေး ကြမည် မဟုတ်ပေ။

'အခြားတဖက်မှ စဉ်းစားကြည့်လျှင်လည်း အပြစ် ကင်းသူ တဦးတယောက်အား ရာဇဝတ် အပြစ်ဒဏ် ပေးလိုက်မိခြင်းမှာ အဆိုးဝါးဆုံးပင် ဖြစ်၏။ အပြစ်ဒဏ် ခံရသူ အတွက်လည်း အကျိုးသက်ရောက်ပုံမှာ ဆိုးဝါး လှစွာသည်။ စိတ်နာပြီး လူ့ အဖွဲ့ အစည်း အပေါ် တွင် သဘောထား ပြောင်းလဲ သွားတတ်ပေသည်။ ထောင်ဒဏ် ကျခံသွားရသည် ဆိုပါက ထောင်အတွင်းတွင် အခြား ရာဇဝတ် အကျဉ်းသား လူဆိုး သူဆိုးများနှင့်ပေါင်းမိကာ လူဆိုးစစ်စစ် ဖြစ်သွားနိုင်ပေသည်။ သို့ဖြင့် အပြစ်ကင်းသူ တဦးအား အပြစ်ဒဏ်ပေးလိုက်မိခြင်းသည် တိုင်းပြည်အတွက် အသုံးဝင်သည့် တိုင်းသူပြည်သားကောင်း တယောက်ကို ရာဇဝတ်ကောင် အဖြစ်သို့ တွန်းပို့လိုက်ခြင်း မည်ပေသည်။ တခါတရံတွင် အပြစ်ကင်းသူကို အပြစ်ပေးမိခြင်းသည် အမှန်အပြစ်ရှိသူ လွတ်သွားခြင်းပင် ဖြစ်၏။

'ထို့ကြောင့် လွတ်သွားသော အပြစ်ရှိသူသည် ပို၍ အားတက်သွားပေသည်။ ဤသို့သော အခြေအနေ

မျိုးတွင် အပြစ်ရှိသူနှင့် အပြစ်ကင်းသူကို သေချာ ဂဏစွာ သိထားကြသူများ ရှိတတ်ပေရာ၊ ၎င်းတို့အနေနှင့် ဥပဒေကို လေးစား ယုံကြည်စိတ် လျော့နည်းသွားနိုင်ပေသည်။

'ထို့ကြောင့် ဥပဒေကို အကောင်အထည် ဖေါ်ရာတွင် ပြစ်မှုကျူးလွန်သူ အရေအတွက် များနိုင်သမျှ များများကို အပြစ်ပေးမိရပေမည်။ အခြားတဖက် အနေနှင့်လည်း အပြစ်ကင်းသူများကို အပြစ်ပေးခြင်းမှာ တတ်နိုင်သမျှ ရှောင်ရှားကြရပေမည်။ ။ဤကား ရာဇဝတ် တရား ဥပဒေ၏ အခြေခံသဘောထားပေတည်း။

'ဤအမှုတွင်မူ တရားလိုပြ သက်သေများကိုစစ်ဆေးကြည့်သောအခါ တရားခံများအပေါ်တွင် စွဲချက်တင်နိုင်လောက်သည့် သက်သေအထောက်အထား တစုံတရာ မတွေ့ရ။ အဓိကသက်သေဖြစ်သော မသည်းအှ၏ ထွက်ဆိုချက်မှာလည်း သင်ကြားထားချက်များမျှသာ ဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။ ယုတ္တိလည်း မရှိ၊ ခိုင်လည်း မခိုင်လုံပေ။ သာမန်အားဖြင့် လူတိုင်းအဖို့ စိတ် ပြောင်း သွား သည် ဆိုခြင်းမှာ ဓမ္မတာသဘောအရ ဖြစ်နိုင်ချက် ရှိသော်လည်း ယခု ကိစ္စမှာမူ သံသယ ဖြစ်ဖွယ်ရာ ရှိသည်။ အဆိုပါ မသည်းအှ၏ထွက်ချက်သည် အထက်တွင် ဖေါ်ပြခဲ့သော အမှုကြောင်းနှင့်လည်း ကွဲပြားခြားနားလျက် ရှိသည်။



'ထို့ကြောင့် တရားခံများဖြစ်ကြသော (၁) မောင်မောင်မျိုးညွန့်၊ (၂) မောင်ခင်မောင်ထွေး၊ (၃) မောင်မြတ်သူ နှင့် (၄) မစိမ်းမြ တို့၌ အပြစ်မရှိကြောင်းမှာ ထင်လျှားသည်။ ထို့ကြောင့် ဤအမှုမှ ကျွန်ုပ် အား အပ်နှင်းထားသော အာဏာအရ တရားရှင်လွှတ်လိုက်သည်။'

အမှုစစ်သောနေ့နှင့် နှစ်ရက်အကွာ၌ ချိန်း ထား ချက်အရ ရုံးသို့ ရောက်ရပြန်သောအခါ တရားသူကြီးက စီရင်ချက်ကို ဖတ်၍ပြပါ၏။ စီရင်ချက်၏ ပဥ္စမပိုင်းတွင်မူ မောင်မောင်တို့၏ ဖြစ်ရပ်အမှန်ကို အမှုကြောင်း အဖြစ်ဖြင့် အကျဉ်းချုပ် ဖေါ်ပြထားပါသည်။

ပသို့ဆိုစေ၊ မောင်မောင်တို့ လွတ်မြောက်ခဲ့ကြရပါ၏။

မသည်းအှ၏ မိဘများကမူ ရုံးခန်းထည်းမှ အလျင်အမြန်ပင် ထွက်ခွါကြပါသည်။ မျက်နှာများမှာလည်း မလန်း မရွှင်နိုင်တော့မူ၍၊ အမျက်မာနဟန် လွှမ်းလျက်ရှိပါ၏။ မသည်းအှသည် ပျော်သည်လော၊ မပျော်သည်လော ခွဲခြား၍ မရနိုင်သော အသွင်အပြင်ကို ဆောင်လျက် တွေဝေးနေပါသည်။ မသည်းအှ၏မေမေက မသည်းအှ၏လက်ကို ဆွဲ၍၊ ရုံးခန်းထည်းမှ ထွက်သောအခါ၌လည်း မသည်း

အုသည် လိပ္ပာသောအိမ်ခွေးကလေးကဲ့သို့ သခင်နှင့်တပါ တည်းသာလျှင် မရုန်းမတုံ့ လိုက်ပါ၍သွားပါ၏။

မောင်မောင့် စိတ်မှာ နွမ်းလှာရပြန်ပါသည်။

သည်တခါ ခွဲခွါရခြင်းမှာမူ ရာသက်ပန် ခွဲခွါရခြင်း၊ ထာဝရ ခွဲခွါရခြင်းသာလျှင် ဖြစ်ပါ၏။ သည်ဘဝ သည်မျှ နှင့်ပင် သည်ဇာတ်ကို သိမ်းခဲ့ရခြင်းလည်း မည်ပါသည်။ ထို့ကြောင့် မသည်းအုနှင့် ပြန်လည် တွေ့ဆုံပေါင်းစည်းနိုင် ရရေးအတွက် မျှော်လင့်ချက်ကား မရှိတော့ပါပြီ။

မသည်းအုကပင်လျှင် အခွင့်အရေးကို လက်လွှတ် အဆုံးရှုံးခံ၍၊ အမှန်ကို ငြင်းဆန်ခဲ့ပြီ ဆိုတော့လည်း အသို့ လျှင် မောင်မောင် ဆက်လက်၍ မျှော်လင့်နိုင်ပါတော့ မည်နည်း။

မသည်းအုသည် မုဆိုးတပိုင်းမိန်းမရိုင်းကဲ့သို့ မောင် မောင့်ကို ရက်စက်ခဲ့ပါ၏။ မသည်းအုက မသည်းအုထံတွင် ရာသက်ပန် အပ်နှံထားသော မောင်မောင့်အသည်း၊ မောင် မောင့် အအိပ်၊ မောင်မောင့် အပျော်၊ မောင်မောင့် အသိ အမြင် စသည်တို့ကို ဥစ္စာဘဏ္ဍာပမာ ပိုက်ထုပ်ယူငင် လျက်၊ မောင်မောင့် အပါးမှ ထွက်ပြေး ပျောက်ကွယ် ခဲ့ပါသည်။



မောင်မောင့် လောကဝန်းကျင်သည် လပျောက်သော မိုးညကဲ့သို့ မှောင်အတိကျလျက် ကျန်ရစ်ခဲ့ပါ၏။

ပသို့ဆိုစေ၊ မသည်းအုကို မောင်မောင် အဆိုး မဆိုရက်ပါချေ။

မသည်းအုကို မောင်မောင် မေ့လည်းမမေ့နိုင်ပါ ချေ။ အောက်မေ့ချေချေ၊ ပြေကြောင်းဖြေလည်း၊ မပြေ နာကြည်း၊ အလွမ်းသာလျှင် ဖြင်ဖြင်ပည်းခဲ့ရပါ၏။ ပဝါး တခါ၊ ပြားတခါလျှင်၊ မျက်နှာရှင်ကြည်၊ ထင်တော့ သည်ကြောင့်လည်း၊ မသည်းအု ဟူသော အမည်ကို အရှုး ပမာ တစာစာ တရှုရင့်ကျူး မိပါသည်။

ဘဝ ဆိုသည် မှာ မျှော်လင့်နေခြင်းဖြင့်သာလျှင် မွေ့ လျော် ပျော် ပိုက် နိုင် ရာ သည် ဟု စ ကား ဟောင်း အကြောင်းရှိပါ၏။ သို့သော် ယခုမူ မောင်မောင်မည်သို့ မျှော်လင့်ရပါတော့ အံ့နည်း။

မသည်းအုက လဝန်းနှယ်ပင် ဖြူစင်ပရွန်း ထွန်းပါ သော်လည်း၊ လဝန်းပမာ မသည်းအုက မျက်နှာ များပါ သည်။ တနေ့တမျက်နှာ သွင်ပြင်မူရာ ခြားနားခြားနား လာလေ့ ရှိသော လဝန်းကဲ့သို့ပင်လျှင်လည်း မသည်းအုက တခဏ မျှနှင့် မောင်မောင့်ကိုပါ မေ့ ဖျောက် ခဲ့ ပါ ၏။

မသည်းအုန္ဒ မိုးပျော်မက မြေနိမ့် စိမ့်စမ်းရေ အပြင်မှာ ကြာကြာအရိပ် မထင်ခဲ့ပါချေ။ မသည်းအုသည် မောင်မောင့်ကို တိမ်းခဲ့ စိမ်းခဲ့ပါချေသည်။

မသည်းအုသည်လည်း ရက်စက်တတ်ပါ၏။ မသည်းအုကို ရက်စက်သူ ဟူ၍ အမှန်စင်စစ် မောင်မောင် မဆိုရက်ပါချေ။ သို့သော် ဘဝက မသည်းအုကို နာကြည်းဘို့ရာ လှုံ့ဆော် လှာပါသည်။ မသည်းအုကို မုန်းဘို့ရန်လည်း အတန်တန် နားချလှာပါ၏။

ပသို့ဆိုစေ၊ မသည်းအုကို မောင်မောင် မုန်းလည်း မမုန်းနိုင်ပါချေ။

* * *

မမုန်းနိုင်သော်လည်း မုန်းရပါတော့မည်။

မမုန်းလို၍လည်း မရတော့ပါပြီ။ မသည်းအုနှင့် ဟောင်းကြမ္မာ တပြန်ကြော့၍ တွေ့ကြရပြန်သောအခါ၌ မသည်းအုက မသည်းအုသစ် ဖြစ်၍နေပါပြီ။

မောင်မောင့် လေတံခွန်သည် ပိုင်ရှင် အသစ် ကြိုးအသစ်နှင့် ကောင်းကင်တွင် ပျံဝဲ၍နေပါ၏။



မသည်းအုသည် ယခုမှ ပို၍ပင် လှနေ၏ ထင်ရပါသည်။ နတ်ထက်သော်မှ၊ လှ၏ ကျူးကျော်၊ ဆိုသင့်လျော်ပါ၏။ မသည်းအုက တယောက်သော ယောကျာ်းနှင့်တွဲ၍ ရုပ်ရှင်ရုံထည်းသို့ ဝင်ပါသည်။

မြင်သည် ခဏ၊ မိုးမျှ မေတ္တာ၊ ဖြိုးဖြိုး ရွာ၍၊ သည်းချာ စိတ်ဝမ်း၊ တမ်းတ ထန်ပြင်း၊ စွဲလမ်းရင်းနှင့် မသည်းအု၏အပါးသို့ ချဉ်းကပ်မည် မောင်မောင် ကြံမိပြန်ပါ၏။ သို့သော် မောင်မောင် နောက်သို့သာ ဆုတ်ခဲ့ရပါသည်။

နောက်မဆုတ်ပဲ၊ စုတ်စုတ်ရဲလျှက်၊ နှုတ်စွဲစုံ့ငုံ၊ မနှုန်နှဲ့တည့်၊ ပလဲ့ပတင်၊ မချွဲထွင်ပဲ၊ လျှင်မနှေးရည်၊ မေးရမည်လည်း၊ ဆွေသည် ဆင့်ရစ်၊ လင်နှင့် ဖြစ်ခဲ့....။ အော်... မောင်မောင့် မသည်းအုကလည်း ပီဘိ မိန်းမ ပါတကား။

မောင်မောင် မန္တလေးသို့ ရောက်နေသည်မှာ ကြာပါပြီ။ အောင်မှတ်ကောင်းသည် ဟုဆိုကာ သိမ်းသွင်းသော ကြောင့်လည်း၊ စိုက်ပျိုးရေးသိပ္ပံမှာပင် ဝင်ရောက်အမှုထမ်း နေရပါ၏။ အမှုထမ်းသက်ပင်လျှင် လေးလပြည့်ခဲ့ပါချေပြီ။

သည်နေ့ ညနေမှာမူ စိတ်မှာကြည်သည်မို့ မြို့ထည်း

သို့ ထွက်လာမိပါ၏။ မရည်ရွယ်သော်လည်း လမ်းကြုံခိုက်မှာ ရုပ်ရှင်ကြည့်ဖြစ်ပြန်ပါသည်။

အနည်းငယ် စောနေ၍၊ လမ်း၏တဖက်မှ လဘက်ရည်ဆိုင်တွင် ထိုင်ကာ လဘက်ရည်မှာခဲ့မိပါ၏။ ထိုအခိုက် ရုပ်ရှင်ရုံရှေ့သို့ မသည်းအူတို့ ရောက်လာကြပါသည်။ မသည်းအူ၏ ရုပ်ရှင်ကြည့်ဘက်က လက်မှတ် ဝယ်နေခိုက်တွင်မူ၊ မသည်းအူသည် အနားမှ လက်ပိုက်လျက် ရပ်စောင့်နေပါ၏။ မသည်းအူကမူ မသည်းအူ့ထုံးစံ ပတ်ဝန်းကျင်ကို မျက်စေ့ဝေ့ကာ ကြည့်ပါသည်။

မှောင်ကလည်း မှောင်စပြုပြီမို့ မောင်မောင့်ကိုမူ မသည်းအူ မမြင်ခဲ့ပါချေ။ ရုတ်တရက် မမျှော်မလင့် တွေ့ရသည်မို့၊ မောင်မောင်ကလည်း အမှတ်မထင် မျက်နှာကို တဖက်သို့ လှည့်နေမိပါ၏။ နောင်မှ နောင်တရကာ မသည်းအူကို ပြန်ကြည့်ရပါသည်။

မသည်းအူသည် ယခုမှ ပို၍ပင် ဖွံ့ဖြိုးနေပါ၏။ မသည်းအူ၏ ပိုးထမိ အနီရင့်ရင့်သည် လေအရှိန်းတွင် လွင့်၍ နေပါသည်။ မသည်းအူ၏ ဆင်ယင်ထုံးဖွဲ့မှုကမူ အတုမရှိဟုပင် ဆိုရမည်ထင်၏။ မောင်မောင့် အမြင်အသိတွင်ဖြင့် သည်နှယ် ဆင်တတ်ပြင်တတ် လှတတ်သသူမှာ မသည်းအူ တယောက်သာ ရှိလိမ့်မည် ထင်ပါသည်။



မောင်မောင့်ရင်သည်လည်း အပြင်းအထန် ခုန်၍ နေပါ၏။ မောင်မောင့် နှလုံးသည်းအူတို့က ရင်ထည်းတွင် ပျော်ပွဲသဘင် ဆင်ယင်လျက် ရွှင်မြူးခုန်က နေကြသည်လော၊ မပြောတတ်ပါချေ။ မောင်မောင့်မှာမူ ကြည့်ရင်း ကြည့်ရင်းနှင့်ပင် မောလာခဲ့ရပါတော့သည်။

မသည်းအူ လမ်းလျှောက်သည်ကလည်း လေဝယ် လွင့်မျော တိမ်သဘောနှယ် ကြော့ကြော့မြူးဟန် ပျံ၍နေပါ၏။ မသည်းအူက ထိုသူ၏ လက်ရုံးကိုဆွဲ၍ ရုံထည်းသို့ ဝင်ပါသည်။

သည် ရုပ်ရှင်ရုံမှာပင်....တခါက မသည်းအူ ရုံထည်းမှာ ရှိနေ ကြည့်နေသည်အထင်နှင့် မောင်မောင်တို့ ဝင်ကြည့်ခဲ့ကြရသည့် ရယ်စရာအဖြစ်ဟောင်းကို ပြန်ပြောင်း၍ မောင်မောင် မြင်ယောင်မိပါ၏။ ယခုမူ မသည်းအူ ရုံထည်းမှာ ရှိနေသည်ကို အသေအချာ သိနေပါလျက်နှင့် မောင်မောင် အဝင်ရ ခက်နေမိပါသည်။

မသည်းအူသည် လှကားလှပါ၏။ သို့သော် မသည်းအူကို မောင်မောင်ကြောက်နေသည်လော၊ မပြောတတ်ပါချေ။ မသည်းအူနှင့် တွေ့ရန်ကိုပင်လျှင် မောင်မောင် ဝန်လေး၍ နေမိပါချေသည်။ အော်... မသည်းအူ ခေါ်ရန်း

ပန်းကလည်း နားလှာမည့်လိပ်ပြာကို အခါခပ်သိမ်း ယိမ်းခါ၍ နှင်တတ်ခဲ့သည် မဟုတ်ပါလော။

သည်တော့လည်း မသည်းအူနှင့် မတွေ့ရစိမ့်သောငှါ ဝယ်ထားသော လက်မှတ်ကို ဆုတ်ပစ်၍၊ လှည့်ပြန်မည် ကြံမိပြန်ပါ၏။ သို့သော် မသည်းအူသံယောဇဉ်က မောင်မောင့်ကို နှောင်းတည်း၍ ဆောင်ဆွဲထားပါသည်။

တခါက 'ချစ်တယ် မောင်ရယ်....'ကို ဆယ့်နှစ်ခါမျှ ပြောရမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်သည် ဟု ကန္တကရ ပြောတတ်ခဲ့သသူ မသည်းအူ။....'မောင်နမ်းလွန်းလို့ အမ်းလာတဲ့ သည်နှုတ်ခမ်းကလေး တွေကို ကြည့်စမ်း၊ ပို လှလာတယ်နော်။ ဒါပေမယ့် စည်းကမ်းတော့ သတ်မှတ်ရလိမ့်မယ် မောင်ရေ့၊ တနေ့ အခါတရာ့ထက်တော့ ပိုလို့ မဖြစ်ဘူး။ နောမို့ရင် မောင်နမ်းတာနဲ့ မသည်းအူ သေရချည်ရဲ့....'ဟု မေတ္တာအာသည်းအသန်နှင့် ညည်းဟန် ပြုတတ်ခဲ့သသူ မသည်းအူ။....'ညက ည၊ နေ့က နေ့၊ ညက အကြောင်းကို နေ့မှာ လာမပြောနဲ့ မောင်ရယ်၊ မသည်းအူ ရှက်တယ် ဟူ၍ မောင်မောင့်ရင်ခွင်မှာ မျက်နှာကိုဝှက်ကာ၊ မောင်မောင့်ရင်ညွှန့်ကိုလည်း မနာ့တနာ ကိုက်တတ်ခဲ့သသူ မသည်းအူ။ သည် မသည်းအူကို မောင်မောင် မည်သို့ မေ့ရနိုင်ပါမည်နည်း။



ယခုမူ သည်မသည်းအူက မောင်မောင့်ကိုပင် မေ့ပြီ ထင်ပါ၏။

ပန်းနှယ်ပင်တည့်၊ လည်တွင် ခေ့ပတ်၊ ဆင်မတတ်ဟု၊ အထွတ်တိုင်ထိ၊ ဆိုဦးရှိလျက်၊ ချစ်မိ မချစ်၊ အသစ်သစ်လျှင်၊ မရစ်စုံမက်၊ မေတ္တာဝှက်၍၊ မျှသက်ဝေမြဲ၊ မဝေဘဲနှင့်၊ မင်းရဲဘုန်းမြင့်၊ ကြင်စိတ်ဖင့်၍၊ သူနှင့်ကျွမ်းဟန်၊ အလွမ်းချန်ခဲ့....။

မသည်းအူက မောင်မောင်နှင့် ပေါင်းခဲ့ရသော ဘဝကိုလည်း အိပ်မက်ဟုသာ ယူဆပြီ ထင်ပါ၏။

ထိုအခါ မောင်မောင့်ရင်မှာ နာ လှာရပါသည်။ မစ္ဆရပန်းတို့ကလည်း မောင်မောင့်ရင်မှာ ရုတ်ခြည်းလာ၍ ပွင့်ပါ၏။ မောင်မောင် မထိန်းချုပ်နိုင်ပါတော့ချေ။

လဘက်ရည်ဆိုင်မှ ထ၍၊ ရုပ်ရှင်ရုံထည်းသို့ မောင်မောင်လည်း ဝင်ခဲ့မိပါ၏။ လဘက်ရည်ဆိုင်မှာ မည်မျှကြာကြာ ထိုင်၍ တွေးနေခဲ့မိသည် မသိပါချေ။ ရုံထည်းမှာမူ ပင်မဇာတ်လမ်းပင်လျှင် စ၍ပြပြီမို့ မှောင်မည်း၍ နေပါသည်။

မောင်မောင့်နေရာသို့ မောင်မောင်ရောက်လာခဲ့ပါ

၏။ အတန်ကြာ၍ မြင်နိုင်သောအခါ မသည်း
မောင်မောင် ရှာကြည့်ရပါသည်။ မသည်းအူသည်
မှာပါနည်း။

တွေ့မည့် တွေ့တော့လည်း မသည်းအူက
မောင့်နောက်တည့်တည့်မှ ခုံတွင် ရောက်၍နေပါ၏။
ကြောင့် မသည်းအူ အဖို့မူ မောင်မောင် ဝင်လာစဉ်
မောင်မောင့်ကို မူချမြင်ရပါလိမ့်မည်။

အမှန်ဆိုလျှင် မသည်းအူသည် မောင်မော
နှုတ်ဆက်ရုံမျှမူ နှုတ်ဆက်သင့်ပါ၏။ နှုတ်ဆက်ရုံမျှ
မသည်းအူ၏ အနေအထားမှာ မရွေ့လျား မပျက်ပြား
ပါချေ။

မသည်းအူနှင့် တွဲလာသူမှာမူကား ယခင်က မသည်း
အူနှင့် ကြောင်းလမ်းထားသည်ဟု ဆိုသော ကိုကျော်
ဆိုသူ ဖြစ်တန်ရာပါ၏။ တခါက မသည်းအူ၏မေ
မြောဘူးသကဲ့သို့ပင် ဖြူဖြူသွယ်သွယ်သာ ဖြစ်ပါသည်
သိမ်မွေ့ ယဉ်ကျေးပုံလည်း ရပါ၏။ သူကလည်း ကိုကို
ထက် တနှစ်သာငယ်သည် ဟု ဆိုသောကြောင့်၊ မော
မောင်နှင့် အသက်ချင်းတူသော်လည်း သူ့မျက်နှာက
မောင်မောင့်ထက် ပို၍ရင့်ပုံ ရပါသည်။ မျက်မှန် ကလည်း
ရင့်စေခြင်း၏ အကြောင်းတပါး ဖြစ်နိုင်ရာပါ၏။



ထို့ပြင် ထိုကိုကျော်စိုး ဆိုသူက ယောကျ်ား
မဆန်မှု၍၊ အလုံးအဖန် အင်မတန် ငယ်ပါတိချေ၏။
အရပ်ကလည်း မသည်းအူ ထက်ပင် နှစ်လက်မခန့် နိမ့်ဦး
မည် ထင်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးသော မသည်းအူနှင့်
ယှဉ်လျှင်တော့ သူက သဘောပင်နွယ် ငယ်နေ၍၊ မသည်း
အူက အုန်းပင်နွယ် ခန့်ခန့်ထယ်ပါ၏။ တနည်းအားဖြင့်
ဆိုရလျှင် မသည်းအူက ၃၅၊ ၂၂၊ ၃၅ ခန့်ရှိ၍၊ သူက
၃၃၊ ၃၃၊ ၃၃ ကဲ့သို့ ရှိပါသည်။

မသည်းအူသည် အလှကို အင်မတန် မြင်တတ်
ကြည့်တတ် ရှုမြင်တတ်ပါ၏။ လှမှ မသည်းအူက မြတ်နိုး
တတ်လေ့ ရှိပါသည်။ ထိုအခါ မောင်မောင် တွေးကြည့်
မိပါ၏။ မသည်းအူ သူ့ကို ကြည်ဖြူနိုင်ပါ၏လော။ သူနှင့်
တွဲရသည့်အတွက် မသည်းအူ့စိတ်မှာ ချမ်းသာရပါ၏
လော။ မသည်းအူ၏ဘဝမှာ မသည်းအူ ပျော်ပါ၏လော။

ပသိုးဆိုစေ၊ ရုပ်ရှင်ရုံထည်းမှ ပြန်အထွက်တွင်လည်း
မသည်းအူက ထိုသူ၏ လက်ရုံးကို ဆွဲ၍ တွဲပါသည်။ မသည်း
အူ၏ အမူအရာတို့ကလည်း လူတောထည်းမှာပင် နှစ်ယောက်
ထည်း လည်တွဲ၍ ကြင်ဆဲအခါကဲ့သို့ ကဲခဲ့သဲခဲ့လှပါ၏။
မသည်းအူ မောင်မောင့်ကို သက်သက်မဲ့ အရွဲ့တိုက်ပြီ
ထင်ပါသည်။

မသည်းအူသည် မောင်မောင့် မေတ္တာကိုပင်လျှင် မညှာမစာတော့မူ၍၊ မောင်မောင့်အသည်းတို့ကို ကြေစေကြေစေခဲ့ပါ၏။ မသည်းအူ ပဇာကြောင့် မောင်မောင့်ကို သည်မျှရက်စက်လိုရပါသနည်း။

မောင်မောင် မတွေးတတ်ပါချေ။

မတွေးတတ်သောကြောင့်လည်း မေးမည်ဟု မောင်မောင် ကြံစည်မိပါ၏။ မောင်မောင် မသည်းအူ့အပါးသို့ ချဉ်းကပ်ဖြစ်ခဲ့မိပါသည်။

မောင်မောင့်မှာ သည်နှယ် စိတ်ဆန္ဒကို မချုပ်ထိန်းတတ်သော၊ မဆင်ခြင်မစဉ်းစားတတ်သော၊ ရင်ကိုဖွင့်၍ ပြောတတ်သော မိုက်ရူးရဲ့အကျင့်ကလေး ရှိကြောင်းကိုမူ မောင်မောင် ဝန်ခံရပါမည်။ သည်နှယ် မိုက်ရူးရဲ ပြုခဲ့မိ၍ ဒုက္ခရောက်ခဲ့ရသည့်အဖြစ်ကိုလည်း မောင်မောင် သင်ခန်းစာ ယူဘို့ သင့်ပါသည်။ သည်အကျင့်မှာ ကောင်းသော အကျင့်ဟု မဆိုနိုင်ကြောင်းကိုလည်း မောင်မောင်နားလည်ဘို့ ကောင်းပါ၏။

သို့သော် ဘဝမှ သင်ခန်းစာ မယူမူ၍ ရူးရူးရဲရဲပင် မသည်းအူကို မောင်မောင် အသံပြုခဲ့ မိပါသည်။



'ဘယ့်နှယ် မသည်းအူ....'

သည်နှယ် နောက်က လိုက်၍ လာလိမ့်မည်၊ သည်နှယ် နှုတ်ဆက်လာလိမ့်မည်၊ သည်နှယ် စကားပြောခွင့် တွေ့ဆုံခွင့် ရဖို့ရေးအတွက် အားထုတ်၍ လာလိမ့်မည်၊ သည်နှယ် သူ့ဘဝ၏ အနာဂတ်ကို အန္တရာယ်ပေးလာလိမ့်မည်ဟု မသည်းအူ မျှော်လင့်ထားပုံ ရပါ၏။ မသည်းအူသည် ကြားလျှက်နှင့် မကြားဟန် ပြုပါသည်။

'အော်....ဂရေ့စ်လို့ခေါ်မှ သိတော့မယ်ထင်တယ်'

သည်တခါလည်း မသည်းအူကမူ လှည့်၍မျှ မကြည့်ခဲ့ပါချေ။ မသည်းအူ၏ လက်တွဲဘက်ကသာလျှင် လှည့်ကြည့်လှာ၍၊ မသည်းအူကို တဆင့် လက်တို့ ပြောပါ၏။ သို့သော် လက်တို့၍ ပြောပြသည့်တိုင် မသည်းအူက လှည့်မကြည့်မူ၍၊ လျှောက်မြဲ လျှောက်ပါသည်။ ထို့နောက် 'ပွဲထိုင်'ဆိုင်ထည်းသို့ ဝင်မည် ပြုပါ၏။

သည်တော့လည်း မသည်းအူ၏ သဘောကို မောင်မောင် ရိပ်မိရပါတော့သည်။ မောင်မောင့်ကို မတွေ့လိုတော့ကြောင်း၊ မောင်မောင်နှင့် ရင်မဆိုင်လိုတော့ကြောင်း၊ မောင်မောင်နှင့် စကား မပြောလိုတော့ကြောင်းမှာလည်း

ထင်လျား၍ နေပါ၏။ မောင်မောင်ကမူ မသည်းအူ သတ္တိနည်းပုံကို တွေးမိကာ၊ ပြုံးမိရပါသည်။

'ကောင်းပါပြီ မသည်းအူ၊ မသည်းအူနဲ့ နောက်ထပ် မတွေ့ဖြစ်အောင် ကိုမျိုးညွန့် ကြိုးစားပါ့မယ်....'

မောင်မောင့်နှုတ်က ရုတ်တရက်ပင် နှုတ်ဆက်ခဲ့မိပြန်ပါ၏။ မသည်းအူနှင့် လမ်းခွဲ၍လည်း မောင်မောင် ပြန်ခဲ့မိပါသည်။ ပြန်မလှည့်မိမှာမူ မသည်းအူ၏ နောက်ကျောပြင်ကိုပင် မောင်မောင် ရပ်၍ ငေးကြည့်နေဖြစ်ခဲ့ပါ၏။ ဖြူစင်နုရွ၊ ခြေကစသည်၊ စိမ်းမြညိုရောင်၊ ဆံတိုင်အောင်လျှင်၊ ဝင်းပြောင်လျှံမြူး၊ နောက်ပြင်ကျူးကို၊ ရှုမူးမိန်းလှည့်၊ တက်သက်ကြည့်သော်၊ မြူရှည့်ပြစ်ခြည်၊ မထင်သည်ကြောင့်၊ ဆောက်တည်မရ၊ လက်ခြေရှသည်၊ ထိန့်မျှကိုယ်လုံး ရိုက်၏တည်း။

သည်နှယ် လှသသူတို့မှာ ကလူခေါက်ရက် မသက်မညှာ ပြုမူတတ်မြဲမွေ့တာမို့ မသည်းအူကိုလည်း မောင်မောင် ခွင့်လွှတ်နိုင်ပါသည်။ မသည်းအူသည် ဘဝအသစ်ကို တည်ဆောက်၍ နေရာ၌ ဘဝဟောင်းကို ပြန်ပြောင်း၍ မအောက်မေ့လိုပုံ ရပါ၏။ မောင်မောင်နှင့် တွေ့ရ ဆုံရ စကားပြောခွင့် ကြုံရပြီဆိုလျှင် မသည်းအူမှာလည်း ဗျာပါ စိမ်ကျွမ်း၊ ပူသည့်ဝမ်းကို၊ မနွမ်းလျယောင်၊ ရှုဖို့ရပ်ဆောင်



လျက်၊ တန့်အောင်ချုပ်ဖြေ၊ နေ၍ရနိုင်မည် မထင်မိပါချေ။ ထို့ကြောင့် မသည်းအူ သည်နှယ် နှုတ်တုံ့မပြန်မူ၍ ရက်စက်ခဲ့သည်ကိုလည်း မောင်မောင် နားလည်နိုင်ပါသည်။

ဆတတ်ဗျာပါ၊ ပူစိမ့်ငှာဟု၊ သစ္စာပျက်ဟန်၊ အမျက်သန်လည်း၊ ဖေါက်ပြန်တွေ့ပြား၊ ရှိမည်ထားဘိ၊ ပိုက်ဖျားရင်ခွင်၊ တင်ထက်တင်၍၊ လည်တွင်နေကျ၊ ဆွဲချင်လှတည့်။ မသည်းအူကို မောင်မောင် ချစ်ပါသည်။

* * *

မေ့မည်ဖြေလည်း၊ ပြေမည်စင်ထား၊ ထပ်ထပ်ပွား၍၊ သည်းဖျားဝှန်ဆူ၊ ဖြေယူမတတ်၊ စက်သို့ပတ်မျှ၊ မိန်းပြတ်မူးလည်၊ မောရသည်ရှင့်၊ မကြည်နောင့်ဝမ်း၊ ပန်းနှယ်နွမ်းသည်၊ အလွမ်းထပ်ကျယ် ပြောပြန်၏။

တခါထက်တခါ ဝေးသည်ထက်သာ ဝေးခဲ့ရပါသည်။

ရထားဆိပ်မှာ ပဌမဆုံး စ၍တွေ့ခဲ့ရစဉ်အခါကလည်း မသည်းအူနှင့် ဝေးရာသို့သာ မောင်မောင် ထွက်ခွါလာခဲ့ရပါ၏။ မသည်းအူ၏မေတ္တာပန်းကို ပန်ဆင်နိုင်ခွင့်ရတော့မည်ဆိုပြန်တော့လည်း၊ ခွဲခွါရဦးမည့် နိမိတ်ဖြစ်သော 'ကြောင်းလမ်းခြင်းသတင်း'က မောင်မောင့်နားသို့ဦးစွာ ရောက်လာ

ခဲ့ပါသည်။ မသည်းအူထံမှ....'မသည်းအူလဲ ကိုကို့လိုပါဘဲ ကိုကိုရယ်....'ဟူသော မေတ္တာတုံ့ပြန်စာကို မောင်မောင် မဖတ်ရမီမှာပင်လျှင်လည်း၊ ....'မောင်ကျော်စိုးနဲ့ စိစဉ်ထားတယ်....'ဟူသော မသည်းအူ့ မေမေ၏ စကားကို မောင်မောင် ပဌမ ကြားခဲ့ရပါ၏။

မောင်မောင်နှင့် မသည်းအူတို့ ပေါင်းစည်းမိရပြန်တော့လည်း လက်အစုံမျှသော ရက်တို့ မကုန်မီ မှာပင် မုန်တိုင်းမိကာ ကွဲကွာခဲ့ရပြန်ပါသည်။ တဖန် တရားရုံးမှာ နောက်ဆုံး ဆုံခဲ့ရပြန်တော့လည်း ဝေးသည်ထက် ဝေးဘို့ရာ အကြောင်းသာလျှင် ကြုံလာရပြန်ပါ၏။

ယခုလည်း ဝေးသည်ထက် ဝေးခဲ့ရ ပြန်ပါပြီ။

ယခင်အခါများကမူ ခွဲခွာခဲ့ရသည်မှာ မှန်သော်လည်း ပြန်လည် ပေါင်းစည်းနိုင်ရရေးကို မျှော်လင့်မည် ဆိုလျှင် မျှော်လင့်နိုင်ဖွယ်ရာ အကြောင်းစမျှား ရှိနေရစ်ပါ၏။ တရားရုံးမှာ မသည်းအူကိုယ်တိုင်ကပင်လျှင် ဝေးရာဝေးရကြောင်းကို ထွက်ဆိုခဲ့သည် မှန်သော်လည်း၊ မိဘမျက်မှောက်မှာမို့ သည်နှယ် မှသားထွက်ဆိုရခြင်း ဖြစ်သည်ဟု ယူဆကာ ... 'တနေ့သော်....'ကို မျှော်လင့်နိုင်ပါသည်။

ယခုမူ လမ်း ဆုံးပါချေပြီ။ ကမ်း ကုန်ပါချေပြီ။ မည်သို့မျှ မမျှော်လင့်နိုင်ပါတော့ပြီ။



တပါးသူနှင့် မျှားရာတွင် မောင်မောင့် လေတံခွန် ပြတ်ခဲ့ရပါသည်။ မသည်းအူကို မောင်မောင် ဆုံးခဲ့ရပါ၏။ မသည်းအူသည် ကြိုးအသစ် လက်အသစ်နှင့် ကောင်းကင်တွင် ပျံ့ဝဲ၍ နေပါပြီ။ မသည်းအူသည် ဘဝအသစ် မျက်နှာအသစ်နှင့် လောကသစ်မှာ ပျော်မွေ့၍ နေပါပြီ။

ထို့ကြောင့် မောင်မောင့်စိတ်ကို မောင်မောင် ဖြေပါ၏။ လောကတံထွာ၊ ဓမ္မတာဟု၊ ကြမ္မာယုံထွေ၊ တရားဖြင့်လည်း မောင်မောင် ဖြေပါသည်။

မသည်းအူကို မေ့လည်း မေ့ရပါလိမ့်မည်။ မေ့၍ ရစိမ့်သောငှာလည်း မောင်မောင် အားထုတ်ခဲ့ပါ၏၊ 'မေ့တော့'....ဟူ၍လည်း မောင်မောင်နှလုံးအိမ်ကို အကြိမ်ကြိမ် မောင်းမည်ဖြစ်ခဲ့ရပါသည်။

သို့သော် မသည်းအူကို မောင်မောင် မမေ့နိုင်ပါချေ။ မေ့မည်ဟု ကြံစည်မိသည်နှင့် တပြိုင်နက် မှာလည်း သည်အတွေ့ကို မမေ့လှည့်တတ်။ တ ဆွတ် ဆွတ် လျှင်၊ တိမ်းညွှတ်မတည်၊ လွမ်းရတတ်ပါသည်။ လျှော့ပါသော်လည်း၊ နှောင်ကြိုးစည်းသည်၊ လျှော့လည်းမလျှော့ ဟန်ပါတည်း။

စင်စစ်သော် မောင်မောင့်ကိုယ်ကို မောင်မောင်

PDF CREATOR - NYEYADHAMMA@@GMAIL.COM



လှည့်ဖြားနေခဲ့သည်သာတည့်။ မောင်မောင့်အသိက 'မေ့ရမည်' ဟူ၍ မြင်နေခဲ့သော်လည်း၊ မောင့်မောင့်စိတ်က မသည်းအူကို ထာဝစဉ် တမ်းတနေလိုမိပါသည်။ ငယ်ကချစ် အနှစ်တရာ မမေ့သာ....ဟူသောစကားကလည်း တမှောင့်ပါပင်တည်း။

သည်ကမ္ဘာမှာ လ မသာလာလျှင်လည်း တနည်းတော့ ကောင်းမည်ထင်ပါ၏။ လ မသာလျှင် မသည်းအူကိုလည်း လွယ်လွယ်နှင့် မေ့၍ရနိုင်လိမ့်မည် မောင်မောင်ထင်ပါသည်။ ယခုမူ သည်သာသောလက မဖြူ၏သို့ ဖြူ၏သို့နှင့် ကလူသည့်နှယ် မြူသည့်နှယ်လျှင် ညငယ်ညစဉ် မောင်မောင့်ဘဝင်မှာ လွမ်းရေးငင်လှာတတ်ပါ၏။ မသည်းအူကဲ့သို့ ပင်လျှင်လည်း သည်သာသောလက မောင်မောင့်ဘဝထည်းသို့ ဝင်မလာခဲ့မူ၍၊ အမြင့်မှသာ ဟန်ရေးပဒေသာပြနေတတ်ပါသည်။

သည်ကမ္ဘာမှာ ပန်းတပွင့်မှ မပွင့်လှာခဲ့ပါလျှင်လည်း တနည်းတော့ကောင်းမည်ဟု မောင်မောင် တွေးမိပြန်ပါ၏။ မြေ၏အလှကို ပန်းက ဆင်သကဲ့သို့၊ မောင်မောင့် ဘဝ၏ အလှကိုလည်း မသည်းအူက ဆင်ပါသည်။ ပန်းသည် ဖူးပွင့်ရန် အလို့ငှာ မိုးကို တမ်းတတတ်တိသကဲ့သို့၊ မသည်းအူကလည်း ပျော်မွေ့ရန်အလို့ငှာ မောင်မောင့် မျက်ရည်ကို တမ်းတတတ်ပြီ မောင်မောင်ထင်ပါ၏။ ပန်းသည် ပျား

PDF CREATOR - NYEYADHAMMA@@GMAIL.COM



လိပ်ပြာကို သွေးဆောင်လေ့ရှိပါသည်။ သို့သော် အဘယ်သို့သောပန်းသည် ပျားလိပ်ပြာတို့၏နောက်သို့ လိုက်ပါလာခဲ့ပါသနည်း။

သည်ကမ္ဘာမှာ လူတယောက်အဖြစ်ဖြင့် မောင်မောင်ရောက်မလာခဲ့ပါလျှင်လည်း တနည်းတော့ ကောင်းမည်ဟု မောင်မောင် ယူဆမိပါ၏။ မောင်မောင်သာ မရောက်လာခဲ့ပါလျှင် မသည်းအူလည်း သည်နှယ် အပင်ပန်းအဆင်းရဲနှင့် ကြုံဖြစ်ခဲ့ရလိမ့်မည် မောင်မောင် မထင်မိပါချေ။ ယခုမူ ရောက်လာခဲ့ရ၍ တွေ့ခဲ့ကြရသည်။ တွေ့ခဲ့ကြရ၍လည်း ခွဲခွါခဲ့ကြရပါ၏။ ခွဲခွါခဲ့ကြရ၍လည်း သည်နှယ် ရင်ကွဲခဲ့ကြရပါသည်။

စင်စစ် သည်ကမ္ဘာမှာ မသည်းအူရယ်၊ လဝန်းရယ်၊ ပန်းမွေ့ရာရယ်၊ မောင်မောင်ရယ်သာ ရှိကြရမည် ဆိုလျှင်တော့ အကောင်းဆုံး ဖြစ်လိမ့်မည်ဟု မောင်မောင် ယုံကြည်မိပါ၏။ သို့သော် မသည်းအူက မောင်မောင့်ကို ယခုနှယ် မုန်းနေ မျက်နေမည် ဆိုလျှင်တော့လည်း အချည်းစည်းပါတည်း။

မသည်းအူနှင့် ပေါင်းခဲ့ရသည့် ထို (၈) ညမှာမူ လဝန်းကလည်း သာပါဘိချေ၏။ ပန်းမွေ့ရာ ကလည်း ထုံသင်းပျံ့ကြိုင် လှိုင်အားပါဘိသည်။ သည်အထည်းမှာ မသည်းအူ၏ စကားကြွယ်ပုံနှင့်လည်း စုံမက်စရာ ကြုံခဲ့ရပါ၏။

PDF CREATOR - NYEYADHAMMA@@GMAIL.COM

'ကိုယ့်ကို ဘယ်လိုမှ မထိခိုက်နိုင်မှန်းလဲ သိနေပါရက်နဲ့ မိန်းမဆိုတဲ့မိန်းမက တော်တော်တော့ ရယ်စရာကောင်းတယ်မောင်။ မိုးချုန်းတာကလေး နည်းနည်းပြင်းလာရင်လဲ သူတို့ ကြောက်လိုက်ကြတာဘဲ။ လေတိုက်တာကလေး နည်းနည်းပြင်းလာရင်လဲ သူတို့ ကြောက်လိုက်ကြတာဘဲ၊ နေပူတာကလေး နည်းနည်းပြင်းလာရင်လဲ သူတို့ ကြောက်လိုက်ကြတာဘဲ။ မိုးရွာတာကလေး နည်းနည်းပြင်းလာရင်လဲ သူတို့ကြောက်လိုက်ကြတာဘဲ။ တကယ်တော့ လောကရဲ့ သဘာဝဘဲ မဟုတ်လား မောင်ရယ်။ ဘာကြောက်စရာလိုသလဲ....

'ပြီးတော့ ရှိသေးတယ်။ အိုရမှာတို့၊ နာရမှာတို့၊ သေရမှာတို့ဆိုရင်လဲ လူတွေဟာ အင်မတန်ကို ကြောက်တတ်ကြတယ်နော်။ မကြုံချင်ပါဘူး၊ မဆုံချင်ပါဘူးဆိုလို့ ရနိုင်တာလဲ မဟုတ်ဘဲနဲ့ ဘာကြောင့် ကြောက်နေကြသလဲဆိုတာ မသည်းအူတော့ နားကို မလည်နိုင်ပါဘူး...

'တွေးကြည့်ရင်တော့ ရယ်စရာပေါ့ မောင်ရယ်။ ဒါပေမယ့် မသည်းအူလဲ မိန်းမပါ။ မသည်းအူ ကြောက်တယ် မောင်....'

'ဒါဖြင့် မောင် မီးပြန်ဖွင့်လိုက်ရမလား....'

'ဟင့်အင်း'



ဘာကို ကြောက်တာလဲ မသည်းအူ....'

မသိဘူး'

'တစ္ဆေကိုလား....'

'ဟင့်အင်း'

'လူကိုလား ..'

'ဟင့်အင်း'

'ဟယ် ဒါဖြင့် ဘယ်သူ့ကို ကြောက်တာလဲ....'

'မောင့်ကို....'

'မောင့်ကို....ဟုတ်လား....'

'မောင့်ချည့်တော့မဟုတ်ပါဘူး၊ မောင်ရယ် ညရယ် ပေါင်းမိရင်တော့ မသည်းအူ ကြောက်တယ် မောင်ရယ်....'

'ဒါဖြင့် မောင်နဲ့တူတူ မအိပ်ချင်ဘူး ပေါ့.... ဟုတ်လား။ သည်လိုဆိုရင်လဲ မောင် တခြားမှာ သွားအိပ်ပါ့မယ်....'

'ကြည့်ပါလား ... သူ့စိတ်ချည့်ဘဲ။ မောင်နဲ့တူတူ မအိပ်ချင်ရင် သည်ယိအောင် လိုက်လာပါ့မလားလို့....'

'ဒါဖြင့်လဲ အပိုတွေ ပြောမနေနဲ့....'

'ပြောပါပကော မောင်ရယ်။ မသည်းအူလဲ မိန်းမ ပါဘဲလို့....'

'သဘာဝပါ မသည်းအူရယ်....'

'ဟုတ်ပါတယ်။ ဒါပေမယ့် ကြောက်တယ် မောင်ရယ်....။မောင်ရေ့....ကြောက်တယ်ကွာ၊ အိုကွာ အိုကွာ.... မောင်ကလဲကွာ၊ ကြောက်ပါတယ် ဆိုနေမှဘဲ....'

ထိုညများကမူ မောင်မောင်နှင့်သာ ဖြစ်ပါသည်။ ထိုကမ္ဘာမှာလည်း မသည်းအူနှင့် မောင်မောင်သာ ရှိပါ၏။

ယခု ကမ္ဘာမှာမူကား မသည်းအူ့အပါးမှာ မည်သူ နှင့်ပါနည်း။

မောင်မောင် ဆက်၍ မတွေးဝံ့ပါတော့ချေ။ အတွေး ပျက်စိမ့်သောငှာလည်း မောင်မောင် အိပ်ရာမှ အလျင် အမြန် ခုန်ထ၍၊ ဆောက်တည်ရာမရ လျှောက်နေမိရပါ၏။

'ရက်စက်တယ် မသည်းအူရယ်....'

* * *

---

## မသည်းအူ မှတဆင့်....

ကြာပါပြီ မသည်းအူ။
မသည်းအူ မြေမှ ခွါ၍ မိုး၌ ပျော်
နေခဲ့သည်မှာ စင်စစ် ခုနစ်နှစ်ခန့်မျှ
ပင် ကြာခဲ့ပါချေပြီ။

မသည်းအူကမူ ပျော်နေရသူမို့ထင့်။
သင်္ခါရနှင့်လည်း မပတ်သက်၊ စိုးစဉ်း
မျှလည်း အလှမပျက်ပါတကား။

မောင်မောင် ငယ်စဉ်အခါက မြင်ခဲ့ရ
သော လ ဝန်း နှင့် သည် ယ နေ့
မောင်မောင်တွေ့နေရသော လဝန်း
သည် ပသို့များ ခြားနားပါသနည်း။
တွေ့ မည့် တွေ့ ရ ပြန် တော့ လည်း
တရထားထည်းက တွဲတတွဲထည်း
တွင် မသည်းအူနှင့် မောင်မောင်တို့

ခရီးကြုံကာ ဆုံနေရပါ၏။ မသည်းအူက (က)အခန်းထည်းတွင် နေရာရ၍၊ မောင်မောင် နေရာရသော အခန်းအမှတ်က (ခ)ပါတည်း။ မသည်းအူ၏ အခန်းထည်းမှာမူ မသည်းအူ တယောက်ထည်းသာ ရှိနေရ၍၊ မောင်မောင့် အခန်းထည်းမှာမူကား မောင်မောင်နှင့် အခြားသူတို့နှစ်ယောက် တွဲနေရပါ၏။ သူတို့နှစ်ယောက်ကား ရခါစ ချစ်ဖက်သက်နှံ ဖြစ်ဟန်ပါသည်။

သူတို့၏ဘဝကို မောင်မောင် အားကျမိပါ၏။ လွတ်လပ်သော၊ ပျော်ရွှင်သော၊ နှစ်ယောက်ထည်းသာ ရှိနေသော ကမ္ဘာပါပေတည်း။

သို့သော် သည်ဘဝ သည်အသက် သည်အတွေ့အကြုံကို မောင်မောင်တို့ လွန်မြောက်ခဲ့ပါချေပြီ။ မောင်မောင့် အိမ်ထောင်သက်ပင်လျှင်လည်း နှစ်နှစ်ခွဲမျှ ရှိခဲ့ရပြီမို့၊ နှစ်ယောက် ထည်းသာ ရှိခဲ့သော ကမ္ဘာ ထည်း မှာ တယောက် ပိုလှာခဲ့ပါ၏။ မောင်မောင်တို့မှာ ကိုယ့်အသက်နှယ် ခင်တွယ်ရသည့် သမီးကလေး တယောက်သည် ရှိခဲ့ရပါပြီ။

ကုန်ခဲ့သော နှစ်နှစ်ခွဲ ခန့်က မန္တလေးမှာပင် မောင်မောင်နှင့် ခင်လေးတင့်တို့ လက်ထပ်ဖြစ်ခဲ့ကြပါ၏။ ခင်လေးတင့်ကမူ မသည်းအူနှင့် ပြောင်းပြန်၊ အကြည့်တန်ပါသည်။



သို့သော် နုလုံးလှပါ၏။ ခင်လေးတင့်သည် မန္တလေး တက္ကသိုလ် မြန်မာစာဌာနမှ နည်းပြဆရာမ ဖြစ်ပါသည်။ မဟာဝိဇ္ဇာတွဲ ရရှိရေးအတွက်လည်း ဆက်လက်သင်ကြားအားထုတ်နေသသူ ဖြစ်ပါ၏။

ခင်လေးတင့်က သဘောဖြူ၍ ခွင့်လွှတ်လေ့ ရှိတတ်သဖြင့်လည်း မောင်မောင်တို့၏ အိမ်ထောင်မှာ ချမ်းမြေ့သာယာ ပါတိသည်။ ပြောလျှင်တော့ ပိုပြီဟု ဆိုလိမ့်မည်ထင်ပါ၏။ သို့သော် သည်ယနေ့တိုင်သည်အထိ ခင်လေးတင့်နှင့် မောင်မောင်တို့ တကြိမ်တခါမျှ အချင်းစကားအခင်းမများ ခဲ့ရသည်ကမူ အမှန်ပါပေ။ ထို့အပြင် ခင်လေးတင့်ကလည်း စိတ်ဆိုး၍ မရသော၊ ရန်ဖြစ်၍ မရသော၊ ငြိုငြင်၍ မရသော မိန်းမပါပေတည်း။

ခင်လေးတင့်နှင့် မေတ္တာမမျှ ဖြစ်ကြမီကမူ မောင်မောင့်ဘဝသည်လည်း ရေဘ်ရွက်ကြွေပမာ လေလွင့်၍သာ တစေ နေခဲ့ရပါချေ၏။ စိုက်ပျိုးရေးသိပ္ပံမှလည်း ထွက်ခဲ့ပြန်ကာ၊ စိုက်ပျိုးရေးရုံးသို့တဖန် ရောက်ခဲ့ရပြန်ပါသည်၊ သည့်နောက်၌မူ မြေယာ ကျေးလက် တိုးတက်ကြီးပွါးရေး ကော်ပိုရေးရှင်းသို့ ဌာနပြောင်းရပြန်ကာလည်း၊ တာချီလိတ်နယ်ခြား ခရိုင်သို့တိုင် လွင့်နေဖြစ်ခဲ့ပြန်ပါ၏။ လက်ထပ်သောနှစ်ကမှ မန္တလေးသို့ ပြန်၍ရောက်ခဲ့ရပါသည်။

ယခုမူ နောက်ကျူခဲ့ရသော ရေတို့သည်လည်း အနယ်ကျလာခဲ့ပါပြီ။ မောင်မောင့်ရင်မှ ပရိဒေဝလှိုင်းတို့မှာလည်း ငြိမ်သက်စ ပြုလာကြပါပြီ။

ထို့ကြောင့် အမှန်ကို ဝန်ခံရမည်ဆိုပါလျှင် မောင်မောင့်ဘဝမှာ မောင်မောင် ကျေချမ်းမွေ့လျော် ပျော်နေမိပါသည်။ ပျံ့ရှုံ့ချည့် နေခဲ့ရသောကြောင့်လည်း သည်အကိုင်းမှာ နားရသည့်ဘဝကို မောင်မောင် မက်မောမိပါ၏။ မောင်မောင့်ခေါင်းအုံးမှာ ခင်လေးတင့်နှင့် နှစ်ယောက်မျှ၍ အုံးခဲ့ကြရရာ၌လည်း၊ ခင်လေးတင့်ကို မောင်မောင် ကြည်ဖြူမိပါသည်။ ခင်လေးတင့်ကိုလည်း မောင်မောင် မြတ်နိုးချစ်ခင်မိပါ၏။

သည်နှစ် ခင်လေးတင့် မဟာဝိဇ္ဇာဘွဲ့ကို ရပါသည်။ သည်နှစ်မှာပင် မောင်မောင့်ကိုလည်း အရာတိုးမြှင့်ပေးအပ်ခြင်း ခံခဲ့ရပါ၏။ ထို့ကြောင့် ၁၉၆၅ ခုနှစ်သည် မောင်မောင်တို့အိမ်ထောင်အဖို့ အောင်မြင်သောနှစ် ဖြစ်ပါသည်။

ထို့ကြောင့် မောင်မောင်တို့မှာ ပို၍ ပျော်နေမိ ရွှင်နေမိ ဝမ်းမြောက်နေမိရပါ၏။

သည်အခိုက် တော်လှန်ရေးအစိုးရ၏ 'မြေပဲ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းအတွက် နှိုးဆော်တိုင်ပင်ရန် ဒေသ



ဆိုင်ရာ အရာရှိတယောက်အဖြစ်ဖြင့် ရန်ကုန်သို့ ရောက်ခဲ့ရပြန်ပါသည်။

အပြန်လမ်းမှာ မသည်းအူနှင့် ခရီးအကြုံ ဆုံရခြင်းပါတည်း။

သည်တခါမူ ညနေရထားဖြင့် လာသည်မို့ ရထားဆိပ်သို့ မောင်မောင်က အလျင် ရောက်နေခဲ့ပါ၏။ စောနေသောကြောင့်လည်း ရထားထက်မှ အောက်သို့ပြန်ဆင်း၍ စကြံမှာ လျှောက်နေဖြစ်ပါသည်။ သည်အခါတွင် မသည်းအူက အခြားရထားတစင်းကဲ့သို့ ဝင်လာခဲ့ပါ၏။ စကြံမှ ပရိသတ်မှာ မသည်းအူ ဟူသော ရထားကို လာရောက်ကြိုဆိုနေသူများပမာ ဖြစ်ခဲ့ကြရပါသည်။

မသည်းအူကို မောင်မောင် မမြင်မိမီမှာပင် ပရိသတ်က မသည်းအူ လျှောက်လာရာသို့ တညီတညွတ်ထည်း လှည့်ကြည့်ကြပါ၏။ ပရိသတ်၏ ခေါင်းများမှာ လှည့်ပြောင်းရာတွင် ယိမ်းတိုက်ထားသည့် ပမာ ညီညာ လှပါသည်။ မောင်မောင့်အနားမှ ယောကျ်ားနှစ်ယောက်ကမူ တယောက်ကိုတယောက် လက်တို့၍ပြကာ ပြောလက်စ စကားကိုပင် ခေတ္တရပ်နား၍ မသည်းအူကို ပြိုင်တူ လှည့်ကြည့်ကြပါ၏။ သည်တော့မှ မောင်မောင်လည်း 'ယောယိမ်းလိုက်၊ ဘာသားယိမ်းလိုက်' မိပါသည်။

သည်တော့မှ မသည်းအူ၏ ပရွှန်းသော လဝန်းမျက်နှာကို မောင်မောင် မြင်တွေ့ရပါ၏။ မသည်းအူ စန်းလဝန်းက မောင်မောင့် မျက်နှာထက်မှာလည်း လာ၍ သာပါသည်။ မောင်မောင့် မျက်နှာမှာ ကြည်၍လာပါ၏။ ရုတ်တရက် ဆိုတော့လည်း မသည်းအူနှင့် တွေ့ရသည် မို့ မောင်မောင် ဝမ်းသာမိပါသည်။

မသည်းအူကမူ သင်္ချိုင်းနှင့်ပင် ပသိုမျှမပတ်သက်ခဲ့ရဟန် အလှမပျက် လှမြဲ လှဆဲ လှလျက် ပါပင် တည့်။ မသည်းအူ၏ ရုပ်ရည်မှာမူ စိုးစဉ်းမျှပင်လျှင် မပြောင်းလဲခဲ့ဟန် ပါတကား။

* * *

ရထားသည် ငမိုးရိပ် တံတားကို ကျော်ခဲ့သည်နှင့် တပြိုင်နက် မသည်းအူ့ အခန်းသို့ မောင်မောင် ရောက်ခဲ့ရပါ၏။ အခန်းတံခါးကို ခေါက်သောအခါ မသည်းအူက မပေးမမြန်းမူ၍ ဖွင့်ပေးခဲ့ပါသည်။

ပဌမသော် မောင်မောင့်ကို မမျှော်မလင့် တွေ့ရသည်မို့ထင့်။ မသည်းအူ အံ့အားသင့်နေပုံ ရပါသည်။ နှုတ်လည်း မဆက်နိုင်၊ ပြုံးလည်း မပြုံးနိုင်မူ၍၊ မောင်မောင့်ကိုသာ မသည်းအူ ငေးကြည့်နေပါ၏။



'မသည်းအူ နေကောင်းတယ်နော်....'

သည်နှယ် မောင်မောင်က စ၍ နှုတ်ဆက်တော့မှပင် မသည်းအူ မျက်တောင်ခတ်ကာ အသက် ဝင်လာပါ၏။ မျက်လွှာကိုသိမ်း၊ ကိုယ်ကိုတိမ်းတည့်၍လည်း အခန်းထည်းသို့ ဝင်နိုင်ရန် လမ်းပြု၍ပေးပါသည်။

'ကိုမျိုးညွန့်လေ.... မသည်းအူရဲ့၊ မသည်းအူ မမှတ်မိတော့ဘူး ထင်တယ် ...'

သည်တော့လည်း မသည်းအူ အနည်းငယ် ပြုံး၍လာပါ၏။

'ကိုကိုကလဲ အထေ့တွေ အငေါ့တွေနဲ့ စကားကို တတ်လှနေမှဘဲ၊ ဘယ်ဆိုးတော့လို့တုန်း'

မသည်းအူသည် မောင်မောင့်ကို ကျောခိုင်းနေရာမှ ပြောကာ၊ တဖန် မောင်မောင့်ဖက်သို့ မျက်နှာ မူလာပြန်ပါ၏။ ပဌမ မသည်းအူက မောင်မောင့်ကို ထိုင်စေ၍လည်း၊ မသည်းအူက နောက်မှ ဝင်၍ထိုင်ပါသည်၊

'စောစောကတဲက ကိုကို့ကို မြင်ပါတယ်။ ဒါပေမယ့် လူတောထဲမှာဆိုတော့ မသည်းအူ လာနှုတ်ဆက်ရင် ကိုကိုက ကြိုက်ချင်မှ ကြိုက်မှာမို့....'

'တော်ပြီ မသည်းအူ....'

'မသည်းအူ အမှန်ကို ပြောတာပါ။ အခု မသည်းအူ အရင်တုန်းကလို လိမ်မပြောတတ်တော့ပါဘူး၊ ဘာဘဲ ဖြစ်ဖြစ် ကိုကို့ဂုဏ် ကိုကို့သိက္ခာ ဆိုတာကလဲ ရှိနေတော့ မသည်းအူမှာ ကျူညီထိန်းသိမ်းပေးရမဲ့ ဝတ္တရားရှိပါတယ်....'

'မသည်းအူ ကိုမျိုးညွန့်ကို စကားမပြောဘဲနဲ့ အနိုင်ယူခဲ့ပေါင်းလဲများပါပြီ။ စကားနဲ့ ကျပြန်တော့လဲ အနိုင်ယူချင်တုန်းဘဲလား မသည်းအူရယ်....'

ပသို့ဆိုစေ၊ သည်တခါမူ မသည်းအူက မောင်မောင့်ကို လက်ခံ၍ စကားပြောလိုပုံ ရပါ၏။ ထို့ပြင် မသည်းအူ၏ ပြောမူဆိုဟန်တို့ကလည်း ခင်တွယ်ရိပ် လွှမ်းလျက်ရှိပါသည်။

မသည်းအူသည် အကြောင်းမဲ့ ပင့်သက် ချခဲ့ပြန်ပါ၏။

'ကဲပါလေ ဒါတွေ ပြောမနေကြပါနဲ့တို့၊ အခု မသည်းအူ ဘယ်သွားမလို့လဲ....'

မသည်းအူက မောင်မောင့်ကိုကြည့်၍ ပြုံးလာပြန်



ပါသည်။ ပြုံးသည်ဟု ဆိုရသော်လည်း မသည်းအူမှာ မျက်ရည်လည်ရလျက် ရှိပါသည်။

'မြေမြို့မှာ ခဏအနားသွားယူအုံးမယ်လို့ စိတ်ကူးပြီး ထွက်လာခဲ့တာဘဲ ကိုကို။ ကိုကိုနဲ့ မန္တလေးအထိတော့ လမ်းချင်းဆုံမှာပါ...'

မသည်းအူသည် ဤသို့ပြောနေခိုက်မှာပင် တနေရာမှ လက်ကိုင်အိတ်ကို လှမ်းယူကာ၊ အထည်းမှ ရေမွှေးပုလင်းကို ထုတ်ပါသည်။ ထို့နောက် ရေမွှေးပုလင်းကို ဖွင့်၍လည်း လက်ကိုင်ပုဝါတွင် ဆွတ်ကာ နမ်းနေခဲ့ပါ၏။

'ကိုကိုရော ရန်ကုန်ကို အလည်သက်သက်ဘဲလား....'

မောင်မောင်ကမူ ခေါင်းခါ၍သာ ပြဖြစ်ပါသည်။

'ဒါနဲ့.... မေးရအုံးမယ်ကိုကို၊ ဇွန် တယောက်ရော နေလို့ကောင်းရဲ့လား....'

သည်စကားကို ကြားရသောအခါ၌မူ မောင်မောင် အံ့ဩမိပါ၏။ မောင်မောင် အိမ်ထောင်ကျပြီ ဆိုသည်ကိုမူ သူပြော ငါပြောနှင့်ပင်ဖြစ်စေ မသည်းအူ သိနေနိုင်တန်ရာ သော်လည်း၊ မောင်မောင့်မှာ ကလေးရပြီ ဖြစ်ကြောင်းကို

ရင်း၊ ထိုရသော ကလေးမှာလည်း သွေးသားလျှင်ဖြစ်ကြောင်းကိုရင်း၊ ထိုသွေးကလေး၏ အမည်မှာလည်း 'ဇွန်' ဖြစ်ကြောင်းကိုရင်း၊ မသည်းအူ ပသို့သောနည်းဖြင့် သိနေနိုင်ရပါသနည်း။

ဧကန္တ၊ မောင်မောင့် အကြောင်းကို မသည်းအူ အစဉ်သဖြင့် စုံစမ်း လေ့လာနေခဲ့သောကြောင့်သာ ဤသို့ သိနေနိုင်ခြင်း ဖြစ်တန်ရာပါသည်။ မသည်းအူသည် မောင်မောင့်ကို မောင်မောင်ကဲ့သို့ မေ့ပစ်ရန် မကြိုးပမ်းခဲ့သည်မှာမူကား ဤတွင် ထင်လျှား၍နေပါ၏။ မောင်မောင့်အပေါ်၌ မသည်းအူ၏မေတ္တာ မပြယ်မလျော့ကြောင်းမှာလည်း သိသာရလှပါချေသည်။

ထို့ကြောင့် မသည်းအူကို မောင်မောင် အံ့သြမိရပြန်ပါ၏။ မောင်မောင်က မသည်းအူကို မေ့နိုင် မုန်းနိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစား အားထုတ်ခဲ့သူ တယောက်ဖြစ်နေသောကြောင့်လည်း လိပ်ပြာမလုံမှု၍ ဝမ်းနည်းဖြစ်ရပြန်ပါသည်။

'သွေးရဲ့နာမယ်ကို ဘယ်လိုလုပ်သိနေသလဲမသည်းအူ'

သည်တော့ မသည်းအူက အောင်ပွဲရသူနှယ် ပြုံးလှာခဲ့ပါ၏။



'ဘယ်နေ့ ဘယ်ရက်က မွေးတယ်ဆိုတာရော ပြောရအုံးမလား ကိုကို....။ မအံ့သြပါနဲ့ ကိုကိုရယ်....မသည်းအူ့ဘဝမှာ မှတ်ထားစရာ ဆိုလို့ ကိုကိုနဲ့ပက်သက်တဲ့ ဘဝဘဲ ရှိပါတယ်။ ပြောရရင် သည်ကောင်မ ငါ့ကိုလာလှိမ့်နေပြန်ပြီလို့ ကိုကိုထင်လိမ့်အုံးမယ်။ ဒါပေမဲ့ မသည်းအူအကြောင်းထက် ကိုကို့အကြောင်းကို မသည်းအူ ပိုပြီး သိနေမိပါတယ် ...'

သည်တော့လည်း မောင်မောင်ပြုံးမိရပါ၏။ မသည်းအူ၏စကားကို မယုံလိုသော်လည်း၊ မောင်မောင့်မှာ သံသယ ဖြစ်ရပြန်ပါသည်။

'တော်ပါတော့ မသည်းအူရယ်။ အခု ကိုမျိုးညွန့်နဲ့ မသည်းအူတို့ တွေ့နေကြတာက ရန်ကုန်ကနေ မန္တလေးကို သွားနေတဲ့ ရထားပေါ်မှာလေ....ရုပ်ရှင်ရိုက်နေတာမှ မဟုတ်ဘဲ။ ဘာပြုလို့ရုပ်ရှင်ထဲကလို စကားလှလှကလေးတွေ ပြောနေရတာလဲ မသည်းအူ။ မသည်းအူလဲ ရုပ်ရှင်ကျင့်တွေ စွဲနေပြီထင်တယ်....'

မသည်းအူကမူ ဝမ်းနည်းကြေကွဲဟန်ဖြင့် အပြင်သို့ ငေးကြည့်နေပါသည်။ မောင်မောင့် စကား ဆုံးသောအခါ၌ကား မောင်မောင့်ဘက်သို့ပြန်လှည့်၍ လာပါ၏။ မောင်မောင့်မျက်နှာကိုလည်း စိန်းစိန်းကြည့်ပါသည်။ မသည်းအူ

၏ မျက်စေ့အစုံသည် တောက်ပလှပါ၏။ မောင်မောင် ကြာကြာပြိုင်၍ မကြည့်နိုင်ပါချေ။

'မသည်းအူမှာ ရှပ်ရှင်ကျင့်တွေ ပါနေပြီလို့ တကယ် ထင်ရသလားကိုကို။ သည်လိုဆိုရင်တော့ ကိုကို့ကို မသည်းအူ တောင်းပန်ပါတယ်။ မသည်းအူ ပြင်ပြောပါရစေကိုကို ရယ်....အမှန်လဲ အမှန်မို့ ကိုကို ယုံစေ့ချင်ပါတယ်။ ကိုကို့နဲ့ ခွဲခွဲရတဲ့နေ့ကစပြီး သည်ကနေ့အထိ ကိုကို့ကို မသည်းအူ မမေ့ပါဘူး ။

'ယုံပါဆိုပေမဲ့ မယုံနိုင်စရာ အကြောင်းတွေက ရှိလာခဲ့တော့ မသည်းအူရဲ့စကားကို ကိုကိုမယုံဘူးဆိုရင်လဲ သဘာဝတော့ ကျပါတယ်။ တမျိုးဘဲကိုကိုရယ်....စိတ်ရင်း နှလုံးရင်းကို နားလည်နိုင်ကြဘို့ ဆိုတာကတော့ လွယ်မယ် လို့ မသည်းအူ မထင်ဘူး ...

'ကြုံရတုန်း ကြုံရခိုက်မှာ အနှစ်နှစ် အလလက သိမ်း ဆည်းထားခဲ့ရတဲ့ စကားတွေကို မသည်းအူ ပြောပြပါရ စေကိုကို။ ကိုကို့ကိုလဲ မသည်းအူ ရှိခိုးတောင်းပန်စရာတွေ ရှိပါတယ်။ မသည်းအူ့အမှားနဲ့ မသည်းအူ ဒဏ်ခံရတာမို့ ငိုတော့ မငိုချင်တော့ပါဘူး။ ကိုကို့ကိုလဲ ကြိုပြီးတော့ တောင်းပန်ချင်တာ တခုတော့ရှိတယ်။ မသည်းအူရဲ့ ယုတ်မာ ရက်စက်တဲ့ အပြုအမူတွေကို ခွင့်မလွှတ်ပါနဲ့လို့....'



မသည်းအူသည် မငိုလိုတော့ပါဟု ဆိုလျက်နှင့် ငိုစပြု၍ လာပါသည်။ ရေမွှေးဆွတ်သော လက်ကိုင်ပုဝါ သည် မျက်ရေဆွတ်သော လက်ကိုင်ပုဝါအဖြစ်သို့ ပြောင်း လာခဲ့ပါ၏။

မသည်းအူက စကားဆက်ခဲ့ပြန်ပါသည်။

'ပဌမဆုံး အမှားကတော့ ကိုကို့ကိုရော ကိုကို့ မိဘကိုရော မသည်းအူ မယုံကြည်ခဲ့မိတဲ့ အမှားဘဲ ကိုကို။ တကယ်တော့ ကိုကိုရော ကိုကို့မိဘရောက မသည်းအူ့ မိဘတွေ့စကားကို နားယောင်ပြီး ယုံခဲ့ကြလို့ဖြစ်ခဲ့ကြရတဲ့ အဖြစ်ပါ။ ဒါပေမယ့်၊ အစကတော့ မသည်းအူလဲ သည်လို မထင်မိဘူးလေ။ ကိုကို့မိဘနဲ့ မသည်းအူ မိဘ ပေါင်းပြီးကြံကြတယ်လို့ ထင်တယ်။ ကိုကိုကလဲ ကိုကို့ မိဘနဲ့ ကြံရာပါဘဲလို့ မသည်းအူ တွက်မိတယ်။ အမှန်ကို ပြောရရင် ကိုကို့ကိုလဲ မသည်းအူ မယုံခဲ့မိဘူးကိုကို။ ကိုကို့ စကားထဲမှာရော၊ ကိုကို့စာတွေထဲမှာရော၊ ကိုကို့အမူ အရာတွေမှာရော ကိုကို့ကို မယုံနိုင်စရာ ဘာအထောက် အထားမှ မတွေ့ရပေမယ့် အမှန်ကိုပြောရရင် ကိုကို့ မေတ္တာနဲ့ ပတ်သက်ပြီး မသည်းအူ အားမရဘူး။ မယုံဘူး။ ဒါက မသည်းအူ့ဘဝမှာ အကြီးဆုံးသော အမှားပေါ့ ကိုကို....

'သည်အမှားကြောင့် သည်ကနေ့အထိလဲ မသည်းအူ့ ရင်ထဲမှာ နာခဲ့ရပါတယ်။ တဘဝလုံးမှာလဲ ရင်နာလို့ ဆုံးမယ် မထင်မိပါဘူး....။ သည့်အတွက်နဲ့တော့ မသည်းအူကို မသနားပါနဲ့ ကိုကို။ ဘာအပြစ်တခုမှ မကျူးလွန်ခဲ့ဘဲနဲ့၊ အမှားဆိုလို့ မွဲတပြောက်စာမှ မရှိခဲ့တဲ့ ကိုကိုတောင်မှ မသည်းအူကြောင့် ရင်နာခဲ့ရသေးတယ်ဆိုရင် မသည်းအူက ကိုကို့ထက် အဆတရာမက ပိုပြီးနာရသင့်ပါတယ်....

'ရုံးမှာကျတော့လဲ အမှန်ကိုပြောရရင် မသည်းအူ ဘယ်လိုစိတ်နဲ့ ဘာတွေပြောခဲ့မိမှန်း မသိခဲ့ရိုး အမှန်ပါ ကိုကို။ အဲသည်တုန်းက ကိုကိုမှတ်မိမှာပေါ့။ မသည်းအူ ကျမ်းကိုင်ရတယ်လေ....။ အမှန်တော့ မသည်းအူလဲ မသိခဲ့ပါဘူး။ ဒါပေမယ့် မသည်းအူမှာ အဲသည်တုန်းကတဲက ကိုယ်ဝန်ရှိနေပြီ။ ကိုယ်ဝန်ရှိတယ်ဆိုရင် ကျမ်းကိုင်ရာမှာ တမျိုးဆိုရသတဲ့ ကိုကို။ ဝမ်းထဲကသန္ဓေသား မွေးဖွားပြီးခါမှ ကျမ်းစူးပါစေ .. လို့ ဆိုရတယ်တဲ့....

'ဒါပေမယ့်.... ကျမ်းစူးလို့တော့ မ ဟုတ် ပါ ဘူး၊ အဓမ္မ ဖျက်ချခဲ့ရလို့ ကိုကို့ရဲ့ သန္ဓေလဲ ပျက်ကျခဲ့ရတယ်။ ကိုကိုနဲ့ရုံးမှာ ခွဲခဲ့ကြရပြီး မှတ်မှတ်ရရ နှစ်လပြည့်တဲ့နေ့မှာဘဲ မသည်းအူ ကိုကျော်စိုးနဲ့ လက်ထပ်ခဲ့ရတယ်။ သည်နေရာမှာလဲ မသည်းအူရဲ့စိတ်ကို ကိုကို



နားလည်အောင် အမှန်အတိုင်း ပြန်ပြောပြအုံးမယ်။ မသည်းအူ ကန့်လဲ မကန့်ကွက်မိဘူး။ ငြင်းလဲ မငြင်းခဲ့မိဘူး ခေါင်းလဲ မငြိမ့်ခဲ့မိဘူး။ တကယ်တော့ မသည်းအူရဲ့ဆန္ဒ ဟူသမျှကို အချေမှုန်း ခံထားရတော့ မသည်းအူမှာ ဘာ ဆန္ဒမှလဲ မရှိတော့ပါဘူး ကိုကိုရယ်။ ဘယ်လိုမှလဲ ဆန္ဒ မရှိရဲတော့ပါဘူး။ တနည်းပြောရရင်တော့ မသည်းအူမှာ လှုပ်ရှားတတ်တဲ့ အသက်လဲ မရှိတော့ဘူး။ ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ အသိလဲမရှိတော့ဘူး။ ချစ်တတ် မုန်းတတ်တဲ့ အသည်းနှလုံးလဲ မရှိတော့ဘူး။ မသည်းအူဟာ လေနဲ့မှုတ်ထားတဲ့ အရုပ်လိုပါဘဲ ကိုကိုရယ်....။

'ယောကျ်ား ဆိုတဲ့ ယောကျ်ားကလဲ တော်တော်တော့ အံ့ဩဘွယ်အကောင်းသားကိုကိုရဲ့။ ကိုကို့လိုယောကျ်ားမျိုးကတော့ သည်ကမ္ဘာမှာ ကိုကိုကလွဲလို့ မရှိနိုင်ဘူးပေါ့ ကိုကို။ သူတို့ကတော့ အဲသည်လေနဲ့မှုတ်ထားတဲ့ အရုပ်ကိုဘဲ မယားလုပ်ပြီး ပေါင်းတတ်ကြတယ်လေ၊ ချစ်တယ်၊ချစ်တယ် ဆိုတာကိုတော့ သူတို့သူတို့ရဲ့ ပါးစပ်က မပြတ်တမ်း ရွတ်တတ်ကြလေ့ရှိပါရဲ့။ ဒါပေမယ့် အရေးတဲ့ အကြောင်းတဲ့ ဆိုတာနဲ့ တပြိုင်နက် အဲသည် ချစ်တယ်က တခါထဲ မိန်းမယုတ် ဖြစ်သွားတော့တာဘဲ။ သည်နေရာမှာတော့ ကိုကိုနဲ့ ကမိုးနဲ့မြေလို ကွာခြားတာပေါ့ ကိုကိုရယ်။ ကိုကိုက ပါးစပ်ဖျားနဲ့ ချစ်တတ်တဲ့သူ မဟုတ်ဘဲ အသည်းထဲ အူထဲက

လှိုက်လှိုက်လှဲလှဲ နှဲ့နှဲ့နက်နက် ချစ်ခဲ့တဲ့လူဆိုတာကို မသည်းအူ အခုတော့ နားလည်ပါပြီ ကိုကို....

'ကိုကျော်စိုးနဲ့ လက်ထပ်လို့ နှစ်လလောက် အကြာမှာ ထင်ပါရဲ့။ ကိုကို့ သန္ဓေသားက မသည်းအူ့ဝမ်းထဲမှာ ပညာပြပြီလေ....။ ဒါပေမယ့် မသည်းအူ ဘယ်သူ့ကိုမျှအသိမပေးဘဲ တယုတယ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။ ကံဆိုးချင်တော့လဲ တညနေမှာကျတော့ ထမင်းစားပြီးစမှာ ရုတ်တရက် အန်ခဲ့ရတယ်။ ခါတိုင်းမှာတော့ နည်းနည်း ပျို့ချင်လာတယ်ဆိုရင်ဘဲ သူတို့ကွယ်ရာကို မသည်းအူ ထွက်ပြေးခဲ့မြဲဖြစ်ပါတယ်။ သည်တခါတော့ ထမင်းစားပြီးစ လက်မှ မသုတ်ရသေးခင် ရုတ်တရက် ပျို့အန်ခဲ့ရတော့ သူတို့လဲ ရိပ်မိကြရတော့တာပေါ့....

'ပဌမတော့ ကိုကျော်စိုးက ဝမ်းသာအားရနဲ့ ဆရာဝန်ကို လှမ်းခေါ်တယ်တဲ့လေ ။ ဒါပေမယ့် ဆရာဝန်က စမ်းသပ် ကြည့်လို့အပြီး လက်လေးချောင်းကို ခိုင်ခိုင်မာမာ ထောင်ပြတော့ အားလုံးရဲ့မျက်နှာတွေဟာ ချက်ချင်း သွေးဆုတ်သွားကြသလိုဘဲ ကိုကို။ အရုပ်ကြိုးပြတ် ငိုင်ကျသွားတဲ့ ကိုကျော်စိုးရဲ့မျက်နှာကို မသည်းအူ မြင်ရတော့ မသည်းအူ ဘာကိုတွေးမိသလဲ၊ ကိုကိုသိသလား။ ကိုကို့ရဲ့ ပြုံးနေတဲ့ မျက်နှာကို မသည်းအူ့ မျက်စေ့ထဲမှာ မြင်လာတယ်။ အော်....ကွာခြား လှချည့်ကလားလို့လဲ မသည်းအူ ရင်နာမိ



ရတယ်။ အများကတော့ မသည်းအူကို ကွယ်ရာမှာ လင်ငယ်နေတဲ့ မိန်းမတယောက်လို သဘောထားပြီး ရှုတ်ချတဲ့ အကြည့်၊ စက်ဆုပ်တဲ့အကြည့်၊ ရွံရှာတဲ့အကြည့်နဲ့ ဝိုင်းကြည့်ကြတယ်လေ....

'သည်တော့လဲ မသည်းအူ ငိုခဲ့ရတယ်။ မိဘကရော ယောက္ခမများကရော အကြောင်း အမျိုးမျိုးပြပြီး ဖျက်ချပစ်ဖို့ အမေ့ပြောလာကြတော့လဲ မသည်းအူ အကြီးအကျယ် စိတ်ထိခိုက် ခဲ့ရပြန်တယ်။ သည် မွေးလာမယ့် ကလေးက အိမ်ထောင် သာယာရေးအတွက်လဲ အူးညှောင့်ခလုတ် ဖြစ်နိုင်တယ်၊ မွေးတဲ့အမေမှာလဲ အစဉ်သဖြင့် အဟောင်းက အသစ်ဖြစ်ပြီး စိတ်နှလုံး မကြည်မွေ့စရာ ဖြစ်အုံးမယ်၊ အဖေ မဟုတ်သူကို အဖေ ခေါ်ရပြန်တော့လဲ ရင်နာစရာ ကြုံရအုံးမယ်၊ ယောကျ်ားလုပ်တဲ့လူမှာလဲ သည်ကလေးကို မြင်မိရတိုင်း နောင်တရပြီး စိတ်မချမ်းမြေ့စရာဖြစ်မယ်၊ မေ့မေ့ ပျောက်ပျောက် မနေနိုင်ဘဲ ရှိမယ်၊ သည်ကလေး အရွယ်ရောက်လို့ သိတတ်လာတော့လဲ သူ့ဘဝကို သူသိပြီး စိတ်နာမယ်၊ မွေးတဲ့အမေကို မုန်းလာမယ်၊ သေလွှင့်မယ်၊ ဒုက္ခရောက်မယ်.... ဆိုတာတွေကတော့ သူတို့ အကြောင်းပြချက်တွေပေါ့....

'ဒါပေမယ့် ကိုကိုရယ်၊ ကိုကို့ မိသည်းအူပါတဲ့။ အသက်နဲ့ လဲတန်လဲပစ်လိုက်မယ်။ ဘယ်ဖျက်လိမ့်မလဲ။ မဖျက်

ပစ်လို့ မပေါင်းချင်ဘူး ဆိုရင်လဲ အခု ကွာလိုက်ကြရုံဘဲ လို့လဲ မသည်းအူ ကျေညာခဲ့တယ်....

'ဒါပေမယ့် ပြောခဲ့ပကော ကိုကို။ လူဆိုတဲ့ သတ္တဝါဟာ ယုံကြည်အပ်တဲ့ အမျိုးမဟုတ်ဘူးလို့။ လူတွေဟာ ကိုကို့လိုလူမျိုးတယောက်နှစ်ယောက်က လွဲလို့ သိပ်ယုတ်မာကြတယ်ကိုကို။ ရက်လဲ ရက်စက်တတ်ကြတယ်။ ကိုယ်ချင်းစာတရား၊ အညှာတာတရား ဆိုလို့လဲ နည်းနည်းမှ မရှိတတ်ကြဘူး။ မသည်းအူကိုလဲ ဘယ်ထဲမှာ ဘာဆေးတွေ ထည့်တိုက် ထည့်ကျွေးသလဲ မသိပါဘူး ကိုကိုရယ်။ သူတို့ သိပြီးလို့ တလ မကြာပါဘူး။ ပျက်ကျခဲ့ရတာပါဘဲ....

'မသည်းအူ့ ဘဝမှာတော့ ဒါက ဒုတိယ တဆစ်ချိုး အကွေ့ပေါ့ ကိုကို....'

မသည်းအူသည် အပြင် အဝေးသို့ ငေးလျက် ဘဝဇာတ်ဟောင်းကို ပြန်ပြောင်း ပြောပြနေရာမှ မောင်မောင့်မျက်နှာသို့တဖန် လှည့်၍ ကြည့်လာပြန်ပါ၏။ မသည်းအူမှာ အနည်းငယ်လည်း မောလျှ၍ နေရသည်ထင့်။ စကားကိုလည်း ခေတ္တရပ်ထား၍ နားပါသည်။

'မသည်းအူ ခဏ နေအုံးနော်၊ အခန်းမှာ ဆေးလိပ်ဘူး ကျန်နေရစ်ခဲ့လို့ ပြန်ယူလိုက်အုံးမယ်....'



အမှန်စင်စစ် မောင်မောင်သည် ဆေးလိပ်ကြိုက်သူ မဟုတ်ပါချေ။ ရံဖန်ရံခါမှသာလျှင် ဖွါတတ်သူ ဖြစ်သဖြင့်လည်း မောင်မောင့်အိတ်ထည်းတွင် ဆေးလိပ်သည် အစဉ်သဖြင့် ရှိမနေတတ်။ ယခုလည်း အခန်းသို့ ပြန်ယူမည် ဟုသာ ဆိုခဲ့ရသည်။ အခန်းမှာလည်း ဆေးလိပ် မရှိကြောင်းကို မောင်မောင် သိပါ၏။

ထို့ကြောင့် စားသောက်တဲသို့ မောင်မောင် လာခဲ့ရပါသည်။ ဆေးလိပ်ဖူး တဘူးဝယ်၍၊ တဲအမှတ် အခန်းအမှတ်ပြောကာ လိမ္မော်ရည် နှစ်ပုလင်းလည်း လာ၍ပို့ရန် မှာခဲ့မိပါ၏။

မသည်းအူသည် ကိုယ့်အိမ်မှာမှတပါး အခြားသော အိမ်များမှာဖြစ်စေ၊ လမ်းမှာဖြစ်စေ၊ အခြား မည်သည့်နေရာမှာဖြစ်စေ၊ မည်သို့သောအခါကမျှ ရေသောက်လေ့သောက်ထ မရှိခဲ့ပါချေ။ အိမ်မှာပင်လျှင်လည်း ရေသန့်၏ မသန့်၏ကိုရင်း၊ ရေခွက်စင်၏ မစင်၏ကိုရင်း၊ အစဉ်ကြည့်ပြီးမှ သောက်လေ့ရှိပါ၏။ အရပ်တပါးမှာ ဆိုပါလျှင်ကား ပုလင်းနှင့် ထည့်ပိတ်ထား၍ စိတ်ချရသော လိမ္မော်ရည်သည် မသည်းအူ၏ သောက်ရေပါပင်တည်း။

'မသည်းအူကို ကိုမျိုးညွန့် တခုမေးရအုံးမယ်။ မသည်းအူနဲ့ ကိုမျိုးညွန့်တို့ လက်ထပ်တဲ့နေ့တို့ ပဲခူးမှာခွဲခဲ့ရတဲ့နေ့တို့ကိုတော့ မှတ်မိမှာပေါ့ ...'

မသည်းအူ၏အခန်းသို့ ပြန်ရောက်သောအခါ မောင်မောင်ကပင် စ၍ မေးခဲ့မိပါ၏။ ထိုအခါ၌မူ မသည်းအူက ပန်းအပွင့်နှယ် နမ်းချင့်စဖွယ် ပြုံးပါသည်။

'အထူး မှတ်မိတာပေါ့ကိုကို။ လက်ထပ်တာက ၅၈ ခုနှစ်၊ မတ်လ ၁၄ ရက်။ ခွဲခဲ့ရတာက မတ်လ ၂၃ ရက်။ တရားရုံးမှာ စီရင်ချက်ချတာက မေလ ၅ ရက်နေ့....။ ဘာပြုလို့လဲ ကိုကို....'

'သည်နေ့ကရော မသည်းအူ....'

မသည်းအူသည် ပဌမ စဉ်းစားဟန်ပြုပါ၏။ထို့နောက် အိမ်အမှတ်နှင့် ပက္ခဒိန်များရှိတတ်ရာ နံရံကို ကြည့်ပါသည်။ သို့သော် မသည်းအူ မဖြေနိုင်ပါချေ။

'ဒါတော့ မသိဘူး။ ဒါပေမယ့် သေချာတာကတော့ ဂဏန်းကို ပေါင်းကြည့်ရင် ၅ ရတဲ့နေ့ မဟုတ်ဘူး ဆိုတာတော့ သိတယ်....'

မသည်းအူ၏ စကားကြောင့် မောင်မောင် ဆက်၍ပြောမည့်စကားကိုပင် ရပ်၍ နေရပြန်ပါ၏။ နားမလည်သောကြောင့်လည်း မသည်းအူကို မေးသည့်ဟန် ပြန်ကြည့်မိပါသည်။



'သည်လိုလေ.... ၅ ရက်တို့၊ ၁၄ ရက်တို့၊ ၂၃ ရက်တို့ ဆိုတာ ပေါင်းကြည့်ရင် ၅ ရတယ်မဟုတ်လား။ အဲဒါကို ပြောတာပါ။ အဲသည်နေ့တွေဆိုရင် မသည်းအူ ဘာမှလဲ မလုပ်ဘူး၊ ဘယ်မှလဲ မသွားဘူး၊ ဘယ်သူနဲ့မှလဲ စကားမပြောဘူး ကိုကို။ ကိုကိုကြည့်လေ.... ကိုကိုနဲ့ ခွဲခဲ့ရတာက ၂၃ရက်၊ စီရင်ချက်ချတာက ၅ ရက်၊ ကိုကျော်စိုးနဲ့ လက်ထပ်ရပြန်တော့လဲ သည် ၅ ရက်၊ ပြီးတော့ မနှစ်ကဆိုရင်လဲ မသည်းအူရဲ့ဘဝမှာ အောက်အကျရဆုံး အဆိုးအရှုံးဆုံးနှစ်၊ မနှစ်က မသည်းအူရဲ့ အသက်ကလဲ ၂၃ နှစ်။ သည်တော့ အဲသည်လို ပေါင်းကြည့်လို့ ၅ ရတဲ့နေ့တွေကို မသည်းအူ ကြောက်တယ် ကိုကို။ အမြဲတမ်းလဲ သတိထားပြီး ရှောင်တယ်....'

'သည်နှယ် ကြားရပြန်တော့လည်း မောင်မောင် ပြောလိုသည့်စကားကို ဆက်သင့် မဆက်သင့်ပင် စဉ်းစားရပြန်ပါ၏။ မသည်းအူ အယူသည်းရာတွင် အထောက်အကူ ဖြစ်လေဦးမည်လော ဟူ၍လည်း ပူမိရပြန်ပါသည်။

ယနေ့သည် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက်နေ့ ဖြစ်ပါ၏။ နံနက်ဖန်ဆိုလျှင် မသည်းအူပြောသည့် ၁၄ ရက် ဖြစ်ပါလိမ့်မည်။ နံနက်ဖန် နံနက်တွင် မန္တလေးသို့ မောင်မောင်တို့ ရောက်ကြရပါမည်။ မောင်မောင်နှင့် မသည်းအူတို့ ခွဲကြရပါမည်။

ထို့ကြောင့် မပြောတော့မူ၍ မောင်မောင် တွေးနေမိပါ၏။ ထိုအခိုက် လိမ္မော်ရည်များ ရောက်၍လာပါသည်။

'ဘယ်သူ မှာလို့လဲ....သည်အခန်းက မဟုတ်ဘူး....'

'ကိုမျိုးညွန့် မှာထားတာပါ။သည်မှာချ သူငယ်ချင်း။ နေပေ့စေ....ကိုယ်တို့ဘာသာ ကိုယ်တို့ ဖေါက်မယ်။ သူငယ်ချင်း ပြန်တော့....'

လိမ္မော်ရည် လာ၍ပို့သူ ပြန်ထွက်သွားသောအခါ၌မူ မသည်းအူသည် မောင်မောင့်ကို ကြည့်၍ ကြည်နူးချမ်းမြေ့ဟန် ပြုံးနေပြန်ပါ၏။

'ကိုကို သည်လို မသည်းအူကို မမေ့လေလေ ချစ်လေလေ၊ မသည်းအူ ရင်ကျိုးရလေလေပါ ကိုကို။ ဒါပေမယ့် ကိုကို့ မသည်းအူက အရင်လို မဟုတ်တော့ဘူး။ ညစ်ပတ်နေပြီ ကိုကို။ ညစ်လဲ ညစ်ပတ်တတ်နေပြီ....'

ပဌမမှာမူ မသည်းအူသည် ကိုယ့် ဘာသာကိုယ် ညည်းသည့်နှယ်သာ ညည်းပါ၏။ သို့သော် နောက်ပိုင်း၌ကား ဘဝကို နာကြည်းဟန်ဖြင့် ခက်ထန်၍ လာပါသည်။

'ပြောရင် ကိုကို အံ့ဩမယ်ထင်တယ်။ မသည်းအူ



လေ...အခု အရက်ကိုတောင် ရံဖန်ရံခါတော့ ရံဖန်ရံခါပေါ့လေ သောက်တတ်နေပြီ ကိုကိုရဲ့... ။ ခုနက ကိုကို ဆေးလိပ်သွားယူအုံးမယ် ဆိုတော့လဲ မသည်းအူ စဉ်းစားမိတယ်လေ။ ကိုကို ဆေးလိပ်တွေများ သိပ် သောက်တတ်နေပြီလား၊ အရက်ကိုရော သောက်တတ်များ နေပြီလားလို့။ ဘုရား....ဘုရား....အရက်တော့ မသောက်တတ်ပါစေနဲ့၊ ဆေးလိပ်လဲ ဥပါဒ်ဖြစ်လောက်အောင် ကြိုက်မနေပါစေနဲ့....လို့လဲ တွေးပူပြီး ဆုတောင်းခဲ့မိရသေးတယ် ကိုကို။ ဒါပေမယ့် မသည်းအူ ဆုတောင်းပြည့်ပါတယ်။ ကိုကို ဆေးလိပ်သောက်တာကို မသည်းအူ မြင်ရတော့ တော်တော်လဲ ဝမ်းသာခဲ့ရတယ်။ ကိုကို ဆေးလိပ်မှ မသောက်တတ်ဘဲဘဲ။ မသောက်တတ်ဘဲနဲ့တော့ မသောက်ချင်နေပါနဲ့ ကိုကိုရယ်။ ခုလို နုတုန်းမှာ ဖြတ်ပစ်လိုက်ပါ။ ကိုကို့အသက်ကို ဆေးလိပ်က အန္တရာယ်ပေးပါမယ်....'

သည်တော့လည်း မသည်းအူ၏ မေတ္တာ စေတနာကို မောင်မောင် နားလည်လာရပြန်ပါ၏။ အမှန်ကို ဝန်ခံရမည်ဆိုလျှင် မသည်းအူကို သည်ယနေ့တိုင် မောင်မောင် မမုန်းနိုင်ခဲ့မိပါချေ။ သံယောဇဉ် အသစ်နှင့်လည်း ရစ်ဖွဲ့၍ ချစ်နေမိသည်သာပါတည်း။

'မသည်းအူ အဖို့ကတော့ ဘဝစုံခဲ့ရပြီကိုကို။ သည်တော့ ဘယ်လိုနေနေ၊ ဘယ်လိုသွားသွား၊ ဘယ်လိုစားစား၊

ဘယ်လို သောက်သောက်၊ အကြောင်း သိပ်မထူးနိုင်တော့ပါဘူး။ ကိုကိုကတော့ သံယောဇဉ်နဲ့ပါ။ ပြီးတော့ ကိုကို အမြဲသတိထားရမှာက....ငါ့မှာ သမီး မိန်းမကလေးနဲ့ ပါကလား... ဆိုတာဘဲကိုကို။ သမီးတကောင် နွားတထောင် ဆို မဟုတ်လား....

'အမှန်တော့ သမီးတွေကိုချည့် အပြစ်ဖို့နေလို့ ဘယ်တရားပါ့မလဲကိုကိုရယ်။ မိဘကလဲ ထိန်းတတ်ကျောင်းတတ်ဖို့ လိုတာပေါ့။ မသည်းအူ့ကိစ္စမှာ ကိုကို ကြည့်လေ....။ ကိုယ့်ကိုယ်ကိုမို့ ပြောတာ မဟုတ်ပါဘူး။ မိဘ အဟုတ်မဟုတ်လို့ ခုလို ဖြစ်ရတာ မဟုတ်လား။ မသည်းအူ့ ဆုံးဖြတ်ချက်နဲ့ မသည်းအူသာ ရှိရမယ်ဆိုရင် ခုဆို ကိုကို့ မိန်းမအဖြစ်နဲ့ ကိုကို့နားမှာဘဲ ရှိမယ်။ သားနဲ့ သမီးနဲ့ အင်မတန် ချမ်းမြေ့ပြည့်စုံတဲ့ အိမ်ထောင် တခုထဲမှာလဲ ရောက်နေရမယ်။ စိတ်လဲ ချမ်းသာရမယ်။ အခုတော့ နွားကျောင်းတဲ့လူက ဘာနဲ့တူသလဲဆိုတော့ သူခိုး နွားဘိုးမသိ ဆိုသလိုပေါ့ ကိုကိုရယ်။ ကြွေးတဆယ်ကို အလကားရတာဘဲ ဆိုပြီး နွားနဲ့ ဖလှယ်လိုက်တာပေါ့..'

'သည်လိုတော့ မပြောကောင်းပါဘူး မသည်းအူရယ်....မိဘဆိုတာ....'

မောင်မောင့် စကားအစမှာပင် မသည်းအူက နှုတ်



ခမ်းကိုမဲ့၍ ကဲ့ရယ်ဟန် ပြုသဖြင့် မောင်မောင် ရပ်ခဲ့ရပါ၏။ ထိုအခါ မသည်းအူက မဲ့ရာမှ ပြုံးလာ၍၊ ပြုံးရာမှ ချေပလာပါသည်။

'မိဘဆိုတာ ကိုယ့်သားကိုယ့်သမီးကို ဘယ်မှာသည်လို ဆင်းရဲဒုက္ခရောက်စေချင်ပါ့မလဲ။ ဆင်စီးလို့ မြင်းရံတာဘဲ တွေ့ချင်မြင်ချင်တော့မပေါ့၊ ဆင်နင်းလို့ မြင်းကန်တာကို ဘယ်မှာလာ တွေ့ချင်မြင်ချင်ပါ့မလဲ .. လို့ ပြောမလို့ မဟုတ်လား။ အဲဒါက အင်မတန် လူပြောများတဲ့ ရှေး စကားပါ ကိုကိုရယ်။ မိဘဆိုပေမယ့် မိဘတိုင်းလဲ သားသမီးကို ချစ်တတ်ကြတာ မဟုတ်ပါဘူးကိုကို။ ကြက်မလို သားကို ခင်တဲ့ မိဘတွေရှိသလိုဘဲ၊ ငမ်းဘဲလို ဥချင်ရာမှာ ဥပြီး ပစ်ထားခဲ့တတ်တဲ့ မိဘတွေလဲ အများကြီး ရှိပါတယ်။ ပြီးတော့ ခွေးသားအုပ်မလို မိဘမျိုးတွေကလဲ ရှိသေးတယ် ကိုကို။ သားကလေးတွေ ငယ်တုန်းမှာတော့ ကျွေးမွေးပြုစုရမှန်း၊ အန္တရာယ်ကို ကာကွယ်ပေးရမှန်း သိပါရဲ့။ ဒါပေမယ့် သားတွေ ကြီးပြင်းလာတာနဲ့ တပြိုင်နက် ငါမွေးထားတဲ့ သားပါလားလို့ မအောင်းမေ့တော့ဘဲ စားခွက်လုဘက် ပြိုင်ကိုက်ဘက်အဖြစ် တခါထဲ သဘောထား ပြောင်းလာတတ်ကြတယ်။ ကိုကိုက ကြက်လိုမိဘနဲ့ တွေ့ခဲ့ရတော့ အနန္တော အနန္တ ငါးပါးဆိုတဲ့ တရားကို လက်ခံယုံကြည်ချင် ယုံကြည်နေလိမ့်မယ်။ မသည်းအူ အဖို့တော့ မယုံကြည်နိုင်ဘူး ကိုကို...

PDF CREATOR - NYEYADHAMMA@GMAIL.COM

'မသည်းအူ့ နေရာမှာ ကိုကို ဝင်နေကြည့်စမ်းပါ။ စိန်တဆင်စာ ဝယ်ပေးခဲ့ဘူးတဲ့ ကျေးဇူးကြောင့် မသည်းအူက ကိုကိုနဲ့ခွဲပြီး ကိုကျော်စိုး လက်ထဲ ရောက်ရမတဲ့လား။ ပြီးတော့ မေမေက ပြောခဲ့သေးတယ်လေ၊ အစိုးရအမှုထမ်းဆိုတာ အိုစာ နာစာ စုဆောင်းနိုင်တာ မဟုတ်ဘူးတဲ့။ သူ့အလုပ်က အနားယူတာနဲ့ တပြိုင်နက်မှာလဲ သူပေးထားတဲ့ အိမ်က ဆင်းရမှာတဲ့။ သည်တော့ မေမေက မျှော်လင့်တယ်လေ။ ငွေနှစ်ကျပ်ပေးပြီး ထီထိုးသလိုပေါ့။ မသည်းအူ့ ကိုယ်ကိုပေးပြီး စိတ်ကူး အယဉ်ကြီး ယဉ်တယ်။ ကိုကို မသည်းအူ ပြောနေတဲ့စကားတွေကို နားသောင်လို့ ရရဲ့လား။ နားရော ထောင်ချင်ရဲ့လား....'

မသည်းအူသည် မည်သို့ တွေးခ်ပြန်သည် မသိပါချေ။ မသည်းအူ့ မိဘများ၏ အကြောင်းကို ဝေဖန်ပြောဆိုနေရာမှ မောင်မောင့်ဖက်သို့ ရုတ်တရက် လှည့်၍ မေးလှာပြန်ပါ၏။

'ကိုကို အခုတွေ့ချင်ဆုံး လူနဲ့ တွေ့နေရပြီး၊ ကိုကို အကြားချင်ဆုံးစကားကို ကြားနေရတာပါ မသည်းအူ....။ ပြောပါ....'

'အပ်ဖျားမုံညင်း မြက်ဖျားနှင်း ဆိုတဲ့စကားလိုပေါ့ ကိုကို။ မျှော်လင့်တဲ့အတိုင်း ဖြစ်လာသို့က အင်မတန်



ခက်ခဲတာကလား။ သူတို့ ဘယ်လိုဘဲ ကြိုးစားကြ ကြိုးစားကြ၊ မသည်းအူနဲ့ ကိုကျော်စိုးတို့ရဲ့ အိမ်ထောင်ကတော့ ပျက်တာပါဘဲ။ နောက်ဆုံးတော့ ကွဲခဲ့ရတာပါဘဲ....

'ကိုကျော်စိုး ဆိုတဲ့လူကလဲ လူတမျိုးဘဲ။ ကိုကိုလဲ သူ့ကိုမြင်ဘူးသားဘဲလေ....။ အမြင်ကတော့ အင်မတန်တည်တယ်။ အေးပုံ ယဉ်ကျေးပုံလဲရတယ်။ ဒါပေမယ့် စေတနာကျတော့ ယုတ်တယ်။ သဘောကလဲ အင်မတန် မိန်းမဆန်တယ်။ နည်းနည်းမို့ စကားမများမိနဲ့ များမိတာနဲ့ တပြိုင်နက် ကိုကို့ကိုပါ ထိပါးတိုက်ခိုက်တော့တာဘဲ။ မသည်းအူ မခံနိုင်ဆုံးကလဲ ဒါဘဲ။ ကိုကို့ကို ဘာအကြောင်းနဲ့မှ ပြောစရာ ထိပါးစရာ တိုက်ခိုက်စရာ မလိုဘူးလို့ မသည်းအူထင်တယ်။ မသည်းအူကို ရစရာမရှိအောင် ပြောချင်ရင် ပြောင်နိုင်ပါတယ်။ ပြောလဲ ပြောခဲ့တာပါဘဲ။ ဒါကို မသည်းအူ အပြုံးမပျက် ခံနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကိုကို့ကို ပြောလာ ထိပါးလာရင်တော့ မသည်းအူ နည်းနည်းမှ သည်းမခံနိုင်ဘူး။ သူ့အနေနဲ့ ကိုကို့ကို ထိပါးတိုက်ခိုက်ဖို့ ဘာအခွင့်အရေးမှ မရှိဘူးလို့ မသည်းအူထင်တယ်။ တကယ်တော့ ပြောစရာ ထိပါးတိုက်ခိုက်စရာကော ဘာလိုတော့သလဲ။ မသည်းအူကို သူရနေပြီ မဟုတ်လား။ အနိုင်ရနေပြီမဟုတ်လား။ တဖက်က ဆုံးရှုံးလိုက်ရတဲ့လူ၊ အရေးနိမ့်နေရတဲ့လူကို ဘာပြုလို့ နှုရာဝဲစွဲ လဲရာသူခိုးထောင်း လုပ်ရမှာလဲ... ။

'ကိုကို မှတ်မိမှာပေါ့၊ ကိုကိုနဲ့ မသည်းအူတို့ရပ်ရှင်ရုံမှာ တွေ့ကြရတဲ့ ညကလေ....ကိုကိုက မ သည်း အူ ကို မသည်းအူလို့ ပဌမလှမ်းအသံပြုတယ် မဟုတ်လား။ မသည်းအူ ဆိုတဲ့ နာမယ်ဟာ သူတို့ပတ်ဝန်းကျင်မှာတော့ မကြားချင်ဆုံး နာမယ်ပေါ့ကိုကိုရယ်။ ကြားရတာနဲ့ တပြိုင်နက်လဲ ခေတ်အလိုက်ခံရသလို တုန်လှုပ်ချောက်ချား သွားကြလေ့ရှိတယ်။ အဲသည်ညကလဲ အိမ်ပြန်ရောက်တာနဲ့ တပြိုင်နက် မိုးမီးလောင်ရတော့တာပါဘဲ။ အိမ်မ.ရောက် ခင် က တဲ က ကိုကျော်စိုးက ငှမ်းတယ်လေ၊ ကိုကို့ကို ဘယ်သူလဲတဲ့။ မသည်းအူကလဲ ကိုယ့်ဝေဒနာနဲ့ကိုယ် ခံရလွန်းတော့ အမှန်အတိုင်းဘဲ ပြေပစ်လိုက်တယ်။ တကယ်တော့ မိတ်ဆွေတယောက်ပါလို့ လိမ်ပြောလိုက်ရင်လဲ ပြီးတာပါဘဲ။ ဘာပြဿနာမှ ပေါ်လာစရာလဲ ရှိမှာမဟုတ်တော့ဘူးပေါ့။ဒါပေမယ့် ကိုကိုစဉ်းစားကြည့်လေ....အဲသည်တုန်းက ကိုကို့ရင်ထဲမှာ ဘယ်လိုဖြစ်ခဲ့ရသလဲ။ မသည်းအူကိုတောင် စိတ်နာစကား ပြောခဲ့မိသေးတယ် မဟုတ်လား။ မသည်းအူလဲ ကိုကို့လိုဘဲပေါ့ ကိုကိုရယ်။ ပြန်တွေ့ရလို့မှ လွတ်လွတ်လပ်လပ် စကားမပြောနိုင်၊ ကိုယ်ချစ်တဲ့သူ စိတ်မချမ်းသာရစရာ ကိုယ့်မှာကသဲ အတွဲနဲ့ဆိုတော့ ကိုကို့ကို မသည်းအူ နှုတ်မဆက်ရက်ခဲ့ဘူး ကိုကို။ သည်တော့ မသည်းအူရင်ထဲမှာ ဘယ်လိုဖြစ်နေရမယ် ဆိုတာသာ ကိုကိုတွေးကြည့်တော့ပေါ့။ ဒါ့ကြောင့် ဒေါ်သထွက်ထွက်နဲ့....ကိုမျိုးညွန့်ဆိုတာပေါ့ ကိုကျော်စိုးရဲ့၊ ကျမ အရင်ယောက်ျားလေ၊



ကျမချစ်လို့ ယူခဲ့တဲ့ယောက်ျားပေါ့၊ "စောစောက ကိုကျော်စိုး သည်လောက်သိချင်မှန်း မသိလို့ပါ၊ နောင်မို့ဆိုရင် ကျမ မိတ်ဆက်ပေးမှာပေါ့....လို့ သက်သက်မဲ့အရွဲ့တိုက်ပြီး မသည်းအူ ပြောပစ်လိုက်တယ်။ ဘာပြောကောင်းမလဲ ကိုကိုရယ်။ အိမ်လဲပြန်ရောက်ရော ဂြိုဟ်ကို အကြီးအကျယ် ကျတော့တာဘဲပေါ့။ ဒေါ်သထွက်ထွက်နဲ့ ထင်ပါရဲ့၊ ရေသောက်ပြီးလို့ ရေခွဲသေတ္တာကိုလဲ တအားပြန်ဆောင့်ပိတ်လိုက်တော့ အကုန် ကွဲကုန်ရတော့တာဘဲပေါ့။ ဒါနဲ့ နှစ်ယောက်ထဲ သိရာက တအိမ်လုံး သိကုန်ပြီး မိုးမီးလောင်တော့တာပါဘဲ။ သူတို့က မသည်းအူကို မသက်ာဘူးလေ။ မန္တလေးကို ခဏ လာရာမှာတောင် ကိုကို့ကို မသည်းအူက ကြိုတင်အကြောင်းကြားထားလို့သာ ကိုကိုနဲ့ တွေ့တယ်ပေါ့။ ကိုကိုနဲ့ အချိန်းအချက် လုပ်ထားတယ်ဆိုတဲ့ သဘောပေါ့ကိုကိုရယ်။ သည်လို မသည်းအူကို စွပ်စွဲခဲ့ကြတယ်။ ကဲ....စဉ်းစားသာ ကြည့်တော့ ကိုကိုရေ့....သည်အိမ်ထောင် သာယာချမ်းမြေ့နိုင်ပါအုံးမလားလို့....'

သည်နေရာမှာမူ မသည်းအူသည် စကားကို ရပ်၍ နားပါ၏။ မသည်းအူသည် တစုံတရာကို တွေး၍ ဆုံးဖြတ်နေပုံလည်း ရပါသည်။ မသည်းအူ၏ မျက်နှာသည်လည်း အနည်းငယ် ညို၍ လာပါ၏။ အပြင်ဘက်တွင်မူကား နေဝင်စပြုပြီမို့ မှိုင်းညို့၍နေပါသည်။

'သည်နေရာမှာ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူးတဲ့ မသည်းအူ့လျှို့ဝှက်ချက်တခုကိုလဲ ကိုကို့ကို မသည်းအူ ဖွင့်ပြောချင်တယ်။ မသည်းအူ မှားတယ်ဆိုရင်လဲ မသည်းအူကို ဝေဘန်ပါကိုကို။ ဒါပေမယ့် မှားတယ် မှန်တယ်လို့ ဆုံးဖြတ်ရာမှာတော့ မသည်းအူ့အကြောင်းကိုလဲ နည်းနည်း ဖြစ်ဖြစ်တော့ ကိုယ်ချင်းစာပါနော် ကိုကို....

'ကိုကျော်စိုးနဲ့ ပေါင်းလို့ တနှစ်မပြည့်ခင်မှာဘဲ မသည်းအူ ကိုယ်ဝန်ရှိလာပြန်တယ် ကိုကိုရဲ့။ ကိုကိုလဲ မိန်းမ ရလို့ ကလေးလဲ ရနေပါပြီလေ....ကိုယ်ဝန် ရှိလာတယ်ဆိုရင် တဖက်က ရပ်သွားတော့ သိတော့တာဘဲပေါ့။ သိသိချင်း မသည်းအူ ဘာလုပ်သလဲ သိလား။ ကျောင်းတုန်းကလို ကာယအလှ လေ့ကျင့်ခန်းတွေ ပြန်လုပ်တယ်။ ပြီးတော့ ကိုကျော်စိုး ရန်ကုန် တက္ကသိုလ်မှာ အလုပ်ဝင်တို့အတွက် စာမေးပွဲ ဆင်းဖြေတုန်း၊ မသည်းအူလဲ မန္တလေးကို ဆင်းပြီး အနှိပ်ခံပစ်လိုက်တယ်။ အော်....ပြောရအုံးမယ်၊ ကိုကျော်စိုးက အရက်လဲ သောက်တယ်လေ။ သောက်တယ် ဆိုပေမယ့် နည်းနည်းပါးပါးပါ။ ထမင်းစားခါနီး တခွက်နှစ်ခွက်ဆိုပါစို့။ အဲသည် ကိုကျော်စိုးသောက်လေ့ရှိတဲ့ အရက်တွေကိုလဲ အရက်သောက်ရင် ပျက်ကျကယ် ဆိုတာနဲ့ မသည်းအူ ယူတွယ်ပစ်လိုက်တယ်။ ပြီးတော့ ဆေးလဲ စားတယ်....။



'ဆိုကြပါစို့ ကိုကိုရယ်၊ မပျက် ပျက်အောင်ဖျက်ချလိုက်တယ်ပေါ့။ မသည်းအူ အနေနဲ့တော့ မှန်တယ်လို့ ယူဆတယ်ကိုကို။ ဘယ့်နှယ် ကိုကို့ သဘော့ ကျတော့ဖျက်၊ သူ့ သဘောကျတော့ တည်....ဆိုလို့ တရားပါ့မလား။ မသည်းအူ အနေနဲ့ တရားပါ့မလား။ မသည်းအူ ကိုကို့ကို သစ္စာဖေါက်ရာ ရောက်မှာပေါ့ ကိုကို....မဟုတ်ဘူးလား....'

မသည်းအူ၏ မေးခွန်းကို မောင်မောင် အဖြေရခက်ပါသည်။ မသည်းအူက ဖွင့်၍ဝန်မခံမီကပင် စကားပလ္လင်ခံ၍ ထားခဲ့ပြန်တော့လည်း မောင်မောင် အဆုံးဖြတ်ရခက်ပါ၏။ သို့သော် မသည်းအူကို မဖြေလျှင် မသည်းအူက မည်သို့ ထင်မည်နည်း။ ထို့ကြောင့် မောင်မောင် ဖြေခဲ့ရပါသည်။

'နှလုံးသားရဲ့ အသိနဲ့ ဖြေရမယ် ဆိုရင်တော့ မသည်းအူ မှန်တယ်။ ဒါပေမယ့်....ခေါင်းကအသိနဲ့ ဖြေရမယ်ဆိုရင်တော့ မသည်းအူ မှားမယ်ထင်တယ်....'

မသည်းအူသည် မောင်မောင့်အဖြေကို ကြားရသောအခါ၌မူ ပြုံးပါ၏။

'ပြောလို့ ပြောတာမဟုတ်ပါဘူးကိုကို။ ကိုကိုလေ အခု အရင်ကလို မဟုတ်တော့ဘူး။ အတော့်ကို စကား

တတ်နေပြီ။ တန်တော့....တန်တော့....၊ ကိုကို့ မခင်လေးတင့်က ကိုကို့ကို ဆရာမပီပီ သင်ပေးနေပြီ ထင်တယ်....'

မောင်မောင်လည်း မသည်းအူ၏စကားမှာ ပြုံးမိရပါသည်။

'ကိုကိုက စကားတတ်နေမှတော့လဲ မသည်းအူပါ စကားတတ်ရတော့မှာပေါ့ ကိုကို....။ သည်မယ် ကိုကို၊ လောကကြီးတခုလုံး တည်တံ့နေနိုင်အောင် လောကထဲမှာ ရှိနေကြတဲ့ လူမှန်သမျှ မလွှဲမသွေ လုပ်ရတဲ့ လုပ်ကြတဲ့ ထုတ်လုပ်မှု ရယ်လို့ နှစ်မျိုး ရှိတယ်ကိုကို။ ဘာလဲလို့ဆိုတော့....တမျိုးက လူ ထုတ်လုပ်မှု။ နောက်တမျိုးက ကုန်ပစ္စည်း ထုတ်လုပ်မှု။ ဒါကိုတော့ ကိုကိုသိမှာပေါ့....'

မသိသော်လည်း မောင်မောင် ခေါင်းငြိမ့်ပြခဲ့မိပါ၏။ မသည်းအူ၏ စကားကလည်း ရုတ်ခြည်း ခုန်၍ မြင့်လာခဲ့ပါပြီ။

'အိမ်ထောင် ပြု တယ် ဆိုတာက လူ ထုတ် လုပ် မှု အတွက်ပေါ့ ကိုကို။ အလုပ် လုပ်တယ် ဆိုတာကတော့ ကုန်ပစ္စည်း ထုတ်လုပ်မှု အတွက်ဘဲပေါ့။ လောကမှာ လူ ရယ်လို့ ဖြစ်လာရင် သည် ထုတ်လုပ်မှု နှစ်ခုအတွက် ဘယ်သူမဆို လုပ်ရှားကြရစမြဲပါ ကိုကိုရဲ့။ အဲ... ထုတ်လုပ်မှု တခုခုကိုဘဲ



ဖြစ်ဖြစ်၊ နှစ်ခုစလုံးကိုဘဲဖြစ်ဖြစ်၊ မကျေပွန်တဲ့ လူအချို့လဲ ပြောမယ်ဆိုရင်တော့ အနည်းအကျဉ်း ရှိသပေါ့ကိုကိုရယ်။ ဒါပေမယ့် အလွန့်အလွန်ကို နည်းပါတယ်။ ပြီးတော့ သူတို့မှာလဲ ဘာ့ကြောင့် တာဝန် မကျေပွန်နိုင်ရသလဲ ဆိုတာနဲ့ ပတ်သက်လို့ လျှောက်လဲ တင်ပြစရာ အကြောင်းကိုယ်စီ ရှိနေနှင့်တတ်ကြပါတယ်။ ဥပမာ ဆိုပါစို့....ငယ်ကတဲက မျက်စေ့ မမြင်ခဲ့လို့ အလုပ် အလုပ်နိုင်ဘူး....၊ ရောဂါ တခုခုကြောင့် သန္ဓေ မတည်နိုင်ဘူး ဆိုတာမျိုးတွေပေါ့ ကိုကို....။ သည်လို လူမျိုးတွေကိုတော့ ခွင့်လွှတ်ရလိမ့်မယ် ထင်တယ်....

'ပြောချင်တာက သည်လိုလေ ၊ သည်ထုတ်လုပ်မှု နှစ်ခု အတွက် လှုပ်ရှား စွမ်းဆောင်ကြရာမှာ ဘာနဲ့ ဆုံးဖြတ်ကြမလဲ ဆိုတဲ့ ပြဿနာပါ....။သည်နေရာမှာ မသည်းအူရဲ့ အယူအဆကို ပြောမယ်နော်။ ကုန်ပစ္စည်း ထုတ်လုပ်ရာမှာ ဘာ လိုသလဲကိုကို၊ ကာယအားနဲ့ ဉာဏအား လိုတယ် မဟုတ်လား။ လူ ထုတ်လုပ်မှု ကျတော့ရော ဘာ လိုသလဲ၊ မေတ္တာနဲ့ သစ္စာ လိုတယ် မဟုတ်လား

'ပြီးတော့ ကုန်ထုတ်လုပ်မှုမှာ ဘာနဲ့ ဆုံးဖြတ်စွမ်းဆောင်ရမလဲ၊ ခေါင်းက အသိနဲ့ ဆုံးဖြတ်ရမယ်ကိုကို။ အဲ....လူထုတ်လုပ်မှုမှာကျတော့ နှလုံးသားရဲ့အသိနဲ့ ဆုံးဖြတ်မှ မှန်လိမ့်မယ်....

'သည်တော့ မသည်းအူ့ ပြဿနာမှာ မသည်းအူ မှန်ပါတယ် ကိုကိုရဲ့....။ နှလုံးသားက အသိနဲ့ ဆုံးဖြတ်ရင် မှန်တယ်လို့ ကိုကို ဆိုတယ် မဟုတ်လား....'

မသည်းအူ၏စကားများမှာ မောင်မောင် ငေး၍သာ နေခဲ့ရပါ၏။ မသည်းအူသည် သည်နှယ် ကျယ်ဝန်းသော လောကအမြင်ကို အသို့သောနည်းဖြင့် ဆည်းပူးရရှိနိုင်ခဲ့ပါ သနည်း။

မောင်မောင့် ရင်မှာမူ ကျေနပ်မိပါ၏။ ကိုယ်လိုရာ ကိုယ်ဆွဲ၍ ပြောတတ်သော မသည်းအူ၏ပညာနှင့် ပတ်သက် ၍လည်း မောင်မောင် အံ့ဩ ချီးမွမ်းမိပါသည်။ မသည်းအူ သည် အတွေ့အကြုံ စုံခဲ့ရင့်ခဲ့ရပြီမို့ သည်နှယ် တတ်မြောက် နေနိုင်ခြင်း ဖြစ်သည်ဟူ၍လည်း မောင်မောင် တွေးမိပြန် ပါ၏။ အော်....အမြင့်မှာ ပျံနိုင်၍ သည်ငှက် အကောင် ကြီးသည်လော။ အကောင်က ကြီး၍ သည်ငှက် အမြင့်မှာ ပျံနိုင်ရသည်လော။

'ဒါပေမယ့် ကိုကို့ကိုတော့ မသည်းအူ အမှန် အတိုင်း ဝန်ခံပါရစေ ကိုကို။ မသည်းအူ ဆင်ကန်းတောတိုး အရမ်း လုပ်ခဲ့ရိုး အမှန်ပါ။ အဲသည်တုန်းကတော့ သေွးကလဲ ဆူ၊ လူကလဲ ငယ်ပါသေးတယ်လေ....အမှားအမှန်ကို ခွဲခြား မြင်နိုင်ခဲ့သေးပါဘူး။ ကုန်ကုန်ပြောကြပါစို့ ကိုကိုရယ်....



ကိုယ် လုပ်ခဲ့တဲ့အလုပ် ဘာ့ကြောင့် လုပ်တယ်၊ ဘာပြုလို့ လုပ်တယ်၊ ဘယ်သူ့အတွက် ဘာ့အတွက် လုပ်တယ်ဆိုတာ နည်းနည်းမှ ပြန်စဉ်းစားကြည့်ရိုး မရှိခဲ့ပါဘူး....'

မသည်းအူသည် ထိုင်နေရသည်မှာ ကြာ၍ ညောင်း ပြီထင့်။ ခြေကို အသာ ပြန်ဆန့်၍ ရပ်ပါသည်။

'ခုနက စကားက နောက်မှ ပြန် ဆင်ခြင်ကြည့်မိ တာ သက်သက်ပါ။ မှားတယ် ဆိုရင်တော့ စိတ်ဆင်းရဲစရာ ပေါ့ ကိုကိုရယ်၊ ဒါပေမယ့် ကိုကိုကပါ မှန်တယ် ဆိုတော့ လဲ မသည်းအူ့ အထင်နဲ့ ပေါင်းပြီး ပို စိတ်ချမ်းသာရ တာပေါ့...'

သည်နေရာမှာမူ မသည်းအူသည် စကားကို ရပ်ပါ ၏။ ထို့နောက် လိမ္မော်ရည်ပုလင်းများကို ဖွင့်ပါသည်။

'မသည်းအူ ဘယ်လောက် စကားပြော ကောင်း တယ် မကောင်းဘူး ဆိုတာ....သည် ဖလ်ခွက်တွေမှာ ကြည့် စမ်းပါ့ ကိုကို။ ကိုကိုတော့ မပြောတတ်ဘူး၊ ရေခဲတော့ အရည်ကို ပျော်သွားတာဘဲ....'

မသည်းအူက ရယ်မောစရာကို ပြောလှာပြန်တော့ လည်း မောင်မောင် ပြုံးမိရပြန်ပါ၏။ မသည်းအူကိုလည်း ခုံမင်နှစ်သက်သော စိတ်ဖြင့် ကြည့်မိပြန်ပါသည်။

မသည်းအူသည် လိမ္မော်ရည်နှစ်ခွက်ကို ကိုင်ကာ၊ မောင်မောင့်ဖက်သို့ ပြန်၍ လှည့်ပါ၏။ တခွက်ကို လှမ်း၍ ပေးပါသည်။ မောင်မောင့်ကို ကြည့်၍လည်း မောင်မောင့် စိတ်ကို ရိပ်မိသည်ထင့်။ ....'ကိုကို မသည်းအူကို ချစ်သေးသလား....'ဟူ၍ မေးပါသည်။ ထို့နောက် ပီတိလင်မယားနယ်လည်း မောင်မောင့်အနားတွင် မောင်မောင်နှင့် အသားချင်း ကပ်လျက်ထိုင်ပါ၏။

'ကိုကိုတော့ မပြောတတ်ဘူး၊ မသည်းအူတော့ ကိုကို့ကို သေအထိ ချစ်နေမှာဘဲ ...'

မသည်းအူက ငယ်မူနွဲ့ဟန်ဖြင့် ပြောလာပြန်ပါသည်။ သည်တော့လည်း မောင်မောင့်မှာ အပြေရ အပြောရခက်ရပါချေ၏။ မသည်းအူကို မောင်မောင် ချစ်ပါသည်။ မြတ်နိုးပါသည်။ နှစ်သက်ပါသည်။ ထို့ပြင် သည် အနေ မှာ မသည်းအူကို မောင်မောင် ပို၍ သနားကြင်နာမိပါသည်။ သို့သော်....

မောင်မောင့် စိတ်ကို မောင်မောင် အားထုတ်၍ ထိန်းချုပ်ရပါ၏။ လိမ္မော်ရည်ကို တခါတည်း မနားတမ်း မော့သောက်ချ၍၊ ဖလ်ခွက်ထားရန် မသည်းအူ့ အပါးမှ ထခဲ့ရပါ၏။ ထို့နောက် ရထားပြတင်းမှ ခေါင်းငှဲထွက်ကာ အပြင်ကို ကြည့်နေမိပါသည်။



မသည်းအူသည် မည် သည့် အချိန်က ထလာ၍၊ မောင်မောင့် အနားသို့ ရောက်နေသည် မသိပါချေ။ မောင်မောင့် ပခုံးကို လာကိုင်သဖြင့် မောင်မောင် ပြန်လှည့်ကြည့်မိရပါ၏။ မသည်းအူက မသည်းအူ၏ တောက်ပသော မျက်စေ့အစုံဖြင့် မောင်မောင့်ကို ညှိုကြည့် ကြည့်ပါသည်။

'ထွက်မပြေးပါနဲ့ ကိုကိုရယ်....ကိုကို့အတွက်, ပိုနေတဲ့ သည်တညကိုတော့ မသည်းအူ ရပါရစေနော်'

သည်တော့လည်း မောင်မောင် မရှန်းနိုင်ပါချေ" ရှန်းလည်း မရှန်းရက်ပါချေ။ ရှန်းလည်း မရှန်းလိုပါချေ" မသည်းအူကို မောင်မောင် နမ်းခဲ့မိပါသည်။

စင်အထက်သို့ တက်နိုင်ရန်အလို့ငှာ နှယ်ပင်ကို တိုင်ထောင်၍ ပေးခဲ့မိပါ၏။ နှယ်ကလည်း တိုင်ကိုမှ တွယ်ပါသည်။ သို့သော် မြေဝင်နည်း၍ မခိုင်သည်ထင့်။ လေလာရှိမှုနှင့် တိုင်က စ၍ လဲပါသည်။ နှယ်လည်း လဲခဲ့ရပါ၏။ မောင်မောင်နှင့် မသည်းအူ မည်သူက တိုင်၊ မည်သူက နှယ်ပါနည်း။

မောင်မောင် မသည်းအူနှင့် အိပ်ခဲ့မိပါ၏။

'ကိုကို မသည်းအူ ခုမှ သတိရတယ်။ မသည်းအူရော ကိုကိုရော ညနေစာမှ မစားရသေးဘဲနဲ့ဟာ၊ တခုခုတော့ စားကြအုံးမှ ထင်တယ်....'

မောင်မောင့်ရင်ခွင်ထက်မှာ ပါးနှင့်အပ်၍ အုံးနေရာမှ မသည်းအူက သတိပေးပါ၏။

'ဟုတ်ပါရဲ့... မသည်းအူ ပြောမှ မောင် သတိရ...'

မသည်းအူသည် ရုတ်တရက် မောင်မောင့် နှုတ်ခမ်းတို့ကို လာ၍ ပိတ်ပါ၏။ မောင်မောင့်ကို ကြင်နာသော အကြည့်ဖြင့် ကြည့်၍လည်း၊ ခေါင်းကို ရမ်းခါပြပါသည်။

'မောင် လို့ မပြောပါနဲ့ ကိုကိုရယ်....ကိုမျိုးညွန့်လို့ဘဲ ပြောပါ။ မနက်ကျရင် သည်ရထားက မန္တလေးကို မဆိုက်ဘဲ နေတော့မှာမှ မဟုတ်ဘဲ....'

သည်တော့လည်း ရင်မှာ နာလျက်နှင့် ပြုံးမိရပြန်ပါ၏။ မသည်းအူ၏ စိတ်နှလုံးမှာမှာမူ ပဇာ့ကြောင့် မောင်ဒေါင့်နှယ် မယိမ်းမယိုင်မူ၍ ခိုင်နေနိုင်ရပါသနည်း။

ပည့်ဆိုစေ၊ မောင် မောင် တို့ စား သောက် တွဲ သို့ ရောက်ခဲ့ကြပါ၏။ အညံ့ကို အကောင်းကဲ့သို့ သဘောထား၍လည်း ဝမ်းကို ဖြည့်ခဲ့ကြပါသည်။



မသည်းအူ့ အခန်းသို့ ပြန် ရောက် သော အခါ၌မူ မသည်းအူက ဖွင့်ထားသောမီးပွင့်များကို ပိတ်ပါ၏။ ပိတ်ထားခဲ့သော ပြူတင်းနှစ်ပေါက်အနက်မှလည်း တပေါက်ကိုသာ ပြန်၍ ဖွင့်စေခဲ့ပါသည်။

'ခုနကလိုဘဲ ကိုကို့ရင်ခွင်ထဲမှာ မသည်းအူ နေချင်တယ်။ ပြီးတော့ ကိုကို့ကို မသည်းအူ ပြောပြရအုံးမယ်လေ....စောစောက စကားမှ မဆုံးသေးဘဲနဲ့...'

'မသည်းအူ စကားမဆက်ခင် ကိုမျိုးညွန့် မေးရအုံးမယ် မသည်းအူ။ ကိုကျော်စိုးနဲ့ ၆၀ ခုနှစ်၊ သည်လထဲမှာဘဲ မဟုတ်လား၊ မသည်းအူနဲ့ ပြတ်စဲကြတာ။ ပြီးတော့ အဲသည်တုန်းက မသည်းအူ ရန်ကုန်မှာ မဟုတ်လား....'

မသည်းအူသည် ပြုံးလှာပြန်ပါ၏။

'ကိုကို ဘယ့်နှယ်လုပ် သိသလဲ....'

'အဲသည်တုန်းက ကိုမျိုးညွန့် တာချီလိတ်မှာလေ၊ ပြတ်စဲတဲ့ အကြောင်းကြော်ငြာကို သတင်းစာထဲမှာ တွေ့ရတော့ ကိုမျိုးညွန့် ရန်ကုန်ကို ခွင့်နဲ့ပြန်ပြေးလာခဲ့မိသေးတယ် မသည်းအူရဲ့။ ဒါပေမယ့် ရန်ကုန်မှာ၊ တပတ်သာကြာတယ်၊ မသည်းအူကို မတွေ့ရပါဘူး....'

'လွဲချင်တော့လဲ ကြုံ ဖန် လွဲရတာဘဲပေါ့ ကိုကိုရယ်။ အဖြစ်မှန်ကတော့ သည်လို ကိုကိုရေ့....သတင်းစာထဲမှာ ကြော်ငြာမပါခင် တလခွဲ နှစ်လလောက်က ထင်ပါရဲ့၊ မဖြစ်နိုင်တော့တာနဲ့ ကိုကျော်စိုးနဲ့ မသည်းအူ လမ်းခွဲခဲ့ရတယ်....

'ရန်ကုန် တက္ကသိုလ်မှာ အလုပ်ရမယ် ဆိုတော့ မသည်းအူတို့ မေမြို့ကနေ ရန်ကုန်ကို ပြောင်းခဲ့ကြရတယ် ကိုကို။ ရန်ကုန် ကိုလာတော့ ကိုယ်ဝန်က ပျက်ကျပြီးခါစ ဘဲရှိသေးတယ်။ ဒါပေမယ့် ရန်ကုန်ကို ရောက်တာနဲ့ တပြိုင်နက် ကိုကျော်စိုးလဲ သူ့ဇာတိကို ပြန်တော့တာဘဲ။ တခါထဲ မိုးလင်းစက ထွက်လိုက်တာဟာ မိုးချုပ်စကျမှ အိမ်ပြန်ရောက်တော့တယ်။ အိမ်ရောက်လာပြန်ရင်လဲ အရင်က နည်းနည်း ပါးပါးသာ သောက်လေ့ရှိတဲ့ အရက်ကို စွဲစွဲမြဲမြဲ မလဲမချင်း သောက်လာတယ်။ ဘာဘဲပြောပြော မသည်းအူကတော့ မယားဝတ်ကျေအောင် ကြိုးစားပြုစုခဲ့ပါတယ်။ သူ လုပ်ချင်တာတွေ လုပ်နေတာနဲ့ ပတ်သက်လို့လဲ မသည်းအူ တခွန်းမှ ဝင်မပြောခဲ့ပါဘူး။ မသည်းအူ ပြောလဲမပြောချင်ဘူးလေ....။ သူက သူ့ကိုယ်သူသိပ်တတ်လှပြီလို့ ထင်နေတဲ့ လူဘဲ။ ပြီးတော့ ကိုကိုအသိပါ။ အားကစားကို သူ ဘယ်တုန်းက ဝါသနာပါခဲ့ဘူးလို့လဲ။ ဒါပေမယ့် အချိန်အားကလေး နည်းနည်းရရင် အိမ်ကို ခဏ ပြန်ပြေးလာပြီး၊ အဝတ်အစားကို ကဗျာကရာလဲ



ထွက်သွားတော့တာဘဲ။ သူပြောတာတွေကတော့ စုံလို့ဘဲ ကိုကို။ လှေလှော်သင်းထဲလဲ ဝင်ထားတယ် ပြောတယ်။ ကြက်တောင် သွားရိုက်အုံးမယ်လို့ ပြောတဲ့အခါလဲ ပြောတာဘဲ။ တခုမှ ဟုတ်မယ်မထင်ပါဘူး ကိုကိုရယ်။ ဘာပြုလို့လဲဆိုတော့ အဲသည်လို ပြောထွက်သွားလို့ ပြန်လာတိုင်း မသည်းအူ ဂရုစိုက်ကြည့်မိတယ်။ သူ့ကိုယ်မှာရော သူ့အင်္ကျီမှာရော ချွေးတစက်မှမှ မရှိဘဲ....

'အဲ....တနင်္ဂနွေလို အားတဲ့ရက်တွေကျပြန်တော့လဲ သူ့ကို ဖမ်းမမိပါဘူး။ အကြောင်းတခုခုပြုပြီး နေကုန်နေခန်း ထွက်နေတာပါဘဲ။ တက္ကသိုလ်က ဆရာတယောက် ဆိုပေမယ့် တော်တော်တော့ အံ့ဩဘို့ကောင်းတယ်ကိုကို။ သူစာဖတ်နေတာကို မသည်းအူ တခါမှ မတွေ့ရဘူးဘူး။ အိမ်မှာ ဘာဂျာနယ် ဘာမဂ္ဂဇင်းမှလဲ မရှိဘူး။ ယုတ်စွအဆုံး သတင်းစာတောင် မဖတ်ဘူး ကိုကို၊ ကမ်းကုန်ရော့....

'ဆိုလိုတာက လင်တယောက်အနေနဲ့ လင့်ဝတ္တရား ကိုရော၊ ဆရာ တယောက်အနေနဲ့ ဆရာ တယောက်ရဲ့ ဝတ္တရားကိုရော ဥပေက္ခာပြုပြီး ဖြစ်ချင်တိုင်းဖြစ်နေတာထို ကိုကို မြင်စေချင်လို့ပါ။ မသည်းအူကတော့ နကိုယ်ကမှ မချစ်ခဲ့တာဘဲ၊ ဘယ်မှုလိမ့်မလဲ ကိုကိုရယ်။ ကျောင်းမှာ တုန်းက သင်ခဲ့ရတဲ့ တေးထပ်တပုဒ်ထဲကလို.... ညစ်မယ်ဆို

ရေပစ်လို့၊ မသစ်တဲ့ မျက်နှာ၊ မဖြောင့်ဘူး ထင်ပါရင်၊ ဝက်ပါ သည်က၊ သူ ဆန်းရင် မှော်ရုံခွင်မှာ၊ ရွှေသမင် လုပ်တဲ့လူပ....ဘဲပေါ့။

'သူက နည်း နည်း လောက် ကောက် တယ် နော်၊ ကိုယ်က များ များ ကောက် ပြ လိုက် တယ်။ သည် တော့ မသည်းအူ ဘယ်လောကထဲ ရောက်သွားသလဲ၊ ကိုကို သိသလား....

'အလွန်ထူးဆန်းအံ့သြဘွယ်ကောင်းတဲ့ နေရာတခုကို မသည်းအူ ရောက်ခဲ့ရတယ်ကိုကို။ တခြားတော့ မဟုတ်ပါ ဘူး။ မသည်းအူရဲ့ ပတ်ဝန်းကျင်ပါဘဲ။ သည်လို ကိုကိုရဲ့။ တက္ကသိုလ်နယ်မြေမှာ အင်မတန်ကြေးကြီးတဲ့ ဖဲ ဝိုင်း တွေ နေ့ည မပြတ် ရှိနေတတ်တယ် ဆိုတာကိုလဲ သည်တော့မှဘဲ မသည်းအူ သိရတော့တယ်။ ဆိုကြပါစို့ ကိုကိုရယ်....၊ မသည်းအူလဲ အောက်ထပ်က လက်ထောက် ကထိကဆိုတဲ့ ပညာရှင် တယောက်နဲ့ ပေါင်းပြီး ဖဲဝိုင်းထဲ ရောက်ခဲ့ရတယ် လေ....။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး....ဆို မဟုတ်လား ကိုကိုရဲ့....

'သည်မှာလဲ ငွေရေး ကြေးရေးအကြောင်း ပြောစရာ ရှိမယ်ထင်တယ်။ ကိုကျော်စိုးရဲ့ လခက ဘာရတာမှတ်လို့ ဘဲ ကိုကိုရယ်။ အိမ်စရိတ်တောင်မှ အနိုင်နိုင်ရယ်ဟာကို...။



သည်တော့ မသည်းအူလဲ ကြံရဖန်ရ တော့ တာ ဘဲ ပေါ့။ မသည်းအူမှာ ငွေရယ်လို့တော့ ဘယ် ရှိ ပါ့ မ လဲ ကို ကို။ ဒါပေမယ့် မိဘက ဆင်ထားတာရော၊ ယောက္ခမဆင်ထား တာရောပါဆိုရင် မရှိဘူးဆို နှစ်သောင်းဘိုးခင်းလောက် တော့ ရှိလိမ့်မယ်ထင်တယ်။ အဲသည်ပစ္စည်းတွေက အရင်းပေါ့ ကိုကို။ ရှုံးတဲ့အခါလဲ ပေးထားလိုက်ရ၊ နိုင်တဲ့အခါလဲ ပြန်ရွေးလိုက်ရနဲ့ နဲ့သမာ့ပါးလို ပိန်ချည် ဖေါင်းချည်ဘဲ ပေါ့ ကိုကိုရယ်....

'သည်လိုနဲ့ အမှုန်းကိုအမှုန်းချင်း၊ မာနကို မာန ချင်း၊ အမျက်ကို အမျက်ချင်း တုံ့ပြန်ပြီး၊ သူတထီး ကိုယ်တနန်း ပြိုင် စီလာကြတာ ကြာတော့လဲ ကိုယ့်လူ သည်းမခံနိုင်တော့ဘူး ထင်ပါရဲ့။ ပြဿနာမရှိ ပြဿနာ ရှာပြီး မသည်းအူကို အပြစ်ဖို့လာတယ်လေ....။ သူ့သိက္ခာ ကိုလဲ ထိခိုက်စေတယ်တဲ့၊ သူ့ဂုဏ်ကိုလဲ ညစ်နွမ်းစေတယ် တဲ့။ ပြီးတော့ ဒူးတင်ပေါင်ယှက် မိန်းမပျက်လို့လဲ မသည်း အူကို မှိုချိုးမျှစ်ချိုး စွပ်စွဲလာတယ်....

'အမှန်ကိုပြောရမယ်ဆိုရင် သည်ဖဲရိုက်တယ် ဆိုတဲ့ အကျင့်က ကောင်းတဲ့အကျင့်မဟုတ်မှန်း မသည်းအူလဲ သိပါတယ်။ အကျင့် စာရိတ္တဘက်က ကြည့်ကြည့်၊ စီးပွါး ရေးဘက်က ကြည့်ကြည့်၊ ကျန်းမာရေးဘက်ကကြည့်ကြည့် ဘယ်ဘက်က ကြည့်ကြည့် မကောင်းဘူး ဆို တာ ကို လဲ

မသည်းအူ နားလည်ပါတယ်။ ဒါပေမယ့် မသည်းအူ့ဘဝက ဆိုးခဲ့ရတယ် ကိုကို။ မသည်းအူ ဖဲဝိုင်းမှာ ဘဲပျော်တယ်။ ဖဲဝိုင်းမှာဆိုရင် မေ့မေ့ပျောက်ပျောက်နဲ့ မို့ကိုယ့်စိတ်ကိုယ် ဖြေနိုင်ခဲ့တယ်။ ဝက်ဖြစ်တော့လဲ နွံမှာလူးရတာကို အရသာလို့ ထင်လာတတ်တော့တယ်ကိုကို....

'သည်နေရာမှာတော့ မသည်းအူတို့ ထိုင်နေကျဝိုင်းထဲက ပင်တိုင် အိမ်တွေရဲ့ အကြောင်းကို ပြောပြဖို့လိုလိမ့်အုံးမယ်ထင်တယ်။ တက္ကသိုလ်နဲ့ လုံးဝ မပတ်သက်တဲ့ အပြင်ကလူ တယောက်နှစ်ယောက်လဲ ပါလေ့ရှိတယ် ကိုကိုရဲ့။ ရုပ်ရှင်မင်းသမီး× × ×တို့၊ အဆိုတော် ရုပ်ရှင်မင်းသား× ×တို့လဲ ပါတတ်တယ်။ အစိုးရအရာရှိ ဖြစ်နေတဲ့ စာရေးဆရာ ကို× ×တို့၊ ကို× ×တို့လဲ ပါတတ်တယ်။ ဒါပေမယ့် ဇွဲအကောင်းဆုံး၊ ညစဉ် ဝတ္တရားမပျက် အချိန်အမှန်ဆုံး စုမိကြတဲ့ လူကတော့ လေးယောက်ဘဲ ရှိပါတယ်။ အိမ်ရှင်ရယ်၊ မြို့ထဲက နိုင်လွန်စက်ပိုင်ရှင် သူဌေးကတော်ကလေးတယောက်ရယ်၊ သူကိုယ်တိုင် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ သူကိုယ်တိုင် ရုပ်ရှင်မင်းသား၊ သူကိုယ်တိုင်ရုပ်ရှင်ဒါရိုက်တာ ဆိုတဲ့ ဆရာတယောက်ရယ်၊ ပြီးတော့ မသည်းအူရယ်ပေါ့။ ညနေ ၆ နာရီလောက်ဆိုရင်ဘဲ သည်လေးယောက်ကတော့ ဆုံမိကြပြီလေ။ ဆုံမိတာနဲ့ တပြိုင်နက်လဲ ဒါရိုက်တာ့ ကားနဲ့ ဖြစ်ဖြစ်၊ သူဌေးကတော့် ကားနဲ့ ဖြစ်ဖြစ် ပြန်ထွက်ပြီး လိုတဲ့တအိမ်ကို လိုက်ခေါ်ကြတာဘဲ။ အိမ်မှာ



ပြီဆိုတာနဲ့ တပြိုင်နက်လဲ ဇွဲကောင်းကောင်းနဲ့ ထိုင်လိုက်ကြတာ ည နာရီပြန် တချက်ထိုး နှစ်ချက်ထိုးကျမှ မနည်းကြိုးစားပြီး ဝိုင်းရပ်ကြရတယ်။ သည်လိုနည်းနဲ့ မသည်းအူလဲ ညလူ ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရတယ် ကိုကို....

'သည်လိုနဲ့ ကိုကျော်စိုး အလုပ်သွားတဲ့အချိန်အထိ မသည်းအူက အိပ်တုန်း။ ညနေ ကိုကျော်စိုး အိမ်ပြန်ရောက်တဲ့အချိန်မှာ မသည်းအူက ပြန်အထွက်။ တယောက်နဲ့တယောက် မျက်နှာချင်းမဆိုင်ဖြစ်၊ စကားမပြောဖြစ်ဘဲ နေလာခဲ့ကြတယ်။ ကျီး နဲ့ ခင်ပုပ် လိုပေါ့ ကိုကိုရယ်....

'အင်း....ဆန်းတော့ မဆန်းလှပါဘူး။ မျှော်လင့်ထားတဲ့ အချိန်ထက်တောင်မှ နောက်ကျလိမ့်အုံးမယ် ထင်တယ်။ တညတော့ ကိုကျော်စိုး ဖဲဝိုင်းရှိရာကို ရုတ်တရက်ရောက်လာတယ် ကိုကို ။ သည်လောက် ဒေါသထွက်စရာ ဘာအကြောင်းမှ မရှိပေမယ့် အများရှေ့မှာ မသည်းအူကို ဒေါသနဲ့ အာဏာပြတယ်လေ။ မသည်းအူကို လင်ငယ်နေတဲ့သဘော သက်ရောက်တဲ့ စကားနဲ့လဲ စွပ်စွဲပုတ်ခတ်တယ်။ အစကတော့ မသည်းအူလဲ ဣန္ဒြေရရနဲ့ ပြန်လိုက်မလို့ပါဘဲ။ ဖဲရိုက်တာက ဖဲရိုက်တာတခြား၊ မသည်းအူတို့ရဲ့ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ သည် ဖဲဝိုင်းမှာ အရိပ်အမြွက်ကလေးတောင်မှ ပြောခဲ့ဘူးတာ မဟုတ်ဘူး။ ဖဲဝိုင်းမှာ ပဌမဆုံး ရောက်လာတဲ့နေ့က အောက်တပ်က

လက်ထောက် ကထိက က မိတ်ဆက်ပေးထားသလို .... မသည်းအူ တို့ လင်မယားက တယောက်ကို တယောက် ကြင်နာကြတယ်ပေါ့၊ တယောက်ရဲ့ ဝါသနာကို တယောက် က မတားရက်ကြဘူးပေါ့၊ အထူးသဖြင့် မသည်းအူက ငယ်လို့ လှလို့ ယောကျ်ားလုပ်တဲ့လူက မသည်းအူကို အစစ အရာရာ အလိုလိုက်တယ်ပေါ့။ သည်လိုဘဲ အားလုံးက ထင်နေကြတယ်လေ....။ မသည်းအူကလဲ အိမ်ထဲက မီးကို အိမ့်အပြင်မှာ နည်းနည်းမှ မထွက်စေတော့ အားလုံး အဆင်ပြေပြေဘဲလို့သာ သူတို့ နားလည်နေကြတယ် ကိုကို။ သည်အချိန်မှာ မမျှော်လင့်ဘဲ ဗြုန်းဆို မင်းသားကြမ်းက ပေါက်လာပြီး ကြိမ်းတော့ ဟောက်တော့တာကိုး ကိုကိုရဲ့။ သည်တော့လဲ မသည်းအူ့ စိတ်ကို မသည်းအူ ပိုင်းဖြတ် လိုက်တယ်။

'မသည်းအူလဲ လူဘဲ ကိုကိုရယ်။ စိတ်ကလေးနဲ့ ဘဲပေါ့။ မသည်းအူ သူ့နောက်ကို ပြန်မလိုက်တော့ပါဘူး လို့ ယတိပြတ် ဆုံးဖြတ်လိုက်တယ်။ မသည်းအူ ပြန်မလိုက် လေလေ သူ ဒေါသ ထွက်ရလေလေ ဖြစ်ပြီး ကိုယ့်လူလဲ အောက်ခြေ လွတ်တော့တာပါဘဲ။ မသည်းအူကိုသာ မက တော့ဘဲ ကျန်တဲ့ လူတွေ ကိုရော၊ အိမ့်ရှင် ကိုရော ရစရာ မရှိအောင် သူ ပြောလာတယ် ကိုကို။ ပဌမတော့ အများ က သူ့ကို ဝိုင်း နှစ်သိမ့်ခဲ့ကြပါတယ်။ ဖျောင်းဖျောင်းဖျဖျ ပြောပြီး ပြန်လွှတ်ကြပါတယ်။ မသည်းအူကိုလဲ အိမ်တိုင်



ယာရောက် လိုက်ပို့ပါမယ်လို့ သူ ကျေနပ်အောင် ကတိ ပေးခဲ့ကြပါတယ်။ ဒါပေမယ့် သူက ဝါးလုံးရှည်နဲ့ ရမ်းပြီး ညကြီးသန်းကောင်မှာ အော်ကြီးဟစ်ကျယ် လုပ်နေတော့ ကိုကိုဘဲစဉ်းစားကြည့်လေ၊ ကာလ ဒေသ အခြေအနေ ဆို တာကလဲ ရှိသေး တယ် မဟုတ်လား။ အိမ့်ရှင် အနေနဲ့ ဘယ်လိုနေမလဲ။ ဒေါသ ထွက်လာရတော့တာပေါ့ ကိုကို။ ပြီးတော့ တိုးတိုးသက်သာ တောင်းပန် နှစ်သိမ့်လို့လဲ မရ နိုင်တော့ သူနဲ့ မသည်းအူရဲ့ပြဿနာမှာ မသည်းအူကိုသာ သနားလာကြတော့တာဘဲပေါ့။

'သည်တော့ အိမ့်ရှင်က သူ့ကို အိမ်ထဲက ချက်ချင်း ပြန်ထွက်သွားဘို့ ရာဇသံ ပေးရတဲ့အထိ ဖြစ်ခဲ့ရတယ်လေ.... သူလဲ မကျေမနပ်နဲ့ ပြန်ထွက်သွားရတာဘဲပေါ့။

'အဲ သည် အဖြစ်အပျက်က မသည်းအူရဲ့ဘဝမှာ တတိယ အကွေ့ပေါ့ ကိုကို....

'အဲသည် ည ကတဲက ကနေ့ ထက်ထိ သူ့မျက်နှာ ကို မသည်းအူ မမြင်ရတော့တာပါဘဲ။ အိမ်ကိုလဲ မသည်းအူ ပြန်တော့ဘူးလေ။ သူကလဲ သူ့ မာနနဲ့ သူ၊ မသည်းအူ ကလဲ ကိုယ့်မာနနဲ့ကိုယ်။ ပြဒါးတလမ်း သံတလမ်း၊ ကိုယ့် လမ်းကိုယ် ဆက်လျှောက်ခဲ့ကြတာပေါ့။ သူကလဲ မသည်း အူနဲ့ ပြန်ပေါင်းဘို့ နည်းနည်းမှ မကြိုးစားဘူး။ မသည်း

အူ ကလဲ သူ့ကို လမ်းမှာ တွေ့ခဲ့ရတဲ့ ခလုတ်ကန်သင်း တခုလောက်ဘဲ သဘောထားလိုက်တယ်။ စိတ်ဆင်းရဲစရာ ဆိုတော့လဲ သူနဲ့ နေခဲ့ရတဲ့ဘဝကို တခါမှ မသည်းအူ ပြန် မတွေးမိတော့ဘူး ကိုကို။

'အဲ....တလခွဲ နှစ်လလောက် ကြာတော့ အိမ်မှာ ချက်ပြုတ်ကျွေးနေတဲ့ သူ့ဆွေမျိုး ဆိုပါစို့၊ မအုန်း ဆိုတဲ့ မိန်းမကြီး မသည်းအူနေတဲ့နေရာကို လိုက်လာတယ်လေ။ မသည်းအူရဲ့ အဝတ်အစား သေတ္တာတွေလဲ တပါထဲ သူ ယူလာတယ်။ နှစ်ဦးသဘောတူ ပြတ်စဲကြောင်း စာချုပ် တခုလဲ ယူလာတယ်။ အဲ သည် စာချုပ်မှာ မသည်းအူက လက်မှတ်ထိုးပေးရမယ်တဲ့။ မသည်းအူ ကပြီး ထိုးလိုက် တာပေါ့ ကိုကို....

'သူကလဲ သူ့ ရည်ရွယ်ချက်နဲ့ သူလေ။ မကြာခင်မှာ နိုင်ငံခြားကို ပညာဆက်သင်ဘို့ သွားရမယ်တဲ့။ သူက လွတ် လပ်တဲ့လူလို့ ခေါ်ရမလား၊ လစ်လပ်တဲ့လူလို့ ခေါ်ရ မလား၊ အဲသည်ဘဝနဲ့ သွားချင်ဟန်တူပါတယ်။ အသစ် အသစ် ရှာချင်ဟန်လဲ တူပါရဲ့။

'ဘာဘဲဖြစ်ဖြစ် မသည်းအူ သူ့ကို ကျေးဇူးတင်မိ ပါတယ်။ သူက သတင်းစာထဲမှာ အဲသည် ပြတ်စဲကြောင်း ကို ကြော်ငြာတယ်လေ....။ အဲသည် ကြော်ငြာကြောင့်လဲ



မသည်းအူမှာ အသိတခုရလာဲတယ်။ မသည်းအူ သူ့ကို အားကျမခံ ပြိုင်ချင်လာတယ်။ မသည်းအူလဲ ဘာဘဲဖြစ်ဖြစ် တခုခုတော့ လုပ်မှဖြစ်မယ်၊ ကြိုးစားမှ ဖြစ်မယ်....လို့ ဆုံး ဖြတ်မိလာတယ်။ တနေ့ နိုင်ငံမှာ သူ့ထက် ထင်ရှားကျော် ကြားရမယ်လို့လဲ အဓိဋ္ဌာန် ပြုမိခဲ့တယ်။

'အခြေအနေကလဲ ပေးလာတယ်လေ။ မသည်းအူ့ မှာလဲ အပေါင်းအသင်းနဲ့ဘဲ မဟုတ်သား ကိုကိုရဲ့။ မသည်း အူနေတာကတော့ စောစောက ပြောခဲ့တဲ့ ဖဲကစားဘက် သူဌေးကတော်ကလေးပိုင် (၃၃)လမ်းထဲက တိုက်ခန်းတခန်း မှာဘဲပေါ့။ ဒါပေမယ့် မသည်းအူ ကျင်လည်ရာက ရုပ်ရှင် ပတ်ဝန်းကျင် ဖြစ်လာတယ်။ မသည်းအူ့ အခန်းမှာကလဲ ရံဖန်ရံခါ ဝိုင်းဖြစ်တတ်လေတော့ ရုပ်ရှင်နယ်က မင်းသား တို့ မင်းသမီးတို့ ဒါရိုက်တာတို့ ကုမ္ပဏီပိုင်ရှင်တို့ရဲ့ အပန်း ဖြေ ရိပ်သာလိုလဲ ဖြစ်လာတယ်

'အမှန်ကို ပြောရမယ်ဆိုရင်တော့ မသည်းအူ ရုပ်ရှင် မင်းသမီး တယောက် မဖြစ်ချင်ပါဘူး။ ရုပ်ရှင် မင်းသမီး တယောက်ရဲ့ဘဝကို မသည်းအူ ဘယ်တုန်းကမှလဲ မမျှော် လင့်ခဲ့မိဘူးပါဘူး။ ဒါပေမယ့် မသည်းအူရဲ့ ရှေ့ရေးကို သူတို့ တွေးကြတယ်လေ၊ တွေးပူကြတယ် ဆိုပါစို့။ မသည်း အူက မိဘ ဆိုတာကိုလဲ မရှိတော့ဘူးလို့ ကျေညာသာတဲ့ မိန်းမ၊ မိဘက လိုက်လာလို့ မရအောင်လဲ မျက်ခြည်ပြတ်

ထားတဲ့ မိန်းမဆိုတော့ လောကအလယ်မှာ မသည်းအူက တမျက်နှာဘဲ ရှိတယ် မဟုတ်လား။ သည်တော့ မသည်းအူ ရှေ့မှာ ဘယ်လိုနေမလဲ။ ဘာနဲ့ စားမလဲ။ ဘာ လုပ်မလဲ။ ဘယ်သူ့ကို အားကိုးမလဲ....

'ကိုကိုကလွဲရင် မသည်းအူ ဘယ်သူ့ကိုမှ ချစ်ခဲ့တာ မဟုတ်ဘူး။ ဘယ်သူ့ကိုမှလဲ မချစ်နိုင်ဘူး။ ဒါ့ကြောင့် ကိုကို က လွဲရင် ဘယ်သူ့ကိုမှ မယူတော့ဘူး။ နောက်ထပ်လဲ အိမ်ထောင် မပြုတော့ဘူး။ ဒါ့ကြောင့် ဘယ်သူ့ကို အားကိုး မလဲ ဆိုတဲ့ မေးခွန်းကို မစဉ်းစားတော့ဘဲ မသည်းအူ့ ခေါင်းထဲက ထုတ်ပစ်လိုက်တယ်။ မသည်းအူ ဆုံးဖြတ်လိုက် တယ် ကိုကို။ ကိုကိုနဲ့ ပြန်မတွေ့ရခင် အခိုက်အတန့်မှာတော့ ကိုယ့်ကိုယ်ကိုဘဲ အားကိုးတော့မယ်လို့....

'ဒါ့ကြောင့်လဲ အမျှားရဲ့ အဆိုပြုချက်ကို မသည်း အူ လက်ခံလိုက်မိတယ်။ လသာတုန်းမှာ ဗိုင်းငင်လိုက်မှဘဲ လို့လဲ အောက်မေ့မိတယ်။ ရုပ်ကလေးကလဲ အင်မတန် လှပါဘိတယ်....အသက်ကလေးကလဲ ငယ်ငယ် ရှိသေးတယ်၊ ကိုယ်နေကလေးကလဲ ပြေပြစ်လှပါဘိတယ်....လို့ မသည်း အူကို မြှောက်ပြောကြတယ်လေ....။ မသည်းအူကလဲ အဲဒါ ကိုဘဲ သာယာမိတယ်။ ကြည်နူးမိတယ်။ စိတ်ကူးယဉ်မိတယ်။ သည်လိုနဲ့ မသည်းအူလဲ စာချုပ်မှာ လက်မှတ်ရေးမိတော့



တာပါဘဲ။ ရုပ်ရှင် မင်းသမီးရယ်လို့ ဖြစ်လာရတော့တာ ပါဘဲ...

'မသည်းအူ ပဋမတော့ သည်လို စိတ်ကူးမိတယ် ကိုကို....၊ မသည်းအူ တကား နှစ်ကားဘဲ ရိုက်မယ်ပေါ့။ ငွေ စုမိရင် ကိုကို ရှိရာကို မသည်းအူ လိုက်မယ်ပေါ့။ ဒါပေ မယ့် အဲဒါကလဲ စိတ်ကူးယဉ်ဘဲ ဖြစ်ခဲ့ရတယ် ကိုကို....

'တကားက မပြတ်သေးဘူး၊ တကားက စာချုပ်၊ နောက်တကား စာချုပ်နဲ့ဟာ မသည်းအူရဲ့ရုပ် မသည်း အူရဲ့ အမူအရာကို ပရိသတ်မျက်မှောက် လုံးဝ မရောက်ခင် မှာကိုဘဲ မသည်းအူ သုံးကား ပြိုင်ရိုက်နေရတယ် ကိုကို....။ အပေါင်း အသင်း ဆိုကြပါစို့....အပေါင်းအသင်းက သူတို့ ဩဇာရှိရာ၊ သူတို့နဲ့ နီးစပ်ရာမှာ စိတ်လိုလက်ရ ပို့ပေးကြ တယ်လေ....

'အဲသည် သုံးကားအနက် အဲသည်ကားတွေကိုရော ကိုကို ကြည့်လားဟင်....'

မသည်းအူသည် ရုတ်တရက် စကားဖြတ်၍ မောင် မောင့်ကို မေးလှာပြန်ပါ၏။ မောင်မောင်က တောမှာ နယ်ခြားမှာ နေရသူ ဖြစ်ပါသည်။ ထို့ကြောင့် မကြည့်ရပါ

ချေ။ မောင်မောင် အမှန်အတိုင်းပင် ခေါင်းခါ၍သာ ပြဖြစ်ရပါ၏။

'ဒါပေါ့....ကိုကိုကတော့ သည်အချိန်မှာ ဘယ်ကြည့်တော့မလဲ၊ မသည်းအူကိုလဲ မေ့ပြီလေ...လက်ထပ်ဖို့က ခုနစ်လလောက်ဘဲ လိုတော့တယ်ဆိုတော့ မခင်လေးတင့်နဲ့ ကလဲ....'

'တွေ့တောင်မှ မတွေ့ဘူးသေးဘူး မသည်းအူ...။ ကိုမျိုးညွန့် အဲသည်တုန်းက တာချီလိတ်မှာဘဲ ရှိသေးတယ်'

'ထားပါတော့လေ အဲသည် ပဌမဆုံး သုံးကားထဲက နှစ်ကားကတော့ စောစောက ပြောခဲ့တဲ့ ဖဲရိုက်ဖက် ဒါရိုက်တာက ရိုက်တာပါ၊ သူပိုင် ကုမ္ပဏီ၊ သူကိုယ်တိုင် မင်းသား၊ သူကိုယ်တိုင် ဒါရိုက်တာဘဲပေါ့ ကိုကို။ ပြီးတော့ အဲသည် နှစ်ကားအတွက် မသည်းအူ စုစုပေါင်း တသောင်း ငါးထောင် ရခဲ့တယ်....

'နောက် တ ကား က တော့ သူ့ ကျေး ဇူး ကြောင့် တခြား ကုမ္ပဏီက ရိုက်ခဲ့တယ်ဆိုပါစို့ ကိုကို....။သည်လိုလေ.... အဲသည် ပန်သစ္စာရုပ်ရှင်ကုမ္ပဏီက သူ့ကို မင်းသား အဖြစ်နဲ့ သူတို့ ရိုက်မဲ့ ကားမှာ ပါပေးဘို့ ငှားတယ်။ သူက ထုံးစံအတိုင်း ငွေရေးကြေးရေးတွင် မပြောတော့ဘဲ မသည်းအူ



နဲ့ တွဲရမှ၊ မသည်းအူကိုလဲ မင်းသမီး အဖြစ်နဲ့ ငှားမှ သူ ရိုက်ပေးနိုင်မယ်လို့ ပြောခဲ့တယ်။ မသည်းအူကို သူနဲ့ တွဲတင်ပေးတဲ့ သဘောပေါ့ ကိုကိုရယ်။ သူကိုယ်တိုင်ကလဲ နာမယ်ကြီး မင်းသား တယောက် ဖြစ်လေတော့ အဲသည် ပန်သစ္စာကလဲ သူ့တောင်းဆိုချက်ကို လိုက်ရတာဘဲပေါ့....

'ရုပ်ရှင်နယ်မှာ မင်းသားဘဲ ဖြစ်ဖြစ်၊ မင်းသမီးဘဲ ဖြစ်ဖြစ်၊ ဒါရိုက်တာဘဲ ဖြစ်ဖြစ် နာမယ်ကြီးပြီ ဆိုရင်တော့ သူတို့ပါးစပ်က ရေဖြစ်ရမယ်ဆို ရေဖြစ်ရတာဘဲကိုကို။ သူတို့ ပြောသမျှ ကုမ္ပဏီတွေက ငြိမ်းကြရတာဘဲ၊ သူတို့ အလို အတိုင်း လုပ်ကြရတာဘဲ....။ သူတို့ ငြိုငြင်သွားမှာ၊ သူတို့ စိတ်ထဲမှာ မျက်သွားမှာတို့ကို ကုမ္ပဏီပိုင်ရှင်တွေက သိပ် ကြောက်ကြရတယ်ကိုကို ။ ငွေကို သောင်းနဲ့ သိန်းနဲ့ ချီပြီး ရင်းလုပ်ကြရတာ မဟုတ်လား။ တခုခု ကတိမ်းကပါး ဖြစ်ရင် ကုမ္ပဏီကဘဲ ခံရမယ် မဟုတ်လား။ သည်တော့ သူတို့ကလဲ နိုင်နိုင်တုန်းတော့ အနိုင်ကျင့်ခဲ့ကြတာဘဲ

'အဲ နာမယ်ကြီးပြီ ဆိုတဲ့ နေရာမှာတော့ တော်လို့ ပညာမြောက်လို့ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မယ် ကိုကို။ ကိုကိုလဲ တွေ့ဘူးပါလိမ့်မယ်။ ရုပ်ရှင် လူကြည့်များရင်၊ ငွေဝင်များရင်။ ပရိသတ်ကြိုက်ရင် နာမယ်ကြီးတယ်လို့ ဆိုကြတာဘဲ မဟုတ်လား။ တခါတခါ ကိုကို တွေ့ဘူးမှာပေါ့။ မင်းသားက ရုပ်ကလေးကလဲချောချော၊ အသံကလေးကလဲ

အသင့်အသင့် ဆိုပါစို့။ ဘာမှ အမူအရာ ပညာစွမ်း မပြတတ်ပေမယ့် ဟော လူကိုက်များလို့ ဝင်ငွေများလာရင် သူလဲ တခါထဲ နာမယ်ကြီးတော့တာဘဲပေါ့....

'မသည်းအူလဲ အဲသည်အဖြစ်မျိုးဆန်ဆန် ဆိုပါစို့ ကိုကိုရယ်။ ပဉ္စမကား နှစ်ကားလဲ ပြပြီးရော ကိုရွှေပရိသတ်ကလဲ မသည်းအူ မသည်းအူနဲ့ ဖြစ်လာရော... မသည်းအူလဲ နာမည်ကြီးခဲ့ရတာဘဲပေါ့ကိုကို....မသည်းအူ့ ဈေးနှုန်းဟာလဲ တသောင်း၊ တသောင်းကနေ သောင်း နှစ်ထောင့်ငါးရာ၊ သောင်း နှစ်ထောင့် ငါးရာကနေ သောင်း ငါးထောင် အထိ တဟုန်ထိုး တက်ခဲ့ရတာဘဲပေါ့....

'ရုပ်ရှင်စာစောင်တွေရဲ့ မျက်နှာဖုံးတွေမှာ၊ ပြက္ခဒိန်တွေမှာ၊ သတင်းစာ ဂျာနယ်တွေမှာ အို မသည်းအူ့ပုံတွေ ပလူပျံနေခဲ့တာကို ကိုကိုလဲ တွေ့ပါလိမ့်မယ်လေ....။ သည်တော့ မသည်းအူ့ အခြေအနေ ဘယ်လို ဖြစ်လာသလဲ ကိုကို သိသလား။ မသည်းအူမှာ တသိန်းကျော်တန်တဲ့ ကိုယ်ပိုင်တိုက်နဲ့၊ သုံးသောင်းကျော် တန်တဲ့ ကိုယ်ပိုင်ကားနဲ့ ဖြစ်လာတယ်။ ငွေကို သုံးလို့မကုန် စွဲလို့မကုန် ဆိုတဲ့ ဘဝမျိုး ရောက်လာခဲ့တယ် ကိုကို....'

သည်နေရာမှာမူ မသည်းအူသည် မောင်မောင့် ရင်ခွင်ထည်းမှ ပြန်ထ၍ ထိုင်ပါသည်။ မောင်မောင့်မျက်နှာကို ကြည့်၍လည်း အနည်းငယ် စဉ်းစားဟန် ပြုပါ၏၊

'ဒါပေမယ့် မသည်းအူ့ကိုယ်ကတော့ မသန့်စင်တော့ဘူးကိုကို။ မသည်းအူကို ဖေါက်ပြန်တယ်လို့ ပြောချင်ရင်လဲ ပြောတော့ ကိုကို။ မသည်းအူ အဲသည် မင်းသားနဲ့ ငြိစွန်းခဲ့မိတယ်။ တရားဝင် လက်ထပ်လို့ မဖြစ်နိုင်ကြတဲ့အတွက် လက်မထပ်ကြပေမယ့် ပေါင်းသင်းနေခဲ့မိကြတယ်'

မသည်းအူသည် ပင့်သက်ချ၍ စကားကို ရပ်နားပြန်ပါ၏။ ထို့နောက် အပြင် အမှောင်ထည်းသို့ တွေငေးလျက် အနည်းငယ် ပြုံးလာပါသည်။

'တကယ်တော့ ရုပ်ရှင်လောက က ဘာနဲ့ တူသလဲ ဆိုရင် အပုပ်နံ့တွေ တထောင်းထောင်းထနေတဲ့ အမှိုက်ပုံကြီးနဲ့ တူတယ် ကိုကို။ အထဲမှာ မှိုတက်နေတာတွေရော၊ လောက်ကျနေတာတွေရော....အို စုံလို့ပါဘဲ ကိုကိုရာ။ အနိဋ္ဌာရုံအရပ်သက်သက်ပါ....

'နောက်ဆုံးတော့ မင်းသားနဲ့လဲ မသည်းအူ လမ်းခွဲခဲ့ရတယ်လေ....သူက ထုံးစံအတိုင်း အသစ်အသစ်ရှာပြန်တာဘဲပေါ့....မသည်းအူနဲ့ မတွဲတော့ဘဲ အသစ်ကလေးတွေနဲ့ တလက်ပြီး တလက် တွဲခဲ့ပြန်တာဘဲပေါ့....

'မသည်းအူ မှားတာလဲ ရှိတယ်ကိုကို.... ဘာလဲဆိုတော့ ငွေ့နောက်ကို လိုက်ခဲ့မိတဲ့ အမှားဘဲလို့ ဆိုပါစို့။ ခုလောက် မကုန်နိုင် မခန်းနိုင် ရနေတဲ့ ကြားထဲက မသည်းအူ ကားတွေထပ်ထပ်ပြီး လက်ခံခဲ့မိတယ် ကိုကို။ ၆၂ ခုနှစ်ကဆိုရင် တနှစ်ထဲမှာ မသည်းအူ ခုနစ်ကားတိတိ ရိုက်ပြီးခဲ့တယ်....

'ကျော်ကြားလာတယ်၊ ချမ်းသာလာတယ် ဆိုတော့လဲ မသည်းအူ လွတ်လာတယ်ကိုကို။ စာလဲ မဖတ်ဖြစ်တော့ဘူး။ ရုပ်ရှင်လဲ မကြည့်ဖြစ်တော့ဘူး။ အလုပ်ထဲမှာဘဲ နစ်နေမိတယ်။

'ကြာတော့လဲ လူက ကျလာတယ်။ ပရိသတ်အမြင်မှာ ခဏခဏ သည်မျက်နှာ သည်အမူအရာကို မြင်ရဖန်တော့လဲ ရိုးလာတယ် ထင်ပါရဲ့။ မသည်းအူပါတဲ့ ကားတွေမှာ ဝင်ငွေကျလာတယ်။ သည်တော့ ဘာဖြစ်လာသလဲ။ ကုမ္ပဏီတွေက မသည်းအူကို ခါတိုင်းလို မမက်မောကြတော့ဘူးပေါ့။ လာမငှားကြတော့ဘူးပေါ့။ မသည်းအူကို အကြောင်းပြုပြီး စီးပွါးမရှာကြတော့ဘူးပေါ့။

'၆၃ ခုနှစ်က မသည်းအူ ၄ ကားဘဲ ရိုက်ရတယ်ကိုကို။ အဲ....၆၄ ခုနှစ်ကျတော့ နှစ်ကားဘဲ ရိုက်ရတော့တယ်။ သည်နှစ် ဲ နှစ်ကားဘဲ ဆိုပါစို့။ မနှစ်က လက်စ



တကားရယ်၊ အဲသည်ကားကတော့ ရိုက်လို့ ပြီးပါပြီ။ နောက်တကားကတော့ ပေ တထောင်းနီးပါးလောက် ကျန်အုံးမယ် ထင်ပါရဲ့....။ ဒါပေမယ့် ကုမ္ပဏီကလဲ မိုးကြောင့် တကြောင်း၊ ငွေ ပြတ်သွားလို့ တကြောင်းကြောင့် ဆက်မရိုက်နိုင်ဘဲ ရပ်ထားရတယ်။ မသည်းအူလဲ ညည်းငွေ့လှပြီ ကိုကို....။ ဒါနဲ့ အနားလဲ ယူရင်း ဆိုပါဆို့။ မေမြို့မှာ တလလောက် နေမလို့ စိတ်ကူးပြီး ထွက်လာခဲ့တာ ...

'အော်....ကိုကို့ကို ပြောရအုံးမယ်။ မေမြို့မှာ မသည်းအူ ခြံတခြံဝယ်ပြီး တိုက်ကလေးတတိုက် ဆောက်ထားတယ်ကိုကို။ မသည်းအူ မေမြို့မှာ ရှိနေတုန်း ကိုကိုတို့ လာလည်ကြပါအုံးလား။ ကိုကို့ မခင်လေး တင့်နဲ့လဲ မသည်းအူ သိချင်ပါတယ်။ ဇွန်ကိုတော့ မသည်းအူ အတွေ့ချင်ဆုံးဘဲ ကိုကိုရေ့....'

မသည်းအူသည် နောက်ဆုံးစကားများကို ပြောနေခိုက်မှာမူ မောင်မောင့်ဖက်သို့ မလှည့်တော့ပါချေ။ မောင်မောင့်မျက်နှာကို ကြည့်မပြောတော့မူ၍ မောင်မောင့်ကို ကျောပြုထားပါ၏။

မသည်းအူ၏ ဝင်းပြောင်လှ မြူး၊ နောက်ပြင်ကျူးကို၊ ရှုမှုးမိန်းလှည့်၊ . တက်သက်ကြည့်သော်၊ သိမ့်၍သိမ့်၍

ခါနေသည်ကို မောင်မောင် တွေ့မိရပါသည်။ မသည်းအူသည် ရှိုက်၍ရှိုက်၍ ငိုနေပုံ ရပါ၏။

သည်တော့လည်း မောင်မောင့်စိတ်ကို မောင်မောင် မထိန်းချုပ်နိုင်တော့ပါချေ။ မသည်းအူကိုး၏ကိုယ်ကို မောင်မောင့်ဖက်သို့ ဆွဲ၍ လှည့်ခဲ့မိပါ၏။

မသည်းအူ၏ မျက်ရည်များကိုလည်း မောင်မောင် ယုယုယယ သုတ်ပေးမိပါသည်။

မသည်းအူ၏ နှုတ်ခမ်းအစုံကိုလည်း မမောင်မောင် ငုံငုံကာ နမ်းခဲ့မိပါ၏။

* * *

တိုညက မသည်းအူ၏ အပါးမှာပင် မောင်မောင် နေဖြစ်ခဲ့ပါ၏။ မသည်းအူကို တယောက်ထည်း ခွဲမထားရက်ပါချေ။ မသည်းအူ၏အနာဂတ်မှာ မသည်းအူတယောက်ထည်း ရှိနေရမည့်အတွက်လည်း မောင်မောင့်ရင်မှာ နာမိရပါ၏။

မောင်မောင် မသည်းအူကို အသက်မကာ သက်နှစ်



ဆမျှ ချစ်ပါသည်။ မသည်းအူနှင့် ဘဝဆုံးသည်အထိလည်း မခွဲမခွါ ပေါင်းလိုမိပါ၏။

သို့သော် အခါက နှောင်းခဲ့ပါချေပြီ။

ထို့ကြောင့် နှစ်သိမ့်ရုံသာလျှင် နှစ်သိမ့်ရပါတော့၏။ မသည်းအူ့ နည်းတူပင် မောင်မောင်လည်း မျက်ရည်လည်ခဲ့ရပါသည်။ မသည်းအူကို မောင်မောင် ကြည်ဖြူလိုပါ၏။ မသည်းအူ၏ ဘဝကိုလည်း မောင်မောင် နားလည်နိုင်ပါသည်။

မသည်းအူ၏ ကိုယ်သည် မသန့်စင်တော့ ဟု မသည်းအူ ဝန်ခံခဲ့ပါ၏။ သို့သော် မောင်မောင့် အမြင်မှာ မသည်းအူ သန့်စင်ပါသည်။ မသည်းအူ၏ နှလုံးသည်းအူသည် သည်ကမ္ဘာတွင် အသန့်စင်ဆုံး ပါတကား....ဟူ၍ပင် မောင်မောင် တွေးယူမိပါ၏။

သို့သော်....သည်တခါမူ မောင်မောင်က ထွက်ပြေးခဲ့မိရပါသည်။

မသည်းအူကို ကြင်နာပင် ကြင်နာသော်လည်း၊ ကြည်ဖြူပင် ကြည်ဖြူသော်လည်း၊ ခုံမင်ပင် ခုံမင်သော်လည်း၊

စုံမက်ပင် စုံမက်သော်လည်း....မောင်မောင် တိမ်းခဲ့မိရပါသည်။

မသည်းအူကလည်း မောင်မောင့် ဘဝကိုနားလည်ပုံ ရပါ၏၊ မသည်းအူက မျက်ရည်လည်လျက် ပြုံးပါသည်။ မောင်မောင့်ထံမှ ပဇာမျှ မလို ဟန် ဖြင့် လည်းခေါင်းကို ခါပါ၏။ မသည်းအူ၏ အကြည့်မှာ မောင်မောင့်ကို ကရုဏာသက်ပုံ ရပါသည်၊

မောင်မောင်သည် ဤမြေ၏ တနေရာမှ ရေကန်ငယ် တခုမျှသာလျှင် ဖြစ်ပါ၏။ မိုးထက်မှ ရွေ့လျားနေသော လဝန်း၏အရိပ်ကို ဤရေကန်ငယ်သည် အသို့လျှင် အခါခပ်သိမ်း ထိန်းသိမ်း၍ ထားနိုင်ပါအံ့နည်း။

ရေကန်ငယ်တို့ မည်သည် ကြာပွင့်တို့မျှနှင့်သာ တန်ပါသည် မသည်းအူ။ ။

မောင်သာရ

မငိုလည်း လှ၊ ငိုလည်း လှပါ၏။
မရယ်လည်း လှ၊ ရယ်လည်းလှပါသည်။

# ငိုလျှင်ပုလဲ ရယ်လျှင်ရွဲ

## မောင်သာရ

အလုပ်သမကလေးတယောက်၏ဘဝပါတည်း။

စက်တင်ဘာလမှာ ထွက်ရန်ဖြစ်သော်လည်း စာဘတ်သူတို့ အလို ပိုမို ပြည့်ဝစေရန် အတွက် အချိန်ယူနေရသော....

## တပ်မတော်မင်းရဲထွန်း

# သစ္စာမြေ

ဝတ္ထုရှည်ကြီးကို အောက်တိုဘာလ ၂၅-ရက်နေ့မှ ဆက် ဆက် ထုတ်ဝေမည် ဖြစ်ပါသည်။

---

စစ်မြေ စစ်နယ် စစ်တလင်းပြင်ဝယ်သာ ကျင်လည်ရ ရပ်တည်ရ လှုပ်ရှားရသူ စစ်သားတဦး၏ ချစ်ဝိညာဉ် ချစ်လိပ်ပြာ ချစ်ခြင်းမေတ္တာများကို....

# ချစ်လိပ်ပြာ စစ်မြေမှာ ဝဲတော့မယ်

စစ်-အချစ် ဝတ္ထုရှည်ကို

အောက်တိုဘာ ၂၅-ရက်နေ့တွင်ဆက်ဆက် ထုတ်ဝေပါမည်။

---

တရုပ်၊ ရုရှ

ပိုလန်၊ ဆွီဒင်

ပင်လန်၊ အီဂျစ်

အိန္ဒိယ၊ ကိုလံဘို

အရှေ့ဂျာမဏီ

# ကမ္ဘာ့ရေးရာ

## သခင်လေးမောင်

အလုပ်သမားရေး၊ လယ်ယာစိုက်ပျိုးရေး၊

အနုပညာရေး၊ လက်နက်လျှော့ပေါ့ရေး၊

ကမ္ဘာ့ငြိမ်းချမ်းရေး၊ ချစ်ကြည်ရင်းနှီးရေး

စသည်....စသည်....

THE MOON AND SIXPENCE

အနုပညာရှင် တဦး နှင့် သူ၏ အနုပညာ တန်ဘိုး တို့ ကို ထိုအနုပညာရှင်၏ ဘဝ ဖြစ်စဉ်ကသာ ဖေါ်ပြနိုင်စွမ်းရှိသည်။

နံ့ကျေမည် မဟုတ်သော အနုပညာရှင်တဦး၏ အံ့မခန်း ထူးဆန်းလှသည့် ဘဝဖြစ်စဉ်....

မျက်နှာဖုံး:
သစ္စာပုံနှိပ်တိုက်၊၁၇ သမာဓိလမ်း
ကျောက်မြောင်း ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်အေးကြင်
အမြဲတမ်းမှတ်ပုံတင်အမှတ်-၀၃၁

အတွင်းစာသား
ပြည်တော်ကြက်သရေ ပုံနှိပ်တိုက်
၉၁-၂၁-လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးဟုတ်လှိုင်
အမြဲတမ်းမှတ်ပုံတင်အမှတ် ၀၂၇၀

ကာသာ မောင်မောင်လှ။

ထမိကျွတ်၍ လွတ်လိုက်မည်

…မှာ ချမ်းလည်းမချမ်းသော၊
…လည်းမကျော်ကြား။ သည့်တော့
သူက ပစ်ပြေးသည်။ အမှတ် ၃ ကမူ
…ည်းချမ်းသာသည် ကျော်လည်း
ကျော်ကြား၏။ သည့်တော့ သူ့ကိုပစ်ပြေးသည်။

PDF CREATOR - NYEYADHAMMA@@GMAIL.COM



…ာကျ်ားအချို့နှင့် ပတ်သက်ဘူးသော
…ာကျ်ားအချို့နှင့် ချစ်ကျွမ်းဝင်ဘူးသော
…ာကျ်ားအချို့နှင့်မူ ခင်မင်ရုံမျှသာ ခင်မင်ဘူးသော
…ာကျ်ားအချို့နှင့်မူ သိရုံမျှသာ သိဘူးသော
…ာကျ်ားအချို့ကမူ ရက်စက်ခဲ့ဘူးသော
…ာကျ်ားအချို့ကမူ ကြင်နာခဲ့ဘူးသော

PDF CREATOR - NYEYADHAMMA@@GMAIL.COM

သို့သော် ယောကျ်ားအများ၏
မျက်တောင်မွေး ပေါ်၌ စကြံ
လျှောက်ခဲ့ဘူးသော နိုင်ငံကျော်
မိန်းမတယောက်၏ အကြောင်း

ထမိကျွတ်၍ လွတ်လိုက်မည်